# ဝိပဿနာလမ်းအလင်းကျမ်း

၆၄

ရန်ကုန်မြို့

ဆူးလေမဟာပဌာန်းအဖွဲ့ဝင်

သာသနာပြုဓမ္မကထိက ဆရာကြီး ဦးစိုးခွင့်

စီရင်ရေးသားသော

# ဝိပဿနာလမ်း အလင်းကျမ်း

တည်းဖြတ်သူ

မူပိုင်ရှင်- ဒေါ်မြဦး

ရန်ကုန်မြို့၊ ၅၁-လမ်း၊ တိုက်နံပါတ် ၅၊

အဘိုး- ၂-၅၀ ပြား



သာသနာပြု ဓမ္မကထိက ဆရာကြီး ဦးစိုးခွင့်

ရန်ကုန်မြို့

ဆူးလေမဟာပဌာန်းအဖွဲ့ဝင်

သာသနာပြုဓမ္မကထိက ဆရာကြီး ဦးစိုးခွင့်

စီရင်ရေးသားသော

# ဝိပဿနာလမ်း အလင်းကျမ်း

ဒုတိယနှိပ်ခြင်း

ကမ္ဘာ့အောင်လံပုံနှိပ်တိုက်

၃၇၉– မောင်ထော်လေးလမ်း၊ ရန်ကုန်မြို့။

# ကာလ ဌာန ပယောဂ

အားဖြင့်

ကမ္ဘာကြီး ဖြန်းဖြန်းကွဲလုမတတ် ရှိနေချိန်တွင်

လောက ဝမ္ဘ ငြိမ်းချမ်းရေး အစစ် ရရေးမှာ

တရားရေအေး အမြိုက် ဆေးမှအပ မရှိ

သာသနဿစ လောကဿ ဝုဍ္ဎိ ဘဝတုသဗ္ဗဒါ။

သကျသီဟ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ

နှင့်

အစိုးရ သာသနဓဇ သိရိပဝရဓမ္မာစရိယ

၎ ကျွမ်းအောင် ဆရာကြီး ဦးဘတင်

တည်း ဖြတ် သုတ် သင် ပြင် ဆင် ရိုက် နှိပ် သည်။

# ကျမ်းပြုဆရာ၏ ရည်ရွယ်ချက်

၁။ ပဌမတွဲကျမ်းမှာ လွန်ခဲ့သော ၁၃၁၂-ခုနှစ်က ရိုက်သောကျမ်းဖြစ်ကြောင်း ဗုဒ္ဓမာမကာပရိသတ် သတိချပ်စေလိုပါသည်။ သို့မှသာ နှစ်-လ-ရက် အပိုင်းအခြား ရေးသားပါရှိခြင်းအတွက် အဆင်ပြေပါမည်။

၂၊ ဒုတိယတွဲကျမ်းမှာ ၁၃၁၆-ခုနှစ်၊ သာယာဝတီ ခရိုင် မိုးညိုမြို့တွင် သာသနာပြုရင်း ဝါကပ်စဉ် ချီးမြှောက်တော်မူကြသော ကျေးဇူးရှင် ဆရာတော်ကြီးများ၊ ပခုက္ကူမြို့မှ ကျေးဇူးရှင် ဆရာတော်ကြီးများနှင့် အနန္တ သဘာဝဉာဏ် မပေါက်ပေါက်အောင်-မရောက်ရောက်အောင်ပြုရုံမက ဓမ္မကထိကဉာဏ် အဆင့်အတန်းရှိအောင် သွန်သင်ပြသတော်မူကြသော မုံရွာမြို့ သကဒါဂါမိ ဆရာဘကြီး၊ ပေါက်မြို့ဆရာ ဦးဘညွန့်တို့အား ကျေးဇူးဆပ် ဂုဏ်ပြုသောအားဖြင့် ပုဂ္ဂလာဓိဋ္ဌာန်တရားကွက်ဖော်၍ ရေးသားခြင်းကို ရှင်ပြုံးကြည်သော ခွင့်လွှတ်ခါဖြင့် အနုမောဒနာ ပြုနိုင်ကြပါစေသော်......

၃။ တတိယတွဲကျမ်းမှာ ကမ္ဘာပေါ်ရှိ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ မဟာမေဒင်ဘာသာ၊ ဗုဒ္ဓဘာသာ အမျိုးမျိုး ရှိကြသည့်အနက်၊ အခြားသော ဘာသာများလို၊ တန်ခိုးတော်အားဖြင့် ဖန်ဆင်းသော ဘာသာ မဟုတ်ကြောင်း ဂင်္ဂါဝါဠု သဲပုမကပွင့်တော်မူကြသော

ဘုရား ကိုယ်တော်မြတ်ဘိုင်းပင် နိယာမ တရားငါးပါး ဓမ္မတာ တရားကိုသာလျှင် ထုတ်ဖော်မိန့်ဟ ဆုံးမတော်မူကြောင်းအခြေခံထား၍ သစ္စာလေးပါး မြတ်တရားကို မကျဉ်းမကျယ် အလယ် အလတ်အားဖြင့် ညွှန်ပြသော ကျမ်း ဖြစ်ကြောင်း သတိ ချပ် တော်မူပါ ယောဂီ အပေါင်းတို့......

# တရားတောင်းရှစ်လုံးဖွဲ့

(၁) မြတ်စွာဘုရားနှင့် တရားသံဃာ၊
မိဘနှစ်ပါး သင်ကြားဆရာ။
ဂုဏ်တော်ကျေးဇူး ဆံဦးတင်ကာ၊
လက်စုံမိုး ရှိခိုးဝန္ဒနာ။ ။

(၂) ကြားနာသူများ မလားပါယ်ရွာ၊
ကိုးကမ္ဘာမျိုး ကောင်းကျိုးချမ်းသာ။
လူမင်း,နတ်မင်း ဖြစ်ခြင်းမှန်စွာ၊
ဆုံးဘဝ ရောက်ရနိဗ္ဗူတာ။ ။

(၃) တောင်းပန်သူများ မလားပါယ်ရွာ၊
ရှစ်ကမ္ဘာမျိုး ကောင်းကျိုးချမ်းသာ။
လူမင်း, နတ်မင်း ဖြစ်ခြင်းမှန်စွာ၊
ဆုံးဘဝ ရောက်ရနိဗ္ဗူတာ။ ။

(၄) သာခုခေါ်ရ မကျပါယ်ရွာ၊
တကမ္ဘာမျိုး ကောင်းကျိုးချမ်းသာ။
လူမင်း,နတ်မင်း ဖြစ်ခြင်းမှန်စွာ၊
ဆုံးဘဝ ရောက်ရ နိဗ္ဗူတာ။ ။

(၅) တရားမွေ ဟောပြသူမှာ၊
အသင်္ချေယျ မကျပါယ်ရွာ။
လူမင်း, နတ်မင်း ဖြစ်ခြင်းမှန်စွာ၊
ဆုံးဘဝ ရောက်ရနိဗ္ဗူတာ။ ။

(၆) သာခုခေါ်ရ ဖလကျိုးမှာ၊

အာခံတွင်းက လေညှင်းထွက်လာ။
ကြာညှိပန်းနံ့ သင်းပြန့်လှိုင်စွာ၊
ဂုဏ်သတင်း ထုံသင်းကြိုင်လို့ဖြာ။ ။
(၇) ဤသို့အကျိုး မြော်ကိုးစာနာ၊
ဓပည့်အများ လျှောက်ထား ပန်ထွာ။
ခန္ဓာငါးချက် ခွဲဖွက်သေချာ၊
ဆရာဘုရား ဟောကြား မိန့်မြွက်ပါ။ ။
(၈) အဝိဇ္ဇာ မှောင်ကြီး ပိတ်ဆီးကွယ်ကာ၊
ပါယ်ရွာနယ်ထဲ ထယ်လဲရှည်ကြာ။
မဂ္ဂင်စခမ်း ထွက်လမ်းမှန်စွာ၊
မြတ်တရား ဟောကြား မိန့်မြွက်ပါ။ ။
(၉) သံသရာညွှံဘွက် နစ်လျက်ရှည်ကြာ၊
တပည့်အများ သနားငဲ့ညှာ။
သူတော်ကောင်းတို့ ထုံးဟောင်းစဉ်လာ၊
ကျွတ်လွတ်ရေး နည်းပေးလမ်းပြပါ။ ။
(၁၀) ဆယ့်တစ်ဆူမီး ငြိမ်းညီးပြောင်စွာ၊
ဘဝမစဲ အမြဲလောင်တာ။
ကိုယ်တွင်းကိုယ်ပ အေးမြစေရာ၊
ဓမ္မရိယာ သွန်းဖြိုးရွာချပါ။ ။

(နှာ-၉၊ တောင်း-၈၊ သာရ-၁၊ ဟောလှစ် အသနျှ။)

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ။
(ကလျာဏပုထုဇဉ် ဘုရားရှိခိုး– ကျက်,ကြံ,ပွါးများရန်)

အစိန္တေယျအစိငေ ယျ- အပ္ပမေယျ-သေဋ္ဌဇေဋ္ဌ၊ အတုမရှိ ကျေးဇူးတော်အပုံ ဂုဏ်တော်မြတ်အပေါင်းတို့၏ စုဝေးရာ တည်ရာဖြစ်တော်မူပါပေသော မြတ်စွာဘုရား။ ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော်အနန္တ စကြဝဠာ ကမ္ဘာမြေမိုးယံ ဖြန့်းဖြန့်းကျိုးမျှ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူပါပေသော မြတ်စွာဘုရား။ ရူပက္ခန္ဓာ- ဝေဒနာက္ခန္ဓာ- သညာက္ခန္ဓာ- သင်္ခါရက္ခန္ဓာ- ဝိညာဏက္ခန္ဓာ တည်းဟူသော ခန္ဓာ ငါးပါး ရုပ်နာမ် တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူပါပေသော မြတ်စွာဘုရား။ စက္ခာယတန- သောတာယတန- ဃာနာယတန- ဇိဝှါယတန- ကာယာယတန- ရူပါယတန- သဒ္ဒါယတန- ဂန္ဓာယတန- ရသာယတန- ဖောဋ္ဌဗ္ဗာယတန- မနာယတန- ဓမ္မာယတန ဟု ဆိုအပ်သော အာယတန တဆယ့်နှစ်ပါးတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူပါပေသော မြတ်စွာဘုရား။ စက္ခုဓာတ်- သောတဓာတ်- ဃာနဓာတ်- ဇိဝှါဓာတ်- ကာယဓာတ်- ရူပဓာတ်-သဒ္ဒဓာတ်- ဂန္ဓဓာတ်-ရသဓာတ်- ဖောဋ္ဌဗ္ဗဓာတ်- စက္ခုဝိညာဏဓာတ်-သောတဝိညာဏဓာတ်-ဃာနဝိညာဏဓာတ်- ဇိဝှါဝိညာဏဓာတ်- ကာယဝိညာဏဓာတ်- မနောဓာတ်- မနောဝိညာဏဓာတ်- ဓမ္မဓာတ် ဟု ဆိုအပ်

သော ဓာတ်တဆယ့်ရှစ်ပါးတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူပါပေသောမြတ်စွာဘုရား။ ဒုက္ခသစ္စာ· သမုဒယသစ္စာ-နိရောဓသစ္စာ-မဂ္ဂသစ္စာဟုဆိုအပ်သော သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူပါပေသောမြတ်စွာဘုရား။ အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဇာတိ ဇရာ မရဏဟု ဆိုအပ်သော ပဋိစ္စသမုပ္ပါဒ် အင်္ဂါ တဆယ့်နှစ်ရပ်တို့ကို ပိုင်းခြား ဝေဘန် ထိုးထွင်းဉာဏ်ဖြင့် သိမြင်တော်မူသော မြတ်စွာဘုရား။ သတိပဋ္ဌာန်လေးပါး- သမ္မပ္ပဓာန် လေးပါး- ဣဒ္ဓိပါဒ်လေးပါး- ဣန္ဒြေငါးပါး- ဗိုလ်ငါးပါး- ဗောဇ္ဈင် ခုနစ်ပါး- မဂ္ဂင်ရှစ်ပါး တည်းဟူသော ဗောဓိပက္ခိယ ၃၇-ပါးတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူပါပေသော မြတ်စွာဘုရား။ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးအား။ အပံ၊ ခန္ဓာနာမ်ရုပ် အကောင်ပုတ်ကို ငါဟုသမုတ်အပ်သောဘုရားတပည့်တော်သည်။ ဝန္ဒာမိ၊ကာယပဏာမ- ဝစီပဏာမ·မနောပဏာမ တည်းဟူသော သုံးပါးသောပဏာမတို့ဖြင့် ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ကန်တော့ပါ၏ သက်တော် ထင်ရှား သဗ္ဗညု မြတ်စွာဘုရား။ ။ဤသို့ကန်တော့ရသောအကျိုးအားဖြင့် ရင်းကျမ်းကို ကြည့်ရှုလေ့လာကြသော သပ္ပုရိသ နွယ်ဝင်သူတော်စဉ်အပေါင်းတို့သည်၊ဉာတပရိညာဖြင့်ပိုင်းခြား သိမြင်ကြလျက် တီရဏ ပရိညာဖြင့် အဝိဇ္ဇာ စသည်မှ

လွှန်မြောက်ကြပြီးလျှင် ပဟာနပရိညာဖြင့် ကိလေသာ တရားတို့ကို ပယ်ရှားကာ တမဂ်, တဖိုလ်မှ စ၍ လေး ပါးသောမဂ်ဖိုလ်တိုင်အောင် အဆင့်ဆင့် မဂ်ဉာဏ်ဖိုလ် ဉာဏ်များကို သန္တာန်၌ဖြစ်ကာ ဂုဏ်တော်အရ မျက်မှောက် ခံ စားကြရပါစေသတည်း။

ဒုတိယနှိပ်ခြင်း အုပ်ရေ (၂၀၀၀)

ရန်ကုန်မြို့

၅၁-လမ်း၊ တိုက်နံပါတ် ၅

ဆရာကြီးထံတွင် ရနိုင်ပါသည်။

ပဉ္စ ရဏံ အဗာံ ဝန္ဒာမိ သဗ္ဗဒါ။

# ကျမ်းဦး အခစ ပဏာမ

ဤကျမ်းကိုစီစဉ်ရေးသားရခြင်းမှာ အခွင့်မသာ အခါမသင့် ဆိုသလို အဆင်မပြေကြဘဲ၊ ကျမ်းကြီးကျမ်းခိုင်များ မသင်ကြားနိုင် မသင်ကြားရ၍ လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုး၊ မသည်ပိုး မရွက်ဆောင်နိုင်တော့ပါဟုလက်မှိုင်ချကာနေကြရသူများနှင့်၊ ကလေးသူငယ် သူငယ်မ တို့ပါ လွယ်လွယ်ကူကူ ဘတ်သူမှတ်သား လေ့ လာ ပွါးများပါက တကဲ့ လက်တွေ့မျက်မြင်ဉာဏ်ဖြင့် ရုပ်ပေါ် နာမ်ပေါ် ခန္ဓာပေါ်မှာ တော်တော်ကြီး ဝေဘန်ပိုင်းခြား သိမြင်နိုင်ပါစေခြင်းငှါ လုပ်ငန်းစဉ်သက်သက်ကို အကွက်ကျ ထုတ်နုတ်၍ ပြသော ကျမ်းဖြစ်ပါသည်။

ကျွန်ုပ်တို့မှာ မိဘ ဘိုးဘွား လက်ထက်ကစ၍ ပါဠိဘာသာကို မြန်မာလို ကျကျနန မပြန်တတ်၍ တကဲ့သဘောအနက်ကို မသိခဲ့ရခြင်းကတခက်၊ ကမ္ဘာ့တရားနှင့် ဘုရားတရား-ဘုရားစကားနှင့်ဘုရားတရား အကြောင်းတရားနှင့် အကျိုးတရား အရပ်တရားနှင့် အရိုင်တရား ခြားနားပြီး မသိခဲ့ရခြင်းက တခက်၊ အဲ ဤကဲ့သို့ အခက်အမျိုးမျိုးတွေကြောင့် သံသရာတလွှား နစ်လား မြုပ်လားနှင့် ပြေးသွား၍ နေခဲ့ကြရသဖြင့် လွတ်ရာ လွတ်ကြောင်း လမ်းကောင်းအဖြစ် စံနစ်တကျ ညွှန်ပြအပ်ပါသတည်း။

ယခုအခါ ယခုသာသနာမှာတော့၊ သာသနာတဝက် မင်းကောင်းတဆက် ဆိုသည့်အတိုင်း၊ သာသနာ သက္ကရာဇ် ၂၄၉၄ နှစ် ဆိုတော့ ရှေ့ ၆ နှစ် တိတိ ရှိလျှင် ၂၅၀၀ ပြည့်တော့မည်၊ အာစရိယဝါဒ ရသည့်အတိုင်း ပြောရလျှင် အနှစ် ၅၀၀ ကျော် မဂ်ဆိုက် ဖိုလ်ဆိုက် များကြလိမ့်ဦးမည်ဆိုပါကလား၊ သာသနာနှင့် စပ်လာလို့ ဆက်ကိုက် ရအုံးတော့မည်။ ၎င်းသာသနာသည် ခေါက်ရှာငှက်မျှံသလို နိမ့်တုံမြင့်တုံ ဖြစ်မည့်ပုံကို ပြဆိုလိုက်ကြဦးစို့ရဲ့။ ဘုရားပရိနိဗ္ဗာန် စံဝင်သည်မှ

နောက် အနှစ် ၅၀၀ တိတိ ဝိမုတ္တိ ဦးစီးခေတ်၊

နောက် ၅၀၀- ဿဝိဇ္ဇာခေတ်၊

နောက် ၅၀၀- သီလခေတ်၊

နောက် ၅၀၀- ပရိယတ္တိ ခေတ်၊

နောက် ၅၀၀- ဒါနခေတ်၊

ပေါင်း ၂၅၀၀- ကျော်လျှင်

သာသနာတော်တဝက် မင်းကောင်းတဆက်

လာရမည့်ခေတ်၊ ဒွဲဒီ ခေတ်တွင်

ပဌမ အနှစ် ၅၀၀- ဝိမုတ္တိ ဦးစီးခေတ်၊

နောက်အနှစ် ၅၀၀- တောဝိဇ္ဇာခေတ်၊

နောက်အနှစ် ၅၀၀- သီလခေတ်၊

နောက်အနှစ် ၅၀၀- ပရိယတ္တိခေတ်၊

နောက်အနှစ် ၅၀၀- ဒါနခေတ်၊

ပေါင်း ၂၅၀၀၊

၂ ရပ်ပေါင်း သာသနာ (၅၀၀၀) ဆိုလိုသည်။

တနည်းအားဖြင့် သုဘဒ်ရဟန်းအား ဟောတော်မူသည်မှာ—

ဣဓမေဝ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊
အသုညော လောကော အရဟန္တေဟိ အဿ။

သုဘဒ္ဒ၊ သုဘဒ်၊ ဣဓမေဝ ဘိက္ခူ၊ ဤရဟန်းတို့သည်လည်း။ သမ္မာ၊ ကောင်းစွာ။ ဝိဟရေယျုံ၊ နေကုန်ငြားအံ့။ လောကော၊ လောကသည်။ အရဟန္တေဟိ၊ ရဟန္တာတို့မှ။ အသုညော၊ မဆိတ်ကင်းသည်။ အဿ၊ ဖြစ်ရာ၏။ ။ရဟန်းတွေ သိက္ခာစောင့်သမျှ သာသနာမကွယ်ဘူး ဆိုလိုသည်။

သို့ရာတွင် သာသနာတော်ကြီး မည်မျှရှိသေးသည်၊ မည်မျှကျန်သေးသည် ဆိုတာက ပဓာနမဟုတ်။ မိမိတို့ မဒိဋ္ဌိ- မနာဂိ-မသေမိ ကာလကလေး သာသနာနှင့်ဆိုင်သည်၊ ယနေ့သေလျှင် ယနေ့ကွယ်မည်၊ နက်ဖြန်သေလျှင် နက်ဖြန်ကွယ်မည်၊ ပေါ့ပေါ့လွှားလွှား လားလားမှ မနေသင့် ပေဘူးပေ ‌!။

တနည်းအားဖြင့်လဲ အဝိဇ္ဇာဦးစီးနှင့်တွေးကြသဖြင့်၊ ခရီးရောက်သင့်သလောက် မရောက်ဘဲ (ဌက်များပျံရင်းသေ- လူများကြံရင်းသေ) ဆိုသလို မိမိတို့နှင့် မထိုက်တန်တာတွေ ရှောက်ပြီး ကြံဆလုပ်ကိုင် နေတာက ရှိသေးတယ်၊ ဘယ်ပုံဘယ်နည်း လုပ်ကိုင်ကြံဆနေကြပါသလဲဆိုတော့၊ မိမိတို့က ပကာတိ သာဝကဆုပန် လုပ်ကိုင် ကြံဆောင်တာက မဟာ သာဝက၊ အဂ္ဂသာဝက၊

ပစ္စေကဗုဒ္ဓါ၊ သမ္မာသမ္ဗုဒ္ဓဟူသော ဝိသေသ ဆုထူးပန် အလုပ်ကြီးတွေဖြစ်နေတော့၊ အကြောင်းအကျိုး မမျှသဖြင့်၊ ပင်လယ်ကြော လက်ပစ်ဖေါ် သလို မောပြီးနေကြရတာပေါ့။ ဝန်နှင့်အား- လေးနှင့်မျှား ဆိုသလို သူ့ပါရမီနှင့် သူ့ဆုထူး အလိုက်သင့် ကလေးဆိုက အကာလိကော-အခါမလင့် အကျိုးပေး နိုင်တာပေါ့။

ယခုကဲ့သို့ ဘဒ္ဒကမ္ဘာ့ရကပ်-ဧရာဂကမ္ဘာ့ရကပ်-ဒုမ္ဗိကမ္ဘာ့ရကပ် တည်းဟူသော ကပ်ကြီးသုံးပါး လွန်မြောက်ပြီးတကဲ့ ဘုန်းရှင် ကံရှင် ပါရမီရှင်တွေ၊ အလွန် ရခဲခြင်းကြီးမက ရခဲလှစွာသော ဒုလ္လဘတရား ငါးပါးမှာလဲ တပါးမှ မသိုတော့ပါဘဲနှင့် နိဗ္ဗာန်ဘက်လေလော-တင်ဘက်လောနှင့် တလောထဲလောမနေကြပါနှင့်တော့။ တလောထဲလောနေလို့ တမောထဲ မောနေခဲ့ကြသည်ကိုလဲ သင်တို့ ကျွန်ုပ်တို့ ကြောက်စရာကောင်းကြလှပြီ။

သဒ္ဓါနှင့်ပညာ၊ သမာဓိနှင့်ဝီရိယ သတိဆိုတဲ့ ငါးနှင့်ခွင်လျှာ ဘောင်မဝင် နိုင်အောင် (အယူသန် အကျင့်ပြော့-အကျင့်ပြော့က အယူသန်) ဆိုသလို နည်းမမှန် လမ်းမကျ မစိုးရိမ်ရမည်ကို စိုးရိမ်၊ 'စိုးရိမ်ရမည်ကို မစိုးရိမ်၊ နီဝရဏခြောက်ပါးအတိုင်းပေါ့လေ။

၁။ ကာမစ္ဆန္ဒနီဝရဏ၊ အာရုံငါးပါးကာမဂုဏ်တရား။

၂။ ဗျာပါဒနီဝရဏ၊ ဟိုဟာလိုသေး သည်ဟာလိုသေး။

၃။ ထိနမိဒ္ဓနီဝရဏ၊ အိပ်ချင်ငိုက်မျဉ်းနေခြင်း။

၄။ ဥဒ္ဓစ္စနီဝရဏ၊ စိတ်ပြန့်လွင့်၍နေခြင်း။
၅။ ဝိစိကိစ္ဆာနီဝရဏ၊ ယုံမှားသံသယဖြစ်နေခြင်း။
၆။ အဝိဇ္ဇာနီဝရဏ၊ ကြောက်စရာပြောလို့လဲ ကြောက်ရမှန်းမသိ- လိုချင်စရာပြောလို့လဲ လိုချင်ရမှန်းမသိ၊ ဤလိုဆိုတော့ တောင်ပေါ်ကရင် ကချင်တွေဆီ ဗမာဓာတ်သွားပြသလို နေတာပေါ့၊ တနည်း အားဖြင့်လဲ လိပ်ကျော ကြောင်ကော် ပြောင်ချော်ချော်နှင့် ဆိုသော ဥပမာလိုပါဘဲနော်။

ကဲကဲ လွန်ပြီးသား စမြုံ့ပြန်နေလို့ (ပေါ့တဲ့ဝန် နင်မတွေး-လေးတဲ့ဝန် တမင်ရှာ၍ သံသရာ ဘေ့စလုတ်မှာ ရေငုပ်ပြိုင်ရတာ မောလှပေါ့) ဆိုတာလို နေလိမ့်မယ်။ သည်တော့ ၎င်းကို ဘယ်နည်း ဘယ်ပုံ ဘယ်အထုံ ဘယ်အလေ့ဖြင့် (အေး)ဆိုတဲ့နိဗ္ဗာန် မတွေ့ တွေ့အောင် ကြိုကြမလဲ။

အင်းအင်း အေးဆိုတဲ့နိဗ္ဗာန် ရှာကြံမည်ဆိုပြန်ပါလဲ (ပြောတော့မိုးယံ လျှိုးတော့မြေ) ဖြစ်ပြီး ထမင်းဆာသလို ရေဆာသလိုမှ မဆာဘူး မရှာဘူး ဆိုပြန်တော့လဲ မောင်မင်းက, သောရေယျမထေရ်ဥဒါန်းကျူးသလို၊ လက်ဆုပ် လက်ကိုင်ပေးလို့လဲ ဖြစ်ထာမဟုတ်တော့ အခ တော်တော့ ခက်သွားဘဲနော်၊ ၎င်းအရှင်မြတ်မည်ကဲ့သို့ ဥဒါန်းကျူးပါသလဲ ဆိုတော့—

F–2

နှ တံ မာတာ ပိတာ ကရိယာ၊ အညေဝါပိစ ဉာတကာ၊
သမ္မာ ပဏီဟိတံ စိတ္တံ၊ သေယျသော နံ တတော ကရေ။

ဘောဒ္ဓောမနုဿာ၊ ကုသိုလ်ဟုန်ရှေး အခွင့်ပေး၍အရေးတော်လှ လူ့ဘဝ လူ့ဌာနသို့ ရောက်လာ ကြငြားအိုလူများ အပေါင်းတို့။ တံ သုခံ၊ တမက်မောမော တသောသောနှင့် အတောမသတ်နိုင်အောင် လိုချင်တတ်တဲ့လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာမြတ်ကြီးကို။ မာတာစ၊ မြင်းမိုရ်တောင်ဦး မကကြူးသည့်ကျေးဇူးတော်ရှင် မွေးမိခင်သည်လည်း။ နကရိယာ၊ ရွေ့ကွ ယူသွားမိခင်သားကို ထင်ရှားပိုင်ပိုင် မပေးလိုက်နိုင်။ ပိတာစ၊ မြင်းမိုရ် တောင်ဦး မကကြူးသည့် ကျေးဇူး တော်ရှင်မွေးဘခင် သည် လည်း။ န ကရိယာ၊ ရွေ့ကွ ယူသွားဘခင်သားကို ထင်ရှားပိုင်ပိုင် မပေးလိုက်နိုင်၊ ဝါ။ ယူတော့အပြီး ချစ်သွီးရယ်လို့ ဤနည်းပိုင်ပိုင် မပေးလိုက်နိုင်။ အညေ၊ မိခင်,ဘဘွား နှစ်ဦးသားတို့မှ တပါးဖြစ်ကုန်ထသော။ ဉာတကာပိစ၊ မောင်နှင့်နှမ သားနှင့်အမိညီနှင့်အစ်ကို ထိုထိုမဝေး ဦးလေး ဦးကြီး မိထွေး အစရှိသော ဆွေမျိုးဉာတိအပေါင်းတို့အား ဆွေမျိုးချင်းမို့ချစ်ခြင်း စေတနာ ရောက်တုံပါလည်း သုံးတန်သုခယူသွားကြဟု မချပိုင်ပိုင် မပေးလိုက်နိုင်။ သမ္မာ ပဏိဟိတံ၊ ခန္ဓာ ငါးတန် ရုပ်နာမ် နှစ်ဖြာ ဓာတ်သဘွာကိုကောင်းစွာ စောင့်ရှောက်အပ်သော။ နံ စိတ္တံ၊ ပြည့်နိဗ္ဗာန်အမတာကျအောင် မကြာခဏအပါခါမည့် မဟာအ

ဘော် တည်းဟူသော ဆွေမျိုးတကာတို့၏ ထိပ်ဝိတ် ထို ဝိပဿနာတည်းဟူသော ကုသိုလ်စိတ် ကြီးကသာလျှင်။ တတော၊ ထိုဘဝမယွင်း ပေါင်းသင်းကြည်ညို ထိုထို အားကိုးရာဖြစ်သောဆွေမျိုးဉာတိအပေါင်းတို့ထက်။သေ ယျသော၊ တန်းအဆင့်ဆင့် မြင့်သည်ထက် မြင့်အောင်။ ကရေ ကရေယျ၊ ဒုက္ခသဗ္ဗာ ခန္ဓာချုပ်ငြိမ်း ဇာတ်ကုန် သိမ်း၍ အငြိမ်းကြီး ငြိမ်းရလေအောင် ရချမသွေ သူ မှသာ ပြုနိုင်ရာပေတော့သတည်း။

ဤဂါထာ၏ အနက်အဓိပ္ပါယ် ဘယ်လောက်ကောင်း ပါသလဲ၊ အမိ အဘ ရယ်လို့လဲ နို့ဖွာန် တရား ဆိုတာ ကောက်ကိုင် ပေးနိုင်တာ မဟုတ်ပါကလား၊ ဆွေမျိုး ဉာတိတွေမို့လဲ လက်ဆောင်ကောင်းအဖြစ်နှင့် လက် ဆုပ် လက်ကိုင် ပေးနိုင် တာ မျိုးလဲ မဟုတ် ပါကလား။ (စိတ္တေန နိယျတိ လောကော) ဟု ရှင်တော်ဘုရား ဟော တော်မူသလို၊ သည်စိတ်ကလေးကြောင့်ဘဲ၊ အဝိဇ္ဇာနှင့် တွဲပြီး သံသရာထဲ တဝဲလယ်လယ် နစ်ရမြုပ်ရပြန်တယ် လို့ ဟုတ်တိုင်းမှန်ရာ အချက်ကျကျအကွက်ကျကျ နား လည်၍၊ သပ္ပုရိသ ဥပနိဿယ ခံယူပြီးသကာလ ၎င်း စိတ်ကလေးတို့သည် ဝိဇ္ဇာအပေါ်သဟဲနှင့် တွဲမိပလား ဆိုမှဖြင့်-

"အေးပြီတဲ့ အေးပြီ။ နိဗ္ဗာန်ရန်ကွာလို့ဝေးပါပေါ့၊ ပါယ် လေးချွာ ရောက်ဘို့ရေးကိုကွယ် ရွေးမှုမသိ။ ဓမ္မာလင်း ပြီမို့ ငါကင်းလို့ စိတ်မှာကြည် ဉာဏ်မှိတဲ့အကြောင်း။

အတိတ်ကယ်သံသရာက မိစ္ဆာဉာဏ်အယူပေါင်းကိုဖြင့် စိတ်မှာမကြံ အမှန်ပြောင်းပေပေါ့ (ယောဂီအပေါင်းတို့ရယ်) ဝမ်းသာတို့ကောင်း"။........

အလို- ဘုရား ဘုရား- နိဗ္ဗာန် ဒွေးချိုးလေးရဲ့ အနက်အဓိပ္ပါယ် ကလဲနော် သဗ္ဗရသံ ဓမ္မရသော ဇိနာတိ- ဆိုသလိုဘဲ၊ အလုံးစုံသော အရသာတို့တက် တရားတည်းဟူသောအရသာသည် လွန်ကဲတယ်ဟု ဒေသနာ လာရှိသည့်အတိုင်း ထူးကဲမှန်မြတ်လှပါပေတယ်။ အထက်က ပြဆိုအပ်သည့် အတိုင်း တရား တော်၏ အရသာဟာ ကိုယ်ပိုင်ဉာဏ်ဖြင့် ကိုယ်တိုင်သိမှသာ ကိုယ်တိုင်ခံစားတတ်ပေမယ်၊ သို့မဟုတ်က မြေခွေးရေမ်း ရုံ ကလေးနဲ့ဆိုတော့ အေး ဆိုတဲ့နိဗ္ဗာန် (ရာတန် ကျောက်လောက်မှ လိုချင်ကြမယ် မဟုတ်ပေဘူး) မလိုချင်တာကိုလဲ အဖြစ်တင်နေလို့ အကျိုးပြီးမည်မဟုတ်၊ ဖြစ်ပုံပျက်ပုံ ၃၁ ဘုံရဲ့အာဒီနဝ ကျကျနန မထင်မြင်ကြလို့ ဖြစ်ရမှာပေါ့။

၎င်းအာဒီနဝဆိုတဲ့ဘေးကြီးလေးပါးသရုပ်အဓိပ္ပါယ် အကြောင်းအကျိုးကလေး ဆက်ဖေါ်ပြလိုက်ဦးစို့။

၁။ အပါယဘေး။ ၂။ ဒုစ္စရိတဘေး။

၃။ နာနာသတ္တ ဥလ္လောကနဘေး။

၄။ ဝိနိပါတ ဘေးတဲ့။

၁။ အပါယဘေး ဆိုတာက ဟိုဘဝအဆက်ဆက် သံသရာအဆက်ဆက် အကုသိုလ်တရားတွေပြုခဲ့မိသည့်

အတွက် အပါယ် လေးဘုံမှာ ခံခဲ့ရသော်လဲ ပြီးတယ် ဆုံးတယ် မရှိသေးဘူးတဲ့၊ ရှေ့ဆက်လက်ခံစရာ အကုသိုလ်ပေါင်း ကြွေးဟောင်းအနန္တ ကျန်ရှိနေသဖြင့် များစွာမှ ကြောက်စရာ ကောင်းကြတယ်နော်။

၂။ ဒုဗ္ဗရိတာဘော ဆိုတာကလဲ ယခုဘဝ ကျောင်းတကာ ကျောင်းအမ- ဘုရားတကာ ဘုရားအမ သားသမီးဖြစ်၍ ဒုစရိုက်နှင့် အသက်မမွေးပါဘူးဆိုစေကာမူ၊ နောက်ဘဝ၌ တငါ မုဆိုးသားသမီးဖြစ်မယ်ဆိုလျှင် စိတ်ချကြရပါ့မလား။

၃။ နာနာသတ္တ ဥဿောကနဘော ဆို တာ က တော့၊ ဘုရားမပြတဲ့ဘောတဲ့၊ တသံသရာလုံးက ဖြစ်လာလိုက်ကြပုံတွေမှာ တောကို ကိုးကွယ်- တောင်ကို ကိုးကွယ်- ကျောက်ကို ကိုးကွယ်- သစ်ပင်ကြီးကို ကိုးကွယ်- နွားလားကြီးကို ကိုးကွယ်- ထင်မိထင်ရာတွေ လုပ်လာလိုက်ကြတာ ဘယ်လောက်များ ကြက်သီး ထစရာ ကောင်းသလဲနော်။

၄။ ဝိနိပါတာဘောဆိုတာကတော့ မိုးဦးကျလေပွေလေရူးထဲမှာပါလာတဲ့ သစ်ရွက်ခြောက်ကလေးလိုပေါ့၊ ပေါက်လွှတ် ဒသကြမ်း ဘရမ်း ဘတာ ရောက်ချင်ရာရောက်-ပေါက်ချင်ရာပေါက်ပေါ့၊ နောက်တနည်းအားဖြင့်လဲ ရေဝတီမြစ်အညာက မိုးဦးကျအခါ ပါလာကြတဲ့ထင်းတုံးတွေ သစ်တုံးတွေ ဝါးရုံပင်တွေမျောလာလိုက်ကြတာ တုံးလုံးမျော ကန့်လန့်မျော ထောင်ရက်

မျော မြုပ်မျောပေါ်မျောနှင့် ဘယ်ကမ်းဆိုက်မယ် ဘယ်သောင်တင်မယ် မမှန်းနိုင်မဆနိုင် ဖြစ်ချင်သလိုဖြစ် နစ်ချင်သလိုနစ် မျောချင်သလိုမျောပြီး လာကြတာလို၊

ကာမဩဃ၊ ဘဝဩဃ၊ ဒိဋ္ဌိဩဃ၊ အဝိဇ္ဇာ ဩဃ ဆိုတဲ့ ဩဃကြီး လေးသွယ်ပေါ့လေ။

ကာမဩဃ ဆိုတာကတော့၊ အဆင်းကြိုက် ကာမဂုဏ်၊ အသံကြိုက် ကာမဂုဏ်၊ အနံ့ကြိုက် ကာမဂုဏ်၊ အရသာကြိုက်ကာမဂုဏ်၊ အထိအတွေ့ကြိုက်ကာမဂုဏ် ဆိုတဲ့ အာရုံငါးပါး ကာမဂုဏ်တရားပေါ့၊ ဘယ်တော့များ အငတ်ပြေကြမလဲ-ဘယ်ဘဝဖြစ်ရင်ကော အငတ်ပြေကြဦးမှာတဲ့ဘူး။

အဲ- ဤကဲ့သို့ အငတ်မပြေ အငတ်မဆုံး တာကြောင့်၊ ဘဝဩဃ ဆိုတဲ့ လူ့ဘဝ နတ်ဘဝ သူဌေး သူကြွယ် ပဒေသရာဇ် ကေရာဇ် ဆိုတဲ့ ဘဝတွေတောင်းကြပြန်ပါရော၊ ကျော့ကွင်းမမြင် သားတစ်ကိုသာ မြင်သော မြေခွေးနှင့်သာ လွန်စွာတူလှပါတကား၊ ဖြစ်ရမှာပေါ့လေ- ဒိဋ္ဌိဆိုတဲ့အမြင်များ အယူများ အမှတ်များ အစွဲများနေတဲ့ ဒိဋ္ဌိအာသဝကြီးလက်ချက်မိနေသေးသကိုး။

သူ့မှာလဲတဲ အဝိဇ္ဇာဆိုတဲ့ အမှောင်ထုကြီး အတွင်းမှာဆိုတော့ မျက်မမြင်အကန်းကြီး လမ်းလျှောက်နေသလို တိုက်မှာတွေ ခိုက်မှာတွေ နစ်မှာတွေ မြုပ်မှာတွေ မသိနိုင်ပါသဖြင့် ရောက်ချင်ရာရောက် ပေါက်ချင်ရာပေါက် ပေါ့။

အဲတာကြောင့်မို့ အရှေ့အနောက် တောင် မြောက် ဆိုတဲ့ သမုဒ္ဒရာ လေးစင်းနှင့် တူကြောင်း အစိန္တေယျ သုံးလို့ထွန်းထား သဗ္ဗညု ရှင်တော်ဘုရားကြီးက ဟောကြားတော်မူခဲ့တာဘဲ။ ဤပုံတူဟာနဲ့ကား၊ ၎င်းသမုဒ္ဒရာကြီးများ ထောက်သော် ထောက်နိုင်တန်ရာ၏၊ တဖက်ကမ်းသို့ကူးသော် ကူးစွမ်းနိုင်ရာ၏၊ အာရုံငါးပါး ကာမဂုဏ်တရား ဩဃကြီး တို့ကား ဘုရားသခင် ဟောတော်မူသော တရားတော်မှအပ လွန် မြောက် ခြင်းငှါ ထောက်တည်ခြင်းငှါ မတတ်ကောင်းရာတဲ့။

အဲဒါကြောင့်မို့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက—

ကိံနု ဟာသော ကိမာနန္ဒော၊ နိစ္စံ ပဇ္ဇလိတေ သတိ။
အန္ဓကာရေန ဩနဒ္ဓါ၊ ပဒီပံ န ဂဝေသထ။ ။

နိစ္စံ၊ သုံးဆဲ့တဘုံ ဖြစ်လေရာရာ အစဉ်တစိုက် အာပြဲ လိုက်သည်ဖြစ်၍။ ပဇ္ဇလိတေ ပဇ္ဇလိတာနံ၊ ရှေ့သို့ အပါယ် လေးပါး ကျဘို့ အပြီး အမှုကြီးတွေ အနန္တ ရင်ထဲနှလုံးထဲ၌ရဲရဲကြီးတောက်ပသျက်နေကြကုန်သည်။ သတိသတံ၊ ဖြစ်ကြကုန်သော။ တုမှေ၊ သင်ချစ်သား ချစ်သမီးတို့သည်။ ဟာသော၊ ပြုံးဘွယ် ရွှင်ဘွယ်သည်။ ကိံနု အတ္ထိ၊ အဘယ်မှာ ရှိအံ့နည်း။ အာနန္ဒော၊ နှစ်သက်ပျော်မြူးဘွယ်သည်။ ကိံနု အတ္ထိ၊ အဘယ်မှာရှိအံ့နည်း။ အန္ဓကာရေန၊ အဝိဇ္ဇာမှောင်တိုက် အမိုက်တုံး ကြီးသည်။ ဩနဒ္ဓါ၊ မိမိကိုယ်တွင် အစဉ်တစိုက် အမြဲလိုက်၍နေ

သော ပုပန့်ဘွယ်တွေ အနန္တကိုမျှ မသိရအောင် ဖိတ်လျှောင် မြွေးရှက်အပ် ကုန်သော။ တုမှေ၊ သင်ချစ်သား ချစ်သွီးတို့သည်။ ပဒီပံ၊ ပညာတည်းဟူသော ရုပ်နာမ် ခန္ဓာ ဓာတ်သစ္စာတရားဆီမီးကို။ ကိံ၊ အဘယ်ကြောင့်။ န ဂဝေသထ၊ ကိုယ်ပိုင်ဉာဏ်နှင့် မသိသိအောင် မရှာမှီး လိုက်ကြကုန်ဘိသနည်း၊

အဲ· ဤကဲ့သို့ ဟောညွှန်ပြသ ဆုံးမတော်မူသည့်အတိုင်း ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင်သိမှသာ အကျိုးပြီးစီးမယ်။ ကိုယ့်အမှု ကိုယ့်ကိစ္စ သူများ အားကိုးနေလို့ ပြီးကြမယ်မဟုတ်ပေဘူး။

ဩဝါဒ်-ဒါထက် ခေတ်နှင့် လိုက်ရေအောင် အပြောသမားမဟုတ် အလုပ်သမား လက်တွေ့သမားဆိုသလို ပေါ့လေ။ ကျေးဇူးရှင် အာစရိယ အဆုံးအမ ရသလို ရေးသားလိုက်သော လိုရင်းတော့ မရောက်ရသေးပေ၊ တယ်လွယ်လဲမလွယ်ဘူးနော်၊ ဆရာကောင်း ဆရာမြတ်တို့ ဟောကြားတော်မူကြသည့်ကို ရေသောငါးလိုက်ကလေး စောင့်နာ နေရတာက သုတမယ ရှိက စိန္တာမယ ရှိနိုင်တယ်၊ စိန္တာမယရှိပြန်တော့လဲ ဘာဝနာမယနှင့် ပြည့်စုံနိုင်ပြန်တယ်၊ မိမိက သူတသူး၍နားကို အသာ အယာ အမိအရ ပိုင်ပိုင်နိုင်နိုင် ရေ့ပါ-သူပါ ပေးလိုက်သလို ရေးသားနိုင်မှဆိုတော့ တယ်လဲ မလွယ်လှ ပေဘူးပေါ့။ ပိယဝါစာ၊ သုဘာသိတ ဝါစာ၊ သစ္စဝါစာ၊ ဓမ္မဝါစာ ဆိုသည့်အတိုင်း ပိယဝါစာ၊ ချစ်ဘွယ်သောစကား။ သု

ဘာသိတဝါစာ၊ ကောင်းသောစကား။ သစ္စဝါစာ၊ သမုဒ္ဒိသစ္စာ- ပရမတ္ထသစ္စာ။ ဓမ္မဝါစာ၊ လောကီဓမ္မ- လောကုတ္တရာဓမ္မ စကားများ မဟ်မိုးမစောင်း ကောင်းမွန်စွာ ညီညွတ်ပါစေခြင်းငှါ ရေးသားပြောမြင် အင်မတန်ခက် သဘောနက်ရို့ ဟောချက်တွေဝေဝေမဆာတော့ဘဲ သိရုံ ပိုင်ရုံ နိုင်ရုံနှင့် ခရီးဆက်အုံးဖို့ရဲ့။

ပေါရာဏ စကားအလာလို (နိပါတ်လဲ စပ်မှတဲ့ ရာဇဝင်လဲ တွင်မှတဲ့၊ ဝမ်းဘဲ ဟာသာ အိုင်ကိုပစ်၍ မြစ်ကိုရှာ ရေသာများ၍ ငါးမတွေ့ လက်ာ လက်ာ များလျက်ပါ လက်ာများ၍ ခြားမစေ့) ဆိုတာလိုဘဲ၊ မဖြစ်စေရလေအောင် ကောင်းတထည် မြိန်တလုပ် တပုဒ် တဂါထာပင်ဖြစ်လင့်ကစား အမှားအမှန် အသိအကျ ဝေဘန်၍ပြနိုင်မှ ဆရာကောင်းတပည့် ပန်းကောင်းပန် နှောက်ဆံ တပင့်ပင့် ဆိုသလို ဖြစ်နိုင်တော့မပေါ့။ ခက်တယ်ဆိုတာကော မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးမှာ သချို့နှစ်ဆယ် ခက်ခဲတယ် သူ့သူငါငါတို့မှာ သံသရာနှင့်အမျှ ခက်ခဲကြတာပေါ့။

သို့သော်လည်း ယခုအခါ မှာတော့ ဒုလ္လဘ ငါးဖြာနှင့်တွေ့ ကြုံ ကိုက်ဆိုင် ရရှိကြပြီမို့ နိဗ္ဗာန်တရား ဆိုတာမုတ်ဆိတ်ပျားစွဲသလို မခဲမညီ မျိုရုံသာလိုကြပေတယ်။ အနာမသိ ဆေးမရှိ– အနာသိတော့ ဆေးရှိတာပေါ့။ အနာလဲသိ ဆေးလဲရှိစေကာမူ အစိန္တေယျ အပ္ပမေယျ ဆိုတဲ့ လောကသုံးပါးတွင် ဤလိုပုဂ္ဂိုလ်ကြီးရှိလိမ့်ဦးမည်

လားဟု ကြံစည်ခြင်း နှိုင်းယှဉ်ခြင်း၌ ထိုက်တော် မမူ ထသော တိကိစ္ဆ ဆေးဆရာကြီး၏ တပည့်ပြီပြီ ရေလဲ ကောင်းကောင်းနှင့်တိုက်နိုင်ဘို့ရာ အရေးကြီးတယ်။

အဲ သို့မို့ကြောင့်၊ ဆိုင်ရာ လင်္ကာကလေးက သည် လိုတဲ့။

"လွန်ကြူးဆုပ္ပက် မျိုးမပျက် သုံးချက် ကိလေသာ၊ သီလ သမာဓိ ပညာ သတ်ရန် သုံးသိက္ခာ၊ အနာနှင့် ဆေး တိုက်အောင်ပေး ပျောက်ရေးမခက်ပါ"။

၁။ လွန်ကြူးဆိုတာက ကာယကံ သောင်းကျန်းမှု- ဝစီကံ သောင်းကျန်းမှု နှစ်ခုတွေ၌ ဝီတိက္ကမ ကိ လေသာလို့ ခေါ်တယ်။

၂။ ဆုပ္ပက်ဆိုတာက မနောကံသောင်းကျန်းမှု-ပရိ ယုဋ္ဌာန ကိလေသာလို့ခေါ်တယ်။

၃။ မျိုးမပျက် ဆိုတာက အနမတဂ္ဂ သံသရာအစ ကတည်းက အမျိုးမပျက် လာခဲ့တဲ့ တဏှာနုသ ယ- မာနာနုသယ- ဒိဋ္ဌာနုသယ ရယ်လို့ သုံး မျိုး သုံးစားရှိပြန်တယ်။

ကဲ- သည်တော့ ဘယ်လိုများ သတ်ကြမတုံး၊ တခု စီ ခွဲသတ်ကြမလား၊ ပေါင်းပြီးတော့ဘဲ သတ်ကြမလား။ အဲဒီနေရာမှာ အချက်ဘဲနော်။

ဒါနအစ- မဂ်ပဥ္စမ- သီလရှေးဦးစွာ။

သစ္စာလေးချက်- တပြိုင်နက်- မဂ်၏ကိစ္စသာ။

မဂ္ဂင်ခါးကြီးခါးပေါက်နှင့်တော့ ဖြစ်ရိုးထုံးစံ ဓမ္မနိယာမကိုကမရှိပေ။ ကဲ-သည့်တော့၊ ယခုတရားစာအုပ်ကောက်ပြီး ဘတ်ကတည်းက ကာယကံသောင်းကျန်းမှု-ဝစီကံသောင်းကျန်းမှုတွေ နိုင်နေပါပြီကလား။ မနောကံ ကကောမည်သူတွေသေပါစေ-ပျက်စီးပါစေ-သူများပစ္စည်းဉစ္စာတွေ ငါ့ဟာဖြစ်ပါစေလို့ စိတ်ကူးလို့ ရပါသေးရဲ့လား၊ မလွန့်ကျူး ဆူပွက်နိုင်တာ မျက်မြင် ဉာဏ်မြင်ဖြစ်နေပါသဖြင့် အနုသယသုံးမျိုး သတ်ဘို့သာ လိုတော့သည်။ ထိုအနုသယ သုံးမျိုးလဲ တခါထဲ ပြုံသတ်လို့ ရတာမျိုး မဟုတ်ဘူးတဲ့။

ငါ့လင် ငါ့သား- ငါ့မယား- မှတ်သားတဏှာ-ငါ။
ငါသာချောင်တတ်-ငါသာမြတ်- မှတ်ကြမာန-ငါ။
ပုဂ္ဂိုလ် သတ္တဝါ- ထင်မြင်လာ- မှတ်ပါဒိဋ္ဌိ-ငါ။

**ရင်း ငါ ၃-ငါ အနက်**

သောတာပန်မှာ- ဒိဋ္ဌိငါ- ပယ်ကာ ရှိသေးတာ။
တဏှာမာန- ငါနှစ်ဝ- ပယ်ကရဟန္တာ။

အဲသည်တော့ ပဌမ မဂ် ပဌမဖိုလ်ပုဂ္ဂိုလ်မှာ အမြင်များ အထင်များ အယူများ အမှတ်များ အစွဲများနေတဲ့ သက္ကာယ ဒိဋ္ဌိတရားကို ပယ်ရပေမည်၊ ပယ်မည် သတ်မည် ပယ်သတ်မည် ဆိုသော်လဲ ပယ်ပုံ သတ်ပုံ- ပယ်သတ်ပုံ ဉာဏ်ကွက်မကျပလားဆိုမှုဖြင့် အပ်နှင့်ထွင်၍ပြီးရမည့်ကိစ္စကို ပုဆိန်နှင့် ပေါက်သဖြင့် ရှိရင်းရောဂါထက် တိုးနေမည်ကိုလဲ စိုးရိမ်ရ ပြန်တယ်။

သုံးလောကမှန်ကူ သယမ္ဘူထွန်းထား ကျွန်ုပ်တို့ရှင်တော်ဘုရားကြီးက ချစ်သားဆိုတဲ့ ရဟန်းများအား- အတ္တကိလမထာနုယောဂ- ကာမသုခလ္လိကာ နုယောဂ ဆိုတဲ့ အယုတ်တရားနှစ်ပါး ပယ်ပြီးသကာလ၊ သဿတ- ဥစ္ဆေဒ- အယူနှစ်ပါးကိုလဲ လွတ်အောင်ယူတတ်ရလိမ့်ဦးမည်။ အတ္တကိလမထာနုယောဂဆိုတာ- ဆူးချုံပေါ်မှာထိုင်၍ တရားရှာလျှင်ကောင်း၏ဟူ၍ငင်း၊ သဲပူ ဒိုမဟုတ် ပဉ္စာတပဆိုတဲ့ မီးလေးပုံ လေးမျက်နှာ ရံ၍ ဦးခေါင်းထက်မှ နေပူခံပြီး ကျင့်ရလျှင် ကောင်း၏ ဟူ၍ ငင်း၊ ရေငုတ် မီးလှုံ တုံးခုန် ဖယ်ခတ်၍ ကိလေသာ သတ်ရသော် ကောင်း၏ဟူ၍ငင်း။ ကာမသုခလ္လိကာ နုယောဂ ဆိုတာကတော့-အာရုံငါးပါးကာမဂုဏ်တရားတွေ လိုသလောက် ဖွက်ပေါက်အောင် ဝအောင် ခံစားပြီးမှ တရားရှာလျှင် ကောင်း၏ဟူ၍ငင်း ယူသောအယူများသည် ကိုယ်စိတ်နှစ်ပါး များစွာ ဆင်းရဲစေသဖြင့် ဘုရား အယူနှင့် ဆန့်ကျင် လှ၏။ ဘုရားအယူ တော်က ကိုယ်စိတ် နှစ်ပါး ချမ်းချမ်းသာသာ သဒ္ဓါနှင့်ပညာ သမာဓိနှင့်ဝီရိယ သတိဆိုတဲ့ချိန်ခွင်လျှာ မပိုမသာ ဘောင်ဝင်မှသာ ကျေပ်ချိန်ပျောက်လျှင် နိဗ္ဗာန်ဝင်ဆိုသော သညာတော လောကော ဖြစ်ပေမပေါ့။

ကဲ ကဲ-တိုဗိုတိုဗိနှင့် ဗမာစကားသက်သက်လောက် သဘောထားပြီး ရေးလာခဲ့တာ ဗမာစကား ဗမာနားမလည်စရာတော့ လိုမယ် မဟုတ်ပါဘူးနော်။ ဘယ်

လောက် တိုတိုနှင့် ခရီးရောက်အောင်ရေးမည် ဆိုသော်လဲ တရားရှာနည်းတို့တွင် (ဆေးဘော်ဝါးဘက်) ဆိုတဲ့ ပေါရာဏစကားအတိုင်းပေါ့လေ၊ သူ့စည်းကမ်းဥပဒေသကိုက မပါရင် မဖြစ်သလောက် လိုနေတဲ့ သံသယရှင်းတမ်းတွေ အောက်ခြေသိမ်း ရှင်း မသွား ပလားဆိုမှဖြင့် တကဲ့အချက်- တကဲ့အကွက် နေရာ ရောက်တော့ ရှေ့မဘိုးဝံ့ နောက်မဆုတ်စံ့ ဖြစ်နေမှာစိုးရိမ်၍သာ စေ့စေ့စပ်စပ် ပတ်ပတ်နပ်နပ် ရုံရုံလင်လင် ရေးသားရပြန်ပါတယ်။ စာကြည့်သူများ ဇက်ညောင်းပြီး ကောင်းနိုင်တော့ပါဘူးလေ ဟု လျှော့ဈေး ချလိုက်ပြန်လျှင်လဲ လိုရာခရီး ရောက်တော့မည်မဟုတ်သည်ကိုလဲ တဘန်စဉ်းစားလျက်ပါဘဲ။

ယခုကာလ ယခုသမယက တုန်းဆိုတိုက် ကျားဆိုကိုက်၊ ဆင်လာညောင်၊ မြင်းလာ မြက်၊ ပဒုန်းရုပ် ထုံးသုတ်ပျောက် ဆိုသလို လက်ငင်း ဒိဋ္ဌအလုပ် သမားမှကြိုက်တယ်- အဝေးပြသမားဆိုလျှင် (နို့အလိုမရှိထဲကဘဲများကြတယ်) သည်တော့ ခေတ်နှင့် လိုက်ရောအောင် ခေတ်သား ခေတ်သ္မီးများ နားမလည် နားလည်အောင် ပါဠိသံ ကဗျာသံ စာသံများ နည်းနိုင်သမျှ နည်းစေရန် ရည်သန်၍ ရေးသား လာခဲ့ ပါတယ်၊ အကယ်တိ ယခု ရေးသားခဲ့ပြီးစာကို ပါဠိသံ ကဗျာသံ စာသံ ဆိုသလို ရောပြွမ်း ရေးသားမည် ဆိုပါလျှင် ယခုစာမျက်နှာတခု အနေကို ဆယ်ခုမျှ ကမည်မဟုတ်ပေ။

အင်း-အင်း- စေတနာသန့်သန့်နှင့် ဝေဘန် ရေးသား လာလိုက်တာ- ဓမ္မဝိဘက်တွေတော့ အတော်များသွားပြီ၊ သို့သော် အထက်က ဖော်ပြခဲ့သလို အပိုတော့ မဟုတ်ပါဘူးလေ၊ ဓမ္မတန်ဆာတွေချည်းပါဘဲ၊ တန်ဆာဆိုတာ သူ့နေရာ သူ့အလိုက် အထိုက် သင့်အောင် ဆင်မြန်းနိုင်လေ ကောင်းလေ ဖြစ်ရမှာပါဘဲနော်။

ကဲ-ဘဲ- သဿတအယူနှင့် ဥစ္ဆေဒအယူခွဲကြဦးစို့ရဲ့။

ကမ္မဿကတ သမ္မာဒိဋ္ဌိမျိုးခေါ်တဲ့ ကျွန်ုပ်တို့တတွေ ယူကြတဲ့အယူမျိုးဟာ သဿတ အယူမျိုးပါဘဲ။ ဘယ်လို ယူပါသလဲဆိုတော့- သည်ဝိညာဏ် သည်အသက်ကလေးဟာ ဤလူ့ပြည်မှာလဲ လူ့ခန္ဓာနှင့်တွဲ၍၊ ဤအသက်ကလေးဘဲ နတ်ပြည်ရောက်ပြန်တော့လဲ နတ်ခန္ဓာနှင့်တွဲ၍၊ ဤအသက်ကလေးဘဲ ဗြဟ္မာပြည်ရောက်ပြန်တော့လဲ ဗြဟ္မာ့ခန္ဓာနှင့်တွဲ၍၊ ဤအသက်ကလေးဘဲ တိုတိုပြောကြစို့၊ အပါယ်လေးဘုံ ရောက်ပြန်တော့လဲ အပါယ်ခန္ဓာတွေနှင့်တွဲ၍ ဤအသက် ဤဝိညာဏ် ကလေးဘဲဟု မဆုံးနိုင်တဲ့ အပ်ချည်မျှင်ကြီးကို ၃၁-ဘုံ ရှောက် ခွဲနေတာနှင့် မတူဘူးလား။ အဲ- ဤကဲ့သို့ ဆက်၍ယူသော အယူမျိုးပါဘဲ။ ဥစ္ဆေဒ အယူ ဆိုတာ ကတော့- ကျွန်ုပ်တို့ ဗမာလူမျိုးထဲမှာ များသောအားဖြင့်မရှိကြပါဘူး၊ သေဆုံးလောင်တုံး ခံစရာရှိ၍လည်း မခံရ စံစရာ ရှိ၍လည်း မစံတော့ဘူး၊ ဗြဟ္မာ မင်းကြီးက သော်၎င်း၊ ထာဝရ ဘုရားသခင်ကသော်၎င်း၊ ဖန်ဆင်းသောအခါ

လျှပြန်ဖြစ်လိမ့်မည်ဟု အကြောင်းပြတ် အကျိုးပြတ် အယူမျိုးကို ခေါ်ပါတယ်။ ဤအယူနှစ်မျိုး စင်ကြယ်စေကာမူ- ပညတ် ပရမတ် ခွဲ၍သိမှသာ ပရမတ်နှစ် ခေါက်အစစ်ကို အသိး ဆပ်ဆပ် ထုတ်ဖေါ်တတ်အပ် ပညာမြင် ပြောင်ပြောင်နှင့် ကြောင်ကြောင်ကြီး မြင်နိုင်ကြမှာမို့ သချာဂန ခြားနား၍ ကြည့်ကြဦးစို့ရဲ့-

ပညတ်နိုင်ငံ၊ မလွန်ဆန်၊ နိဗ္ဗာန် မရပါ။

ပရမတ်နိုင်ငံ၊ အယူသန်၊ လားရန် ဝိဝိမှာ။

ပညတ် ပရမတ်၊ ရော၍စပ်၊ ယူတတ်ကြမှသာ။

သမုတိလဲ သစ္စာနှင့် ပရမတ်လဲ သစ္စာနှင့် ဘုရားဟောကြီးဘဲနော် .....

အယူလွဲချော်၍တော့ တခုမှ မဖြစ်ကြပေဘူး။ ဟိုကမောင်ပြုဆိုတဲ့လူတယောက် လာနေသည်ကို မောင်ညိုလာသည်ဟုပြောက သမုတိသစ္စာပျက်- မုသာဝါဒ ကံထိုက်၊ သေသည် နှင့်တကွ အပါယ်သွားတဲ့၊ ဇဲသလောက် အရေးကြီးတယ်။ သည်တော့ သမုတိသစ္စာကိုလဲ သူ့နေရာနှင့်သူ ရိုရိုသေသေ လေးလေးစားစားရှိရမယ်။ သမုတိ က- သမုတ်တာ၊ သစ္စာက- မှန်တာ၊ သည်တော့ သမုတ်တာ မှန်တယ်တဲ့။

ပရမတ္ထ ဆိုတာ ကတော့ မဖေါက် မပြန် သဘောလက္ခဏာအားဖြင့် အမှန်ရှိတဲ့ တရားတဲ့၊ သူလဲ သစ္စာနှင့် ဟောထားတာ၊ သေးသချာချာဉာဏ်ချက်မထောက်မိက မကွဲမပြား မရှင်းမလင်း နေလိမ့်မယ်၊ ပညိန္ဒြေ

အရာနေ၁၊ မပေါ်နှင့် သမာဓိကြီးစွာထား၊ "ဝိုက်ဝိုက်ရှူး ရှူး အထူးမြဲမြံ ရှူအားသန်း ဈာန်ဟု ခေါ်သတတ်"တဲ့၊ ဈာန်မှ အပ- မဂ်ကိုနိုးသောတရား (ငါဘုရားမြင်တော် မမူ)ဟု အဖိုးတန်လှ သုံးလူ့ထွဋ်ထား ရှင်တော်ဘုရား ကြီး ဟောကြားတော်မူတယ်။

အင်း အင်း-သမထဓိသဇ္ဈာအတွက် ကွက်ကွက်ကွင်း ကွင်း ရှင်းရှင်းလင်းလင်း လေးဘက်လေးတန် ကဲ့သွား စေရန် ဂါထာတော်နှင့်တကွ သရုပ်အဓိပ္ပါယ် သဘော အနက်ကို ပညာရှိကြီးများ စီမံထားသည်ကို ထုတ်ပေါ် သိကုံးနှီးနှော့ကာ ရေးသားလိုက်ကြဦးစို့ရဲ့။

အာဗွရသညိနော သတ္တာ၊
အဂ္ဂရသညိ ပဝိဋ္ဌိတာ။
အဂ္ဂရဲ့ အပရိညာယ၊
ယောဂ မာယန္တိ မစ္စုနော။ ။

အဂ္ဂရသညိနော၊ ကမ္ဘာဦးသား လူအများတို့ တင်း စားတော်လျော် ခေါ်ဝေါ်ရုံမျှ ပြောဆိုကြသော အဏ္ဏဒ ဝါ ငါငါသူသူ လူလူနတ်နတ် သမုတ်အပ်သည် ပညတ် ဝေဝစ် စကားရုပ်ကို အဟုတ် လိုပင် အထင်ကြီးမား အသည်းဖွားဲ၌ မှတ်မှားခြင်းရှိနေကြကုန်သော။ အဂ္ဂ ရသိ၊ ခေါ်သံဝင်သံ တကဲ့ဟန်ဖြင့် အသံကြ။ကြ။ကြား ပါမူလည်း ခေါ်သူဘယ်မှ ရှာမရသည့် တောဝတောင် ယံ ပဲ့တင်သံသို့ လူ့ငွာန်နတ်ရွာ ဖြပ္ပာအကုန် အသျှုံး စုံကို ခေါ်ရုံကာမျှ ခေါ်ဆိုကြသော မိန်းမ ယောကျ်ား

သမ္မုတိသစ္စာစကား၌။ ပတိဋ္ဌတာ၊ တဏှာခွန်းငြိ ဒိဋ္ဌိအစွဲ မြဲကြီးမြဲ၍ ငင်ဆွဲမလှုပ် မပြုတ်မပြို မြင့်တာရှည်အောင် တည်နေမှောက်မှား၍ နေကြကုန်သော။ သတ္တာ၊ လူရေနတ်ပါ ဗြဟ္မာအကုန် အလုံးစုံသော သတ္တဝါ တို့သည်။ အကျွန်ုပ်၊ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောက်ျားမိန်းမ ခေါ်သမျှကို။ ဒး ပရိညာယ၊ မရှုဆပ်ဆပ် ပရမတ်ဖြင့် ငါးရပ်ခန္ဓာ နှစ်ပြား ရုပ်နာမ် အမှန်ရှိ၏။ ပုဂ္ဂိုလ် သတ္တဝါ ဆိုသည်မှာကား ဆံလွှာခြမ်းမျှ စမ်းမရဘဲ လောကပညတ် ထိမ်းအမှတ်ဟု တတ်အပ်ပိုင်ပိုင် မသိနိုင်ကြကုန်သည်ဖြစ်၍။ မဂ္ဂုနော၊ သုံးဆဲ့တဘုံ အလုံးစုံကို အကုန်ကြွတ်ဝါး အငမ်းစားသည့် ဆိုးဝါးရှုန့်ရင်း ရှင်သေမင်း၏။ ယောင်၊ ဝဲယာ ရှေ့နောက် ထက်အောက်ဗိလာ ဆယ်မျက်နှာတွင် တက်ရောကမ်းဆိပ် ဉာဏ်လမ်းပိတ်၍ ကြိုးထိတ်သွင်းလျှောင် ကျဉ်းချုပ်နှောင်သည့် သုံးထောင်ထက်ဝက် ကိလေစက်ဟု ကွန်ရက်မြုံးတွင်း ထောင်အကျဉ်းသို့။ အာယန္တိ၊ အယုဇ္ဈမာ ဆိုးညစ်စွာသော တငါသည်များ လိမ်းသုတ်ထားသည့် ဆန်းပြားရုပ်ပွေ ကစီရေကြိုက် လျှာလိုလိုက်သည့် ငါးမိုက်ပမာ ရသာချိုမြ မက်ဖွယ်ပြသော ငါးဝအာရုံ ကာမဂုဏ်အမိုက် ဆွဲသဖြင့် အမြဲမကွာ မလွဲရှာဘဲ တကကဲသာ လိုက်ရလေတော့သတည်း။

ကဲကဲ ကြည့်စမ်း- မသိတဲ့အဝိဇ္ဇာဟာ ဘယ်လောက်

ဆိုးသလဲ အမြင်များ အယူများ အမှတ်များ အစွဲများကြီး အတွက် သုံးဆဲ့ တဘုံကြီးကို ဓုဝ မြဲတယ်လို့ ထင်ရ- သုဘ တင့်တယ်တယ်လို့ ထင်ရ- သုခ ချမ်းသာတယ်လို့ ထင်ရ- အတ္တစွဲကြီး လက်ချက်ပေါ့။

အဝိဇ္ဇာတရားကြီးက လွှဲမှားပြီးသိတော့ တဏှာဆိုတာကလဲ အစွဲကြီးစွဲ၍ အဖြံကြီးမြဲ၍နေပြန်တာဘဲ၊ အဲတာကြောင့် ပဋိစ္စသမုပ္ပါဒ်အစဟာ အဝိဇ္ဇာတဏှာဝသေန ဒွေမူလာနီလို့ ဟောတော်မူတာပေါ့။

အကြောင်း နှစ်ပါးဟာ တခြား ရှာမနေနှင့် ဆင်ကောင်တွေ့ပြီးမှ ဆင်ခြေရာ ရှာနေမှဖြင့် ဒါးမ ခါးထိုး ရှာတာနှင့် တူနေလိမ့်မယ်။ သံသရာကြီးနှစ်အောင် မြုပ်အောင် မျှောအောင်ပြုလုပ်နေတဲ့ အမှုသယ်ကြီးတွေဟာ သူဘို့ဘဲတဲ့။ အဲ သူတို့ ၂-ပါးမှာလဲ လက်ရင်းအမှုသယ် လက်ရင်းတရားခံရှာရလိမ့်ဦးမယ်။ ဒါမှ သာသနာလက်ရင်းကျကျရပြီး လွယ်လွယ်ကူကူနှင့် နိဗ္ဗာန် တည်းဟူသော အောင်နန်းစွင် ဝင်စံတော်မူနိုင်ကြပေမပေါ့။

အနန္တ ကျေးဇူးရှင် ဘုရားသခင် ကိုယ်တော် မြတ်ကြီးက "ဒွိမူမသတ် တဏှာသတ် မပြတ်သံသရာ" တဲ့. ဒွိမူနာနာသတ်ဘို့ရာ လမ်းစလိုပြီ။

ကဲ- စောစောက ဝန်ခံခဲ့တဲ့ အတိုင်းပေါ့၊ တိကိစ္ဆဆေးဆရာကြီးရဲ့ တပည့်ဖြိုဖြို ပိဋ္ဌာစွာ ဆေးတိုက်ကြဦးစို့ရဲ့။

ပုဂ္ဂလာဓိဋ္ဌာန် လူကိုကြည့်မနေ နှင့်နော်၊ ပုဂ္ဂလာ

ဥာန် လှူကိုကြည့်နေမှဖြင့် နိဝရဏတရားတွေ ဝင်လာလိမ့်မယ်။ ဓမ္မာဓိဥာန်ကြောင်းကနေ ကြည့်မှ အကျိုးပြီးစီးကြမယ်။

ယခု ကိစ္စကြီးဟာ သံသယ ကြောင့် သံသရာကြည်လည် ပြေးသွားနေရတာ၊ ဒါကြောင့်မို့ သံသရာအရှုပ်တော်ပုံတွေ ရှင်းလင်းနေရတာ၊ ပုစ္ဆာဘို့မည်သည် အဖြေမှန်ဘို့ လိုတယ်၊ ရောဂါဘို့မည်သည်မှာ ပျောက်ဘို့သာ လိုရင်းဖြစ်သလို၊ ပုစ္ဆာပေါ်လာက- ကလေးကဖြစ်စေ၊ လူကြီးကဖြစ်စေ၊ မိုးသူတော် မယ်သီလကဖြစ်စေ၊ သူ့အာစရိယ နိသျည်းရသလို-

မိန်းမတွက်နှင့် တွက်တွက်- ကုလားလို တွက်တွက်- တရုပ်လိုတွက်တွက်- အဖြေမှန်ဘို့သာ ပဓာန ဖြစ်တယ်၊ ရောဂါဘို့ မည်သည်မှာလဲ ရသေ့ရှစ်သောင်း ဆရာကောင်းတို့ စီစဉ်ရေးသားတဲ့ ဖေါ်နည်းကားနှင့် သော်ရင်း၊ ဝိဇ္ဇာဇော်ဂျီ တပသီတို့ပေးအပ်တဲ့ သစ်သီးတလုံး ပန်းတပွင့်မှစ၍ ပဒါးပြာ- သံပြာတို့နှင့်သော်ရင်း၊ သို့မဟုတ် မိဘ,ဘိုးဘွား လက်ထက်က မှတ်သားနာယူခဲ့တဲ့ ဆေးမြစ်ကလေး ဆေးခေါက်ကလေးများနှင့်သော်ရင်း (ဂွံ့ လုပ်ထားတဲ့ ကြောင်ချပ်ဖြစ်ပစေ ကြွက်သေတာ ပဓာန) ဖြစ်ကြောင်း ကောင်းကောင်းကြီး သတိထား၍ စဉ်းစားဘို့က လိုရင်းကြီးဖြစ်ပေတယ်။

သို့မဟုတ်က တရားဟောဆရာ- ကျမ်းရေးဆရာတို့ အပေါ်မှာ သံသယဖြစ်ပြီး အကျိုး ပြီးစီး သင့် ပါလျက်

မပြီးစီးဘဲ အချိန်ကုန် လူနွမ်း စိတ်ပန်း ကိုယ်ကြေဖြစ်၍ နေတတ်ပါတယ်၊ ၍လိုမဟုတ်ဘဲ သဒ္ဒါဆိုတဲ့မြူစင်ကြည် လင်တဲ့ ဓာတ်ကလေးနှင့် ကျမ်းစာမှာ ပါသျှင် ပါတဲ့ အတိုင်း သုတမယာတွေကို တွေ့သမျှ မြင်သမျှ ဓမ္မသဘော ဓာတ်သဘော အတ္တာဆိုတဲ့ အနက် နာနာကြွပ်ကြွပ် သတိချုပ်လျက် ဖိုက်ဖိုက်ရှူးရှူး ကြံပါဆပါတွေးပါ တောပါ၊ သို့မှ စိန္တာမယ ဆိုသည့်အတိုင်းပြည့်ဝံ၍ အကျိုးတည်းဟူသော ဘာဝနာမယသို့ ဆိုက်ပါလိမ့်မည်။

ကဲကဲ-လိုရင်းအချက်ဖြစ်တဲ့ တရားသဘော ဆက်ကြဦးစို့။

ဒိဋ္ဌိသည် နာမ်မှာ ရှူးဝိုက်တယ်၊ တဏှာသည်ရုပ်မှာ ရှူးဝိုက်တယ် ဆိုတော့ ယခုက်ပွက ဒိဋ္ဌိသတ်ဖြစ်သဖြင့် နာမ်တရားလေး၏ ဥဒယဝယ အချက် အကွက်ကျှာ ကြရလိမ့်မယ်၊ နာမ်ဆင်ခြင်တယ်ဆိုပေမဲ့ ရုပ်ချန်ထား ပစ်ခဲ့လို့ ရတာမျိုးမဟုတ် အဖျာပါရ နည်းတွေချည်း ပါဘဲ။

တရားဘို့မည်သည်မှာလဲ ဥပမာကောင်းဘို့လိုတယ်၊ ဥပမာ ကောင်းမှ ဥပမေယျ ဒက်ကနဲ အချက် ကျကျ ညက်ကွက်ရိုက်မိမှာပေါ့။ ဥပမာ စဉ်းစားကြစို့၊ သူသူ ငါငါသိကြတဲ့ မီးခတ်သံတုံး ကျောက်တုံးနော် မျက်မြင် ညက်မြင် သိတ်လဲမတွေးနဲ့ အတွေး နက်နဲလွန်းပြန် လဲ လိုရာမရောက်ဘဲနေလိမ့်မယ်။

ရင်းကျောက်တုံး သံတုံးထဲမှာ မီးပါပါသလား

ပါရင် ပူမှာပေါ့၊ သို့မပါဘူးဆိုပြန်ရင်လဲ မီးပွင့်တာ မြင်ရပြန်တယ်၊ ဒါဖြင့် ဘယ်လိုလဲ မီးဖြစ်စေတတ်တဲ့ အနုသယာကလေး ကိန်းလျက် ပါနေတယ်။ အနုသယဆိုတဲ့ သဘော နားလည်ရလိမ့်မနော်၊ အနုသယဆိုတာ ၁၄-နှစ် ၁၅ နှစ် အရွယ်မှစ၍ ၄၅-၅၀ တိုင် သားပွါးစေနိုင်သော သဘောရှိသလို ပုထုဇဉ်သတ္တဝါများနှင့်တကွ သေက္ခပုဂ္ဂိုလ် နှစ်ယောက်တို့၏ ခန္ဓာအစဉ်မှာ ထိုက်တန်သလို ကိန်းလျက်ရှိကြရတယ်။

အသေက္ခ ပုဂ္ဂိုလ်များကျတော့ ၂၀-ကျော် ၆၀-ကျော်အရွယ် မိန်းမများ သားသန္ဓေ တည်စေတတ်သော အနုသယဓာတ်ပြတ်သလို တဏှာနုသယ၊ မာနာနုသယ၊ ဒိဋ္ဌာနုသယ တည်းဟူသော ပပဉ္စာနုသယဓာတ် ကင်းပြတ် တော်မူကြသည်ကိုပင် အာသဝေါ ကုန်ခမ်းသော ရဟန္တာ အရှင်မြတ်ဟု သမုတ် အပ် တော် မူကြ ရပေတာပေါ့။

အကယ်၍ ရင်းဘျောက်တုံး သံတုံးတို့သည် မတိုက် မဆပ်ဘဲထားခဲ့ပါမူ မီးပွင့်မပေါ်လာ၊ တိုက်ပြန်ဆပ်ပြန်တော့ကော တားမရ ပေါ်လာပြန်ပြီ၊ ပေါ်လာသော မီးပွါးကလေးများကိုလဲ သိမ်းစရာ သိုစရာမရှိ ခဏ ချက်ချင်း ကုန်ဆုံး ပျက်ပြုန်း၍ သွားကြ ပြန် တော့တာဘဲ။

အဲသည် ဥပမာကလေး နာနာ ကြပ်ကြပ် မှတ်ထား သတိမပျက်စေနှင့် သို့မှ ရှေ့တရားဆက်လို့ ရမှာနော်။

ကဋတ္တာရူပံ ကမ္မဝိပါကံ နိဗ္ဗတ္တယျံ။ ကမ္မဝိပါကံ၊ ကံ ကံ၏ အကျိုးအားဖြင့် ဖြစ်ပေါ် ရရှိထားတဲ့၊ ကဋတ္တာရူပံ၊ ဝိပါက်ကဋတ္တာရုပ်ကြီးကို၊ နိဗ္ဗတ္တယျံ၊ မကြိုနှင့်တဲ့လို့ ဘုရားသခင်ကိုယ်တော်မြတ် မိန့်မြွက်တော်မူတယ်။

ဥပါဒါယ ဝိဗ္ဗတ္တယျံ ခြောက်ဒွါရ ခြောက်အာရုံ အကြောင်း တိုက်ဆိုင်ဖြစ်ပေါ်လာ အာဂန္တုကဓမ္မဖြစ်တဲ့ ခန္ဓာငါးပါး ရုပ်ကိုသာ နာနာရှုရမယ်တဲ့။ ဒါမှ တကယ့်ဖြစ် တကယ့်ပျက် ရုပ်နှင့်နာမ်တွေ့လိမ့်မယ်တဲ့၊ ကဲ လုပ်ကြည့်ကြစို့-

ဤသို့ ဟောတော်မူသော ဒေသနာအတိုင်း ဥတုပိုင် ဖြစ်တဲ့ အသေကောင်ရုပ် အဋ္ဌကလာပ်ရုပ်ကြီးဖယ်ပြီး ကမ္မဇရုပ်ကြည်တွေပေါ် နာနာကြီးဆင်ခြင်ကြစို့။

### အခံခတ်အဖြစ်နှင့် အကြည်ရုပ်များ

| | | |
|---|---|---|
| ၁။ | စက္ခုအကြည်ခတ် | မျက်စိအကြည်ခတ်။ |
| ၂။ | သောတအကြည်ခတ် | နားအကြည်ခတ်။ |
| ၃။ | ဃာနအကြည်ခတ် | နှာခေါင်းအကြည်ခတ်။ |
| ၄။ | ဇိဝှါအကြည်ခတ် | လျှာအကြည်ခတ်။ |
| ၅။ | ကာယအကြည်ခတ် | ကိုယ်ကာယ ခြေအဆုံး ခေါင်းအဆုံး အကြည်ခတ်။ |
| ၆။ | မနောအကြည်ခတ် | နာမ်အကြည်-နာမ်ခတ် နာမ်ပရမတ်။ |

## အတိုက် ဓါတ်များ

၁။ ရူပဓါတ်- အဆင်းဓါတ်။
၂။ သဒ္ဒဓါတ်- အသံဓါတ်။
၃။ ဂန္ဓဓါတ်- အနံ့ဓါတ်။ } ပဉ္စာရုံ။
၄။ ရသာဓါတ်- အရသာဓါတ်။
၅။ ဖောဋ္ဌဗ္ဗဓါတ်- အထိအတွေ့ဓါတ်။
၆။ ဓမ္မဓါတ်- ဓမ္မသဘော။ ဓမ္မာရုံ။

## အပေါ် ဓါတ်များ

၁။ စက္ခုဝိညာဏဓါတ်- မြင်သိစိတ်။
၂။ သောတဝိညာဏဓါတ်- ကြားသိစိတ်။
၃။ ဃာနဝိညာဏဓါတ်- ရှူးသိစိတ်။
၄။ ဇိဝှါဝိညာဏဓါတ်- လျက်သိစိတ်။
၅။ ကာယဝိညာဏဓါတ်- တွေ့ထိသိစိတ်။
၆။ မနောဝိညာဏဓါတ်- ကြံသိစိတ်။

၎င်းအခံဓါတ် ၆-ပါး၊ အတိုက်ဓါတ် ၆-ပါး၊ အပေါ် ဓါတ် ၆-ပါး၊ ပေါင်း ၁၈-ပါး၊ ဒါက ဒေသနာတော် အစဉ်၊ သည့်လို သိရုံမျှနှင့် ဒိဋ္ဌိက ခေါင်းမှ ခွာဦးမည် မဟုတ်သေး။

ဓမ္မသဘောတွေ့ သေသေချာချာ ဆင်ခြင် စဉ်းစားပါက အတ္တနော သဘာဝံ ဓါရေတီတိ ဓါတု။ အတ္တနော၊ မိမိ၏။ သဘာဝံ၊ သဘော တရားကို။ ဓါရေတိ၊ ဆောင်တတ်၏။ ဣတိ တသ္မာ၊ ထိုသို့ ဆောင်တတ်သော

သတ္တိကြောင့်။ ဓာတု၊ ဓာတ်မည်၏ ဆိုသည့်အတိုင်း ဓာတ်သာဟုတ်သလား၊ ပုဂ္ဂိုလ်သတ္တဝါဟုတ်သလား၊ နာနာစဉ်းစားပါလေ။

(၁) မျက်စိအကြည်ကလဲ ရှိမယ်၊ (၂) ရူပါရုံကလဲ ရှိမယ်၊ (၃) အာလောကဆိုတဲ့ အလင်းရောင်ကလဲ ရှိမယ်၊ (၄) မနသိကာရဆိုတဲ့ နှလုံးသွင်းမှုကလဲရှိ၍ အကြောင်းတရားလေးပါးဆုံနေလျှင် ဘယ်လူ့,နတ်,ဗြဟ္မာက မြင်သိစိတ် မပေါ်ပါနှင့်တားသော်လည်း ရစတမ်းမဟုတ်၊ ၎င်းအကြောင်းလေးချက်မှ တချက်ပျက်ပလား ဆိုမှဖြင့် မြင်သိစိတ် ပေါ်ပါ ပေါ်ပါဟု ဘယ်လူ့,ဘယ်နတ်,ဗြဟ္မာက တိုက်တွန်းသော်လည်း ရစတမ်းမဟုတ်၊ အကြောင်းပြည့်စုံလျှင် အကျိုးပေါ်မြဲသာတည်း။

၂။ (၁) နားအကြည်ကလဲ ရှိမယ်၊ (၂) အသံဓာတ်ကလဲရှိမယ်၊ (၃) အာလောကလဲ ဖြစ်မယ်၊ (၄) မနသိကာရဆိုတဲ့ နှလုံးသွင်းမှုလဲရှိ၍ အကြောင်းတရား လေးပါးဆုံနေလျှင် ဘယ်လူ့,ဘယ်နတ်,ဘယ်ဗြဟ္မာက ကြားသိစိတ် မပေါ်ပါနှင့် တားသော်လည်း ရစတမ်းမဟုတ်၊ ၎င်းအကြောင်းလေးချက်မှ တချက်ပျက်ပလား ဆိုမှဖြင့် ကြားသိစိတ် ပေါ်ပါ ပေါ်ပါဟု ဘယ်လူ့, ဘယ်နတ်, ဘယ်ဗြဟ္မာကတိုက်တွန်းသော်လည်း ရစတမ်းမဟုတ်၊ အကြောင်းပြည့်စုံလျှင် အကျိုးပေါ်မြဲသာ။

၃။ (၁) နှာခေါင်းအကြည်ကလဲ ရှိမယ်၊ (၂) အနံ့ဓာတ်ကလဲ တိုက်မယ်၊ (၃) အခြားအဆီးလဲ မရှိမယ်၊

(၄) နှလုံးသွင်းမှု ကလဲရှိ၍ အကြောင်းလေးပါး ဆုံနေလျှင် ဘယ်လူ့,ဘယ်နတ်,ဘယ်ဗြဟ္မာက နံ့သိစိတ်မပေါ်ပါနှင့်တားသော်လည်းရစတမ်းမဟုတ်၊ ၎င်းအကြောင်းလေးချက်မှ တချက်ပျက်ပလားဆိုမှဖြင့် နံ့သိစိတ် ပေါ်ပါ ပေါ်ပါဟု ဘယ်လူ့,ဘယ်နတ်,ဘယ်ဗြဟ္မာကတိုက်တွန်းသော်လည်း ရစတမ်းမဟုတ်၊ အကြောင်း ပြည့်စုံလျှင် အကျိုးပေါ်မြဲသာ။

၄။ (၁) လျှာအကြည်ကလဲရှိမယ်၊ (၂) အရသာဓာတ်ကလဲ တိုက်မယ်၊ (၃) အခြားအဆီးလဲ မရှိမယ်၊ (၄) နှလုံးသွင်းမှုကလဲ ရှိ၍ အကြောင်းလေးပါး ဆုံနေလျှင် ဘယ်လူ့,ဘယ်နတ်,ဘယ်ဗြဟ္မာက စားသိစိတ် မပေါ်ပါနှင့် တားသော်လည်း ရစတမ်းမဟုတ်၊ ၎င်းအကြောင်းလေးချက်မှ တချက် ပျက်ပလားဆိုမှဖြင့် စားသိစိတ် ပေါ်ပါ ပေါ်ပါဟု ဘယ်လူ့,ဘယ်နတ်, ဘယ်ဗြဟ္မာက တိုက်တွန်း သော်လည်း ရစတမ်းမဟုတ်၊ အကြောင်းပြည့်စုံလျှင် အကျိုးပေါ်မြဲသာ။

၅။ (၁) ကာယပသာဒ အကြည်ကလဲရှိမယ်၊ (၂) ဖောဋ္ဌဗ္ဗဆိုတဲ့ အတိုက်ဓာတ်ကလဲတိုက်မယ်၊ (၃) အရေဝတ္ထုအခြားအဆီးလဲ မရှိမယ်၊ (၄) ယောနိသော မနသိကာရအားဖြင့် နှလုံးသွင်းမှုလဲ ရှိ၍ အကြောင်းတရားလေးပါးဆုံနေလျှင် ဘယ်လူ့, ဘယ်နတ်, ဘယ်ဗြဟ္မာက ထိသိစိတ်မပေါ် နှင့် တားသော်လည်း ရစတမ်းမဟုတ်၊ ၎င်းအကြောင်းလေးချက်မှ တချက်ပျက်ပလား ဆိုမှဖြင့်

ထိုအိမ်စိတ်ပေါ် ပါဟု ဘယ်လူ့ ဘယ်နတ်၊ ဘယ်ဗြဟ္မာက တိုက်တွန်းသော်လည်း ရစတမ်းမဟုတ်၊ အကြောင်း ပြည့်စုံလျှင် အကျိုးပေါ် မြဲသာ။

ပဉ္စာရုံနှင့်ဓမ္မာရုံဖြစ်ပုံကလေးဟာအတော်ထွေးတတ်တယ်၊ ဒါကြောင့် သည့်နေရာမှာ နာနာကလေး ရှင်းကြဦးစို့။ မျက်စိနှင့်အဆင်း ပေါင်းမိ တိုက်မိလျှင် ငှက်ကောင်နှင့် အရိပ်သဘွယ်လို တိုက်လာတဲ့ အဆင်းဟာ မျက်စိအကြည်မှာတရိပ်၊ မနောအကြည်မှာ တရိပ်၊ နားနှင့် အသံခတ်ချင်း တိုက်ပြန်တော့ကော- နားအကြည်မှာတရိပ်၊ မနောအကြည်မှာတရိပ်၊ နှာခေါင်းနှင့် အနံ့နှင့် တိုက်ပြန်တော့ကော- နှာခေါင်းအကြည်မှာတရိပ်၊ မနောအကြည်မှာတရိပ်၊ လျှာနှင့်အရသာခတ်နှင့် တိုက်ပြန်တော့ကော- လျှာအကြည်မှာတရိပ်၊ မနောအကြည်မှာတရိပ်၊ ကာယနှင့် ဖေါဋ္ဌဗ္ဗ ဆိုတဲ့ အတိုက်ခတ်နှင့် တွေ့ပြန်တိုက်ပြန်တော့ကော- ကာယအကြည်မှာ တရိပ်၊ မနောအကြည်မှာတရိပ်၊ ငှက်ကောင်နှင့်ငှက်ရိပ်သဖွယ်ပေါ့။

ကောင်းပြီ၊ ၎င်း ပဉ္စာရုံဆိုတဲ့ တံခါး ငါးပေါက်က အတ္ထိပစ္စည်းရှိပြီး ကျေးဇူးပြု၊ မနောအကြည် မနောတံခါးကတော့ နတ္ထိပစ္စည်းမရှိဘဲနှင့် ကျေးဇူးပြုတယ်။

ပြုပုံကလေး ပြန်စဉ်းစားဦးစို့ရဲ့၊ တံခါးငါးပေါက် ပိတ်ထားပြီးစဉ်းစားလိုက်စမ်း၊ မြင်းဘူးသဘော- ကြားဘူးသဘော- နံဘူးသဘော- လျက်ဘူးသဘော- တွေ့ထိ

ဘူးသဘော ဆိုတဲ့ သဘောတွေ၊ မနောဓာတ်-ဓမ္မဓာတ်-မနောဝိညာဏ ဓာတ်တွေ တဖွားဖွား ပေါက်ပြန့်တာက ရုပ်၊ သိတာ နာမ် ဆိုတဲ့ အတိုင်း မှာစဉ်မပြတ် နှမ်းအိုးကင်းထဲက နှမ်းတွေပေါက်အမ်သလို- ဒလစပ်ပေါ်သည်ကို မျက်မြင် ဉာဏ်မြင် မြင်ပါလိမ့်မည်။ သူ့သဘာဝ-သူ့ပစ္စည်း သူဖြစ်စဉ် မြင်ပါက မမြဲသဘော- ဆင်းရဲသဘော- အစိုးမရသော သဘော ဆိုတာ အသူး ပြောမနေရတော့ပါဘူး၊ ရေစုံမျောကလေးပါဘဲ။

အဒဿနတော အာယန္တိ၊ ဘင်္ဂါ ဂစ္ဆန္တိ ဒဿနံ။
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိ စ။ ။
(နိဒ္ဒေသ ပါဠိတော်)

အဒဿနတော၊ မမြင်ရရာ အနာဂတ အဘာဝအဖြစ်မှ။ အာယန္တိ၊ လာ၍ အသစ်ဖြစ်ပေါ်လာကုန်၏။ ဘင်္ဂါ၊ ချုပ်ပျောက် ပျက်စီးကုန်ပြီးသော ရုပ် နာမ် သင်္ခါရတို့သည်လည်း၊ အဒဿနံ၊ မမြင်ရရာ အဘာဝအစစ် အတိတ်အဖြစ်သို့။ ဂစ္ဆန္တိ၊ ရောက်လေကုန်၏၊ အာကာသေ၊ ပဋ္ဌနိရိက်ချုံး မြိမ့်အုံးထက်ခွင် မိုးယံကောင်းကင်၌။ ဝိဇ္ဇုပ္ပါဒေါ ဣဝ၊ မိုးပြက်လျှပ်ဝင်း လျှပ်စစ်မင်း၏ ဖြစ်ခြင်းကဲ့သို့။ ဥပ္ပဇ္ဇန္တိ စ၊ ဖြစ်လည်းဖြစ်ကုန်၏။ ဝယန္တိ စ၊ ပျက်လည်းပျက်ကုန်၏။

ဒဿနဘူမိ ဒဿနကိစ္စ အသိကိစ္စတုံးတယ်ဟုဟောတော်မူသည့်အတိုင်း၊ အသက်ကလေးဟာ အလုံးလိုလို

အစိုင်းလိုလို-အပြားလိုလို ပုံနှင့် ဟန်နှင့် သဏ္ဌာန်နှင့် တကယ်ရှိ အဟုတ်ရှိဟု တသံသရာလုံးကယူခဲ့တဲ့အယူတွေ ဘယ်နည်းနှင့်မှ ယူလို့မဖြစ်တော့ပါဘူး။

တကယ်ရှိ အဟုတ်ရှိက ဤဓာတ် ၁၈-ပါး သဘောတရားသာရှိသည်မှန်ပါလျက်၊ အဝိဇ္ဇာလက်ချက်ကြောင့် သူရှိ ငါရှိ- သူကသိငါကသိဖြစ်ရပုံတွေ ယခုတော့ ဝိဇ္ဇာဉာဏ်၏ အမြင်နှင့် မြင်နိုင်ပြီဖြစ်၍ ဝိညာဏ် အလိမ်မှ လွတ်နိုင်တော့တာပေါ့။ တသံသရာလုံးက အသက်ရှိတယ်- လင်ပြီးရှိတယ် ယူခဲ့တဲ့အယူ၊ ယခုအခါမှ စ၍ မီးခတ်သံတုံးနှင့် ကျောက်တုံးလို အကြောင်း တိုက်ဆိုင်မှ ပေါ်လာတဲ့ ဝိညာဏ်စိတ်ကလေး ပါကလားဟု အမြင်မှန် ယူနိုင်တော့၏။

ဤကဲ့သို့ ယူနိုင်ပြီဆိုမှဖြင့် မဂ္ဂဉာဏ်လေးယောက်- ဖလဉာဏ်လေးယောက် တည်းဟူသော ရှစ်ယောက်သော ယောက်ျားမြတ် အစုံ တို့သည် ဟု ဓမ္မာဓိဋ္ဌာန်ကြောင်း ဘုရားဟောတော်မူတယ်။ ဤအသိအမြင်အတိုင်း မသိမမြင်သေးဆိုပါက "အကြင်အခါ ကြမ္မာယွင်းယို အကုသိုလ်ကို ထိုထိုဇာတ် ကြိုက်လတ်ဘိသော် ဇာတ္တိပေါ်ဟု ခေါ်ဝေါ်စင်စစ် မိန်းမဖြစ်၏၊ နှစ်သစ်တရာ ကမ္ဘာရှည်လျား ကျင်လည်ငြားလည်း ယောက်ျားတရံ မဆန်ဘူးလေ မီးယပ်နေသို့ အသေတတန် ကိုယ်ဝန်လည်းစွဲ ဆင်းရဲတိုင်းထိ သားသေမိသို့ အဘို့ရောက်ရာ သားရရာသည့် အင်္ဂါသုံးပါး အကြောင်းတည်း။"

ဘယ်သောက်များ သံဝေဂဖြစ်စရာကောင်းပါသလဲ၊ ဩော်- ငါတို့တတွေဟာ ယောကျ်ားတွေဘဲ ယူခဲ့ပြီး သော်လဲ တကယ်စစ်ကြည့်တော့ လောဘ-ဒေါသ-မောဟ တည်းဟူသော ရာဂသားတွေ အစဉ်မပြတ် ဒလစပ် ဖွားနေရလို့ မီးနေအိမ်က မထနိုင်ခြင်းဖြစ်ရပါကလား လို့သံဝေဂကြီးစွာနှင့် အခါမပြတ်ကြိုးစားအပ်လှပေပြီ။

အင်္ဂါသုံးပါး ၆-သီ ခါတ် ၁၀-ပါးကို အဝိဇ္ဇာရော ထွေးဖြစ်ပုံ- ရှင်းလင်းဖြစ်ပုံ- အဓိပ္ပါယ် ကောင်းကောင်း နှင့် ပညာရှိများ သိကုံးနှုန်းဖွဲ့သားတဲ့ ဂါထာတော်ကို ရွတ်ဘတ်သရဏ္ဍာယ်ကြဦးရို့ရဲ့ —

စက္ခုရူပေန သံဝါသာ၊ ရာဂပုတ္တံ ဝိဇာယတိ။
မဟာနဏ္ဍ ကရောသောဟိ၊ သံဝါသာ တေန ဝါရယေ။

စက္ခု၊ သဏ္ဍဝါမိုမ ထိုထိုမျက်ို ကြည်စွရှင်မှ ကြည့် ရှုဟိုဒ် မျက်စိအကြည်သည်။ ရူပေန၊ အဆင်းဟူသမျှ လှပ တင့်တယ် အသွယ်သွယ် တို့နှင့်။ သံဝါသာ၊ အ ကြောင်းသင့်သျှော် နှစ်ဘော်မှုလျက် ပေါင်းဖေါ်ချက် ကြောင့်။ ရာဂပုတ္တံ၊ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ရာဂ သားကို။ ဝိဇာယတိ၊ ခြောက်ဖြာအာရုံ ကာမဂုဏ်ငါး ပါး တွေကြုံပြီးက သားပေါင်းများစွာ ဖွားမြင်လာ၏။ သောပုတ္တော၊ မျက်စိနား နှာ လျှာ ကိုယ် မနာက ဖွား လာသည့်သား သိထားမဖြစ် ထိုသားသည်။ မဟာ နဏ္ဍကရော၊ မင် မိုလ် နိဗ္ဗာန် မရရန်ကို ကောန် ချိုးပဲ.

အကျိုးမဲ့အောင် ဆိုးရွဲ့မသွေ ပြုတတ်ချေ၏၊ တသ္မာ ပဋိ
တသ္မာ ဝေ၊ ထိုသို့မျက်စိအဆင်း ပေါင်းဆုံခြင်းကြောင့်
ချက်ခြင်းဖွားရ သားရာဂသည် ဘာမျှအကျိုး မပွါးတိုး
ဘဲ အဆိုးသက်သက် ဖြစ်ပေါ်ချက်ကြောင့်။ တံစက္ခု၊
အဆင်းဟူသမျှ ကြည့်ပေရသည့် ပသာဒရှိ ထိုမျက်စိ၊
သည်။ တေန ရူပေန၊ ထိုသို့ အဆင်းမျိုးစုံ ရူပါရုံအထပ်
ထပ် ဆိုးကောင်း နှစ်ရပ် တို့နှင့်။ သံဝါသာ၊ မျက်စိအ
ဆင်း အာရုံသွင်း၍ မငြင်းသာမှု ပေါင်းဖေါ်ခြင်း အစု
တို့နှဲ့။ ဝါရယေ၊ ဒိဋ္ဌိတဏှာ ငါးဖြာကာမ ရာဂထိုသား
မပေါက်ဖွားအောင် နှစ်ပါးနာမ်ရုပ် ဖန်ဖန်လုပ်၍ အ
ဟုတ်ဇာနဲ့ ပရမတ်ဉာဏ်ဖြင့် ဝေဘန်စေ့ငှ မြင်အောင်
ရှုပြီး ယခုလျှင်စွာ တားမြစ်၍သာ ဆုံးမ၍သာ ပြုလိုက်
ကြကုန်ရာတော့သတည်း။

အဲ ဤဂါထာ၏ သဘောအဓိပ္ပါယ်အတိုင်းပေါ့ ဘယ်
လောက် အာရုံတွေတိုက်တိုက် ဝိပဿနာဉာဏ်ဦးစီးပြီး ဆင်
ခြင်သုံးသပ်ပစ်မယ်ဆိုလျှင် ဘယ်ကလာပြီးတော့ ရာဂ
သားတွေ ဖွားနိုင်ပါဦးတော့မလဲ။

အကြောင်းနှစ်ပါး တိုက်ဆိုင်တိုင်း တိုက်ဆိုင်တိုင်း
ဖြစ်ပေါ်လာတဲ့ ဝိညာဏ်ခေတ်ကလေး ပါကလား၊ မြတ်
စွာဘုရား ဟောတော်မူသည့်အတိုင်း ဓမ္မာနိသတ္တ နိဇ္ဇီ
ဝ သဘာဝါ။ နိသတ္တာ၊ သတ္တဝါမဟုတ်၊ နိဇ္ဇီဝါ၊ အသက်
မဟုတ်။ သဘာဝါ၊ သဘောတရား ကလေးသာ ဟုတ်၏
ဟု တခါထဲ အတိအကျ ယူနိုင်တော့တာပေါ့၊ ဤကဲ့သို့

မျက်မြင် ဉာဏ်မြင် မြင်၍ သူ့သဘာဝ သူ့အလျောက် မြင်သိစိတ် ကြားသိစိတ်- နံသိစိတ်-လျက်သိစိတ်- ထိသိစိတ်- တွေးသိ စိတ်ကလေးတွေဟာ အကြောင်း တိုက်ဆိုင်သလိုပေါ် ပြီး ပျက်တဲ့ အနိစ္စတရားတွေ ပါကလား။

ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ချစ် နှစ် သက်အပ်သော အာရုံတို့နှင့် ကွေကွင်းရခြင်း။ အပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ မချစ်မနှစ် သက်အပ်သော အာရုံတို့နှင့် ပေါင်းဘော်ရခြင်း။

ဒုက္ခော၊ ဆင်းရဲခြင်းဟု ဟောတော်မူသည့်အတိုင်း ဆင်းရဲလှပါတကား။ အဲ-ဤကဲ့သို့ မနှစ်သက်တဲ့ အာရုံတွေ ဖယ်ခွါ၍ နှစ်သက် အပ်သော အာရုံတွေ နှင့်သာ ပေါင်းပြီး ချမ်းသာအောင်နေပါတော့မယ်လို့လဲ ဘယ်လူ,ဘယ်နတ်,ဘယ်ဗြဟ္မာမှ သူ့သဘာဝ သူ့အလျောက် သဘောတရားကြီးကို ခန္ဓာကိုယ်ရှိသမျှ ကာလပတ်လုံး မလွန်မကျော် နိုင်ကြကုန်သဖြင့် အစိုးမရအနတ္တတရားကြီးဟာ ထင်ရှားလှ ပါဘိတကား။

ထိုကဲ့သို့ အဖြစ်မျိုး အပျက်မျိုးတွေဟာ ဉာဏ်ကုန်နှင့် ကြည့်လိုက်မည်ဆိုလျှင် သုံးဆဲ့တဘုံသုံး ခန္ဓာငါးပါး မှန်သမျှ ထပ်တူ ထပ်မျှ ဖြစ်ပျက်မစဲ တသဲသဲနေကြသည်ကို မြင်သောအားဖြင့် ဘုရားအစရှိသော သူတော်ကောင်း တို့သည် တေဘုမ္မကံ ဝဋ္ဋံ ဒုက္ခံ ဟု ငြီးငွေ့တော်မူကြတာပေါ့။

ကဲ-ဒုက္ခသစ္စာ ပရိညာ၊ သမုဒယသစ္စာ ပဟာန၊
နိရောဓသစ္စာ သစ္ဆိကဗ္ဗာ၊ မဂ္ဂသစ္စာ ဘာဝနာ။

"သစ္စာလေးချက် တပြိုင်နက် မဂ်၍ကိစ္စသာ"ဆိုသည့် အတိုင်း ခန္ဓာကိုယ်တွေ မှန်သမျှ ဥတုပိုင်နယ်က ဥတု အတိုင်း ခယဝယ ဖြစ်မစဲ ပျက်မစဲ ကံနယ် က ကံအတိုင်း၊ ခယဝယ ဖြစ်မစဲ ပျက်မစဲ စိတ်နယ်က စိတ်အတိုင်း၊ ခယဝယ ဖြစ်မစဲ ပျက်မစဲ အာဟာရနယ်က အာဟာရအတိုင်း၊ ခယဝယ ဝယဝယ ဖြစ်မစဲ ပျက်မစဲ။

ကံကောင်းရုပ်တမျိုး၊ ကံဆိုးရုပ်တမျိုး။
စိတ်ကောင်းရုပ်တမျိုး၊ စိတ်ဆိုးရုပ်တမျိုး။
ပူတော့ရုပ်တမျိုး၊ အေးတော့ရုပ်တမျိုး။
ထမင်းဆာတော့ရုပ်တမျိုး၊ ထမင်းဝတော့ရုပ်တမျိုး။

ဂုဏ်အကြောင်းတရားလေးပါး ပြုပြင်ခြင်းခံနေရတာ ဟာ လျောင်း-ထိုင်-ရပ်-သွား- လေးပါးသော ဣရိယာ ပထတို့တွင် မည်သည့် ဣရိယာပထမှာများ မဖြစ်မပျက် နေပါ သလဲဟု နာနာကြပ်ကြပ် စဉ်းစား လိုက်ပါက ဒုက္ခသစ္စာ သက်သက်ကြီး ပါကလားဟု ပိုင်းခြားသိပါ လိမ့်မည်။ ထိုကဲ့သို့ သိလိုက်သည်နှင့် တပြိုင်နက် သမု ဒယသစ္စာ ပဟာန သုံးဆဲ့တဘုံကြီးပယ်လိုတဲ့စိတ်တွေ တဖွားဖွားဖြစ်ပေါ် လာပါလိမ့်မည်။ ဤကဲ့သို့ပယ်မှသာ ခန္ဓာတွေ ချုပ်ငြိမ်း၊ ခန္ဓာချုပ်ငြိမ်းလျှင် ဓိးတဆယ့်ထ ပါး မလောင် ဟု ဉာဏ် ချက် ဝင်လိမ့်မည်။ ထိုကဲ့သို့

ဉာဏ်ကွက် ဉာဏ်ချက်မိအောင် (သုတမယ စိန္တာမယ- သုတမယ-စိန္တာမယ) ပြေးလွှားနေသော သဘောကိုပင် မဂ္ဂသစ္စာ ဘာဝနာလို့ ခေါ်တာပါပဲ။

"ဒါနအစ မဂ်ပဌမ သီလရေးဦးစွာ" ဆိုသည့် အစတိုင်း မည်သည့်သိက္ခာမှ နောက်ချန်ထားခဲ့လို့ ရတာမျိုးတွေ မဟုတ်ပါဘူး၊ ကိလေသာတွေ စွန့်နေခြင်းဟာ အစကတည်းက ပါလာပါတယ်။ သည်အကျင့်ထက် မွန်မြတ်ထာ မရှိ၍ လောကုတ္တရာ သီလကလဲ ပါလာပါတယ်။ မဂ်ဆိုတာကော စိတ်အစဉ် ဉာဏ်အစဉ် ပြေးလွှားကြစဉ်တာ စိတ်ခရီး ဉာဏ်ခရီး အစကတည်းက ပါ၍နေကြောင်း အထူးစဉ်းစားစရာ မလိုတော့ပါဘူး။

ဓမ္မသဘောတွေဟာ တပြိုင်နက်တချက်ထဲလိုလိုကြီး အကြုံးဝင် လာကြတာပါပဲ။ "သုတ်နှင့်ဝိနည်း တဆယ်တည်း လာဘ်ကြီးဘိဓမ္မာ"တဲ့။ သုတ်သုံးကျမ်း, ဝိနည်း ငါးကျမ်း, အဘိဓမ္မာ ခုနစ်ကျမ်းနှင့်လဲ မဆန့်ကျင်ဘဲအကြုံးဝင်လာတာပါပဲ။

ဒါကြောင့်- မြတ်စွာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက- ဓမ္မံ ဟိသော ဘိက္ခဝေ ဘိက္ခုပဿတိ။

ဓမ္မံ အပဿန္တော မံ နပဿတိ။ ။

ဘိက္ခဝေ၊ ရဟန်းတို့။ သောဘိက္ခု၊ ထိုရဟန်းသည်။ ဓမ္မံ၊ သစ္စာလေးပါး မြတ်တရားကို။ နပဿတိ၊ မသိမြင်။ ဓမ္မံ၊ သစ္စာလေးပါး မြတ်တရားကို။ အပဿန္တော၊

မသိမမြင်သော ရဟန်းသည်။ မံ၊ ငါဘုရားကို။ နပဿတိ၊ မဖူးမြင်ရ။ ဘိက္ခဝေ၊ ရဟန်းတို့။ သောဘိက္ခု၊ ထိုရဟန်းသည်။ ဓမ္မံ၊သစ္စာလေးပါး မြတ်တရားကို။ပဿတိ၊ သိမြင်၏။ ဓမ္မံ၊ သစ္စာလေးပါး မြတ်တရားကို။ ပဿန္တော၊ သိမြင်သော ရဟန်းသည်။ မံ၊ ငါဘုရားကို။ ပဿတိ၊ ဖူးမြင်ရ၏။ ဤကဲ့သို့ တရားကိုသိ၍ ဘုရားကို ဖူးမြင်ရသော ပုဂ္ဂိုလ်ကိုပင်လျှင် သံဃာဟု ခေါ်ရပေသည်။

ထိုကဲ့သို့ ဟုတ်တိုင်းမှန်ရာ ယထာဘူတ ဉာဏ်ချက်တွေ တဖွားဖွား ဝင်လာလိမ့်မည်။ မစဉ်းစား မဆင်ခြင်သည့်အခါတွင် မရိုးဖလာ အသိအတိုင်း သိလိုက်ပေါ့။ အသိတဒင်္ဂ အယူမှာ သမုစ္ဆေဒမျိုးကို ဥပမာကောင်းမှ ဥပမေယျ နားလည်မှာမို့ ဥပမာတခု ထုတ်ပြဦးမို့၊ ဥပမာ- လမ်းခရီးတွင် အလေးချိန် နှစ်ကျပ်သား ခန့်ရှိ ဝါဝါတုံးကလေး ကောက်ရတယ်ဆိုပါတော့၊ ၎င်းဝါဝါတုံးကလေးဟာ (ရွှေလေလော-ကြေးလေလော။ ရွှေလေလော-ကြေးလေလော) နှင့် မကွဲမပြား နေသည့် အခါတွင် ငရဲမီးနှင့်စားကြည့်သည့်အခါ၊ ငရဲမီးမစားလျှင် ရွှေအစစ်လို့ သိလိုက်သည်နှင့် တပြိုင်နက် ကြေးလို့ပြန်သိမရ၊ ၎င်းရွှေတုံးကလေး သေတ္တာသဲ ထည့်ထား- တလရှိမှ ထုတ်ကြည့်- ကြေးလို့များ သိဦးမလား၊ တနှစ်ရှိမှ ထုတ်ကြည့်- ကြေးလို့များ သိဦးမလား၊ မစဉ်းစားလျှင် မေ့မေ့ပျောက်ပျောက်နေတာပေါ့။

ဆဲ-ဤဥပမာအတိုင်း ပုဗ္ဗကောဋိ န ပညာယတိ ဆိုတဲ့ အစမထင်တဲ့ သံသရာတခုလုံးက အသက်ရှိတယ်- လိပ်ပြာရှိတယ်နှင့် ယူလာလိုက်ယာ၊ ယခုတော့ ဘုရားအစရှိသော သူတော်ကောင်း တို့၏တရား နာရသဖြင့် ရုပ်ခေတ် နာမ်ခေတ်တွေ အကြောင်း တိုက်ဆိုင်တဲ့ အခါမှ ပေါ်လာတာ ပါကလားဟု အဓိမောက္ခစိတ်အတိုင်း အတိအကျ ယူနိုင်ပလားဆိုမှဖြင့် ဟိုဘဝအဆက်ဆက် သံသရာအဆက်ဆက်က ပါလာတဲ့ ငရဲပြည်မှာခံရမဲ့ ကံကြွေးတွေ- တိရစ္ဆာန်ဘဝနှင့် ခံရမဲ့ကံကြွေးတွေ-ပြိတ္တာဖြစ်ပြီးတော့ ခံရမဲ့ကံကြွေးတွေ အသူရကာယ်ဘဝနှင့် ခံရမဲ့ကံကြွေးတွေ တခါထဲအမျိုးပြတ်အမြစ်ပြတ် အေးပေပေါ့ ငြိမ်းပေပေါ့။

ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင်သာ တွေးကြည့်တော့ မည်မျှလောက် ချမ်းသာတယ်ဆိုတာ သိရပါလိမ့်မယ်။

အကြောင်းတိုက်ဆိုင် လာပြန်တော့ ဆိုင်ရာ ဂါထာကလေး ရွတ်ဆိုသီကုံးလိုက်ကြဦးစို့ရဲ့။

ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ဝါ။
သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိ ဖလံ ဝရံ။ ။

ပထဗျာ၊ မြေအပြင်၌။ ဧကရဇ္ဇေန၊ လေးကျွန်းသုံးကိုအစိုးရသော ဘုရင်ဧကရာဇ်မင်းမြတ်၏ စည်းစိမ်ချမ်းသာထက်ရင်း။ သဂ္ဂဿ ဂမနေန ဝါ၊ နတ်ပြည်, ဗြဟ္မာပြည်သို့လားရ၍ နတ်မင်း,ဗြဟ္မာမင်းကြီးတို့၏ စည်းစိမ်

ချမ်းသာထက်ဌင်း။ သဗ္ဗလောကာဓိပစ္စေန၊ အလုံးစုံသော သဗ္ဗလောကကြီးကို ပိုင်နိုင်အစိုးရသည့်ထက်ဌင်း။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်၏ အကျိုးကျေးဇူးသည်။ ဝရံ၊ အထူးသဖြင့် မြတ်လှစွာ၏။

အဲ-ဤကဲ့သို့ သာသနာတော်ကြီးနှင့် ကြုံလဲကြုံ-ကြိုက်လဲကြိုက်ဆိုတော့ သန္တိသုခမေဝံ၊ သန္တိသုခမေဝဖြစ်တဲ့ နိဗ္ဗာန်ကို။ ပစ္စတ္တံ၊ အသီးသီးအားဖြင့်။ ဝေဒိတဗ္ဗံ၊ သိအပ်ခံစားအပ်၏။ ဟု ဟောတော် မူသည့်အတိုင်း ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင် ခံစားကြရတော့တာပေါ့။

အကယ်၍ သာသနာတော်ကြီးနှင့်ကြုံပါလျက် ဦးရိုးတော်သဲ ဦးရိုးတော်- ယောက္ခမလဲ ယောက္ခမ ဖြစ်တဲ့ သုပ္ပဗုဒ္ဓတို့-ညီလဲညီအစ်ကို သွီးယောက်ဘလဲသွီးယောက်ဘဖြစ်တဲ့ ဒေဝဒတ်တို့ဟာ ဘယ်လောက်များ သာသနာကြီးနှင့် လွဲချော် သွားကြသလဲ။ တဖန် သာသနာတော်ကြီး ကြိုက်ကား ကြိုက်ပါရဲ့ မကြုံ ဆိုသလို အနည်းငယ်လေး ကပ်လွဲကြတဲ့ အာဠာရ-ရသေ့ကြီးများ၊ တနေ့နှင့် တည ဥဒကရသေ့ကြီးက ၇-ရက်ထဲ လွဲသွားပုံ ထောက်လိုက်တော့ အလွန်တရာမှ ကြုံခဲကြိုက်ခဲတဲ့ အကြောင်း ကောင်းကောင်းကြီး ထင်ရှားတာတဲနော်။

ကြုံလို့ ကြိုက်လို့ ပါရမီအလျောက် လေ့လာပွါးများပုံချင်းကတော့ တလမ်းနှင့်တလမ်း တနည်းနှင့်တနည်း မတူကြဘူးတဲ့။ မိမိအားထုတ်နေသော နည်းနှင့် မတူတာမို့ တရားလမ်းမမှန်ဘူးလို့ စွပ်စွဲပြန်တော့ အာ

စွပ်စွဲမှားတတ်တယ်တဲ့။ ဒါကြောင့် ပေါရာဏမှာတမ်း လက်ာကလေးက သည့်လိုတဲ့။

၁။ တနည်းတွေ့ရုံ ကျမ်းမပုံ အာဂုံမလင်းနှင့်။

၂။ ကေဝိသဘော တကျမ်းဟော အပြောမတင်းနှင့်။

၃။ ဂန္ထန္တရ မနှံ့ကြ ဝါဒမငြင်းနှင့်။

ကျင့်လမ်းစဉ်က နည်းအမျိုးမျိုး ပါဠိအမျိုးမျိုး ရှိတာတွေ သိမှသဲ မဆန့်ကျင်ဘွယ် ခက်မလွယ် ပညာကျယ်မှ တတ်နိုင်တယ်။ မဆန့်ကျင်အိုရာ ပညာကျယ်မှဘဲ ဖြစ်နိုင်ပေမပေါ့၊ ဆန့်ကျင်သဘွယ် မခက်လွယ် သူငယ် သော်လည်း တတ်နိုင်တယ် ဆိုသလို ဆန့်ကျင်အောင် ကိစ္စကတော့ မခက်ပါဘူး သူငယ်ကလေးလဲ တတ်နိုင်တာပေါ့။

## နည်းပရိယာယ်တွေကကော

| | |
|---|---|
| ဧကဝုစ်နည်း | မုချနည်း။ |
| ဥဇုဝုစ်နည်း | အဖြောင့်နည်း။ |
| ဝက်ဝုစ်နည်း | အကောက်ဟောနည်း။ |
| နိတတ္ထနည်း | တိုက်ရိုက်ဟောနည်း။ |
| ယေဘုယျနည်း | များသောနည်း။ |
| အပ္ပတနည်း | နည်းသောနည်း။ |
| ဧကဒေသနည်း | တခုတည်းသောနည်း။ |
| နာနတ္တနည်း | အထူးထူးအပြားပြားနည်း။ |
| ဇေဝဝမ္ဘတာနည်း | ဝမ္ဘတာသဘောနည်း။ |

အဗျာပါရနည်း ကြောင့်ကြ မစိုက်ရသောနည်း။
လက္ခဏနည်း မှတ်ကြောင်းနည်း။
ရသ ကိစ္စ။
ပစ္စုပဋ္ဌာန်နည်း သူ၏ အလုပ်သဘော ဆောင်
သော အမူအရာ။
ပဒဋ္ဌာန် နီးသော အကြောင်း။

အစရှိသောနည်းအမျိုးမျိုး- ပရိယာယ်အမျိုးမျိုး သတ္တဝါတွေ စိတ်သဘောနှင့်လိုက်၍ ဟောကြားတော်မူခဲ့ရပေ တာပေါ့။ အဆုံးမတော့ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်တည်းဟူသော လောကုတ္တရာတရားကိုးပါးမှအပ အခြားသောတရားများသည် ပရိယာယဓမ္မ တရားချည်း ဘဲတဲ့။ မှုရှင်တရားတွေပေါ့၊ အကုသိုလ်ထောက်လို့ ပညာဘိ ကောင်းတယ်သူရပြန်တာ၊ အာနဓ္ဌာဘိ ထောက် ပြန်တော့ ပညာဘိဟာ နိမ့်နေပြန်တာပေါ့၊ ပြဆိုအပ်ပြီး သော လောကီ တရားစုတွေသည် လောကုတ္တရာ ဖြစ် သော မဂ်ကုသိုလ် ဖိုလ်ကုသိုလ်နှင့် စာပြန်တော့ နိမ့် နေလိုက်ပြန်တာပေါ့။

ဖြည့်ဆည်းပုံ ပါရမီကလဲ အမျိုးမျိုး၊ လမ်းစဉ်ကလဲ အမျိုးမျိုးပေါ့။

၁။ သုခပဋိပဒါ ခိပ္ပါဘိညာ။
၂။ သုခပဋိပဒါ ဒန္ဓာဘိညာ။
၃။ ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ။
၄။ ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ။

၁။ ချမ်းချမ်း သာသာကျင့်ပြီး လျင်လျင် မြန်မြန် ရသောနည်း။
၂။ ချမ်းချမ်းသာသာကျင့်ပြီး နှေးနှေးရသောနည်း။
၃။ ဆင်းဆင်းရဲရဲကျင့်ပြီး လျင်လျင်မြန်မြန် ရသောနည်း။
၄။ ဆင်းဆင်းရဲရဲကျင့်ပြီး နှေးနှေးရသောနည်း။

ဟု လေးမျိုး လေးစား ပါရမီအလိုက် ကျင့်ကြ ကြံကြ တရားရကြတာချည်းပါဘဲတဲ့။ မည်သူကိုမှ မည်သူက အပြစ်တင်စရာမလိုကြပေဘူးဟု ဆိုလိုပါတယ်။

ဓမ္မဝိတက်တွေလဲ အတော်များသွားပြီ၊ ဒါပေမယ်လို့ အပိုတော့ မဟုတ်ပါဘူး။

ကဲကဲ- ကသိုဏ်းကွက် ကျယ်လွန်းပြီး ဉာဏ်မင့်မိမှဖြင့် အကျိုးမပြီးစီးဘဲနေမှာလဲ စိုးရတယ်၊ ကော်ရုံနှင့် စခန်းသိမ်းကြမှ တော်မည်ထင်တယ်၊

၁။ ဗေဟိသဒ္ဒေါ် တိဂါရတော။
၂။ မေဃာသဒ္ဒေါ် တိဃောဇနာ။
၃။ ဒါနသဒ္ဒေါ် ဆကာမာဝစရော။
၄။ သီလသဒ္ဒေါ် အကနိဋ္ဌော။
၅။ မေတ္တာသဒ္ဒေါ် အနဂ္ဂော။
၆။ ဘာဝနာသဒ္ဒေါ် နိဗ္ဗုတော။

စည်ကြီးတို့၏အသံသည် ၃-ဂါရုတ်အတွင်း အပြောကျယ်နိုင်တယ်တဲ့၊

မိစ္ဆာတို့ အသံသည် သုံးယူဇနာ အပြောကျယ် နိုင်တယ်တဲ့။

ဒါနတို့၏အသံသည် နတ်ပြည်ခြောက်ထပ်ထိအပြော ကျယ်နိုင်တယ်။

သီလတို့၏ အသံသည် အကနိဋ္ဌ ဗြဟ္မာ တိုင်အောင် အပြောကျယ်နိုင်တယ်တဲ့။

မေတ္တာသာမျှ၊ မေတ္တာတို့၏ တန်ခိုးအာနိသင်သည်။ အနန္တ၊ စကြဝဠာထိ အပြောကျယ်နိုင်တယ်တဲ့။

ဘာဝနာသာမျှ နိဗ္ဗူတော ဆိုသည့်အတိုင်း ဘာဝ နာမှ နိဗ္ဗာန်ထိ အကျိုးပေးနိုင်တယ်တဲ့။

သည်တော့ ဒါန သီလ ဘာဝနာ ဆိုတဲ့ လောကီကု သိုလ် ကာမဂုဏ် ခန္ဓာ သံသရာညွှန့်ဖွက်မှ မလွတ် မ ထွက်နိုင်တဲ့ တရားနှင့် တင်းတိမ်မနေဘဲ မူသေဖြစ်တဲ့ မဂ်ကုသိုလ် ဖိုလ်ကုသိုလ်ကို အခါအခွင့် သင့်သည့်အာ ခိုက်အတန့်တွင် မနေမနား ကြိုးစားတော်မူကြပါမည့် အကြောင်း ကောင်းကောင်းကြီး တိုက်တွန်းလိုက်ရ ပါ တော့သတည်း။

ဝန်တာ-နံ့နာမှဆိုသလိုဘဲ စောစောက ဝန်ခံခဲ့သည် နှင့်အညီ ရသင့် ရထိုက်ကြ လေပြီဟု သဘော ပိုက်၍ ဝိနိစ္ဆယဒိဗ္ဗကြိမ်းဂါထာနှင့် နိဂုံးချုပ်ကြဦးစို့ရဲ့။

**သောတာပန်- သကဒါဂါမိမျာ:၏ ဥဒါန်းကြုံးဂါထာ**

အနေကဇာတိသံသာရံ၊သန္ဓာဝိဿံ အနိဗ္ဗိသံ။

ဂဟကာရကဝေသန္တော၊ ဒုက္ခာဇာတိပုနပ္ပုနံ။

ဂဟကာရကဒိဋ္ဌောသိ၊ ပုနဂေဟံနကာဟသိ။
သဗ္ဗာတေဖာသုကာဘဂ္ဂါ၊ ဂဟကူဋံဝိသင်္ခတံ။
ဝိသင်္ခါရဂတံစိတ္တံ၊ တဏှာနံခယမဇ္ဈဂါ။ ။

ဘောဂဟကာရက၊ အပါယ်ဗိမ်ကို အကြိမ်ကြိမ်အဖန်ဖန် အပြန်ပြန်အထပ်ထပ် ဆောက်လုပ်တတ်သော ဒိဋ္ဌိဆရာ ဗိသုကာယောက်ျား ဒို့ အချင်းလက်သမား။ ယခုညတော့၊ ချုပ်နှာမ်ပရမတ် ခါတ်နှင့်သဏ္ဌာ မြင်နိုင်ပါသော အကြင်ဝိပဿနာ ဉာဏ်ဖြင့်။ ဒပ္ပုံ သင့်အကြံကို အမှန်လက်ငင်း မြင်နိုင်ခြင်းငှါ။ သဏ္ဍာ၊ တတ်နိုင်ပါပြီ။ တံညက်၊ ကမ္ဘာကမ္ဘ သင်္ချေသင်္ချာ မရေသာတဲ့ ဘဝပေါင်းတို့မှ တောင့်တ၍ လာခဲ့ရသော ထိုဒိဋ္ဌိသတ် မဂ်ဉာဏ်ကို။ ဂဝေသန္တော၊ ဒါနမှရသည် သီလမှရသည် သမထမှရသည်ဟူ၍ ဒါန သီလ သမထဆိုတဲ့ ဓမ္မတာ တရား ဟုတ်မလားလို့ အားထား၍သာ ကြင်လည်ရှာ ဖွေခဲ့ရသောပါသည်။ အနိဗ္ဗိသံ အဝိန္ဒန္တော၊ ကွက်ကွက် ကွင်းကွင်း ဉာဏ်မှာလင်းအောင် ချက်ခြင်းမရှု လက်ဆုတ်လက်ကိုင် မရခဲ့သည်ဖြစ်၍။ အနေကဇာတိသံသာရံ၊ မပြောနိုင်, မဟောနိုင်, မဆုံးနိုင်တဲ့ သံသရာ ကာလ ပတ်လုံး။ သန္ဓာဝိဿံ သံသာရိံ၊ ကျင်လည် မြောပါး ရဟတ် ခြားကဲ့သို့ လေးပါးအပါယ် တလယ်လယ်နှင့် ပုံးကွယ်မရ ပြေးဝင်ခဲ့ရလှလေပြီ။ ပုနပ္ပုနံ၊ အပါယ်လေးတန် အဖန်ဖန်အထပ်ထပ်။ ဇာတိ၊ ဂဗ္ဘသေယျ အဏ္ဍဇနှင့် လေးဝယောနိ ဇာတိပဋိသန္ဓေ တည်နေ ရခြင်းသည်။

ဒုက္ခာ၊ အလုံးကောင်ဝယ် ကျသောနှယ်သို့ အေးဘွယ် ခဏာ ရှာမရသဖြင့် ဒုက္ခတရားတို့သာလျှင်တည်း။ ဘောဂဟာကာရက၊ အပါယ်အိမ်ကို ကြိမ်ကြိမ်ဖန်ဖန် ပြန်ပြန်ထပ်ထပ် ဆောက်လုပ်တတ်သော ဒိဋ္ဌိဆရာ ဗိသုကာယောက်ျား အချင်း လက်သမား။ ဒါနို၊ ရှစ်ဖြာ မဂ္ဂင်လေးအင်သစ္စာ သိမြင်ပြီးသော ယခုအခါ၌။ တော၊ ထိုဒိဋ္ဌိဆရာ ဗိသုကာကြီးအား။ ဒိဋ္ဌော၊ စိတ်ချလက်ချ ဒိဋ္ဌလက်ငင်း မြင်ရခြင်းသည်။ အသိ၊ အမှန်စင်စစ် ဖြစ်ရလေတော့ပြီ။ တွံ၊ သင်ဒိဋ္ဌိဆရာ ဗိသုကာကြီးအား။ ပုန၊ နောက် ထပ် တဖန်။ ဂေဟံ၊ ငရဲအိမ် တိရစ္ဆာန်အိမ် ပြိတ္တာအိမ် အသူရကာယ်အိမ်ဆိုတဲ့ခန္ဓာအိမ်ကြီးတွေကို။ နကာဟာသိ၊ ယခုကစ နောက်နောက်ဘဝတို့၌ မဆောက်မလုပ်ရတော့လတ္တံ့။ တေ၊ ထိုဒိဋ္ဌိဆရာ ဗိသုကာကြီး၏။ သဗ္ဗာ၊ သင်းပင်းခြေရံ လက်အောက်ခံ ငယ်သားတပည့် ခြောက်ဆယ့် နှစ်ပါး ဒိဋ္ဌိတရားတို့နှင့် တကွ ဖြစ်ကုန်သော။ ဖာသုကာ၊ ခန္ဓာအိမ်၏ အချင်ဖြစ်ကြ ကုန်သော အဝိဇ္ဇာကိလေသာ, ဝိစိကိစ္ဆာကိလေသာ, သီလဗ္ဗတပရာမာသ တည်း ဟူသော သံယောဇဉ်တရား တို့ကို။ ဘဂ္ဂါ၊ ဒိဋ္ဌိသတ် မဂ်ဉာဏ် သံလျက်ဖြင့် အမှန်ခုတ်ဖြတ်လိုက်လေတော့ပြီ။ ဂဟကူဋံ၊ အထွဋ်ချ အထိပ် တဖိတ်ဖိတ်လျှံဝင်း မှန်ကင်းတက်ကြွ အပါယ်အိမ်၏ မာနတရားတို့ကိုလည်း။ ဝိသင်္ခတံ၊ အမြစ်ပြုတ်အောင် ထိုးခုတ်တွန်းလှန် နင်းကန်ဖြိုဖျက်၍ ပယ်ချလိုက်လေတော့

ပြီ။ မေ၊ အပါယ်လောက လွတ်မြောက်ရ၍ သုညတ နိဗ္ဗာန်သို့ အမှန်ရောက်ရ လေသော ငါ့အား။ အတ္တာနံ၊ အတ္တနိစ္စ သုဘသုခ တည်းဟူသော ဝိပ္ပလ္လာသ တရားတို့ဖြင့် အထင်များ,အမြင်များ,အယူများ,အမှတ်များ နေတဲ့ သက္ကာယ ဒိဋ္ဌိတရားတို့၏။ ခယံ၊ကင်းရာကုန်ရာ ချုပ်ရာ ငြိမ်းရာ ဖြစ်တဲ့ သောတာပတ္တိ ဖိုလ်သို့။ အဋ္ဌင်္ဂါ အဝိဂတော၊ ဗုဒ္ဓမြတ်စွာ သာသနာမှာ လွယ်ကာခဏ ပြည့်ရုံရ၍။ အဟောဝတ၊ အော်- ချမ်းသာစွ ကောင်းလေစွဟု စိတ်ချ လက်ချ ဝမ်းမြောက် ဝမ်းသာ ရှိုးမွမ်း၍သာ ရောက်ရပေတော့သတည်း။

မဟာသမုဒ္ဒရာ ရေမျက်နှာကို ကြီးစွာသောတောင်ဟုန် နှစ်ဘက်တို့ဖြင့် ဝက်ဝက်ကွဲ ခွဲပြီးလျှင် ရေထဲ၌တည်သော နဂါး၏ ဦးကျောက်ကို သောက်စား သုံးဆောင်သော ဂဠုန်ငှက်မင်းကဲ့သို့၊ ထို့တူပမာ အမှုအရာမှ သဘာဝဖြစ်သော ရုပ်နာမ်မွေ့ သင်္ခါရအပေါင်း၏ ကြောင်းကျိုးဖြစ်ပျက် စက်သမုပ္ပါဒ် တရားမြတ်ကို အတတ်ထင်ထင် သိမြင် ပါလိမ့်မည်- သိမြင်ကြ ပါစေသတည်း။

## ဆုတောင်း လင်္ကာ သံပေါက်

၁။ ဒုက္ခသစ္စာ ပရိညာကို ကောင်းစွာနာရ ဤပုည ကြောင့် သီလသမာ ဝိပညာဟု သိက္ခာသုံးဝ ပြည့်ရုံကြ၍ လေးဖြာမဂ္ဂင် နိဗ္ဗာန်ဝင်- လျှင်မြန်ရောက်ရလို။

၂။ သမုဒယသစ္စာ ပဟာနာကို ကောင်းစွာနာရ ဤ

ပုညကြောင့် သီလသမာ ဓိပညာဟု သိက္ခာသုံးဝ ပြည့်စုံကြ၍ လေးဖြာမဂ္ဂင် နိဗ္ဗာန်ဝင်- လျင်မြန် ရောက်ရလို။

၃။ နိရောဓသစ္စာ သင်္ခတတာကို ကောင်းစွာနှာရ ၍ပုညကြောင့် သီလသမာ ဓိပညာဟု သိက္ခာသုံးဝ ပြည့်စုံကြ၍ လေးဖြာမဂ္ဂင် နိဗ္ဗာန်ဝင်- လျင်မြန် ရောက်ရလို။

၄။ မဂ္ဂသစ္စာ ဘာဝနာကို ကောင်းစွာနာရ ၍ပုညကြောင့် သီလသမာ ဓိပညာဟု သိက္ခာသုံးဝ ပြည့်စုံကြ၍ လေးဖြာမဂ္ဂင် နိဗ္ဗာန်ဝင်-လျင်မြန်ရောက်ရလို။

၅။ သိမြင်ပယ်ရှား ပွါးများဆိုက်မှု လေးခုသစ္စာ မြတ်ဓမ္မာကို ကောင်းစွာနာရ ၍ပုညကြောင့် သီလသမာ ဓိပညာဟု သိက္ခာသုံးဝ ပြည့်စုံကြ၍ လေးဖြာမဂ္ဂင် နိဗ္ဗာန်ဝင်-လျင်မြန်ရောက်ရလို။

၆။ ကာယဒုစရိုက် အမှုမိုက်ကို မပြုဘယ်ခါ ဒို့သူငါသည် ဝိပဿနာမှန် ဝိဇ္ဇာဉာဏ်ဖြင့် ဒါနသီလာ ဘာဝနာကို ကောင်းစွာပြုရ ၍ပုညကြောင့် အာသဝေါ ကင်းစင် နိဗ္ဗာန်ဝင်-လျင်မြန်ရောက်ရလို။

၇။ ဝစီဒုစရိုက် အမှုမိုက်ကို မပြုဘယ်ခါ ဒို့သူငါသည် ဝိပဿနာမှန် ဝိဇ္ဇာဉာဏ်ဖြင့် ဒါန သီလာ ဘာဝနာကို ကောင်းစွာပြုရ ၍ပုညကြောင့် အာသဝေါကင်းစင် နိဗ္ဗာန်ဝင်-လျင်မြန်ရောက်ရလို။

၈။ မနောဒုစရိုက် အမှုမိုက်ကို မပြုဘယ်ခါ ဒို့သူငါသည် ဝိပဿနာမှန် ဝိဇ္ဇာဉာဏ်ဖြင့် ဒါနသီလာ ဘာ

ဝနာကို ကောင်းစွာပြုရ ဤပုညကြောင့် အာသဝေါ ကင်းစင် နိဗ္ဗာန်ဝင်- လျင်မြန်ရောက်ရလို၊

၉။ လေးပါးသစ္စာ မြတ်ဓမ္မာကို ဝိပဿနာမှန် မဂ် ဖိုလ်ဉာဏ်ဖြင့် ပိုင်ပိုင်လှလှ ရရှိကြ၍ လေးပါးအပါယ် သုံးသွယ်သောကပ် ရပ်ပစ်၅စ်ရ ဒဏ်ဆယ်ချဖြင့် ပဋ္ဌ ဝေရိ ငါးလီဗျသန ကင်းလွတ်ရ၍ ဇာတိဇရာ မရဏာ ဟု ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း-ဇာတ်သိမ်းရပါလို၊

၁၀။ ရုပ်နာမ်ခန္ဓာ ခါတ်သစ္စာကို မသိမပိုင် မမြင် နိုင်၍ လက်မှိုင်ချထား ထိုသူများကို ကရုဏာရှေ့ ထား မေတ္တာပွါး- ပိုင်းခြားပြရလို၊

၁၁။ လေးပါးသစ္စာ မြတ်ဓမ္မာကို တို့နှင့်မတန် ပုထု ဇန်ဟု ပုံစားပုံကန့် နည်းမခံဘဲ ငြင်းဆန်ပယ်ရှား ထိုသူ များကို ရေရေလယ်လယ် သိမြင်လွယ်အောင် ကရု ဏာရှေ့ထား မေတ္တာပွါး-ပိုင်းခြားပြရလို၊

၁၂။ ဤသို့ပြုရ မြတ်ပုညကို မိဘဆရာ ဉာတကာနှင့် သတ္တဝါများ ဝေနေ အားကို ရငြားပါစေ ပေးမျှဝေ သည် သုံးကြိမ် သာဓု-သာဓု-သာဓု ခေါ်စေသောဝ်၊

**(မဂ္ဂဘိညာ သက်ဴမတာ သစ္စာလေးချက် တပြိုင်နက် မဂ်၏ကိစ္စသာ၊**

ဝိပဿနာလမ်းပြ သာသနာပြုဓမ္မကထိက
အရှင် ဇဝနသိဒ္ဓိ (ဦးစိုးခွင့်) သည် ၁၃၁၆-ခု
မိုးညှင်းမြို့တွင် ဝါကပ်တော်မူစဉ် ပစ္စည်းလေးပါး
ဒါယကာ-ဒါယိကာမများ တောင်းပန်ချက်အရ ဤဝိ
ပဿနာလမ်း အလင်းကျွမ်း ဒုတိယ တွဲကို
စီရင်ရေးသားအပ်ပါသတည်း။

အကြောင်းအားလျော်စွာ ယခု ၁၃၂၃-ခုနှစ်မှ
စက်တင်ပုံနှိပ် ထုတ်ဝေခြင်း ဖြစ်ပေ၏။

ရုပ်နာမ်ဆိုဝါဒမျိုး၊ အရုပ်ကိုးဘို့ချိန်တော်၊ မြတ်ဗုဒ္ဓရာဇာ ခေါ် သည်၊ ကမ္ဘာ ပေါ် ထင်ရှား။ သုံးဆယ့်တစ် ဘုံခရိုင်၊ အကုန်ပိုင်ပွင့်မဲ့ဘုရား။ ။မှောင်မိုက်လို့နေမင်းလာ၊ ပြေတွင်းမှာကြည်ငြား၊ အပုပုံ ပျက်စေ့မှားသူတို့၊ ပျက်စဉ်းများ ဆောင်ပါ။ ဘာသာမှာ သာသနာဆင့်၊ ရာဇာမင့်ထွက်လိမ့်မကြာ။ ။ဝိဝါဒမျိုးစုံရှာလျှင်၊ ငြင်းခုံစရာအန္တရာယ် ပွါးမည်မို့၊ ရန်စွယ်များ သုံးကပ်အပူ၊ ဆုံးဖြတ်မဲ့သူ။ နှလုံးခါတ် စွဲကပ် အာယူကို၊ ခွဲဖြတ်မှုရှာကြဘော့လေး။ ။(အန္တ သာသနာကို၊ ငါရာဇာပြုမည်တဲ့လေး........)

ပုထုဇဉ် အန္ဓတို့၊ ရမ်းဆ၍ဖွေရှာ၊ နန်းအမတခေမာကို၊ သေအချာ သိဘူး။ လောကီနှင့် လောကုတ္တရာမှာ၊ လောကီသာ လုပ်ကြ အထူး။ ။မဂ်လေးဝ ဖိုလ်လေးတန်၊ ပြည့်နိဗ္ဗာန်ရည်ရူး၊ သဗ္ဗာညာဏ်တကယ်နူးစေဘို့၊ အထူးပစ်စဉ်။ ဖျားဝေနေ တရားရအောင်လို့၊ အားကျ၍ကြည့်ဘို့မှန်ပင်။ ရေးလိုက်တဲ့ ဖြတ်လမ်းစဉ်ကို၊ ဘတ်စမ်းလျှင် အမတာရောက်ပါလိမ့်၊ ငါပျောက်လို့ဒိဋ္ဌိကွာ၊ သောတမဂ္ဂါ။ ဖျားသတ္တဝေနေယျာကို၊ ထေရ်ဆရာ မကိန်းကဲ့လေး.....။

ဒုက္ခဿ ပီဠနဋ္ဌံ သင်္ခတဋ္ဌံ သန္တာပနဋ္ဌံ ဝိပရိဏာမဋ္ဌံ ဣမံဒုက္ခဋ္ဌံ ဒေသိတံ ဗုဒ္ဓံ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

ဒုက္ခဿ၊ လူ့ဘဝ လူ့စည်းစိမ်, နတ်ဘဝ နတ်စည်းစိမ်, ဗြဟ္မာ့ဘဝ ဗြဟ္မာ့စည်းစိမ်ဟု ဆိုအပ်သော တေဘုမ္မက သင်္ခါရ အပေါင်း၏။ ပီဠနဋ္ဌံ၊ လွန်စွာနှိပ်စက်ခြင်း အနက်သဘောရင်း။ သင်္ခတဋ္ဌံ၊ ရှေ့အတိုက ကြိုတင်၍ ပြုပြင်ပျိုးထောင်အပ် ရလပ်သော အခါ၌လည်း ထိုထက်ပင် ပိုသာ ကြပ်တည်းလျက် အဖန်ဖန် ပြုရ ပျိုးထောင်အပ်သော အနက် သဘောရင်း။ သန္တာပနဋ္ဌံ၊ တဆယ့်တပါးသော မီးအလျှံတို့ဖြင့် အဖန်ဖန် ပူပန်စေတတ်, အဖန်ဖန်ပူပန်စေအပ်, အဖန်ဖန် ပူပန်စေခြင်း အနက်သဘောရင်း။ ဝိပရိဏာမဋ္ဌံ၊ ကောန်မလွဲ ဖေါက်လွဲဖေါက်ပြန်ဖြစ်တတ်သောအနက်သဘောရင်း။ ဣမံဒုက္ခဋ္ဌံ၊ သတ္တဝါတွေ ဖြစ်လေရာရာ အံ့တွင်းသားခန္ဓာထဲမှာ အမြဲတမ်းပါရှိ၍ နေပါသော ဤဒုက္ခသစ္စာအနက် ၄-ချက်ကို။ ဒေသိတံ၊ ဝေနေအများ လွန်ထင်ရှားအောင် ဟောကြားပြသ ဆုံးမတော်မူတတ်လှပါပေသော။ ဗုဒ္ဓံ၊ သက်တော်ထင်ရှား သဗ္ဗညု မြတ်စွာဘုရား၏ ကျေးဇူးတော်ဂုဏ်တော်ကြီးကို။ အဟံ၊ ဒုက္ခဒဏ် ၄-ချက်ဖြင့် အမြဲအနှိပ်စက်ခံနေရပါသော အကျွန်ုပ်သည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဝန္ဒာမိ၊ ရုပ်နာမ်ဘဝ ဝဋ်ဒုက္ခမှ လွတ်ပါလိုလား ရှိညွှတ်သွားခါ ရှိခိုးကန်တော့ပါ၏အရှင်ဘုရား.......။

F–5

သမုဒယဿ အာယူဟနဋ္ဌံ နိဒါနဋ္ဌံ သံယောဂဋ္ဌံ ပလိဗောဓဋ္ဌံ ဣမံ သမုဒယဋ္ဌံ ဒေသိတံ ဗုဒ္ဓံ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

သမုဒယဿ၊ ထိုထိုဒုက္ခအပေါင်း ဆင်းရဲကြောင်း ဖြစ်သော ဆန္ဒအာသာ တဏှာလောဘ သမုဒယသစ္စာ၏။ အာယူဟနဋ္ဌံ၊ ဒုက္ခဝဋ္ဋ၊ ဒုက္ခမှုတို့ကို လွန်စွာရ ဆောင်း ဆည်းပူးတတ်သောအနက်သဘောရင်း။ နိဒါနဋ္ဌံ၊ ဒုက္ခဝဋ္ဋ၊ ဒုက္ခမှုတို့နှင့်သာ တရံမစဲ အမြဲပေးအပ် အမြဲပေးတတ်သော အနက်သဘောရင်း။ သံယောဂဋ္ဌံ၊ ဒုက္ခဝဋ္ဋ၊ ဒုက္ခမှုတို့နှင့်သာ လွန်စွာယှဉ်တွဲ မခွဲနိုင်ပါ မခွါရက်အောင် ဖွဲ့နှောင် ချည်တွယ်တတ်သော အနက် သဘောရင်း။ ပလိဗောဓဋ္ဌံ၊ ဒုက္ခ လက်မှ မထွက်ရ အောင် လွန်စွာနှောင့်ယှက် တားမြစ်တတ်သော အနက် သဘောရင်း။ ဣမံသမုဒယဋ္ဌံ၊ သတ္တဝါတွေ ဖြစ်လေရာ ရာ အတွင်းသား ခန္ဓာသည်းမှာ အမြဲတမ်း ပါရှိ၍ နေ သော ဤသမုဒယသစ္စာအနက် လေးချက်ကို။ ဒေသိတံ၊ ဝေနေယျအများ သွန့်ထင်ရှားအောင် ဟောကြားပြသ ဆုံးမတော်မူတတ်လှသော။ ဗုဒ္ဓံ၊ သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရား၏ ကျေးဇူးတော် ဂုဏ်တော်ကြီး ကို။ အဟံ၊ သမုဒယဒဏ် ၄-ချက်ဖြင့် အမြဲနှိပ်စက်ခံနေ ရပါသော အကျွန်ုပ်သည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဝန္ဒာမိ၊ သမုဒယ ဝဋ္ဋဒုက္ခမှ လွတ်ပါလိုသား ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား.......။

နိရောဓဿ နိဿရဏဋ္ဌံ ဝိဝေကဋ္ဌံ အမတဋ္ဌံ အသင်္ခ
တဋ္ဌံ ဉာဏံ နိရောဓဋ္ဌံ ဒေသိတံ ဗုဒ္ဓံ အာဟံ ဂန္တာမိ သဗ္ဗဒါ။

နိရောဓဿ၊ ထိုထိုဒုက္ခအပေါင်း ဆင်းရဲကြောင်း
တို့၏ ချုပ်ငြိမ်းရာအမှန် ဧကန္တ အအေးဆုံး အငြိမ်းဆုံး
ကြီးလည်းဖြစ်ပေထသော။ နိဿရဏဋ္ဌံ၊ ဒုက္ခဘုံမှ ကျွတ်
လွတ် ထွက် မြောက်သော အနက် သဘောရှင်း။ ဝိဝေ
ကဋ္ဌံ၊ ဒုက္ခကိလေသာတို့ အနှောင့်အရှက်မှ ဆိတ်ငြိမ်
သော အနက်သဘောရှင်း။ အမတဋ္ဌံ၊ အိုခြင်း, နာခြင်း,
သေရခြင်းမှ လွတ်ကင်းသော အနက်သဘောရှင်း။ အသင်္ခ
တဋ္ဌံ၊ အခါ ခပ်သိမ်း ပြုပြင် ပျိုးထောင် ကင်းမှ လွတ်
ငြိမ်းချမ်းသာသော အနက်သဘောရှင်း။ ဉာဏံ နိရောဓဋ္ဌံ၊
သစ္စာဝါတွေ ဖြစ်လေရာရာ အတွင်းသား ခန္ဓာထည်း
မှာ အမြဲပါရှိ၍နေပါသော ဒုက္ခသစ္စာ, သမုဒယ သစ္စာ
တို့၏ ချုပ်ငြိမ်းရာ ၏ ၄-ဖြာသော နိရောဓသစ္စာအနက်
ကို။ ဒေသိတံ၊ ဝေနေယျ အများ လွှင့်ထင်ရှား အောင်
ဟောကြားပြသ ဆုံးမတော်မူတတ်လှပါပေသော။ ဗုဒ္ဓံ၊
သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရား၏ ကျေးဇူး
တော် ဂုဏ်တော်ကြီးကို။ အဟံ၊ နိရောဓသစ္စာသို့ မျက်
မှောက်မပြုရသေးသည့်အတွက် ဒုက္ခ သမုဒယဒဏ်ချက်
ကြီးတွေနှင့် အမြဲ အနှိပ်စက် ခံနေရ ပါသော အကျွန်ုပ်
သည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဂန္တာမိ၊ ဒုက္ခ သမုဒယတို့
၏ အေးငြိမ်းလှစွာ နိဗ္ဗုတာသို့ ရောက်ပါလိုသား ရို
ညွှတ်တွားခါ ရှိခိုးပါ၏အရှင်ဘုရား ....။

မဂ္ဂသာ နိယျာနဋ္ဌံ ဟေတွဋ္ဌံ ဒဿနဋ္ဌံ အာဓိပတေယျဋ္ဌံ ဉာဏံ မဂ္ဂဋ္ဌံ ဒေသိတံ ဗုဒ္ဓံ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

မဂ္ဂသာ၊ နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်တရားအပေါင်း၏။ နိယျာနဋ္ဌံ၊ ဝဋ်မှဆန်တက် နိဗ္ဗာန်ဘက်သို့ ထွက်ကြောင်း ရောက်ကြောင်း လမ်းကောင်း အမှန်အစစ် ဖြစ်သော အနက်သဘောရှင်း။ ဟေတွဋ္ဌံ၊ လောကုတ္တရာ မြတ်စွာအထူး ဂုဏ်ကျေးဇူး အပေါင်းတို့၏ ကောင်းစွာ ခိုင်ကြည် တည်ကြည်ခြင်းကိစ္စကို ပြီးစေနိုင်သော အနက်သဘောရှင်း။ ဒဿနဋ္ဌံ၊ အနမတဂ် သံသာစက်ဝယ် အိပ်မက်တွင်မျှ မမြင်စဘူး အထူးအဆန်း အလွန်မြတ်လှ နိဗ္ဗာနကို လဝန်းနေဝန်း ပေါ်တက်ထွန်းသို့ ရွှန်းရွှန်း မြိုင်မြိုင် မြင်စွမ်းနိုင်သော အနက်သဘောရှင်း။ အာဓိပတေယျဋ္ဌံ၊ အဓိသီလ, စိတ္တ, ပညာ သိက္ခာ ၃-ခု အကျင့်မှုတွင် သူ့ပြင်မရှိ ကြီးဘိတုလွတ် အထွဋ် အထိပ် ဖြစ်သော အနက်သဘောရှင်း။ ဉာဏံမဂ္ဂဋ္ဌံ၊ သတ္တဝါတွေ ဖြစ်လေရာရာ အဘွင်းသား ခန္ဓာထည်းမှာ အမြဲပါရှိ၍ နေပါသော ဒုက္ခသစ္စာ, သမုဒယသစ္စာတို့၏ ချုပ်ငြိမ်းရာ အစစ် နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ဤမဂ္ဂသစ္စာ အနက် ၄-ချက်ကို။ ဒေသိတံ၊ ဝေနေယျအများ လွန်ထင်ရှားအောင် ဟောကြားပြသ ဆုံးမတော်မူတတ်လှပါပေသော။ ဗုဒ္ဓံ၊ သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရား၏ ကျေးဇူးတော် ဂုဏ်တော် ကြီးကို။ အဟံ၊ နိဗ္ဗာန် ရောက်ကြောင်း မဂ်လမ်းကောင်းကို မရခဲ့သေးသည့်အ

တွက် ဒုက္ခသမုဒယဒဏ်ချက်ကြီးတွေနှင့် အမြဲနှိပ်စက်ခံနေရပါသော အကျွန်ုပ်သည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဝန္ဒာမိ၊ နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်တရား အပေါင်းကို ကောင်းမွန်လျင်စွာ ရပါလိုလား ရှိညွှတ်တွားခါ ရှိခိုးကန်တော့ပါ၏အရှင်ဘုရား........။

ဆရာတော် ဦးရန်ကုန်။ ။ဟော့-တ ပည့် က လေး မောင်ငွေတို့,မောင်ရွှေတို့ ထကြဟော့-ဆရာတော်ဘုရားကြီး ဘုရားဖူးပြီးလို့ ကမ္မဋ္ဌာန်းရွတ်သံများလဲ ကြားပြီ လေးနာရီလဲ ထိုးနေပြီ၊ ကြေးစည်များ တီးကြ- ခေါင်းလောင်းများထိုးကြ- မျက်သစ်ဒန်ပူများလဲ တယ်ကြကွဲ့၊ ဆရာတော်ကြီးကလဲ သက်တော် ၇၀-ကျော် ၉၀-နီးနေတော့ အရာရာဂရုစိုက်ကြကွဲ့၊သည်လို သက်ဝါကြီး ဘိုးကြီး,ဘွားကြီးဆိုတာ အဖော်ပြုဖုရခဲသကွဲ့။

မောင်ငွေ။ ။မှန်ပါ-အသင့်ပြင်ဆင်ပြီးပါဘုရား........ အောင်မယ်- တပည့်တော်တို့ ဘိုးဘိုးကြီးထက် ကြီးတဲ့ကန့်ဦးဆရာတော်ကြီးဟာ ၉၉-နှစ်ရှိပြီတဲ့ဘုရား၊ သည့်ပြင် ပေါက်ကုန်းဆရာတော်, ဝေဇယန္တာ ဆရာတော်, ငှက်ပျောတုံး ဆရာတော် ကြီးတွေလဲ ၇၀-ကျော်ကြီးဘဲ များကြသတဲ့ဘုရား........။

ဦးရန်ကုန်။ ။ဪ-ဟုတ်လား၊ အေး ကွယ်- ဒို့သာသနာပြု လှည့် လည် လာတာ မင်းတို့ မိုးညှိမြို့လောက် သက်တော်ကြီး, ဝါတော်ကြီးတွေ မတွေ့လှ

ဘူးဟော့- တယ်ကြည်ညိုစရာကောင်းပါလားကွယ်........ ဒို့ ဇာတိဖြစ်တဲ့ ပခုက္ကူမြို့မှာလဲ အရှေ့တိုက် ( မဟာ ဝိဇယာရာမတိုက် ) ဆရာတော်ဘုရားကြီးနှင့် အလယ် တိုက် (မဟာဝိသုတာရာမတိုက်) ဆရာတော်ဘုရားကြီး များလဲ ၈၀-လောက်ဆိုတော့ အတော် သက်တော် ဝါ တော် ကြီးလှပေါ့လို့။ အင်းအင်း- မင်းပျော်က် ခါမှာဲ သတိရတယ်၊ ဒို့ ရန်ကုန်မှာလဲ သက်တော် ၁၆၀-ဆိုတဲ့ ဆရာတော်ကြီးတပါးလဲ ရှိသေးတယ်ကွဲ့၊ တယ်ထူးကြ တဲ့ ဘုန်းသမ္ဘာတော်များဘဲဟော့၊ ဒါထက် တကာကြီး တွေကော ထပြီလား-ကမ္မဋ္ဌာန်းတရားများ ပွါးများနေ ကြလေလား........။

မောင်ရွှေ။ ။မှန်ပါ့- ဘုရားဝတ်တက်ပြီးလို့ ကမ္မ ဋ္ဌာန်းတရား ပွါးနေကြတယ် ထင်ပါ့ဘုရား .....။

ဦးရန်ကုန်။ ။ဟော- ဟုတ်လား- ဒို့တကာကြီး နှစ် ယောက်ကတော့ ဘုရားရှိခိုးတို့ မေတ္တာပို့တို့ကို တော် တော် ရှည်ရှည်ကြာကြာ ပို့တယ်ကွဲ့၊ သုံးဆဲ့တဘုံများ မျက်စေ့သင်းထိုး လွတ်မှ လွတ်ကြပါ့မလား မပြောတတ် ဘူးဟော့......။

မောင်ရွှေ။ ။တနေ့က အဘက ပြောတယ်ဘုရား၊ ဘိုးဘိုးပြန်တော်မူရင်တော့ ရဟန်းဘောင် တက်မှာတဲ့ ဘုရား........။

ဦးရန်ကုန်။ ။အေး အေး- ငါ့လဲ ပြောတယ်ကွဲ့၊ လူ ဝတ်ကြောင်နှင့် တရား အားထုတ်ရတာ အားမရဘူး၊

အရှင်ဘုရားတို့ ပြုရချင်လို့သာနေရတယ်၊ သို့မဟုတ်ရင် တပည့်တော်ရော-ဦးထွန်းညွန့်ရော ရဟန်းဘောင် တက်ကြမှာ ပေါ့တဲ့ကွဲ့။ ဟုတ်မှာဘဲ-ဟုတ်မှာဘဲ၊ ပဗ္ဗဇ္ဇိတဘာဝေါ ဒုလ္လဘော- အလွန် ရခဲတဲ့ ဒုလ္လဘ တရပ်ရို့ ရလိုတယ်ဆိုတာ ပါရမီက လှုံ့ဆော်မှုကြီးပေါ့ကွ၊ ငါတို့ ဒီဘဝ ဒီအဖြစ်ရောက်လာတာ ပါရမီသမ္ဘာရ လှုံ့ဆော်မှုမရှိက ဘယ်ရောက်မလဲကွာ .....။

ပကတိသာဝက, မဟာသာဝက, အဂ္ဂသာဝက,ပစ္စေကဗုဒ္ဓါ,သမ္မာသမ္ဗုဒ္ဓ အသီးသီးရှိကြသည့်အနက် သူ့ပါရမီအလိုက် ရင့်ကျက် ပလား ဆိုမှဖြင့် ဓမ္မစေတ်ကြီး လှုံ့ဆော် ပေးရတာပေါ့၊ သီလ သမာဓိ ပညာ သိက္ခာသုံးပါး ပြည့်စုံလို့ မဂ္ဂင် ဖေါင်ယာဉ်ကြီး စီးရတာဟာဘာ အရသာနှင့်မှ မတူနိုင် ဘူးပေါ့ကွယ်၊ ပါဠိတော်က "သဗ္ဗရသံ ဓမ္မရသော ဇိနာတိ"တဲ့။ သဗ္ဗရသံ၊ အလုံးစုံသောအရသာတို့ထက်။ ဓမ္မရသော၊ တရားတည်းဟူသော အရသာသည်။ ဇိနာတိ၊ လွန်ကဲ၏- အောင်၏။ ဆိုပါလားကွ၊ အနာဂါမ် လမ်းလဲဖြစ်ပြန်တော့ သမထ သုခဟာ ဘယ်လောက် ချမ်းသာတယ် ဆိုတာ ကိုယ်တွေ့မှ အသိဆုံးပေါ့ကွ၊ နိဗ္ဗာနသုခ ဆိုတော့ ပြောမဖြစ်တော့ဘူးပေါ့ တပည့်ရဲ့......။

ဟု- မင်းဘိုညီအစ်ကိုကော ဘုရားဝတ်တက်မေတ္တာပို့ပြီး တရားနှလုံးသွင်းကြရဲ့လား။ "သမထောနု သမထော" ဆိုတာလို သူတော်ကောင်းနှင့် နေ- သူတော်

ကောင်းလို ကျင့်ရသနော်၊ လိမ်လိမ်မာမာနေကြကွယ်၊ ဗျတ်ပိန္နင့်ဗျတ္တလို ကျောင်းကြီးများဖောက်ထိုးနေအောင် လုပ်မထားကြပါနှင့်ကွယ်၊ မင်းတို့ညီနောင်ကလဲ ဆော့က ဆော့ပါဘိသနှင့်။ ဒါ့ကြောင့် ဘုန်းဘုန်းကပြောတာ ဘဲ၊ မျောက်ရှုံးလို့ဆိုပါကလား.....။

မောင်ငွေ။ ။ဗျတ်ပိန္နင့်ဗျတ္တ ညီအစ်ကိုကျောင်းကြီး ဘယ်လို ဖောက်သတဲ့ဘုန်း ဘုရား.......။

ဦးရန်ကုန်။ ။ဟဲ့- ဒါက ရာဇဝင်တို့ ဝတ္ထုတို့ ရေးတာမဟုတ်ဘူးဟဲ့။ မဂ်သမ်းဖိုလ်လမ်း နိဗ္ဗာန်လမ်း ရကြရောက်ကြ ပေါက်ကြစေခြင်းငှါ ဝိပဿနာတရားရေးမှာ၊ မင်းတို့ကတော့ ဝတ္ထုတို့မဂ္ဂဇင်းတို့ဆို အဘိဓမ္မာထက်တောင် သဘောကျကြသပေါ့။ အေး- ဒါကြောင့် ကာမဂုဏ် ခန္ဓာ သံသရာ ညွန့်ဖွက်က မလွတ် မထွက်နိုင်ကြတာပေါ့ဟဲ့ - -။

လူမှာလဲ လူ့ကျင့်ဝတ်, ရှင်လဲ ရှင်ကျင့်ဝတ်,ရဟန်းလဲ ရဟန်းကျင့်ဝတ် တဆင့်ထက်တဆင့် အရေးကြီးကြတယ်ဟော့၊ မေ့မေ့လျော့လျော့ နေကြလို့တော့ ဒါယကာ-ဒါယိကာမများ ထောက်ပံ့ထားတဲ့ ဆွမ်း-သင်္ကန်း-ကျောင်း-ဆေး တည်းဟူသော ပစ္စည်းလေးပါး နိုးစားသလိုနေပြီး သေသည့်အခါ အပါယ်လေးဘုံသား နွားကျွဲ ဖြစ်ပြီး လှည်းရုန်း ထွန်ရုန်း-ရုန်းပြီး ကြွေးဆပ်ကြရမှာများ တယ်ကြောက်စရာ ကောင်းတာ ကလားကွဲ့။

မောင်ရွှေ။ ။သည် လို ဆို တယ် ကြောက် စရာ

ကောင်းပါလား ဆရာတော်........တပည့် တော်တို့ နားလည်အောင် ထပ်အမိန့်ရှိ ပါဦးဘုရား။ ဘုရားတပည့်တော် တရားတောင်းပန်ပါရစေ။

သောင်းထိုက်စကြာ၊ ရှည်ကမ္ဘာမြင့်၊ ရေကာမရ၊ အနန္တတွင်၊ ဗုဒ္ဓမြတ်စွာ၊ ပွင့်ပေါ်လာဘို့၊ လွန်စွာခဲလှ၊ ဒုလ္လဘကို၊ ရရောက်ရှိနေ၊ များငေနေတို့၊ သင်္ချေ သင်္ချာ ပေါများပါလည်း၊ သံသရာထွက်ရန်၊ တရားမှန်ကို၊ ဧကန်တိတိ၊ မရရှိ၍၊ အတိဒုလ္လဘံ၊ သဒ္ဓမ္မံဟု၊ ဟောပြလိုမှု၊ အကြောင်းပြုပြီး၊ ယခုအခါ၊ ရောက်ရှိလာသည့်၊ များစွာ သောင်းသောင်း၊ တပည့်ပေါင်းတို့၊ ညွတ်ပြောင်း ခိုလှုံ၊ ခြေတော်ရုံကို၊ ယုံကြည်ကာပ၊ ပဏ္ဏာသ၍၊ ဝန်ချခါခါ၊ ဦးတင်ပါ၏၊ သာသနာကိုလျှက်။ ပြုလိုတွက်ကြောင့်၊ နှစ်သက် ကာမဂုဏ်၊ စွန့်ပစ်ဘုံပြီး၊ လူ့ဘုံ လောကီ၊ ရှင်မထေရ်ဟု၊ နယ်ပြည်ကျော်ကြား၊ အရှင်ဘုရားသည်၊ များသဏ္ဍာဝါ၊ ဝေနေယျာအား၊ ဉာဏ်တာသနား၊ ဂရုထား၍၊ လေးပါးပါယ်ရွာ၊ ရောက်တတ်စွာသည့်၊ သတ္တာ ယရှိ၊ ယင်းဒိဋ္ဌိကို၊ မိမိရရ၊ ဖြတ်နိုင်ကြအောင်၊ ကျွန သေချာ၊ ဒေသနာမိယ်း၊ ရွာသွန်း ဖြိုး၍၊ ဘိုးအနန္တံ၊ တရား သံမှ၊ ပန်ဆင်လိုမှု၊ များဗိုလ်ထုတို့၊ ရမှုသင့်ရန်၊ မြတ်ဓမ္မခံဖြင့်၊ ကျွမ်းဂန် ဖွေနှုတ်၊ ရွေကမုခ်မှ၊ ချွေထုတ် ဖွင့်ခါ၊ လင့်မကြာဘဲ၊ သင့်ရာတရား၊ အစားစားကို၊ အားထား၍သာ၊ မြန်မကြာသည်- ဟောကာညွှန်ပ အရှင်ဘုရား........။

ဦးရန်ကုန်။ ။အေး ကွယ်-ဘေဟိစည်ကြီးတို့မည်သည် တီးမှုမြည်ရသလို အဘိုးအနဲ့လိုက်တန်လှတဲ့ တရားတော်ဆိုတော့ တောင်းပန်သူ ဒါယကာဒါယိကာ မတွေ့ရှိလို့ ဟောရတယ်, ရေးသားရတယ်ဆိုတော့ တရားတော်၏ဂုဏ်သိရ်နှင့် အလိုက် ညီတာပေါ့တပည့်ရာ။

နှားထောင်ကွ နှားထောင်- အစမထင်တဲ့ သံသရာတံခွင်က အဝိဇ္ဇာက ဖုံးဖိထားသဖြင့် မသိမိုက်မှားချို ကျူးလွန်ပြစ်မှားခဲ့ကြတဲ့ အကုသိုလ်ကံဟောင်း ကြွေးပေါင်းအနန္တက ကြွက်ကလောင်းတကောင်ကို ကြောင်တထောင်စိုင်းသလို အရေးတကြီးကိစ္စအတွက် အလွန်တရာ ချစ်ခင်လှစွာသော သားကလေး သမီးကလေးများအတွက် မိဘများက သော်ရင်း၊ တဖန်-မြင်းမိုရ်တောင်ဦး မကကျူးသည့် ကျေးဇူးတော်ရှင် ဖြစ်ကြသော ဘေဘေ မေမေတို့ အတွက် သား သမီး များက သော်ရင်း၊ ရွှေချိန်ကိုယ်လေး မိသားပေးပြီးဆပ်လို့ကော ကျေကြရေတဲ့လား၊ ရှေ့နေကောင်း ဝတ်လုံကောင်း ငှါးပြီး လျှောက်လဲချက် ထုတ်လျှင်ကော ရကြမတဲ့လား၊ ဒါတွင်မက ဒါနကုသိုလ်တွေ အများကြီးချပြီး လဲလှယ်လို့ကော ရမလား၊ သီလ ကုသိုလ်တွေ နှစ်ရှည်လများ ဆောက်တည်ပြီး လဲလှယ် ဖလှယ် ငယ်ယူတော့ကော ကျေကြပမလား၊ ဘာဝနာ ကုသိုလ်တွေ အနေနှင့် သမာပတ် ရှစ်ပါး ငွါးများနိုင် သော်လည်း အဆင့်အဆင့်အနေအားဖြင့် နှစ်ဘဝ,နှစ်နပ်စာ,ထောက်

တည်ရာရရုံမျှအပ တင်ရှိလာခဲ့တဲ့ အကုသိုလ်ကံဟောင်း ကြွေးပေါင်း အနန္တ ကတော့ အနုတ် လက္ခဏာ တခုမှ ပြုနိုင်မယ်မဟုတ်ဘူး။

၎င်းအပါယ ဘေးနှင့်တကွ ဒုစ္စရိတဘေး, ဝိနိပါတ ဘေး, နာနာသဗ္ဗ ဥသ္သောကနဘေး အစရှိတဲ့ ဘေးကြီး လေးပါး, ကြီးလေးကြောင်း ကောင်းကောင်း သိကြ မယ်ဆိုလျှင် သားအမိ သားအဘတတွေဟာလေ မျက် နှာချင်းဆိုင် ပြိုင်ငိုနေဘို့သာ ကောင်းတော့တာဘဲကွယ် တပည့် မောင်ရွှေတို့ရဲ့။

မောင်ရွှေ။ ။မှန်ပါ- တပည့်တော်တော့ ဒီကနေ့က စပြီး တရားရအောင် ကြိုးစားတော့မယ်ဘုရား- ကြောက် ပြီ ကြောက်ပြီ။

ဦးရန်ကုန်။ ။အေး အေး- မင်းတရားတောင်း အ လိုက် တရားစလိုက် အုံးဗို့ရဲ့။ ဒို့ဟာမဲ့ ပုဂ္ဂိုလ်က သာအရေးကြီးလို့ ဒို့ကိစ္စအရင်ဟောမယ်ကွဲ့၊ ဒီလိုတဲ့ ထေယျပရိဘောဂ, ဣဏပရိဘောဂ, ဒါယဇ္ဇပရိဘောဂ, သာမိပရိဘောဂ လို့ သုံးဆောင်ခြင်း လေးမျိုး ရှိတယ် တဲ့။ ၎င်းလေးမျိုး၏ အကြောင်းအကျိုးက သည်လိုတဲ့၊ ဒို့ရဟန်းဘဝဟာ ဆူးကြားမှာသီးတဲ့ ဘူးသီးပမာဘဲ၊ မလှုပ်မရှားသာဘူး တပည့်ရဲ့။

ထေယျ ပရိဘောဂ သုံးဆောင်ခြင်း ဆိုတာ ရဟန်း ဘောင် ဝင်စဉ်အခါ "သံသာရ ဝဋ္ဋ ဒုက္ခတော မောစ နတ္ထာယ" သံသရာတည်းဟူသော ဝဲဩဃ ရေအယဉ်

မှ ထွက်မြောက်ပါရ စေခြင်းအကျိုးငှါ သီလ,သမာဓိ, ပညာ တည်းဟူသော သိက္ခာ ၃-ပါးကို ကောင်းစွာ စောင့်ရှောက်ပါမည် တာဝန်ယူခဲ့ပြီး တပါးမှ မစောင့် ရှောက်ဘူးဆိုလျှင် ပစ္စည်း ၄-ပါး ခိုးစားရာ ရောက်သ ဖြင့် သေသောအခါ၌ ကျွဲဘဝ နွားဘဝဆိုတဲ့ အပါယ် ဘဝကနေပြီး လှည်းရှန်းလိုက် ထွန်ရှန်းလိုက်နှင့် တွင် တွင်ရှန်းပြီးအကြွေးဆပ်ကြရမတဲ့၊ အလွန်ကြောက်စရာ ကောင်းပါလား တပည့်တို့။

ဣဏပရိဘောဂ သုံးဆောင်ခြင်းဆိုတာ သိက္ခာ ၃-ပါးတွင် သီလသိက္ခာ, သမာဓိသိက္ခာ လောက်သာရှိ၍ ပညာသိက္ခာထိအောင် မစောင့်ရှောက် နိုင်ဘူး ဆိုခဲ့ပါလျှင် ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး တည်းဟူသော ပစ္စည်း ၄-ပါးကို ချေးငှါးစားရာရောက်သဖြင့် နောင် သံသရာ၌ အကြွေးဆပ်လို့ မဆုံးနိုင်ဘူးတဲ့။

ဒါယဇ္ဇပရိဘောဂ သုံးဆောင်ခြင်းဆိုတာ သိက္ခာ ၃ ပါးလုံး စောင့်ရှောက်နိုင်၍ တမဂ်တဖိုလ်ရပါမှ ပစ္စည်း ၄-ပါးကို အဖိအဘအမွေအနှစ် ခံယူသုံးဆောင်ဘိသကဲ့ သို့ ရှင်တော်ဘုရား၏ သားတော်အစစ် ဖြစ်ကြီးဖြစ်ပြီး လျှင် ဒါယဇ္ဇ တည်းဟူသော အမွေခံနည်းဖြင့် ဘုဉ်းပေး သုံးဆောင်ရသတဲ့။

သာမိပရိဘောဂ သုံးဆောင်ခြင်း ဆိုတာ ရဟန်းပြု စဉ်က ဆန္ဒတော်နှင့်အညီ သိက္ခာသုံးဝ ပြည့်စုံပြီးလျှင် မဂ်လေးတန်,ဖိုလ်လေးတန်,နိဗ္ဗာန်တည်းဟူသော လော

ကုဗ္ဗရာတရား ကိုးပါး ရင်ဝယ်မိုက်ပြီးလျှင် အလိုက်သင့်ကလေး ဘုဉ်းပေးသုံးဆောင်နိုင်သတဲ့။

ဤလို မဟုတ်က အမြတ်မပေါ် သည့်အပြင် အရှုံးသာ ထွက်မယ် မဟုတ်ပါလား၊ သတိမရှု- ဂူမမြင်- သတိမှုမှ မြုစင်၍ ဂူမြင်မည် ဆိုတဲ့ ပေါရာဏအတိုင်းဘဲ သတိသာလျှင် မခံ့နဖြစ်ပေတယ်၊ ဒါယကာ ဒါယိကာ မတို့က ပစ္စယာ နုဂ္ဂဟာ ရှိသည်ကို ဒိုတတွေကလဲ ဓမ္မာနုဂ္ဂဟာအားဖြင့် ထောက်ပံ့ရမဲ့ ဝတ္တရားရှိပေတယ်။

မောင်ငွေ။ ။ဓမ္မာနုဂ္ဂဟာ တရား နာကြားပါရစေဘုရား။

ဆရာတော်။ ။အေး အေး- နာကွဲ့ နာ- တရားနာလျှင် မြဲမြံသောသတိ သမာဓိရှိရှိနှင့် သင်္ကန်းခြုံ ခွက်နားထား၍ ခြသေ့်ဆီ တည်းဟူသော တရားတော် တစက်ကမှ မဖိတ်ရအောင်နာကွဲ့။

ဒါယကာ ဒါယိကာမတို့က မိမိတို့၏ ရွာဦးရွာထိပ် မြို့ဦးမြို့ထိပ်မှာ တိုက်ကျောင်း ပျဉ်ကျောင်းအကြီးအငယ်တို့ကို ဆောက်ပြီးသကာလ ဆွမ်းအတွက် သင်္ကန်းအတွက် ဆေးအတွက် မပူရမပင်ရ ခြေမွေး မီးမလောင် လက်မွေးမီးမလောင် ဆိုသလိုပေါ့လေ၊ စားဦးစားဖျား ကလေးများလှူဒါန်းပြီး ဘယ်လောက်များ အားထားကြသလဲဆိုတာ ဟောသည်ပါဠိကလေးနှင့်ဘဲ အလွန်ထင်ရှားပါတယ်ကွယ်။

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊
ဓမ္မော မေ သရဏံ အညံ နတ္ထိ၊
သံဃော မေ သရဏံ အညံ နတ္ထိ။

မေ၊ အကျွန်ုပ်သည်။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားမှ။ အညံ၊ တပါးသော။ သရဏံ၊ ကိုးကွယ်ရာသည်။ နတ္ထိ၊ မရှိတော့လေပြီ။ မေ၊ အကျွန်ုပ်သည်။ ဓမ္မော၊ တရားတော်မြတ်မှ။ အညံ၊ တပါးသော။ သရဏံ၊ ကိုးကွယ်ရာသည်။ နတ္ထိ၊ မရှိတော့လေပြီ။ မေ၊ အကျွန်ုပ်သည်။ သံဃော၊ သံဃာတော်မြတ်မှ။ အညံ၊ တပါးသော။ သရဏံ၊ ကိုးကွယ်ရာသည်။ နတ္ထိ၊ မရှိတော့လေပြီ။

အဲဒီလို ဆိုတော့ ဘုရား တပည့်သားငြိပြီ လောကီ စီးပွါး လောကုတ္တရာ စီးပွါးနှင့် ပြည့်စုံ နိုင်ကြ စေရန် ဒါန ဘယ်လိုပြုရမယ်၊ သီလ ဘယ်လို ဆောက်တည်ရမယ်၊ ဘာဝနာ ဘယ်လို ပွါးများရမယ်၊ နိဗ္ဗာန် ဘယ်လို အာရုံ ပြုရမယ်ဆိုတာ အတိအကျ သပ္ပုရိသ အခနှင့် သွန်သင်ဆုံးမတော်မူရာ လွန်စွာအခရေးကြီးတယ်ကွဲ။

မောင်ရွှေ။ ။မှန်ပါ- အရေးကြီး ပါတယ် ဘုရား၊ ဆက်၍သာ အမိန့်ရှိတော်မူပါဘုရား။

ဦးရန်ကုန်။ ။အေး-ဟောမယ်ရေးမယ်ဆိုပေတယ် လို့ ကျမ်းရေးနည်း, တရား ဟောနည်း, တရား အား ထုတ်နည်းတို့ကို သူ့နေရာနှင့်သူ အချိုးကျကျ နား လည်မှ သင့်တာကျမယ်၊ ပရိယတ္တိသာသနာ, ပဋိပတ္တိ သာသနာ, ပဋိဝေဓသာသနာဆိုတဲ့သာသနာသုံးရပ်မှာ-

ပရိယတ္တိသာသနာက အကျယ်လမ်း၊ ပဋိပတ္တိသာသနာက အကျဉ်းချုံးပြီး အားထုတ်ရတဲ့လမ်း၊ ပဋိဝေဓသာသနာဆိုတာက အကျိုးတရားသက်သက် အားထုတ်ရတဲ့ လမ်းမဟုတ်ဘူး။

ဒီတော့ ယခုရေးတဲ့ကျမ်းကပဋိပတ္တိကျမ်းဆိုတော့ စာကြည့်သူ ယောဂါဝစရ ပုဂ္ဂိုလ်တို့, အပါဒါန် သမ္ပဒါန်များ ခြားခြားနားနား နားလည်လွယ်သောနည်းဖြင့် ပါဠိသံ ကဗျာသံ စာသံများ နည်းနိုင်သမျှနည်းပြီး သဘောပေါက် လွယ်အောင် ရေးရသော ကျမ်းဖြစ်တယ် နော်။ ပါဠိသံတွေ, ကဗျာသံတွေ, စာသံတွေများနေမှဖြင့် (မသိဒါပြီး မသိဒါ- မသိဒါပြီး မသိဒါ ) မသိဒါ ဟာ အခုင်အဘိုင်းနေတတ်တယ်၊ ဒါကြောင့် စတုသစ္စ ဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ ဆိုသလို (တရားတလုံးစတဲ့ ရင်း ဆုံးတဲ့ရင်း- တရားတလုံး စတဲ့ရင်း ဆုံးတဲ့ ရင်း) ချက်ကနဲ ကွက်ကနဲ လက်ကနဲ ဉာဏ်မှာ ထင်လွယ် မြင်လွယ်အောင် သဘောသား၍ရေးရပေလိမ့်မယ်။ ဟဲ့ မောင်ငွေ လွန်ခဲ့တဲ့ဥပုသ်နေ့က ဗုဒ္ဓေါဝါဒအဖွဲ့ ယောဂီ တပည့်မကလေးတွေက တရားတောင်းပန်တာ ဘယ် လိုတဲ့လဲ မင်းရဲ့လား။

မောင်ငွေ။ ။သည့်လိုတဲ့ဘုရာ့·တပည့်တော် ရွတ်ပြမယ်။

သံဃာ သံဃာ ဗုဒ္ဓါးခေါ်သော သံဃာ၊ တရား ပေါ်ခွဲနေတာ ဝိနည်းသိက္ခာ မြဲမြန်လွန်းလို့ ကြည်ညိုရ

တော့မှာ ရုပ် နာမ်တရား ဟောကြားမှသာ- သံဗာ ခေါ်တာ- လက္ခဏာတရား ဟောကြားမှသာ သံဗာ ခေါ်တာ- သစ္စာတရား ဟောကြားမှသာ သံဗာခေါ် တာ- နိဗ္ဗာန်တရား ဟောကြားမှသာ သံဗာခေါ်တာ- သည်တရား မြုပ်ခါထားလျှင် ဗုဒ္ဓဘုရားနှင့် မတွေ့တော့ ပါ- ညီညွတ်ကြ ဒို့သူငါ သံဗာအစစ်မှရှာ၍ကိုးကွယ် မှာ။

တပည့်တော်တို့မြို့က အလွန်ထက်ထက်မြက်မြက်နှင့် သာသနာပြုကြတဲ့ ဆရာတော်ဦးဝါသဝတို့ ဦးညာဏိန္ဒ တို့ ဆရာကြီး ဦးထွန်းညိမ်းတို့ ဟောပြောထားတဲ့ မြို့ ဆိုတော့ လူချမ်းသာ-နတ်ချမ်းသာ-ဗြဟ္မာချမ်းသာ တ ရားလောက်နှင့်တော့ မရဘူးဘုရား၊ တလောက ကိုယ် တော်တပါး တရားဟောကြွလာတာ အဲဒီတရားတောင်း နှင့်တောင်းပန်တာနှင့် အနိုင်နိုင် တရားပလ္လင်ပေါ် တက် ရတယ်ဘုရား၊ ဟောတော့လဲ ဘာဝဏ္ဏ ဆိုလားပါဘု ရား၊ ကေသနိမိဖုရား ဝဏ္ဏ ဆိုလားပါ၊ မမှတ်မိတော့ပါ ဘူး၊ မနက် မိုးလဲ လင်းရော- တခါထဲ ကြွပြေးတာဘဲ။

ဆရာတော်ဘုရား။ ။ဟော-မင်းတို့ တရားတောင်း က ကိလေသာ တရား ယုတ် လျော့အောင် ဟောတို့ လျှောက်ထားတာ- ၎င်းကိုယ်တော်က ကိလေသာ အ လွန်အားကြီးသဖြင့် မွေးစကတည်းက ကြက်တောင်နှင့် ကြပ်ပေးမှ အငိုတိတ်တဲ့ ကေသနီ မိဖုရား ဝဏ္ဏ ဟော တယ်ဆိုတော့ အမြီးအမောက် လွဲနေတာပေါ့ကွ။ ဟဲ့-

မင်းတို့ကလဲ တယ်ဟုတ်ပါလားဟေ့-အထက်တန်းကျ လှပါလားကွဲ့၊ လောကတရားလောက် ဟောရုံ နှင့်တော့ မဆည်းကပ် ချင်ဘူးဆိုတာ သာသနာ တဝက် အရှိန် တက်လာတာပေါ့ဟဲ့။ ဒါပေမဲ့ ယခုရှိတဲ့ သမုတိသံဃာ တော်မြတ်တွေလဲ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာ ယ ပဗ္ဗဇ္ဇံ ယာစာမိနှင့် လာခဲ့ကြတာပါဟဲ့၊ သည်သာ သနာတဝက်မှာ အတုအယောင်တွေပျောက်ပြီး ဘုရား သားတော်စစ်၊ သမီးတော်စစ်တွေကျန်တို့ရှိပါတယ်ကွယ်၊ သိတ်လဲ တင်းမနေကြနှင့်။

အင်း-ပြောမယ်ဆိုလဲပြောလောက်စရာကြီးဘဲကွယ်၊ (သာသနာတဝက်- မင်းကောင်း တဆက်) ဆိုတဲ့ တ ဘောင်အရ ယခုသာသနာတဝက်ပြည့်မှာလဲ ၂-နှစ် လို တော့တာမို့ထင်ပါရဲ့ သာသနာဟာ ကမ္ဘာကတောင် အတော်လေးစားနေတာ တွေ့ရတယ်၊ ကမ္ဘာ ပညာရှိ တွေက ဝေဘန်တာလဲ ကြားရတယ်၊ ရှင်ဂေါတမဝါဒမှ အပ ကမ္ဘာကြီး အေးရာ အေးကြောင်း မမြင်ဘူးဆိုတဲ့ ကောလာဟလကြီးတရပ် ပေါ်ထွက်လာလို့ ဝမ်းသာ ရတယ်။

နောက်ပြီး နိုင်ငံတော်သခင်နုအစိုးရကလဲ သာသနာ့ အဆောက်အဦ ကြီးတွေ ဆောက်- လိုဏ်ဂူကြီး တယ်၊ ကမ္ဘာ့ဗုဒ္ဓဘာသာတွေ ပင့်ဖိတ်၊ ပြည်ထောင်စု သံဃာ တော် ၂၅၀၀-နှင့် ဆဋ္ဌသံဂါယနာတင်လိုက်ထာ-သိမ့်

သိမ့်လှုပ်လို့ ကြည်ညိုလို့တောင် မရောင့်ရဲနိုင်ဘူးဟော့ တပည့်ရဲ့။

ပြီးတော့လဲ ပရိယတ္တိ သာသနာတော်ကြီးအတွက် စာမေးပွဲတွေကျင်းပ, ပါဠိတက္ကသိုလ်ကြီးတွေဖွင့်,အလှူတော်ငွေတွေသောက်, ပြည်ထောင်စုကြီးတခုလုံးတောင် တန်းနယ်တွေပါမကျန် သာသနာ့ရိပ်သာတွေ ဆောက်, သာသနာပြု ပုဂ္ဂိုလ်တွေနှင့်တကွ ပဋိပတ္တိသာသနာကြီး အားပေး အားမြှောက် ချီးမြှင့်နေတာ တွေ့ရတော့ ပဋိဝေဓ သာသနာတော်ကြီးဟာ တနေ့တခြားတိုးတက်နေတာ ထင်ရှားတာပေါ့။

ငါ့တပည့် ကောင်းကောင်း သတိထားနော်၊ ရှေ့ကို ဓနနှင့် လူရေလူရောင် မပြောင်းနိုင်ဘူး၊ ဓမ္မနှင့်မှ လူရေလူရောင် ပြောင်းတော့မယ်။ မင်းတို့က ကိုယ့်မြို့ကိုယ့်ရွာ လောက် သာသနာရေး-ဘာသာရေး သိတာ၊ အထက်ဗမာပြည် အောက်ဗမာပြည် အရပ်ရပ် တရားတော်အတွက် သိမ့်သိမ့် လှုပ်နေပြီ၊ ကမ္ဘာကြီးလဲ ပြောခဲ့တဲ့ အတိုင်းဘဲ တပည့်ရဲ့။

ဒို့ ဇာတိဖြစ်တဲ့ ပခုက္ကူမြို့မှာ ဆိုလျှင် ဘယ်လောက် သာသနာကြီးထွန်းတယ်ဆိုတာ ကမ္ဘာကတောင် အသိ အမှတ်ပြုရတယ်ဟဲ့၊ ဆောင်ပုဒ်ကလေးတောင် ရှိတယ်။ " အနက်ဖေါက် ပခုက္ကူ- သဒ္ဒါ ဘုရားကြီး (မန္တလေး) အဘိဓမ္မာ လယ်တီ" တဲ့။ (ဒါက အရင်ကပါ) ခုတော့ အဘိဓမ္မာရော စွယ်စုံဘဲ၊ တိုက်ကြီး သုံးတိုက် ရှိတယ်၊

(ကျောင်းတိုက်ကြီးတွေ ပြောတာနော်)၊ မဟာဝိဇယာရာမတိုက်၊မဟာဝိသုတာ ရာမတိုက်၊မဟာဝေပုလ္လာရာမ မဏ္ဍလေးတိုက်ဆိုပြီး တိုက်ကြီးသုံးတိုက်၊ တတိုက် တတိုက်မှာ သံဃာတော် ၂၅၀- ၃၀၀-မှ ၅၀၀- ၆၀၀၊ တခါတရံမှာ တတိုက်ထဲတွင်ဘဲ ၇၀၀- ၈၀၀-ရှိတယ်၊ အခြား ကျောင်း တွေနှင့်ဆိုတော့ မနက်ဆွမ်းခံ ထွက်တော်မူကြသည့် အခါများကျရင် တန်ဆောင်မုန်း လပြည့်နေ့ည ကောင်းကင်တခုလုံး နက္ခတ်ကြယ်အပေါင်းနှင့်တင့်တယ်သကဲ့သို့ တမြို့လုံးထိန်နေတာဘဲ၊ အတော်ကို ကြည်ညိုစရာကောင်းတယ်၊ အဲဒါ ပရိယတ္တိအနေကွဲ့။

ပဋိပတ္တိ အနေနှင့် ဆိုပြန်တော့လဲ ငါတို့ရဲ့ ဓမ္မမိတ္တဒါယကာကြီး ဦးချင်ရွှေဆိုတာ နေ့စဉ်နေ့တိုင်း ညနေ ၆-နာရီခွဲမှ ၇-နာရီထိ တရားပြနေတာဟာ နေ့စဉ် နေ့တိုင်းလိုလို ယောဂီပေါင်း ၂၀၀၀- ကျော် နေ သတဲ့။ သည့်ပြင် သံဒိပ်ဆရာတော်ဦးတိလောကတို့, ဘုရားကြီး ဆရာတော် ဦးနန္ဒုံ တို့ ဟောပြော ပြသ ဆုံးမ နေတဲ့ ယောဂီတွေကလဲ မနည်းဘူး။ မဟာဝေပုလ္လ မဏ္ဍလေး တိုက်ကလဲ သာသနာ့ ရိပ်သာဖွင့်ပြီး ဟောပြောနေတဲ့ ယောဂီတွေ မနဲဘူးဟဲ့၊ သိတ်ချီးကျူးစရာဘဲ သာဓုခေါ်စရာဘဲ။ နောက်ပြီး ဒို့ ခု သီတင်းသုံးတဲ့ ရန်ကုန်မှာလဲ မင်းတို့တတွေ ရောက်စေချင်တယ်ကွဲ့၊ ဘယ်လောက် သာသနာတော် အဆောက်အဦ တွေနှင့် တကွ ရိပ်သာ တွေ များနေတယ် ဆိုတာ ကားတရန်းရန်း, ရထားတ

ဒုန်းဒုန်း, ခြေလျင်တသိမ့်သိမ့်နှင့်ဝင်မစဲထွက်မစဲဘဲပေါ့၊ ဉပုသ်နေ့ကုန်းတော်ပေါ် ဆိုလဲ တန်ဆောင်းတိုင်းတရားပွဲနှင့်ချည်းဘဲ၊ ဘယ်လောက်များ အားကျစရာ, အားတက်စရာ ကောင်းလဲလို့ မြှုထဲဝမ္မာရုံတွေဆိုလဲ ပြည့်လို့ကြပ်လို့။

ဒါတောင် ကိုဒွိဟိတ်တို့ ကိုတိဟိတ်တို့က ဟိတ်ငြင်းကြဘုန်း- ကိုပါရမီတို့ မ,ပါရမီ တို့ကလဲ ပါရမီ ငြင်းကြတုန်း- ကိုရှတ်တမ်းဘို့ကလဲ ရမ်းတုတ်ကြတုန်း ကိုမှတ်တန်းတို့ကလဲ မှန်းတုတ်ကြတုန်း- သပ္ပုရိသ တွေ့ရှိပါလျက် ကျ ကြ ဏာ နှ နည်းမခံချင်ကြဘူး၊ လူပါးတွေ ရှင်ပါးတွေ လုပ်နေကြတယ်၊ အဝိဇ္ဇာကလဲ သူ့အင်ပိုင်ယာ ပြိုကွဲသွားမှာ တယ်စိုးပါကလားကွယ်၊ သိတ်သနားစရာကောင်းတာဘဲ။

ပုဇ္ဇကောဒို နှ ပညာယတိ လို့ဟောတော်မူတဲ့ အစမထင် သံသရာ တခွင်လုံးက ဂင်္ဂါဝါဠု သဲဗုမက ဖွင့်တော်မူကြတဲ့ ဗုရားရှင် ကိုယ်တော်မြတ် တွေနှင့်တကွထိုဘုရားရှင်တို့၏ တပည့်သာဝက သပ္ပုရိသ တို့နှင့်ပါလွဲချော် လာခဲ့တာတွေ, ရှောင်ရှား လာခဲ့တာတွေ, စဉ်းစားကြည့်လျှင် ဘယ်လောက်များ အသဲနာစရာကောင်းသလဲ အဲဒီ လွန်ခဲ့ပြီးသား ရှိပါစေဦး။

ယခု ပက်ပင်းပါတွေ့နေတဲ့ သာသနာတော်ကြီးကိုလဲ ဖြုံဖြုံမှမရှိ ကျောခိုင်းလို့သာ နေကြတော့တယ်၊ သည့်ထက် ထိတ်စရာ လန့်စရာကောင်းတာက သာသနာပြုတဲ့

ပုဂ္ဂိုလ်တွေ ရန်လုပ်ထားဟာ ကြွက်သိမ်း ထစရာ အကြောင်းဆုံးဘဲ ဟဲ့။ သည့်တော့ သံဝေဂဖြစ်နိုင်ရန် အပဒါန် ပါဠိတော် ( နာဝစမ်း- နာဝစမ်း ) -

မာ ဝေါ ခဏံ ဝိရာဓေထ၊ ခဏာတီတာ ဟိ သောစရေ။
သဒ္ဓမ္မေ ဝါယမေယျာထ၊ ခဏော ဝေါ ပဋိပါဒိတော။ ။

ဘောဒ္ဓော၊ အို သူတော်ကောင်းတို့။ ဝေါ၊ သင်တို့သည်။ ခဏံ၊ အရိယာသစ္စာ, သာသနဝဋ္ဋ ဖြတ်ခဏကို။ မာဝိရာဓေထ၊ ချော်လွှန်၍များ မသွားကြစေကုန်လင့်။ ဟိ၊ အဘယ်ကြောင့်နည်း။ ခဏာတီတာ၊ ခဏကို လွန်ကုန်သောသူတို့သည်။ သောစရေ၊ တောက်ခေါက်နောင်တ ပူပန် စိုးရိမ်ကြရကုန်၏။ သဒ္ဓမ္မေ၊ ကိုယ်ကျိုး ကိုယ်စီးပွါး၌။ ဝါယမေယျာထ၊ လုံ့လမယုတ် အရအာမိ ကြိုးကုတ်၍ အားထုတ်ကြ ကုန်ရာ၏။ ဝေါ၊ သင်တို့အား။ ခဏော၊ ဗုဒ္ဓုပ္ပါဒ ဖြတ်ခဏသည်။ ပဋိပါဒိတော၊ ယခုဘဝ ခုခဏ၌ ဆိုက်ရောက်ရရှိကြပြီ။ အဲ-ဤဂါထာတော်အရ ဗုဒ္ဓုပ္ပါဒ နဝမခဏ ရခဲတာ ထားစမ်းပါအုံး လူအဖြစ်ရတို့တောင် ဘယ်လောက်ရခဲယဉ်းလဲ မေးရအုန်းမယ်။ ဟဲ့ မောင်ငွေ လူဖြစ်ထာ ခက်သလား-လွယ်သလား- မင်းနားလည်သလို လျှောက်စမ်းကွယ်.....။

မောင်ငွေ။ ။တပည့်တော် နားလည်တာကတော့ ဘုရားတပည့်တော်တို့ အရပ်ထဲမှာ ကလေးမရှိလို့ ကလေးမမွေးလို့ တောင့်တ နေရတဲ့ အိမ်ထောင်ရှင်က

နည်းတယ်ဘုရား၊ ကလေးတွေ ပေါလွန်းလို့ စိတ်ညစ်ပါတယ်နှင့် ငြီးတဲ့ အိမ်ထောင်ကသာ များတယ်ဘုရာ့၊ တချို့လဲ ပဒိုသန္တေ တားဆေးတောင် ဝယ်စားကြတာ ကြားရတယ်ဘုရာ့၊ ဂျပန်ပြည်တို့- အိန္ဒိယပြည်တို့မှာလဲ အစာသန်ရေက ရှား- လူဦးရေတွေ များနေတော့ လူဦးရေ နည်းနည်းမွေးစေရန် စီမံကိန်းတွေ အစိုးရက လုပ်ပေးရတယ်လို့ ကြားတယ် ဘုရာ့၊ ပြီး တော့ တပည့်တော် ရောက်သမျှ မြို့တွေမှာလဲ ခေတ်အခြေအနေအရ လူတွေနေ့ထိုင်စရာ မရနိုင်အောင်-အိမ်ရာမရနိုင်လောက်အောင် လူဦးရေတွေ ပေါများနေတာ တွေ့ရတော့- လူဖြစ်ထာ လွယ်လွယ်ဘဲ အောက် မေ့တယ် ဘုရား........ နောက်ပြီး တပည့်တော်တခု စဉ်းစားတယ်ဘုရာ့၊ ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ပြီး လူမျိုးရေးစစ်တွေ- သူပုန် ဆိုတဲ့ ပြည်တွင်းစစ်တွေ အမျိုးမျိုးဖြစ်လို့ အလွန့်အလွန် အနမတဂ္ဂ သေကြ ကြေကြတာတောင် အစာသန်ရေ ကမ္ဘာကြီးမှာ ပြည့်ပြည့်ရံရံ လုံလုံလောက်လောက် မရှိဘူးဆိုတော့ လူဖြစ်ထာလွယ်လို့ လူဦးရေပေါလို့ဘဲလို့ ယူဆတာဘဲဘုရာ့၊

ဦးရန်ကုန်။ ။ဟာ-ဟုတ်လိုက်ထာဟော-ထင်လဲ ထင်ချင်စရာဘဲကွာ-ပေါ့ပေါ့ဆဆ အမှတ်တမဲ့ တွေးမယ်ဆို တွေးစရာပေါ့၊ ဒါပေမဲ့ မနုဿတ္တဘာဝေါ ဒုလ္လဘော ဟု ဘုရားဟောတော်မူတဲ့အတိုင်း လူ့ဘဝဟာ အလွန်ရခဲတာကလားဟဲ့။

"လူ့ပြည်က အပ်တစင်း- ဗြဟ္မာ့ပြည်ကအပ်တစင်း- အပ်သွား ချင်းသာ ထိဘွယ်ရာ ပမာမှတ် ကြမင်း၊ မနုဿတ္တ ဒုလ္လဘာ ရခဲလှ၏မင်း'' လို့ ထွမ့်ခေါင်ဆရာတော်ဘုရားကြီးများ ဆုံးမစာ မဘတ်ဘူးဘူးလား၊ လူ့ဘဝရကြပါစေဦးတော့ ဗုဒ္ဓုပ္ပါဒ နဝမ ခဏနှင့်အလွန် ကြုံခဲ ကြိုက်ခဲသေးတယ်ကွဲ့။

ကြိုက်ပါလျက်နှင့်မကြုံတာ အာဠာရ-ဥဒက ဆိုတဲ့ ရသေ့ကြီးတွေ ကြည့်စမ်း၊ ဘုရားအလောင်းတော်နှင့် ဘုရားဖြစ်ခါနီးဆဲဆဲတွေ့ပါလျက်နှင့် ဘုရားဖြစ်တော်မူအောင် မနေရဘဲ လွဲသွားရပုံတွေ။

ကြုံပါလျက် မကြိုက်နိုင်ဘဲ တိတ္ထိဆရာကြီးတွေ-ရှင်ဂေါတမ အယူဟာ မှန်တယ်တဲ့၊ ဒါပေမဲ့ အိုးစရည်း ဘဝရောက်မှ လက်ဌင်အိုး အဖြစ် မခံတော့ဘူးတဲ့၊ ငါ ရှင် မောဂ္ဂလာန်, သာရိပုတ္တရာတို့ လောကမှာ လူလိမ္မာ ပညာရှိနှင့် လူမိုက် ဘယ်သူက များသလဲတဲ့၊ လူမိုက်ကသာ များကြောင်းဖြေကြားသည့်အခါ၊အေး-လူလိမ္မာ များ ရှင်ဂေါတမထံ သွားလိမ့်မယ်၊ လူမိုက်များ ငါတို့ ထံ လာလိမ့်မယ်ဆိုပြီး သက်သက် သာသနာတော်ကြီး အတွက် အရှုံးခံ အဆုံးခံ သွားကြတယ်၊ ဘယ်လောက် များ နှမြောစရာ ကောင်းလဲကွာ........ဒါတွေ ထောက်ပြီး သုံးလောကမှန်ကူ သယမ္ဘူထွဋ်ထား ငါတို့အဘဘုရား သခင်ကိုယ်တော်မြတ်ကြီးက အောက်ပါအတိုင်း ဆုံးမ တော်မူတယ် တပည့်ရဲ့။

ယောဝစ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။ ။

ယောစ၊ အကြင်သူသည်ကား။ ဥဒယဗ္ဗယံ၊ ဖြစ်ပျက်မှန်လှ ရုပ် နာမ် သင်္ခါရကို။ အပဿံ အပဿန္တော၊ မရှုမမြင်ဘဲ။ ဝဿသတံ၊ အနှစ်တရာ ပတ်လုံး။ ဇီဝေ၊ အသက်ရှည်ငြားအံ့။ နသေယျော၊ မမြတ်။ ဥဒယဗ္ဗယံ၊ ခန္ဓာငါးဝ အနိစ္စကို။ ပဿတော၊ ရှုမြင်သောပုဂ္ဂိုလ်၏။ဧကာဟံ၊ တရက်မျှ။ ဇီဝိတံ၊ အသက်ရှည် ရခြင်းသည်။ သေယျော၊ မြတ်၏လို့ ဟောတော်မူတယ်။

ခုတော့ကွယ် ရုပ်တရား နာမ်တရား သိတဲ့ ပညာရှိထားစမ်းပါဦး၊ လူ့ဘဝ လူ့လောကမှာတောင် အချိုးကျကျ မနေနိုင်ကြတာ ထောက်တော့ ဆရာကောင်း အဆုံးအမ-မရကြလို့ပေါ့။ ဒါကြောင့် ဖျင်ကုန်ရှုံးတော့ တခေါက်- လင်ကုန်ရှုံးတော့ တသက်လုံးမှောက်၊ ဆရာကုန်ရှုံးတော့ တသံသရာလုံး မှောက် လို့ ပေါရာဏလင်္ကာလေး ရှိတယ် မဟုတ်လား။ ၎င်း ပေါရာဏအတိုင်း နှိုင်းချိန် ကြည့်စမ်းဟဲ့၊ အကြောင်းမြင် အကျိုးသိ အကျိုးမြင် အကြောင်းသိ ဆိုသည့်အတိုင်း ကုသိုလ် အဟုန်ကလေးကြောင့် လူ့ဘဝတော့ ရပါ ရောက်ပါရဲ့ ချောချောလှလှ-အသက်ရှည်ရှည်-ဘုန်းကြီးကြီး-ကံကြီးကြီး- သားနှင့် သမီးနှင့် အခြွေအရံနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်များ ဘယ်နှစ်ဦးရှိသလဲ၊ ဒါထက် ပညာရှိများ ရှာရင်ကော ဘယ်နှစ်ယောက် များ ရမလဲ၊ သိတ်ရှားတာဘဲ

မဟုတ်လား။ သည်တော့ လောက နိတိဆရာ ဆိုသလို နေတော့တာပေါ့ကွယ်။

သေလေသေလေ၊ တောင်တောင် ဟူသမျှ၌။ နှ မဏိ ကာ၊ ပဏ္ဍမြားမရှိ။ ဂဇေဂဇေ၊ ဆင်ဆင်ဟူသမျှ၌။ နမုတ္တိ ကာ၊ အမြူတေမရှိ။ ဝနေဝနေ၊ တောတော ဟူသမျှ၌။ နှ စန္ဒနံ၊ စန္ဒကူးမရှိ။ ဌာနေဌာနေ၊ အရပ်တိုင်း အရပ်တိုင်း၌။ နှ ပဏ္ဍိတာ၊ ပညာရှိ သူခပ်နှမရှိ။

ဒါဟာ ဒါနချနည်း,သီလဆောက်တည်နည်း အစရှိ တဲ့ ကုသိုလ်ပြုနည်း နေရာမကျလို့ပေါ့ကွဲ့၊ ကိုင်းတခါ တော့ ဉသျှောင်ကိုင်နည်း, အဗျာပါရနည်းအားဖြင့် အ တိအကျဟောမယ် သေသေချာချာမှတ်။

ဒါနံ အလောဘော ဟောတု။ ဒါနဆိုတာ အလောဘ ပြဋ္ဌာန်းမှ ဒါနအစစ်ရတယ်၊ အလောဘပြဋ္ဌာန်းတယ်ဆို တာက အလှူခံ တကျိပ်လေး အယုတ် အလတ် အမြတ် မရွေး ဒါနချသည့်အခါ မိမိတို့အိမ်ရှေ့က အမှိုက်ပုံစွန့် ပစ်သည့်အခါ ဘာတခုမျှ အတွယ်အတာ မထားသလို အာလယပြတ်ပြီး ဘုဉ်းပေးပါစေ-သုံးဆောင်ပါစေ-စား ပါစေ သောက်ပါစေ- ဝတ်ပါစေ- ရုံပါစေအစရှိသဖြင့် အလှူခံပုဂ္ဂိုလ် သဏ္ဌာဝါအပေါ် မှာသာ စေတနာ သဒ္ဓါ တရားထားပြီး မိမိကတော့ နိဗ္ဗာန် အာရုံပြု- မပြုတတ် သေးလဲ နိဗ္ဗာန်ရပါလို၏ ပေါ့။

သူသူငါငါတို့ပြုကြတဲ့ ဒါနကတော့ သည်လိုမဟုတ် ဘူး၊ (များသောအားဖြင့်) ဒါနဆိုတာ အကြောင်းအား

ဖြင့် ဆွမ်း-သင်္ကန်း-ကျောင်းဆေး-ငှက်ပျောသီး- အုန်း သီး ကြည့်ကြတယ်။ အကျိုးအားဖြင့်လဲ လူ့ပြည်- နတ် ပြည်- သူဌေး- သူကြွယ်- ပဒေသရာဇ်- ဧကရာဇ် မှ စ၍ ချောချောလှလှ အာရုံပြုကြတယ်၊ သည်တော့ ဒေသနာ တော်နှင့် လွဲမနေဘူးလား။

ဝဋ္ဋဒါန, စေတနာဒါနလို့ နှစ်မျိုး နှစ်စား ဟော တော် မူသည့်အနက် စေတနာကိုသာ ကံ တင်တယ်မ ဟုတ်လား။ စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ တဲ့။ ဘိက္ခဝေ၊ ရဟန်းတို့။ စေတနံ၊ စေတနာကို သာလျှင်။ ကမ္မံ၊ ကံ ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟော တော်မူ၏ တဲ့။ ဒါဖြင့် ဝဋ္ဋမလှူရတော့ ဘူးလားလို့ စောဒက တက်စရာ ရှိတယ်ပေါ့လေ။ အထူး စောဒက တက် မနေနှင့်၊ ဝဋ္ဋရှိနေ ပါရဲ့ သားနှင့်, ရနိုင် ပါရဲ့ သားနှင့် မလှူရက်ထာကိုက စေတနာ မပါခဲ့တာကိုလဲ ပြန်ကြည့်။ သည်တော့ သဒိသံ ပါကံ ဇနေတိ။ သဒိသံ၊ တူသော။ ပါကံ၊ အကျိုးကို။ ဇနေတိ၊ ပေး၏လို့ ဟော တော်မူတာလဲ ထောက်ပေါ့။

အဲဒီ ဒါနတွေထက် ထူးကဲတဲ့ ဒါနကတော့ သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ တဲ့။ သဗ္ဗဒါနံ၊ အလုံးစုံသော ဒါနတို့ ထက်။ ဓမ္မဒါနံ၊ တရား တည်းဟူသော ဒါနသည်။ ဇိနာ တိ၊ လွန်ကဲ၏လို့ ဟောတော်မူတယ်။

ထိုကဲ့သို့ ဟောတော်မူသည့်အတိုင်း ပြုရမှာကတော့ တယ်မလွယ်လှဘူး၊ သပ္ပုရိသ အဆုံးအမရလို့ အနတ္တ

မြင်မှ မေ့ကထိကအနေနှင့် မေ့အလှူပေးတတ်မယ်၊ မိမိကိုယ်တိုင် မေ့ဒါနမြောက်တို့လဲ အာရုံခြောက်ပါး တံခါးခြောက်ပေါက်မှ လောဘကီလေသာ-ဒေါသကိလေသာတွေ စွန့်နေမယ်ဆိုလျှင် မေ့ဒါန မြောက်တော့တာဘဲ။

သီလဆိုတာကတော ဒေသနာကျယ်သလောက် ဆိုလျှင်တော့ နားလည်နိုင်ခဲတယ်၊ ယောဂါဝစရ ပုဂ္ဂိုလ်တို့အတွက် ပဒိုပဋ္ဌာန်ကြမ နည်းနှင့်ကတော့ လွယ်လွယ်ပါ၊ သမ္မပခာန် ကိုက် အားမထုတ် လျှင်သာ ခက်ပါတယ်။ ဘယ်လိုလဲဆိုတော့ တငါ မုဆိုးမှာလဲ သီလနှင့်, လယ် ယာ ကိုင်း ကျွန်း လုပ်တဲ့ ပုဂ္ဂိုလ်မှာလဲ သီလနှင့်, ကုန်ရောင်း ကုန်သွယ်မှာလဲ သီလနှင့်, ဒါနချတဲ့ သူတွေမှာလဲ သီလ မပါမဖြစ်, ဘာဝနာ ပွါးတဲ့ ပုဂ္ဂိုလ်မှာလဲ သီလနှင့်ဘဲ။ သီလ ဆိုတဲ့ပါဠိ နားမလည်လို့ ခက်နေကြတယ်၊ သီလ ဗမာလိုပြန်လျှင် အလေ့အကျင့်မဟုတ်လား၊ ဒီတော့ ဘယ်မှာ သီလနှင့် လွတ်ကြမလဲ၊ ဒု နှင့် သု ဘဲ ကွာတယ်၊ မကောင်းတဲ့အလေ့အကျင့်ဒုသီလ ကောင်းတဲ့အလေ့အကျင့် သုသီလ။

ဒုစရိုက် ၁၀-ပါး အလေ့အကျင့်အောက် သံသရာ လည်တဲ့သီလ၊ သုစရိုက် ၁၀-ပါး အလေ့အကျင့် အလယ် သံသရာလည်တဲ့ သီလ၊ ဘာဝနာ လေးဆယ် အလေ့အကျင့်အထက် သံသရာလည်တဲ့သီလ။ သညာနုပဿတ်, နာမပဿတ်, စာနပဿတ်, အဘာဝပဿတ်, သန္တတိပဿတ် အစ ရှိသော ပဿတ်တွေ လွန် မြောက် ပြီး

သစ္စာဉာဏ်နှိမ်တ် ကင်းဆိတ်သော အလေ့အကျင့်သိလက မဂ်လမ်း ဖိုလ်လမ်း နိဗ္ဗာန်လမ်းပေါ့။

ခု ပြောတဲ့ အတိုင်း ဘာဝနာ ဆိုတာက ပွါးများ ကြောင်း ပြောတာ၊ ဘယ်လို ပွါးများပုံလဲ ဆိုတော့ က သိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ အနုဿတိ ၁၀-ပါး၊ အာဟာရေ ပဋိကူလသညာ ၁-ပါး၊ စတုဓာတု ဝဝတ္ထာန် ၁-ပါး၊ ဗြဟ္မဝိဟာရတရား ၄-ပါး၊ အရူပကမ္မ ဋ္ဌာန်း ၄-ပါး၊ ပေါင်း ၄၀-သောကမ္မဋ္ဌာန်းမှ တခုခုသော ကမ္မဋ္ဌာန်းကို ပရိကံချပြီး ပွါးများတာလဲ ဈာန်လမ်း အ လေ့အကျင့်ဘဲ၊ ဒီတော့ သိလနှင့်မလွတ်ထာ နားလည် လောက်ပြီ မဟုတ်လား။

မဂ္ဂင်နှင့်မလွတ်ပုံလဲ ပြောရအုံးမယ်၊ အောက်သံသ ရာ လည်တာလဲ မဂ္ဂင်နှင့်ဘဲ၊ အလယ်သံသရာလည်တာ လဲ မဂ္ဂင်နှင့်ဘဲ၊ အထက်သံသရာလည်တာလဲမဂ္ဂင်နှင့်ဘဲ၊ သံသရာက လွတ်အောင် အားထုတ်တာလဲ မဂ္ဂင်နှင့်ဘဲ၊ မိစ္ဆာမဂ္ဂင်နှင့် သမ္မာမဂ္ဂင်ဘဲ ကွာပါတယ်။ ဒုစရိုက်ကံ ပြုလုပ်ကြတာတွေလဲ မိစ္ဆာမဂ္ဂင်လမ်းဘဲ၊ သုစရိုက် ၁၀- ပါးကံ ပြုလုပ်ကြတာလဲ ကမ္မသကတာ သမ္မာမဂ္ဂင်လမ်း ဘဲ၊ ကမ္မဋ္ဌာန်း ၄၀-ပြုကြတာလဲ ဈာန သမ္မာမဂ္ဂင်လမ်း ဘဲ၊ အဲဒါ လောကီမဂ္ဂင် လမ်းတွေဘဲ၊ လောကုတ္တရာ လမ်းကတော့ ရုပ်နာမ်ခန္ဓာ အာယတနဓာတ်၊ သစ္စာ ပဋိစ္စသမုပ္ပါဒ် တို့ကို သမ္မာသက်ပ္ပ အားဖြင့် ကြံစည်၍ သမ္မာဒိဋ္ဌိ ဉာဏ်ရအောင် အားထုတ်ရတာက စတုသစ္စ

သမ္မာ ဒိဋ္ဌိ မဂ္ဂင်ဆိုတော့ မဂ္ဂင် မလွှတ်တော့ဘူး မဟုတ်လား။ ဟဲ့ မောင်ငွေ- ခုပြောခဲ့တဲ့ ရေးခဲ့တဲ့တရားတွေ စကားတွေ နားလည်ရဲ့လား၊ တရားနာတယ်တရားစာ ကြည့်တယ်ဆိုတာ ငါ့သဘော, ငါကြည့်,ငါရှာ,ငါအားထုတ်ကြီးနှင့်လဲ မရှာရဘူး၊ မေ့မေ့လျော့လျော့ ပေါ့ပေါ့ တန်တန်နှင့်လဲ မရှာရဘူး။

၁။ ကာမစ္ဆန္ဒ နီဝရဏ- အာရုံငါးပါး ကာမဂုဏ်တရား။

၂။ ဗျာပါဒ နီဝရဏ- ဖျက်ဆီးလို- ပျက်စီး စေ လိုသော ဒေါသတရား။

၃။ ထိနမိဒ္ဓ နီဝရဏ- အိပ်ချင် ငိုက်မျဉ်း၍နေခြင်း။

၄။ ဥဒ္ဓစ္စ နီဝရဏ- စိတ်ပြန့်လွင့်နေခြင်း။

၅။ ဝိစိကိစ္ဆာ နီဝရဏ- တရားဟောဆရာရော တရားစာရော မိမိကိုပါ ဟုတ်မှ ဟုတ်ပမလား။

၆။ အဝိဇ္ဇာ နီဝရဏ- လိုချင်စရာ ပြော၍ လိုချင်ရမှန်းမသိ,ကြောက်စရာပြောလဲကြောက်ရမှန်းမသိ။

ဆိုတဲ့ နီဝရဏတွေဖယ်ရှားပြီး သမာဓိကြီးကြီးနှင့် နာရ, ကြားရ, အားထုတ်ရတယ်၊ ဟောဒီ ဆောင်ပုဒ်ကလေးအတိုင်းရှာမှ နေရာကျမယ် (မှန်မှားသိမှ မှတ်ရာသည်၊ ကြံအားရှိမှ တတ်ရာသည်၊ ဉာဏ်သွားရှိမှ မြတ်ရာသည်၊ မစပ်မယှဉ် အဖတ်တင် ငြိုငြင်တတ်လှသည်) တဲ့ ဟဲ့၊ ဆင်းရဲအကျိုးမရှိကြီး နေတတ်တယ်နော်သတိထား........။

မောင်ဌေး။ ။မှန်ပါ သတိမပျက်စေရပါဘုရား........

ဆရာတော်။ ။အေး အေး- ခုပြောခဲ့တဲ့ ဆောင်ပုဒ်ကလေးအရ အမှား အမှန် သိတ္တိုရာ သပ္ပုရိသဆိုတဲ့ ပုဂ္ဂိုလ်နှင့် မတွေ့သမျှ ကာလပတ်လုံး ချမ်းသာအစစ်ကို မရနိုင်ကြဘူး၊ လောက တခုလုံးရှိတဲ့ သတ္တဝါတွေဟာ ဆင်းရဲကိုရှာတဲ့ သတ္တဝါရယ်လို့ များ ကြားဘူးရဲ့လား၊ လှုပ်လှုပ်ရွရွ သွားလာ ပျံသန်းနေတဲ့ သတ္တဝါတွေမေး-ဘာလုပ်ကြတာလဲလို့၊ အဖြေပေးမှာကတော့ ကောင်းကောင်း မြင်ချင်လို့၊ ကောင်းကောင်း ကြား ချင်လို့၊ ကောင်းကောင်း စားချင်လို့ အစရှိတဲ့ အာရုံ ငါးပါး ကာမဂုဏ်တရားအတွက်ပါဘဲ ဆိုတဲ့ အဖြေမှအပ အခြား အဖြေ ပေးမှာ မဟုတ်ဘူး။ နောက်ပြီး ဒါနချတဲ့ ပုဂ္ဂိုလ်တွေ, သီလဆောက်တည်တဲ့ ပုဂ္ဂိုလ်တွေ, ဘာဝနာပွါးများတဲ့ ပုဂ္ဂိုလ်တွေမေး၊ ဒီအတိုင်း ချမ်းသာချင်လို့ ဆိုတဲ့ အဖြေဘဲ ထွက်မှာပါဘဲ။ ဒါပေမဲ့ အဝိဇ္ဇာ တဏှာ ဝသေနနှင့် လွတ်အောင် မပြုနိုင်ကြတဲ့ အတွက် ချမ်းသာစစ် ချမ်းသာမှန်များ ရကြမလား ဘယ်ရမလဲ၊ မီး ၁၁-ပါး၏ အဝါးအမျိုသာ ခံနေကြရတာဘဲ မဟုတ်လား။ ဗြဟ္မာပင် ဖြစ်လင့်ကစား ဆိုခဲ့တဲ့ အတိုင်း သူတော်ကောင်း အဆုံးအမ မရလျှင် ဗြဟ္မာ့ပြည် တဝင်းဝင်း ဝက်စားကျင်းတရှုပ်ရှုပ် ဆိုသလို နှစ်ချီမြုပ်ချီဘဲ ဟောသည့် ပါဠိတော်အတိုင်းပေါ့ကွယ်......

ဥက္ကဋ္ဌာ ပုညတေဇေန၊ ကာမရူပ ဂတိံ ဂတာ။
ဘဝဂ္ဂတ္တမ္ပိ သမ္ပတ္တာ၊ ပုနာဂစ္ဆန္တိ ဒုဂ္ဂတိံ။ ။

ဒေဝသံဃာ၊ ဒိဗ္ဗနတ်အပေါင်းတို့။ ပုညတေဇေန၊ ဒါန သီလ သမထ ဟု စရဏာဂုဏ်တော် အာနုဘော်သည်။ ဥက္ကဋ္ဌာ၊ ပင့်ကောင်မြှောက်ကြွ ထောက်ထချည်ငင် မြှင့်တင်သွေးဆောင်အပ် ကုန်သည်ဖြစ်၍။ ကာမရူပ ဂတိံ၊ လူ့ပြည် နတ်ပြည် ဗြဟ္မာပြည်သို့ တခါ တခေါက် ကံကောင်းထောက်၍။ ဂတာ၊ ကတိုက်ကရိုက်နှင့် ရောက်လာကြကုန်သော ပုထုဇဉ် ဗြဟ္မာ့မိုက်ကြီးတို့သည်လည်းကောင်း။ ဘဝဂ္ဂတ္တမ္ပိ၊ ဘုံထွဋ်ဘုံဖျား အမြင့်စားအကျော် နေဝသညာ နာသညာ ခေါ်ရတဲ့ အရူပဗြဟ္မာကန်းကြီးတို့သည်လည်းကောင်း။ သမ္ပတ္တာပိ၊ သမာဓိမြှောက် ချွန်ဟုန်ပေါက်၍ သက္ကာယဒိဋ္ဌိမသေ ကမ္ဘာကြီးရှစ်သောင်း လေးထောင်ပင် နေရငြား သော်လည်း။ ပုညက္ခယေန၊ ဆယ်ဖြာပုည ကုသလက မြှောက်ပင့်ရင့်သန် စွမ်းအား ကုန်ခမ်းခြင်းကြောင့်၊ ပုန၊ အဝီစိလောက် ဒိုးရိုပေါက် ၍ အောက်သို့ တုန့်ခေါက် တဖန်။ ဒုဂ္ဂတိံ၊ မကောင်း သူတို့လားရာ ပူဆာထန်ပြင်း မဆန်ငြင်း နိုင်တဲ့ ငရဲ တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်- အပါယ်လေးဘုံသို့။ အာဂစ္ဆန္တိ၊ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, ငါ-ငါ-ငါ ဆိုတဲ့ တရားကဆွဲငင်၍ ကသိကအောက်နှင့် ဇောက်ထိုးကျွမ်း ပြန် ချက်ခြင်းမကြာ သက်ဆင်း၍သာ ကျရ ပြန် လေ တော့သတည်း။

ထိုဒေသနာတော်အရ သံသရာကြီး ကျင်လည်ကြရတာဟာ လာဘော, အလာဘော, ယသော, အယသော, နိန္ဒာ ပသံသာ သုခံ ဒုက္ခံ ဆိုတဲ့လောကဓံအတိုင်းမို့ ဘယ်လောက်မှ အားကိုးစရာ အားထားစရာ မရှိကြောင်း သိမြင်ပါလျှင် သံသရာထွက်ပေါက် မတွေ့တွေ့အောင် ရှာကြမှာပေါ့၊ သည်လို ဟုတ်တိုင်းမှန်ရာ မသိကြလို့ ပေါ့ပေါ့ဆဆနှင့် အချိန်ဖြုန်း၍ ပြုံးနိုင် ရယ်နိုင်ကြတာပေါ့ကွယ်။

ပညာမြင်အနုတ္တရဆိုတဲ့ သမ္မာဒိဋ္ဌိဉာဏ်မရသမျှတော့ လူရော, ရှင်ရော, နတ်ရော, ဗြဟ္မာရော, စာတတ်, စာမတတ်, သက်ကြီး, သက်ငယ်, ပါရမီရှိမရှိ အထူးတွက်မနေနှင့် ပသာဒ သဒ္ဓါမို့ ဂတိမမြဲသဖြင့် အပါယ်ငရဲ စိတ်မချရဘူး။ ဒါကြောင့် "မရှိတာထက် မသိတာခက်၊ မသိတာပတ်ပတ် သိလျှင်အစသတ်၊ မသိလျှင်တွယ် သိလျှင်ပြယ်၊ မတွယ်လျှင်အေး တွယ်လျှင်ဘေး၊ သိ-ပယ်ဆိုက်-ပွါး လေးပါးကိစ္စ အမှန်ရ မုချဆပ်ဆပ် ပရမတ်၊ ပရမတ်ပေါက် ပညတ်ပျောက် မှတ်လောက်သောတာပန်" တဲ့။ ၎င်း ဆောင်ပုဒ်ကလေး တွေလဲ အရဆောင် ထားကြကွဲ့၊ ပညာရှိစကား မိုးကြိုးသွားနှော်၊ စကားတလုံးရဲ့ အဓိပ္ပါယ် ကုန်အောင် ယူနိုင် သဘောပေါက်နိုင်မယ်ဆိုလျှင် လောကဆုံးတာဘဲ၊ ပေါ့ပေါ့လေး မအောက်မေ့လိုက်နှင့်။

ဟဲ့ တပည့်ကလေး မောင်ရွှေ၊ တရားဟော ကောင်း တယ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ် ဘယ်လိုဟောမှ ခေါ်သ လဲ နားလည်ရဲ့လား။

မောင်ရွှေ။ ။မှန်ပါ- တပည့်တော်တို့ အကြိုက်က တော့ ဓမ္မကထိက ချောချောလှလှ သပ်သပ်ပါယ်ပါယ် နှင့် အသံကောင်းကောင်း လင်္ကာ ကောင်းကောင်း အ ပြောကောင်း သဘောကောင်း အသံချိုစက်လဲပါ နာမယ် ကလဲ ကြီးကြီးမှ ကြိုက်တယ် သဘောကျတယ် ဘုရား။ ဓာနီအထဲ ယောဂီမကလေးတွေပါပြီး ဦးဘိုးစိန်တို့၊ ရွှေ မန်းတင်မောင်တို့၊ စိန်အောင်မင်းတို့ အငြိမ့်ပွဲထဲက ယိမ်း သမကလေးတွေလို စည်းဝါးကျကျ ညီညီညာညာ ရွတ် ကြဘတ်ကြမယ်ဆို သာကြိုက်ကြလေးတယ် ဘုရား။

ဦးချန်ထွန်း။ ။ဟာ- တယ်လုပ်လိုက်ပါလားတပည့် ရ၊ မင်းဟာ လက်ဝဲစောင်းသွားပြီ ထင်တယ်။ သည်လို ဆိုတော့ ဈေးဝ လဘက်ရည်ဆိုင်က အရပ်သားတွေ ပြောကြတဲ့စကားမျိုး ကျနေပါကလား၊ "ဈေးနားနီးနီး တိုက်ကြီးကြီးနှင့် ရုပ်ချော ဥစ္စာပေါ ဇိမ်ပါအခဲ့ တဲ့မှ ကွ" ဆိုတာလိုနေပါပေါ့ကလား ဟဲ့။

မောင်ရွှေ။ ။အောင်မယ်- တပည့်တော်တို့ မြို့မှာသာ မဟုတ်ဘူးဘုရား၊ ဆရာတော် ရောက်ရာ တရားဟော ရာ မြို့တွေလဲ ပုံစမ်းကြည့်ဘုရား သည်လိုရှိကြမှာဘဲ။

ဦးရန်ဘုန်။ ။အေးအေ- ပြောလဲ ပြောချင်စရာဘဲ

ကွယ်၊ ငါတခါခရီးထွက်လာစဉ် သင်္ဘောပေါ်မှာ ကြိ ခင်းမြို့က မဟာသမယသုတ်အဖွဲ့ ဆဋ္ဌသံဂါယနာတင် ကပြန်အလာ သူတို့နှင့်ခရီးဆုံမိကြလို့ အကျိုးအကြောင်း လျှောက်ထားမေးမြန်း ပြောဆိုကြရာ၊ တကာမကြီး တ ယောက်က လျှောက်တယ်၊ မင်းပြောသလိုဘဲ သူတို့မြို့ မှာလဲ သည်လိုဘဲတဲ့။ နောက်ပြီး တကာတယောက်လဲ လျှောက်ဘူးတယ်၊ ရှမ်းပြည်မှာ တရားဟောကြ နာကြ တာဟာ ပါဠိဘာသာသက်သက်မှ ဘုရားတရားတော် တဲ့၊ ဗမာပြန်နှင့် ဟောသော်ရင်း၊ ရှမ်းလို ဟောသော် ရင်း၊ ဘုရ့တရား မဟုတ်လို့ဆိုပြီး လေးလေးစားစား မနာကြဘူးတဲ့၊ သည်တော့ ငါက ပါဠိဘာသာ ဘယ် နားလည်မလဲလို့ပြောတော့ နားလည်တာ မလည်တာ လိုရင်းမဟုတ်ဘူး၊ ဘုရားတရားတော် နာရပြီးရောပေါ့ လို့ပြောသတဲ့၊ ဒါလဲ အရင်ကထင်ပါရဲ့ကွယ်.......။

အင်း ခုပြောခဲ့ရေးခဲ့သလိုဘဲဟေ့၊ တရားမျက်စိ လည်ကြတာ ရှောက်ပြောလို့ ဆုံးမှာမဟုတ်ဘူး၊ ပြော ကတည်း ဝေဘာနိကတည်းက အဝိဇ္ဇာ ဦးစီးကြီးနှင့်ကိုး ကွဲ့၊ အဝိဇ္ဇာလက်ကိုင်နှင့်ပြောသရွေ့ယူဆသရွေ့ဘယ် တော့မှ အမှန် မကျနိုင်ဘူး၊ ပုထုဇ္ဇနော ဥမ္မတ္တကော၊ ပု ထုဇ္ဇနော အန္ဓော၊ ပုထုဇ္ဇနော ဗာလော လို့ ရှင်တော် ဘုရား တထစ်ချ ဟောတော်မူသည့်အတိုင်း အရူးတွေ အကန်းတွေ အမိုက်တွေ ဆိုတော့ တသံသရာလုံးဘယ်

တော့မှ လောကုတ္တရာ သစ္စာကိုက်အောင်မှန်အောင် မ ဝေဘန်နိုင်ကြဘူးပေါ့။

အဲဒီလို မိမိတို့ကိစ္စ မိမိတို့ မသိကြတော့ ဘယ်လို ဟောမှ ကြိုက်တယ်၊ ဘယ်ဝါဒမှ မှန်တယ်၊ ဘယ်ဆရာ ဟောလိုက်ထာက အာပါဒါနို ကန် လွန်းတယ်၊ သည် တရားသိ အောက်သံသရာ လွတ်ပေါ့လို့ ဟောတယ်၊ အ ဆုံးအဖြတ်ကလဲ မြန်လိုက်ထာ၊ ပြီးတော့လဲ သူတို့တရား ကို တထိုင်ထည်းနှင့်သော်၎င်း၊ တရက်ထည်းနှင့် သော် ၎င်း၊ ၇-ရက် ၇-လနှင့်သော်၎င်း သောတာပန် ဖြစ်နိုင် သတဲ့၊ ဒို့ နာဘူးတာက သည်လို ဟုတ်ပေါင်၊ ဝဏ္ဏ ကြောင်းတွေ ရာဇဝင်ကြောင်းတွေ ပုံပြင်တွေ ဝေဝေ ဆာဆာပါသည့်အပြင် အသံကလဲ ကောင်းပါဘိသနှင့်၊ ပရိသတ်ကို မျက်ရည်ကျယူလောက်အောင် ကောင်းတာ ဘဲနှင့် ပုဂ္ဂလစွဲ ဝါဒစွဲကြီးတွေ လက်ကိုင်ထားပြီး မိမိ တို့ ကြားဘူး နာဘူးတဲ့ တရားတွေနှင့် ပြိုင်ကြည့် ဆိုင် ကြည့်, ချေးများပြီး စောဒကတက်နေကြတာဘဲ၊ ဟော လျှင် ဟောတဲ့အတိုင်း ပြောလျှင်ပြောတဲ့အတိုင်း လေ့ ကျင့် ပွါးများပြီး မကြည့်ကြဘူး၊ တရား ဟောဆရာ ကျမ်းရေး ဆရာတို့ကို အပြစ်တင် ဈေးသစ်နေသလိုနှင့် ပြန်၍ သာသနာပြုနေကြတာဟာ အခက်ဆုံးဘဲ။

ဟဲ့ မောင်ရွှေဘို့ မောင်ငွေတို့ နားစိုက် ကြရဲ့လား၊ စိတ်တွေ ဘယ်များရောက်နေသလဲ၊ သမာဓိ မပျက်ကြ စေနှင့်၊ တရား နာနာ တရားစာ ဘတ်ဘတ် ရှေ့စဉ်

နောက်ဆက် သီလ သမာဓိ ဆိုတဲ့ မဂ္ဂင်ကိုက်မှ ပညာ ဆိုတဲ့မဂ္ဂင် တပြိုင်နက် ဝင်နိုင်တာမျိုး၊ ဘယ်အရာ မဆို ကောင်းမှ ကောင်းတာမှန်လျှင် လောကီရော လောကုတ္တရာရော ပစ္စုပ္ပန် အရေးကြီးတယ်၊ ရှေ့ကိစ္စ နောက်ကိစ္စ စဉ်းစားမနေနှင့်၊ အဲဒီ ဝိတက်ဝင်လာလျှင် မဂ်ရဲ့ အန္တရာယ်တွေဘဲ။

ခု အထက်က ရေးသား ပြောဟော လာတဲ့အတိုင်း သတ္တဝါတွေရဲ့တသံသရာလုံး အမှန်တရား မရောက်ခဲ့တာ ထောက်တော့ ဟိုဒင်း ဝဋ္ဋကလေး သွားပေါ်သကွယ် နာကြဲမလားဟော့”

မောင်ရွှေ။ “မှန်ပါ- နာပါရစေဘုရား၊ ဘုရား တပည့်တော်တို့လဲ ဝဋ္ဋဆို သာကြိုက်ထာပေါ့ဘုရာ့၊ ရုပ်တရား နာမ်တရားဆိုတာတော့ သံခိပ်အဖွဲ့ အမျိုးသမီးကလေးတွေရက်လို့ နာရတာဘုရာ့၊ သူတို့က ရုပ်တရား နာမ်တရားတွေ ရွတ်လိုက် ဘတ်လိုက်နှင့် ဥပုသ်နေ့တို့ ဘုရားကိုးဆူ ဆွမ်းကပ်တို့ရော ဘယ်အလှူပွဲမဆို သူတို့က တခမ်းတနား မျက်နှာပန်း လှလှနှင့် ဆေးသောက်လိုက်- ကွမ်းစားလိုက်- မုန့်ပဲသရေစာတွေ စားလိုက်နှင့် ရဟန်း သံဃာတော် တွေနှင့်တကွ လူကြီး လူကောင်းတွေရဲ့အခွင့်အရေး အပေးခံနေတာတွေရတော့ တပည့်တော်တို့အမျိုးသားကလေးတွေမှာ အစဉ်သဖြင့် ချောင်ထိုးခံချည်း နေရမှာကြောက်လို့ တမင်တကာ ကြိုးစားရတာဘုရာ့၊ သဒ္ဓါစိတ်ထက်သန်လှလို့တော့ မဟုတ်ဘူး။

ဦးရန်ကုန်။ ။အေး အေး- ဟုတ်တယ် ဟုတ်တယ်၊ ငါက ဒါကြောင့် အစဉ်မပြတ် သတိပေးနေတယ်မဟုတ်လား၊ "ပညာရဲရင့် ပွဲလည်တင့်၊ ပညာမဲ့ဘိ လူမသိ၊ ပညာရှိသော် လူခေါ်ဝေါ်၊ ပညာအရှိန် လွှန်တောက်ထိန်၊ ပညာစိန်သွား မြဲဆောင်ထား၊ ပညာရွှေဒိုး လူမနိုး၊ ပညာမျိုးသာ ကိုယ့်ဥစ္စာ"၊ အဲဒီ သံပေါက် လက်ာအတိုင်းဘဲ၊ လောကီ လောကုတ္တရာ နှစ်ဖြာလုံးပညာဦးစီးကြီးဘဲ၊ ပညာ မရှိလျှင်တော့ အောက်တန်း နောက်တန်းက ချည်းသာမှတ်။

လောက လူရယ်လို့ ဖြစ်လာမှဖြင့် လူလူချင်း ရင်ဘောင်တန်းနိုင်အောင် "သတိတမန် ဉာဏ်မြေကတုတ် ပညာစွန်း ချွန်းကဲ့သို့အုပ်" ဆိုသလို လုံ့လဝီရိယ ရှိမယ်ဆိုလျှင် မသိသေးတဲ့ တရားသာ ရှိတယ်၊ မသိအပ်တဲ့ တရား မရှိဘူးတဲ့၊ ကြိုးစားက ဘုရားတောင် ဖြစ်နိုင်တယ်တဲ့။

အဲ- ခုဟောခဲ့တဲ့အတိုင်း တရားရှာတယ်- တရားအားထုတ်တယ် ဆိုပေမယ်လို့ သပ္ပုရိသ ဉပနိဿယ ကျကြဲလာန ရတို့အရေးကြီးတယ်၊ သဒ္ဓါနှင့် ပညာ, သမာဓိနှင့် ဝီရိယ ချိန်ကိုက်မှ မဇ္ဈိမ ပဋိပဒါ လမ်း ကျမယ်၊ "အယူသန် အကျင့်ပြော့ သဿတဒိဋ္ဌိ၊ အကျင့်သန် အယူပြော့ ဉစ္ဆေဒဒိဋ္ဌိ" ဆိုသည့်အတိုင်း ဒိဋ္ဌိခွါရင်း ဒိဋ္ဌိပြန်ကပ်နေတတ်တယ်။

ဒါကြောင့် ဓမ္မ ပရိယာယ် ကွယ်အောင် တရားဦး

ခေါင်း ဆုံးမ ထားဘို့ အရေးကြီးတယ်၊ တရားဦးခေါင်း ဆုံးမ ထားဘို့ကလဲ ငါတို့ရဲ့ သုံးလူ့ မှန်ကင်း တရားမင်းကြီး၏ ရွှေရင်တော်နှစ် သားတော်စစ် ရဟုလာကဲ့သို့ ဒိကနေ့ ဟောဒိမြေမှုန့်၏ အလုံးရေနှင့်အမျှ ငါ့အားဆုံးမမဲ့ ဆရာ တွေ့ပါစေသတည်းလို့ နေ့စဉ်နှင့်အမျှ သစ္စာအဓိဋ္ဌာန်ပြုသတဲ့၊ အဓိဋ္ဌာန်မှ ယျ မနိုင်းယှဉ်အပ်တဲ့ ဘုရားသားတော်ဗိုဒ် ဆန္ဒတော်ကြီးဟာ ဘယ်လောက်ပြင်းပြသလဲ၊ ကြည်ညိုလို့ ဆုံးနိုင်ပါအုံးတော့မလားကွယ်။

ခုခေတ်ကတော့ ဒီလို မဟုတ်ဘူးပေါ့ "ပညာရှိထံ နည်းမခံ ဂုဏ်မာန် တတင်းတင်း" မိမိတို့သိသမျှတပိုင်း တစညက်ကလေးနှင့် ဆရာလုပ်ပြကြတာတွေ ဟောကြတာတွေ တွေ့ရ ကြားရသေးတယ်ကွဲ့၊ "ပညတ်နှင့် ပရမတ်လဲ မကွဲ၊ သဿတနှင့် ဥစ္ဆေဒလဲမကွဲ၊ ခန္ဓာနှင့် ဥပါဒါန်ကွန္ဓာလဲမကွဲ၊ ရိုးရိုးရှိရင်းဝေဒနာနှင့် ဥပါဒါန်ကြောင့် ဥပါဒ်ချောက်တဲ့ ဝေဒနာလဲ မကွဲ"၊ စိုင်းပိုင်းကြီးတွေ ဝင်းဝင်းကြီးတွေ ဘုံနန်း ပြာသာဒ်ကြီးတွေ ထူးထူးဆန်းဆန်း သဏ္ဍာန်နှင့် နိမိတ်နှင့်၊ သို့မဟုတ်လဲ မေ့သွားတာ သတိလစ်သွားတာတွေကို တရားထင်ပြီး အဆုံးအဖြတ်ပေးကြသတဲ့၊ တဆင့်တက်ပြီ နှစ်ဆင့်တက်ပြီလို့ပေါ့၊ ဝဋ္ဋကာမနှင့် ကိလေသာကာမ ကယ်တရား အရေးတကြီးပယ်ရမယ်ဆိုတာလဲ မကွဲကြဘူးကွဲ့။ သည်လိုပြောရတာဟာ အပြစ်တင်တာမဟုတ်ဘူးနော်၊ တရားစောင်ရဲ့ နက်နဲခြင်းနှင့်တကွ မဂ်၏ အန္တရာယ်ဖြစ်တဲ့

ကိလေသာဒဏ်ချက်မလွတ်ထာ- လွတ်အောင်ခွါနိုင်ကြ ပါစေ- ဖယ်နိုင်ကြပါစေလို့ သတိပေးရခြင်း ပါဘဲ၊ သူ တထူး၏အပြစ်ကို ရှာတယ်ဆိုတာ သူယုတ်မာ အလေ့ ကဘဲ။

မောင်ငွေ။ ။ဟိုဒင်း ဝတ္ထုကလေး ဟောမယ် ဆို တာ ဘာဝတ္ထုလဲဘုရား၊ နာချင်လှဘိ........။

ဦးရန်ကုန်။ ။အေး အေး-ဟုတ်တယ်ကွဲ့၊ ပြောချင် ဟောချင်တာတွေက များများပြီး အရှိန်သတ်လို့မရဘူး၊ ကျမ်းလေးမှာလဲ အစိုးသားဟဲ့၊တချို့ကျမ်းကြည့်ရတာ ဟာ စကတည်းက ဆုံးသာ သွားရော၊ လေးလေးနက် နက် ကွက်ကွက်ကွင်းကွင်းနှင့် လောကီအလိမ္မာ,လော ကုတ္တရာအလိမ္မာ တိုးလှတယ်မရှိဘူး၊ သည်လိုဆိုတော့လဲ ကျမ်းစာအုပ်ဘိုးကုန်ရုံ အချိန်ကုန်ရုံဖြစ်နေမှာလဲ ကိုယ် ချင်းစာ ပါတယ်ကွယ်၊ ယခုရေးခဲ့တဲ့ အတိုင်းကတော့ အရေးတကြီးလိုအပ်တဲ့ ဓမ္မသဘောမှလွဲ၍ တလုံးမှ ပါ မယ် မဟုတ်ပါဘူး။

ကဲကဲ မင်းသိလိုတဲ့ဝတ္ထုက ဒီလိုဒီလို၊ မွေးကတည်း က မျက်စိမမြင်တဲ့ လူတယောက်၊ ဆယ်နှစ်-ဆယ့်နှစ်နှစ် မှ မျက်စိမမြင်တဲ့လူတယောက် နေရာတခုမှာ စကား ပြောကြသတဲ့၊ ကြီးမှကန်းတဲ့လူက ခုနေများကွာ မိုး ကလေးကအေးအေး နွားနို့ပူပူလေးသောက်လိုက်ရရင် ဘယ်လောက်ကောင်းမလဲမသိလို့ငြီးသတဲ့။ သည်တော့ မွေးကတည်းက ကန်းတဲ့လူက နွားနို့ဆိုတာ ဘယ်လို

နေသလဲလို့ မေးသတဲ့။ ကြီးမှာကန်းတဲ့လူက နွားနို့ဆို တာ ဖွေဖွေပါကွာလို့ဖြေတော့၊ တခါထပ်မေးပြန်သတဲ့။ ဖွေဖွေဆိုတာ ဘယ်လိုလဲ၊ ဖြူဖြူဆိုတာ ဗျိုင်းလိုဘဲ လို့ ဖြေပြန်သတဲ့၊ မွေးကတည်းက ကန်းတဲ့လူကိုကွ၊ ဖြူဆိုတာလဲ မမြင်ဘူး၊ ဗျိုင်းဆိုတာလဲ မမြင်ဘူးနှင့် ရှောက်မေး နေတာပေါ့၊ ဗျိုင်းဆိုတာ ဘယ်လိုလဲပေါ့ လေ၊ ဗျိုင်းဆိုတာ လည်ပင်းနှင့် ကောက်ကောက်ကြီး၊ တခါထပ်ပြီး ကောက်ကောက်ကြီး ဆိုတာ ဘယ်လိုလဲ၊ ဟော သည်လို ဆိုပြီး လက်မောင်း တဖက် ထောင်ပြီး ကောက်ပြသတဲ့၊ သည်တော့ ဝမ်းတွင်းကန်းက စမ်း ကြည့်ပြီး ဩော်- နွားနို့ဆိုတာ ဒီလို ကောက်ကောက် ကြီးကိုး လို့ ပြောသတဲ့။

ဟဲ- လိုရာရောက်အောင်သေးရဲ့လား၊ အဲဒီလို ဘဲကွ၊ လော ကုတ္တရာတရားဆိုတာလဲ သံသရာစ,ကတည်းက ဘယ် တခါမှ သိဘူး မြင်ဘူးတဲ့ တရား မဟုတ်တော့ ဆရာ အပြ နေရာကျချင်ကျရော့၊ နေရာမကျ ပလားဆိုမှဖြင့် ဆရာတပည့်တွေ အမောသာအဖတ်တင်တယ်၊ လိုရာ မရောက်သဖြင့် မသိတာဟာ အရင်အတိုင်းဘဲ။

ဒါကြောင့် "ကျမ်းလျှောက်မဆုံး- ကျမ်းပေါက် တ လုံး"တဲ့၊ ဝိဋကတ် သုံးပုံထဲမှာ အရေးတကြီးသိဘို့ တ ရားက လက်နှစ်လုံးရယ်၊ ဒေသနာတော်ကြီး ကျယ်နေ ရတာက သတ္တဝါ ဝေနေယျတို့ရဲ့စိတ် ဆန်းကြယ်လို့ ဆန်းဆန်း ကြယ်ကြယ် ဟောတော်မူရတာ၊ လိုရင်းက

တော့ ရုပ်တလုံး-နာမ်တလုံး ဓာတ်တလုံး အစရှိတဲ့ ပရမတ္ထတရား သဘောသက်သက်ကို သဘောသက်သက်သာလျှင် ဟုတ်ပါလားလို့ ဉာဏ်ဝင်ထင်လိုက်လို့ ပညာမြင် ရောက်တယ် ဆိုမှဖြင့်-

ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ဝါ။
သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိဖလံ ဝရံ။

ပထဗျာ၊ မြေအပြင်၌။ ဧကရဇ္ဇေန၊ လေးကျွန်းလုံးကို အစိုးရသော ဧကရာဇ်မင်းကြီး၏စည်းစိမ်ချမ်းသာထက် ၎င်း။ သဂ္ဂဿ ဂမနေန ဝါ၊ နတ်ပြည် ဗြဟ္မာ့ပြည်သို့ လား [redacted]

သဘောကျ လောကဓမ္မတာ"။ ပုဂ္ဂလာဓိဋ္ဌာန် ပြောရ လျှင် လက်ျာတော်ရံ ဖြစ်တဲ့ ရှင်သာရိပုတ္တရာ ကိုယ်တော် မြတ်ကြီးဟာ ပဉ္စဝဂ္ဂီ ၅-ဦး အပါအဝင် ဖြစ်တဲ့ ရှင်အဿဇိ ကိုယ်တော်မြတ်နှင့် တမဂ် တဖိုလ်ရတယ်၊ သာမာဝတီ အမျိုးရှိသော မိဖုရားငါးရာဟာလဲ ခုဇ္ဇုတ္တရာ ကျွန်မ၏ သာဝကဖြစ်ကြရတယ်၊ ရှင်စူဠပန်ကျတော့ နောင်တော်မဟာပန်က လေးပါဒမျှရှိသောဂါထာကို ဝါတွင်းလေးလလုံး သင်၍မှ မရချေ။

သို့သော်လည်း ဘုရားသခင် ကိုယ်တော်မြတ်နှင့်ကျတော့ အရှင်မဟာပန်သင်ပေးသော ဘုရား၏ဂုဏ်တော် ကျေးဇူးတော် စကားအစဉ်မျှတွင်မက ဈာန်အဘိညာဉ် နှင့်တကွ မဂ်ကိစ္စဖိုလ်ကိစ္စပါ တမဟုတ်ခြင်း တနံနက် အတွင်း အံ့ဩဘွယ်ရာ ပြီးစီးအောင်မြင်သွားတယ်။

၎င်းကိုယ်တော်မြတ်ရဲ့ အကြောင်း အကျဉ်းချုပ်ဖေါ် ပြရေးသားလိုက်ရ ဦးမှာပေါ့ကွာ တပည့်ရ။

အရှင် စူဠပန် ဝါတွင်း လေးလလုံး ကျက်၍မရသော ဂါထာ-

ပဒုမံ ယထာ ကောကနုဒံ သုဂန္ဓံ၊
ပါတော သိယာ ဖုလ္လမဝီတဂန္ဓံ။
အင်္ဂီရသံ ပဿ ဝိရောစမာနံ၊
တပန္တမာဒိစ္စ မိဝန္တလိက္ခေ။ ။

ကောကနုဒံ၊ ကော်ကနဒ အမည်ရသော၊ ပဒုမံ၊ ရွှေ သားဝတ်ဆံ ချပ်ရံတာရာ ပဒုမ္မာ ကြာသည်။ ပါတော၊

နေ့မင်းဂုဏ်ဖြင့် အရုဏ်တက်သောအခါ၌။ ဖုဿံ၊ ကား ကားလှတင့် ပွင့်သည်ဖြစ်၍။ အဝိတဂန္ဓံ၊ ထက်ဝန်း ဒိသာ ယုဇနာတိုင်တိုင် သင်းကြိုင်ထုံပြန့် ရနံ့မွှေးကြူခြင်း ရှိသည်ဖြစ်၍။ သုဂန္ဓံ၊ ချိုပြန့်လှောင်း ကောင်းသော ရနံ့ရှိသည် ဖြစ်၍။ ဝိရောစမာနံ၊ ထွန်းပ စမွယ်လွန်တင့်တယ်သည်။ ယထာ ယထာ၊ ဖြစ်ရာသကဲ့သို့။ အန္တလိက္ခေ၊ မင်းလွင် တိမ်ထပ် မြူလျှပ်စင်ဆုံး တန်ဆောင်မုန်း မာသ ကောင်းကင်ဝ၌။ တေဇသာ၊ တန်ခိုး ရောင်ခြည် ထွန်းလည်ပြောင်ပြောင် ထိန်ထိန်လောင်သဖြင့်။ တပန္တံ၊ တောက်ပသော။ အာဒိစ္စံ ဣဝ၊ လေးကျွန်း မှန်ကင်း ရှင်နေမင်းကဲ့သို့။ ဝိရောစမာနံ၊ ရောင်ခြည်ခြောက်သွယ် ထွန်းစမွယ်လျက် တင့်တယ်တော်မူထသော။ သုဂန္ဓံ၊ ခံတွင်းတော်နံ့ ကိုယ်တော်နံ့ဖြင့် သင်းပြန့်ဇလှိုင်လွန်မွှေးကြိုင်တော် မူထသော။ အဓိတဂန္ဓံ၊ တသိန်းကုဋေ တွက်ရေစကြဝဠာ အနှံ့ပြာသော အာဘာတော်နံ့ ဂုဏ်တော်နံ့လည်း ရှိတော်မူထသော။ အင်္ဂီရသံ၊ ကိုယ်တော်မှ ပြိုးပြိုးပြက်ပြက် ထွက်သော ရောင်ခြည်တော်ရှိသော မြတ်စွာဘုရားကို။ တွံ၊ သင်သည်။ ပဿ၊ ရှုလော့။

ဤဂါထာကို သင်ပါသော် လည်း ရှေးသော ဘဝ ကဿပဘုရားလက်ထက်တော်၌ ရဟန်းဖြစ်သောအခါ ပညာထုံသောရဟန်းတဦးအား ကျီစားပြက်ရယ်မှု ပြုလျက် နှိပ်စက် ခဲ့ဘူးသော ဝိပါက်ကြောင့် အနက်

အဓိပ္ပါယ်ကို မဆိုထားဘိ စကားအစဉ်ကိုမျှ ပဋ္ဌမပါဒ ဆုံး၍ ဒုတိယပါဒသို့ရောက်လျှင် သင်ခဲ့သော ပဋ္ဌမပါဒ မေ့ရစ်၏။

ဤသို့အားဖြင့် မလျော့သောလုံ့လနှင့် ဝါတွင်းလေးလလုံး ကြိုးစားပါသော်လည်း မရမမိချေ။ ထိုအခါ နောင်တော် မဟာပန်က-

အချင်းစူဠပန္ထက-သင်သည် လေးပါဒမျှရှိသော ဤဂါထာကို ဝါတွင်း လေးလ ပတ်လုံး သင်၍မျှ မရမမိချေ၊ သင်ကဲ့သို့သော သူသည် လူမည်ကာသာဖြစ်၍ အနှစ်သာရနှင့်ပြည့်စုံလှစွာသော ဘုရားရှင်သာသနာတော်နှင့် မထိုက်မတန်ပေ၊ မြေနုကျွန်း၌ ရေသွန်း၍ မပေါက်အပ်သော မျိုးကဲ့သို့ အကျိုးမဲ့သော ဘဝသာ ဖြစ်ချေသည်၊ ယနေ့ပင် လူထွက်၍ အသက်မွေးလေတော့။

တန်တော့ တမိဝမ်းတွင်း အတူဆင်းခဲ့သော နောင်တော်အရင်းပင် ငါ့အား စွန့်လွှတ်ချေပြီ၊ မည်သူအားမျှ ကိုးကွယ်ရာ အားထားရာ မရှိပါတော့တကားဟု ဝမ်းနည်း ကြေကွဲစွာဖြင့် ကျောင်းစွန်သို့ ထွက်၍ သာသနာတော်၌ တွယ်တာသောအာသာဆန္ဒဖြင့်နေရှာသတဲ့။

နောက်နေ့ မိုးသောက်သော် ဘုရားသခင်သည် စူဠပန်အား ချီးမြှင့်တော်မူရန် ကျောင်းတော်လမ်းမ တံခါးမုခ်ဝ၌ စင်္ကြံ လျှောက်လျက် ငံ့လင့်တော်မူစဉ် စူဠပန်ဆင်းလာပြီး ဘုရားခြေတော်ရင်း၌ ဝပ်စည်းကာနေလေရာ၊ ဘုရားသခင်က ချစ်သား စူဠပန်- အလွန်စောစွာ

လျက် အသို့သော အခြင်းအရာဖြင့် သင်လာ ဘိသနည်း လို့ မေးတော်မူရာ-

မှန်လှပါဘုရားဆိုပြီး ဖြစ်ကြောင်းကုန်စင်ကို ချော့လေသော မြတ်စွာဘုရားသည် ရှင်ဥပန်၏ ဦးခေါင်းကို လက်တော်နှင့် သုံးသပ်လျက် ငါသို့သော သဗ္ဗညုဘုရား ထင်ရှား ရှိပါလျက် ပညာ လေးလံ ရုံကာမျှနှင့် ရဟန်း ဘဝကို အသို့စွန့်ရအံ့နည်း၊ သင်၏အစ်ကိုကား သူတပါး၏ အာသယာနုသယကို မချိအားဖြင့် သိတတ်သောဉာဏ် မရှိ၊ သင်ကား သာ၀က ဝေနေယျမဟုတ်၊ ဗုဒ္ဓဝေနေယျ ဖြစ်သော ပုဂ္ဂိုလ်ပေတည်း၊ လျင်စွာထလော့၊ ငါ သင် ဦးအံ့ ဟု မိန့်တော်မူ၍ ရှင်ဥပန်၏ လက်ကို ကိုင်ငင်ပြီး သော် ကျောင်းတော်ထက်သို့ခေါ်ခဲ့၍ တန်ခိုးဖြင့် စီရင် လျက် ဖြူစင်စွာသော ပုဆိုးပိုင်းကိုပွတ်နယ်စေ၍ ရဇောဟရဏံ-ရဇောဟရဏံ၊ မြူကိုဆောင်၏ မြူကို ဆောင် ၏ ဟူသော ကမ္မဋ္ဌာန်းကို စီးဖြန်း စေသတဲ့ကွဲ့။

ထိုနောက် ဘုရားသခင်ကိုယ်တော်မြတ်လည်း ငါးရာ တပါးယုတ်သော သံဃာများခြံရံလျက် ဇီဝကအိမ် သို့ ဆွမ်းစား ကြွ တော် မူ စဉ် ထိုခဏပင် ဥပါဒိန္နက ဖြစ်သော ဤခန္ဓာကိုမှီ၍ ဤအဝတ်ကလေး ဖေါက်ပြန် ပျက်စီးရချေသေး၏၊ ရူပကာယဖြစ်သော ဤခန္ဓာမူကား ယွင်းပါးပျက်စီးရမည်မှာ ကြေနသာတည်း။ စိတ် စေတ သိက်သည်လည်း ဤနည်းတူသာ ဖြစ်၏၊ ထိုသို့ စသည် ဖြင့် သတိ, သမာဓိ, ပညာကို လွန်စွာ ပွါးစေသဖြင့်

လေးပါးသော ရူပါဝစရ ဈာန်ကို ရ၏၊ ထိုဈာန်ကို အာခြေပြု၍ သင်္ခါရ တရားတို့ကို လက္ခဏာရေး အားဖြင့် သုံးသပ်စဉ် သဗ္ဗညုဘုရားသည် ထင်ရှားကိုယ်ဖြင့် ကြွ၍ ဟောပြသကဲ့သို့ ဩဘာသဘုရားကို တန်ခိုးအားဖြင့် ဖွင့်တော်မူပြီးလျှင် ဤဂါထာဖြင့် ဟောတော်မူသတဲ့ ။

ရာဂေါ ဒေါသော စ မောဟော စ၊ ရဇောရေဏူတိဝုစ္စတိ။
ရာဂဿေတံ အဓိဝစနံ၊ ဧတံရဇံ ဝိပ္ပဟိတွာန။
ဘိက္ခဝေါ ဝိဟရန္တိ တေ၊ ဝိဂတရဇဿ သာသနေ။ ။

ရာဂေါ စ၊ ကပ်ငြိတတ်သော ရာဂကို၎င်း။ ဒေါသော စ၊ ပြစ်မှားတတ်သော ဒေါသကို၎င်း။ မောဟော စ၊ တွေဝေတတ်သော မောဟကို၎င်း။ ရဇောတိ၊ မြူဟူ၍၎င်း။ ရေဏူတိ၊ မှုန်နှည့် ညစ်ကြေး ဟူ၍၎င်း။ ဝုစ္စတိ၊ ဆိုအပ်၏။ ဧတံနာမံ၊ ဤရဇောဟူသောအမည်သည်။ ရာဂဿ၊ ရာဂတရား၏။ **အဓိဝစနံ**၊ အမည်တည်း။ ဧတံရဇံ၊ ဤရာဂစသော မြူမှုန်ညစ်ကြေးကို။ ဝိပ္ပဟိတွာန၊ စွန့်၍။ တေ ဘိက္ခဝေါ၊ ထိုရဟန်းတို့သည်၊ ဝိဂတရဇဿ၊ ကင်းသော မြူရှိသော မြတ်စွာဘုရား၏။ သာသနေ၊ သာသနာတော်၌။ ဝိဟာရန္တိ၊ နေကုန်၏။

ဤသို့ ဟောတော်မူသော ဒေသနာကို ကြား ရလျှင် သင်္ခါရ တို့သည် ဉာဏ်အား ထင်လာ၍ ပဋိသမ္ဘိဒါ လေးပါး, အဘိညာဉ်ခြောက်ပါး တရားအထူးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ဤပုဥ္စပန်ကား ရှေး

သောအခါ ဗာရာဏသီပြည်ကို အစိုးရသော ဗြဟ္မဒတ် မင်းကြီးဖြစ်၍ မြို့ကို လှည့်လည်သောအခါ နဖူးက ချွေး ယိုသောကြောင့် ဖြူစင်သော ပုဆိုးဖြင့်သုတ်၍ ညစ်ငြူး သည်ကိုမြင်လျှင် ဤဖြူစင်သော ပုဆိုးသည်လျက် ကိုယ် ခန္ဓာကိုမှီ၍ ဖေါက်ပြန်ခြင်းသို့ ရောက်ရချေသည်။ ဤငါ ၏ ကိုယ်ခန္ဓာကား အသာရက အနတ္တသဘော အနိစ္စ သဘော သာတည်းဟု နှလုံးပြုလျက် အသုဘ တရားကို ပွါးစီးစေဘူး၏၊ ထိုကြောင့် အဝတ်စကိုမှီ၍ မဂ်ဖိုလ်ကို ရလွှယ်လေသတည်း။

ဆရာဇီဝကလည်း ဘုရားအမှူးရှိသော သံဃာတော် တို့အား ဆွမ်း-ယာဂုကို ကပ်ခြင်းငှါ အားထုတ်သော် ကိုယ်တော် မြတ် လည်း သပိတ်ကို အပ် တော် မမူ ဘဲ ကျောင်းတော်၌ သံဃာတပါးကျန်ကြောင်း အမိန့်တော် ရှိသဖြင့် ဇီဝကလည်း တဦးသော ယောကျ်ားကို သင် သွား၍ ပင့်ချေဟု စေလိုက်သော်၊ ရှင်ပန္ထက ငါ့နောင် တော်သည် ကျောင်းတွင် သံဃာမရှိပြီဟုဆိုသည်၊ ယခု အခါ သံဃာရှိကြောင်းကို ငါပြလိုက်အံ့ဟုကြံ၍ စတုတ္ထ ဈာန်ကို ဝင်စားပြီးလျှင် ကျောင်းအရာမ် ပြည့်အောင်မျှ လောက်သော သံဃာ တော်ကို ဖန်ဆင်း၍နေ၏။

ထိုသံဃာတော်တို့တွင် အချို့ရဟန်းကား သင်္ကန်း ချုပ်လျက် အချို့ရဟန်းကား သင်္ကန်းဖွပ်လျက်၊ အချို့ ရဟန်းကား ဆိုးရည် ကျိုလျက်၊ အချို့ကား စာ ပေ သရဇ္ဈာယ်လျက်၊ တဦးလေ့ကျက်သော ကိစ္စနှင့် တဦး

ကိစ္စသည် မတ္တရ အသွင်သဏ္ဌာန် ထူးခြားစွာဘန်ဆင်း၍ နေသတဲ့၊ အပင့်သွားသော ယောက်ျားလည်း များစွာသော ရဟန်းတို့ကိုမြင်လျှင် မည်သည့်အရှင်ကို ပင့်ခဲ့ရမည်ဟု မသိနိုင်ရကား လျင်စွာ ပြန်လာ၍ ဆရာဇီဝက ကျောင်းတော်၌ သံဃာတို့ကား အလွန်များ၏၊ ဘယ်အရှင်ကို ပင့်ရမည်နည်းဟု မေးစဉ် ဘုရားသခင် ကြွားတော်မူ၍ ဒါယကာ- စူဠပန် အမည်ရှိသော ရဟန်းကို ပင့်ခဲ့လော့ဟု မိန့်တော်မူ၍ တဘန်ပြန်ရလေ၏။

စူဠပန်လည်း အသွင် သဏ္ဌာန် တူမျှအောင် ဘန်ဆင်း၍နေပြန်သည်နှင့် ပင့်သောဒါယကာက အရှင် စူဠပန် ကြွတော်မူပါဟုလျှောက်လျှင် ငါလည်း စူဠပန်- ငါလည်း စူဠပန်တည်းဟု ရဟန်း တထောင်လုံးကပင် ဆိုကြ၏။ ထိုအခါ ဒါယကာလည်း မည်သည့် ပုဂ္ဂိုလ် ကြွပါဟု မလျှောက်တတ်ရကား ဘုရားရှင်ထံသို့ပြန်၍ အရှင်ဘုရား- အကျွန်ုပ်သွား၍ပင့်ပါသော် အလုံးစုံသော သံဃာကပင် ငါလည်း စူဠပန်- ငါလည်း စူဠပန် ဟု ပြောဆိုကြပါသည်ဟု လျှောက်၏။ ဘုရားသခင်လည်း ဒါယကာပင့်ခေါ်သောအခါ ရှေးဦးစွာထူးသော ရဟန်းကိုသာ လျင်စွာလက်ကိုကိုင်၍ ပင့်ခဲ့လော့ဟု မိန့်တော်မူခိုက်၏။ ထိုဒါယကာလည်း ဘုရားမိန့်တော်မူတိုင်း သွား၍ လျှောက်ထား ကိုင်ငင်သော် သံဃာ တို့ သည် ကွယ်ပျောက်၍ ရှင်စူဠပန်တယောက်တည်းဖြစ်လာ၍ အသင့်ပင်ပင့်ဆောင်လာမှဆွမ်းဘုဉ်းပေးတော်မူကြသတဲ့။

ဆွမ်းစားပြီးတော့လဲ ဝင်းအရှင်ဗုဒ္ဓပန်ကို ဆွမ်းအနုမောဒနာ ပြုစေသဖြင့် ခြင်္သေ့မင်းကဲ့သို့ ရဲတင်းသော အာသံဖြင့် သုံးတန်သော ပိဋကတ်ကို အနှံ့အစပ် နှံ့နှောလျက် ဆွမ်းအနုမောဒနာပြုတော်မူနိုင်တာထောက်တော့ သုံးလောကမှန်ကူ သယမ္ဘူဓမ္မရာဇာ၏ အနုတ္တရော ပုရိသ ဂုဏ်ဟာ မဟာပထဝီမြေကြီးနှင့် နှိုင်းသော်လည်း အဆုံးအပိုင်းအခြား မရှိနိုင်ပါကလား တပည့်တို့။

အဲဒါဟာ ယခင်ပြဆိုအပ်ခဲ့ပြီးသော ပုဂ္ဂိုလ်အစားစားတို့၏ ပါရမီ အစားစားနှင့်တကွ ဗုဒ္ဓဝေနေယျနှင့် သာဝက၏ ဝေနေယျ ခြားနားချက်များကို ဝဏ္ဏသက်သေနှင့်တကွ ကမ္မဥ္ဉာန်းတရားတကွက် သံသရာမှထွက်နိုင် လောက်အောင် ဒေသနာ ယုတ္တိ, အာဂမယုတ္တိ, သဘာဝယုတ္တိ ထိမိအောင် ဆင်ခြင် နှလုံးသွင်းဘို့ ကတော့ စာဘတ်ပရိသတ် ဒါယကာ ဒါယိကာမ ဓမ္မမိတ္တာများနှင့် ငါ့တပည့်များ တာဝန်ပေဘဲ မောင်တို့.......။

ဘယ်လောက်များ အာ့တက်စရာ ကောင်းလဲ၊ ဟဲ့ မောင်ငွေတို့ မောင်ရွှေတို့- မင်းတို့စိတ်တွေများ ဘယ်ရောက်နေကြပြီလဲ၊ ရှေ့ကတော့ ဟောသွားပါပြီ၊ ဂရုစိုက် မနားကြဘူးဆိုလျှင် သဲထဲရေလောင်းသလို နေတာဘဲနော်။

မောင်ငွေ။ ။မှန်ပါ- ဂရုစိုက်ပါတယ်ဘုရား၊ သတိမပျက်စေရပါဘုရား......။

ဦးရန်ကုန်။ ။အေး အေး- မပေါ်ကြနှင့်ကွဲ့၊ မိုးယ်းရွာလဲ ရေတင်မှကွဲ့၊ ကံသင်းနှင့် တူတဲ့ သတ် သမာဓိ မရှိမှဖြင့် တရားမိုးယ်းတွေ ဘယ်လောက်သွန်းဖြိုးအောင် ရွာသော်လည်း "တရားလဲချ အိပ်ရေးဝ ထ၍ပြန်ခဲ့ပြီ" ဆိုသလို မသိတာဟာ အရင်အတိုင်း နေမှာပေါ့၊ ကျမ်းရေး ကောင်းတယ် တရားဟော ကောင်းတယ် ဆိုတာ ဘတ်ကြည့် နာကြည့်လို့ မိမိတို့မှာ အရင်က အသိ အလိမ္မာထက် ဘယ် လောက်များ တိုး သိ သလဲ၊ ဘယ် လောက်များ တိုးလိမ္မာသလဲ သေသေချာချာ ဆန်းစစ်ကြည့်၊ အသိအလိမ္မာ မတိုးဘူးဆိုလျှင် အဲဒီကျမ်းရေးဆရာကောင်းတယ်ဆိုတာ အလကား ဝယ်မကြည့်နှင့်၊ ဪနည်းတူ တရားဟောဆရာ ဘယ်လောက် ကောင်းတယ် ပြောပြော အသိ အလိမ္မာ တိုးအောင် မဟောနိုင်လျှင် ကြားတာ- ဒီတရား မနာနှင့် မဆည်းကပ်နှင့် အချိန်ကုန် လူနွမ်း စိတ်ပန်း ကိုယ်ကြေသာ အဖတ်တင်တော့မပေါ့။

ကဲ ကဲ- ပုဗ္ဗကောဋိနနာယတိ၊ အစမထင်တဲ့ သံသရာတခွင်က အလွန်တရာ ကြောက်မက်ဘွယ်ကောင်းသော အဝိဇ္ဇာ၏ ရက်စက် ကြမ်းကြုတ်စွာ ညှဉ်းပန်း နှိပ်စက်ခြင်းကို အလူးအလှိမ့်ခံနေကြရပြီး တခါဘူးမျှ မတော်လှန်နိုင်ကြတဲ့ သူသူငါငါတို့ရဲ့ ဖြစ်ပုံပျက်ပုံ အလုံးစုံကို ဝေဘန်နေလို့တော့ ကုန်တယ်ဆုံးတယ်လို့ ရှိမှာမဟုတ်ဘူး၊ ၎င်းဖြစ်ပုံပျက်ပုံတို့၏ ဆုံးရာကုန်ရာ ရှင်တော်ဗုဒ္ဓ

ထုတ်ပြမိန့်မှာတဲ့လမ်းစကိုသာ မျက်ခြေမပြတ်လိုက်ရန် ပန္နက်ရိုက် အကွက်ရိုက်ကြစို့ရဲ့။

ကျမ်းရေးနည်း, တရားဟောနည်း, တရားအားထုတ်နည်းလို့ သူ့နည်းနှင့်သူ စည်းကမ်းတကျ ရှိမှ တော်မယ်၊ ကျမ်းရေးနည်းက (၁) ပဏာမနိဒါန်း (၂) ဥယျောဇဉ် (၃) အပါဒါန် (၄) သစ္စဒါန် (၅) ဝိနိစ္ဆယျ၊ ဤကဲ့သို့ သူ့အခန်းနှင့်သူ ဖွင့်ပြီး တရားပြခန်းရေးသည့်အခါ ခန္ဓာငါးပါး ဆိုလျှင် ငါးပါးလုံး ဒေသနာယုတ္တိ, အာဂမယုတ္တိ, သဘာဝယုတ္တိပြပြီး တရားသုံးစေရမယ်၊ သုံးစေရမယ်ဆိုတာ သုညတ, အနိမိတ္တ, အပ္ပဏိဟိတ ဆိုက်စေရမယ်ဆိုလိုတယ်။

ခေတ် ၁၀ ပါး ရေးတယ်ဆိုလျှင်လဲ အခံခေတ် အတိုက်ခေတ် အပေါ်ခေတ် သူ့ဒွါရနှင့် သူ့အကြောင်းအကျိုးတို့ကိုပြပြီး ခြောက်ဌာန ခြောက်ဒွါရလုံး အသီးသီး သုညတ အနိမိတ္တ အပ္ပဏိဟိတ အဆိုက်ပြရပေမယ်၊ တကယ်ဆိုက်ထား မဆိုက်ထားကတော့ ယောဂါဝစရ တို့ရဲ့တာဝန်ပေါ့။ ဓမ္မကထိက ဝတ္တရားရှိသည့်အတိုင်း ကျင့်လမ်းစဉ် မမှားအောင်ပြဘို့ရေးဘို့ကိုသာဆိုလိုပါတယ်။

တရားဟောနည်း ကျတော့ မြတ်စွာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးလို ဝေနေယျာသယ အားအကျ မသိနိုင်သဖြင့် တရားနာသူတို့ရဲ့ တရားအခြေခံ မေးမြန်းပုံစမ်းပြီး သို့မဟုတ် အကဲခပ်ပြီး တရားအလွန် နာလိုတဲ့စိတ် ရှိပုံရလျှင် တရားဟောပုဂ္ဂိုလ်က ဥယျောဇဉ်

အားဖြင့် တိုက်တွန်းရန်မလိုတော့ပါဘူး၊ အပါဒါန်တွေလဲ သိတ်ကန့်ပြစရာ မလိုပါဘူး၊ ပညတ်ကို နာနာခွါပြီး ပရမတ် လက်ညှိုးထိုးပြလျှင် ပြီးတာပါဘဲ။

နောက်ပြီး ခေတ် ၁၈-ပါးပြတယ်ဆိုပါတော့၊ကျမ်းရေးသလို ခြောက်ဒွါရလုံး ပြရမယ်လို့ မဟုတ်ပါဘူး၊ တဒွါရ၏ အခံခေတ် အတိုက်ခေတ် အပေါ်ခေတ်ကို အကြောင်းအကျိုးနှင့် ဥပမာကောင်းကောင်းပြပြီး အနှဈအဆိုက်ပြဘို့လိုတာပါဘဲ၊ ခန္ဓာငါးပါးပြလဲ ငါးပါးလုံး ပြရမယ်လို့ မဟုတ်ဘူး၊ ခန္ဓာ ၂-ပါးလောက်ပြလို့ နားလည်မယ်ထင် ၂-ပါးပြ, ၃-ပါး ၄-ပါးပြလို့ နားလည်မယ် သဘောပေါက်မယ်ထင် ၃-ပါး ၄-ပါး ပြပေါ့၊ ၅-ပါးလုံးပြဘို့ လိုမယ်ထင်လဲ ၅-ပါးလုံးပြပေါ့။ ကျမ်းရေးသလို အပြည့်အစုံ မဟုတ်ပါဘူး၊ ရှိရင်းကိုက သဘောတရားမို့ကြောင့် ရှိရင်းသဘောတရားပေါက်ရင် သမ္မာဒိဋ္ဌိ ဉာဏ်ဘဲ၊ ဒါ တရားဟောတဲ့နည်း၊ နားလည်ကြရဲ့လားကွဲ့ တပည့်တို့ရဲ့၊ ဗမာစကား ဗမာနားမလည်ရင်တော့ သည်သာသနာ မင်းတို့နှင့်မဆိုင်၊ ဒါပေမဲ့ မလျှော့နှင့်၊ လျှော့လိုက်ရင် မျိုးစမြင်းစတောင်မရဘဲ နေဦးမယ်ကွယ်တို့ သတိထား။

ဟဲ့ မောင်ဆွေ- ဒါထက် ၁၃၁၂-ခုနှစ်က (ဝိဇ္ဇာမယိဒ္ဓိ ဆရာကြီး) ဆိုတဲ့ ကလောင်အမည်နှင့် ငါတို့ရေးခဲ့တဲ့ ကိုယ်တွေ့ ဝိပဿနာကျမ်း ကြည့်ရှု လေ့လာ ခိုင်းထားတာ ဘယ်သို့နေသလဲ၊ သဘောပေါက်ကြရဲ့လား၊ တ

ရား သားကကော ဘာတွဲလဲ သတိထားများ ကြည့်ကြရဲ့လား။

မောင်ရွှေ။ ။မှန်ပါ- အဲဒီကျမ်းကတော့ ခါတ် ၁၀ ပါးနှင့် မဂ်ဝင်ဖိုလ်ဝင်ပြတာသိပြီး မြို့ထဲက ဒကာကြီးတွေက တရားပြ ထာ းင်ကောင်းတဲ့ ကျမ်းစာပါကလား လို့ ချီးမွမ်းသလောက် တပည့်တော်ဘို့ နားမလည်ဘူး၊ ဘတ်ကောင်းတာလောက်သာ သိတယ်ဘုရား့။

ဦးရန်ကုန်။ ။အေး- ဟုတ်မှာ ပေါ့ကွယ်၊ ကလေးတွေ ကိုးဟဲ့၊ ဘယ် ဒီလောက်နှင့် သဘောပေါက်သွားမလဲ၊ ထင်ခါထပ်ခါဘတ်ပြီး ထပ်ခါထင်ခါကြီ–ထပ်ခါထပ်ခါ တွေးတော- ပါရမီ ဖြည့်တယ်ဆိုတာ အဲဒါဘဲ၊ အလေ့အလာကိုသာ မလျှော့နှင့် တနေ့သဘောပေါက်မှာဘဲ၊ မင်းတို့အသက်လောက်မရှိတဲ့ ၇-နှစ်သားကလေးတွေတောင် တရားရသေးတာဘဲ ဘာမရဘဲ နေရမလဲ။

ခု- မင်းတို့ (တရားထောက်ထားပြီး)ရေးနေတဲ့ကျမ်းလဲ ခုတင်ကပြောသလို ကြိုးစားပေါ့၊ သဒ္ဓါနှင့်ပညာ, သမာဓိနှင့် ဝီရိယ သတိဆိုတဲ့ ချိန်ခွင်လျှာ ဘယ်ဘက်မှ မသာစေနှင့်ဟေ့၊ တရားရမှာအမှန်ဘဲ။ လူမတန် ကံချ ဆိုသလိုတော့ မလုပ်နှင့်ကွဲ့၊ မိမိရဲ့သတိ ဝီရိယ ပညာ မရှိ မလိုက်နိုင်ကြတာနှင့် ဘယ်ကျမ်းစာက ဘာတွေ လိုပြီး ဘာတွေပိုနေတယ်၊ ဘယ်ဒင်းက နေရာမကျဘူး နှင့် အပြစ်တင်တတ်တယ်၊ ကျမ်းရေးဆရာ တရားဟော ဆရာတွေက ဘယ်လိုမှ သဘောမထားတောင် ဓမ္မက

တော့ ချမ်းသာမပေးဘူး၊ လမ်းစဉ်အတိုင်း အနက်ရှာယ် သင့်ရမှာ အမှန်ဘဲ၊ ဆဲဒါ အရေးကြီးတယ်နော်........။

အကယ်၍ ကျမ်းရေးဆရာ တရားဟော ဆရာတို့က ငါတတ်-ငါသိ-ငါလိမ္မာ ဆိုတဲ့ မာနတရား လက်ကိုင်ထား၍သော်ငြင်း၊ သဗ္ဗညုရှိသ ဥပနိဿယ ကောင်းကောင်းမရဘဲနှင့်သော်ငြင်း ရေးသားဟောပြောခဲ့ပါက ထိုရေးသား ပြောဟောတဲ့ ပုဂ္ဂိုလ်တွေမှာ ရှေးဦးစွာ ဓမ္မအနက်ရှာယ်သင့်မယ် ဆိုက်မယ်မဟုတ်လား၊ ဓမ္မနိယာမဆိုတာ ပြေးလို့ ပုန်းလို့ ရှောင်လို့ တိမ်းလို့ ရစတမ်းတရားမျိုး မဟုတ်ဘူး။

ကျမ်းတစောင်တပွဲ ရေးတယ်ဆိုတာ တော်ရုံလျှော်ရုံ ဆိုတဲ့ သဗ္ဗညုရှိသ မှိဝဲရရုံနှင့် မရေးရဲဘူးဟဲ့၊ ကျမ်းရေးဘို့ ထုတ်ဘို့ မပြောနှင့် ပရိသတ် အလယ် တရားတောင် မဟောရဲဘူး။ ရေ၏ အတိမ်အနက် သိလိုလျှင် ကြာရိုးကြာစွယ် ကြည့်ရမတဲ့၊ ပညာရှိ မရှိ သိလိုလျှင် နှုတ်ထွက်စကားထွက် ကြည့်ရမတဲ့၊ စာသွား စာလာ ကြည့်ပေါ့ကွယ်၊ ဒါလဲမိမိကဉာဏ်မှီဘို့လဲလိုသေးသကွဲ့။

ငါတို့သိသလောက် သဘောပေါက်သလောက် ဝေဘန်ရရင်- ခုခေတ် ခုသမယအလိုက် ထုတ်ကြရေးကြတဲ့ ဝိပဿနာကျမ်းစာတွေဟာ ယေဘုယျအားဖြင့် အကျိုးရှိကြတာ များတယ်လို့ ယူဆတယ်ကွဲ့၊ ဘယ်လိုလဲဆိုတော့ မြတ်စွာဘုရားဟောတော်မူတဲ့ သုတ်သုံးကျမ်း ဝိနည်း ၅-ကျမ်း, အဘိဓမ္မာ ၇-ကျမ်း ဆိုတဲ့ ပိဋက

ကျမ်းရင်းကြီးတွေမှ အဆီအနှစ်တွေ ထုတ်ပြီး ဟောညွှန်ပြသ ရေးသားတော်မူခဲ့ကြတဲ့ ကျေးဇူးရှင် လယ်တီဆရာတော် ဘုရား ကြီးများ, ကြော့ဒင်ပန်း ဆရာတော်ဘုရားကြီးများ, ဒိပဲရင်းဆရာတော်, သစ်ချတောင်ဆရာတော်, မြဝတီဆရာတော်, ဦးတိက္ခိန္ဒြိယ ဆရာ, မိုးညှင်းဆရာတော်, ဓမ္မစေတီဆရာတော်ဘုရားကြီးများနှင့် ငါတို့၏ကျေးဇူးရှင် မုံရွာမြို့ သကဒါဂါမ်ဆရာ ဘကြီးနှင့် ပေါက်မြို့ ဆရာ ဦးဘညွှန့် အစရှိသော ပုဂ္ဂလာဓိဋ္ဌာန်အားဖြင့် ဖော်ထုတ်မကုန်နိုင်သော ကျေးဇူးရှင်အာစရိယတို့၏ နည်းနာ နိသျ မှီးပြီး ရေးသား ထုတ်ဝေကြတဲ့ ကျမ်းစာတွေဟာ လူတိုင်းနားလည်အောင် ပြောရလျှင် မဂ်ပေါက် ဖိုလ်ဝင် ဖြစ် လောက် ထာက များပါတယ်၊ ဆရာစွဲ ဝါဒစွဲနှင့်ဆိုလျှင်တော့ ရှမ်းကြိုက်မှ နွားချောဆိုတဲ့ ပေါရာဏ ဥပမာ အတိုင်းပေါ့လေ၊ ဟဲ့ မောင်ငွေခုပြောနေတာတွေ နားလည်ရဲ့လား၊ ဘဏ္ဍာတိုက်ကြီးဖွင့်နေတာကွ၊ ငမောက် ဆိုတဲ့ ပြည့်တန်သော ပတ္တမြားရတနာနှင့်တကွ စိန်ရတနာ, မြရတနာ, သန်းတန် သိန်းတန်မှအစ ရာတန်ကျောက်တွေလဲပါတာပေါ့ကွာ၊ မိမိအင်အားရှိသလောက် အသပြာစနှင့် လက်မလွှတ်တမ်းလဲလှယ် ဖလှယ် ဝယ်ယူလိုက်ကြ ကွယ်တို့။

တနည်း ဥပမာ ပြရသေးလျှင် ပုဗ္ဗကောဋိ နပညာယတိ အစမထင်တဲ့ သံသရာတခွင်က စွဲကပ်၍လာခဲ့ကြတဲ့ ကိလေသာ ရောဂါ အနာ တွေဟာ ဆေး ကောင်း

ဝါးကောင်း သမားကောင်း မတွေ့ကြလို့ တနေ့ထက် တနေ့ တလထက်တလ တဘဝထက် တဘဝ မန်းထ၍ သာ ပြင်းပြစွာ ခံစားခဲ့ကြသည်ကို စေ့စေ့စဉ်းစားက ဖြုံးနိုင်ဘွယ်ရာ ရယ်နိုင်ဘွယ်ရာမရှိ- ရင်ဝလှိုက်ရှူး ထိပ် ဦးမီးလောင်သော အရေးကဲ့သို့ ကြီးလေး လှသည်ကို သတိရှိကြ။

စကား အစပ် သင့်လာတော့ ဒေသနာ ယုတ္တိ ကိုး လိုက်ကြဦးစို့ရဲ့၊ "ရင်ဝလှံ့ရှူး-မီးရှူးဥသျှောင် ဟူးဟူး လောင်- ကျွန်ခေါင် မိန့်ခဲ့မှာ- ဒိဋ္ဌိဘေးကြီး အရေးကြီး စောထီးဥပမာ" ဟူသောကဗျာနှစ်ပိုဒ်အရ ကာမရာဂတို့ ကို တဘဝ တနပ်စာမျှ နှစ်ဘဝ နှစ်နပ်စာမျှ ပယ်နိုင် သော ပုထုဇဉ် ဖြဟ္မာကြီးတို့၏ ချမ်းသာကို အားကျ၍ နတ်သား တယောက်က မြတ်စွာဘုရားအား လျှောက် ထားလာသော ဂါထာက သည်လိုတဲ့ကွဲ မောင်ငွေရဲ့။

မောင်ငွေ။ ။မှန်ပါ- ဆက်သာ ဟောတော်မူပါ၊ ဟောတဲ့ဆရာတော်ဘုရားတော့ ဘယ်လိုနေတယ် မသိ ဘူး၊ တပည့်တော်တို့တော့ ခါးကလဲတောင့်- ကျောက လဲ အောင့်- အိပ်ကလဲ အိပ်ချင် လှပြီဘုရား၊ တရားမို့ သာ ကြိုးစားနာရတယ်။

ဆရာတော်။ ။အေး- ငါလဲသိသားဘဲ၊ မင်းတို့လို ဝိရိယမျိုး သတိမျိုး သမာဓိ မျိုးတွေ လောက်နှင့်တော့ မဂ်ပညာ ဖိုလ်ပညာက အဝေးကြီးကွ၊ ဒိဋ္ဌိက ဖုတ်လေ တဲ့ ငါးပိ ရှိလေတယ်တောင် မှတ်မှာမဟုတ်ဘူး။ အဲဒီလို

ပေါ့ပေါ့ဆဆ အရေခြုံယောဂီ, အရေခြုံဗုဒ္ဓဘာသာ တွေကြောင့် သာသနာကြီး အကြီးအပွါး နည်းနေတာ ပေါ့။

ဒါတောင် ဘယ်ကျမ်းစာက ဘာတွေလိုသေး- ဘာ တွေ ပိုသေး- အပေါဒါနိကလဲ ကန်လွန်း ဖွတယ်- ဘယ် ဆရာကလဲ ဟုတ်သေးမထင်ပါဘူး နှင့်ပေါ့လေ၊ ကျမ်း စာတိုင်း ဆရာတိုင်းကိုတော့ မဆိုလိုပါဘူး၊ယေဘုယျ ကိုသာ ပြောတာပါ။ တရားနာတယ် တရေးရှာတယ် တရားအားထုတ်တယ်ဆိုတာ မီးပွတ်သော ယောက်ျား ကဲ့သို့ နှင်းလားဟဲ့ ငါလား- မရပ်မနား သဒ္ဓါနှင့်ပညာ သမာဓိနှင့် ဝိရိယ သတိ ဆိုတဲ့မျှနှင့်ခွင်လျှာ ကုန်ဘက်လဲ မသာစေနှင့် အနေလး ဘက်လဲ မသာစေဘဲ ဘောင်ဝင် မြင်မှ ကျုပ်ချိန်ပျောက်လျှင် နိဗ္ဗာန်ဝင် ဆိုတဲ့ ဥပမာနှင့် ညီပြီး အနုလောမသဘော ပြောကျမှာကွဲ့။

အဲ မင်းတို့တတွေ သတိပေး နှိုးဆော် နေရတာနှင့် တရားအဆက် ဝေးသွားတယ်။ ဘာတဲ့- နတ်သား တ ယောက်က လျှောက်ထားတာ ဟုတ်လား၊ အဲ-အဲ- ဟုတ် တယ် ဟုတ်တယ်။

သတ္တိယာဝိယ ဩမဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ။
ကာမရာဂ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။ ။

ဘန္တေ၊ ဘုန်းတော်ခြောက်ပုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံ တော်မူသော မြတ်စွာဘုရား။ သတ္တိယာ၊ အသွားထက် ချွန်သောလှံဖြင့်။ ဩမဋ္ဌော ဝိယ၊ ရင်လယ်တည့်တည့်၌

ရှုးစိုက်၍နေသော သူကဲ့သို့ရှင်း။ ဝါ၊ ရှင်လယ် တည့်တည့်၌ ရှုးစိုက်၍နေသော သူသည် ထိုလှံ ကွက်တို့ရာ အရေးကြီးသကဲ့သို့ရှင်း။ မဏ္ဍကော၊ ဥက္ကောင်းတခုလုံး၌။ ဒုယှမာနော၀၊ မီးတဟုန်းဟုန်း လောင်၍နေသော သူကဲ့သို့ရှင်း။ ဝါ၊ မီးတဟုန်းဟုန်း လောင်၍နေသောသူသည် ထိုမီးငြိမ်းဖို့ရာ အရေးကြီးသကဲ့သို့ရှင်း။ ကာမရာဂ ပဟာနာယ၊ ရူပ သဒ္ဒ စသည့်အာရုံ ကာမဂုဏ်တို့ကို ပယ်ရှားစွန့်ခွါခြင်းငှါ။ သတော၊ မမေ့မလျော့ မပေါ့သာဘဲ ခိုင်မြဲသော သတိရှိသည်ဖြစ်၍။ ဘိက္ခု၊ သံသရာရေး အပါယ်ဘေးကို မြော်တွေးတတ်သူ လူရှင် ရဟန်းသည်။ ပရိဗ္ဗဇေ၊ သမထ ဘာဝနာတရား မပြတ်ပွါး၍ ကြိုးစားအားထုတ်၍ နေသင့်ပါသည်အရှင်ဘုရား။

ထိုကဲ့သို့ နတ်သားကလျှောက်ထားသည်ကို ပယ်ရှား၍ မြတ်စွာဘုရားက ဟောတော်မူသည်ကား-

သတ္တိယာဝိယ ဩမဋ္ဌော၊ ဒုယှမာနော၀ မဏ္ဍကေ။
သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။ ။

ဒေဝပုတ္တ၊ အရေးကြီးသောတရားကို လျှောက်ထားလာပေသော အို-ဒါယကာနတ်သား။ သတ္တိယာ၊ အသွားထက်ချွန်သော လှံဖြင့်။ ဩမဋ္ဌော ဝိယ၊ ရှင်လယ် တည့်တည့်၌ ရှုးစိုက်၍နေသော သူကဲ့သို့ရှင်း။ ဝါ၊ ရှင်လယ် တည့်တည့်၌ ရှုးစိုက်၍နေသောသူသည် ထိုလှံကွက်တို့ရာ အရေးကြီးသကဲ့သို့ရှင်း။ မဏ္ဍကေ၊ ဥက္ကောင်း တခုလုံး၌။ ဒုယှမာနော၀၊ မီးတဟုန်းဟုန်း လောင်၍နေသော

သူကဲ့သို့ပင်။ ဝါ၊ မီးတဟုန်းဟုန်း လောင်၍နေသော သူ သည် ထိုမီးငြိမ်းဘို့ရာ အရေးကြီးသကဲ့သို့ပင်။ သက္ကာယ ဒိဋ္ဌိံ ပဟာနာယ၊ ရုပ်နာမ်နှစ်ဖြာ သက္ကာယထည်းမှာ ငါဆိုတာ မပါ မရှိပါဘဲလျက် ငါရှိ၏ဟု အထင်မှား အမြင်မှား၍နေသော သက္ကာယဒိဋ္ဌိ အယူမှား ကြီးကို ပယ်ရှား စွန့်ခွါခြင်းငှါ။ သတော၊ မမေ့မလျော့ မပေါ့ သာဘဲ ခိုင်မြဲသောသတိ နှင့်သည်ဖြစ်၍။ ဘိက္ခု၊ သံသရာ ရေး အပါယ်ဘေးကို မျှော်တွေးတတ်သူ လူရှင်ရဟန်း သည်၊ ပရိဗ္ဗဇေ၊ ဝိပဿနာတရား မပြတ်ပွါးခါ ကြိုး စား အားထုတ်၍သာ နေသင့်ပေသည် ဒါယကာ နတ် သား။

အဲဒီ ဒေသနာတော် အလိုက အတ္တ သတ်ပြီး အနတ္တ ပေါက်စေလိုတာ ထင်ရှားတာပေါ့၊ "အနတ္တ ပေါက်- အတ္တပျောက်-မှတ်လောက် သောတာပန်"တဲ့၊ မဂ်တက် စဉ်က အနတ္တ, အနိစ္စ, အသုဘ, ဒုက္ခ တဲ့၊ မဂ်တက်စဉ် လေးခု အနတ္တက အတ္တသတ်, အနိစ္စက နိစ္စသတ်, အသု ဘက သုဘသတ်, ဒုက္ခက သုခသတ်, ရဝ-သုဘ-သုခ- အတ္တ သာရ လေးလုံး ကင်းသုံးတဲ့ သညာ- အနိမိတ္တ- အပ္ပဏိဟိတ ဆိုတဲ့ နိဗ္ဗာန်သုံးမျိုး ဆိုက်အောင် သိတဲ့ ဉာဏ်ကို "အသိ အလိမ္မာ- ဉာဏ် ပညာ- ဝိဇ္ဇာ အမော ဟ" လို့ ခေါ် ရတာဘဲ။

ကမ္မဋ္ဌာန ဝိနိမုတ္တော ဓမ္မော နာမနတ္ထိ၊ စတုသစ္စ ဝိနိ မုတ္တော ဓမ္မော နာမနတ္ထိ-လို့ ဟောတော်မူတာတွက်ပေါ့၊

ကမ္ဘာဌာန်းနှင့် လွတ်ထာ- သစ္စာနှင့်လွတ်ထာမှ မရှိဘူးဆို ထားပေါ့၊ အထူး တွက်နေစရာ မလိုပါဘူးကွဲ့၊ မိမိတို့ ဉာဏ်မှီ သလောက်သာ အသီးသီးအားဖြင့် နှိုက်ကြည့် ပါ၊ ဉာဏ်ကြီး- ကြီးသလောက် အကျိုးတရားတွေ့ရမှာ ကတော့ မလွဲပါဘူး။

အင်း အင်း-သံသရာ့အရှုပ်တော်ပုံတွေ ရှင်းနေရတာ နှင့် တရားသားတောင် မရောက်နိုင်ဘူးကွယ်၊ သို့သော် သံသယဟာ အရေးကြီးတာဘဲ တပည့်တို့ရေ၊ သံသယ ကြောင့် သံသရာလည်တာ၊ သံသယကုန်လျှင် လောက ဆုံးတော့တာဘဲ။

ကဲ- အရင်ရေးခဲ့ထုတ်ခဲ့တဲ့ကျွမ်းက ခေါ်တ် ၁၀-ပါး ဆိုတော့ ယခုကျွမ်းတော့“မူလ ဟူပေ-မြေ-ရေ-လေ-မီး ခေါ်တ်ကြီး လေးတန် အမာခံ အရံရုပ်သေး ၂၄- ရော ထွေးမျှညီ အဋ္ဌဝီသ ရုပ်ကာယ” ဆိုတဲ့ ရုပ်ခေါ်တ်တွေ ထည်းမှ ဥတုပိုင် ရုပ် ခေါ်တ် ၈-ပါး ထုတ်ပြမယ်ကွဲ့ ကောင်းကောင်းနာကြဟေ့၊ သမ္ဗုဒ္ဓါနိုင်ခေါ်တဲ့ မဂ်တံခါး ဖိုလ်တံခါးဖွင့်တော့မယ်၊ စောစောပိုင်းကတရားတွေလဲ မဂ်ဝင် ဖိုလ်ဝင်တွေ ချည်းဘဲနော်၊ ယောဂီ ဉာဏ်သာ လိုတယ်၊ မောင်ငွေ- ဟောဒီ အရာဝတ္ထု ကလေးတွေ ကြည့်စမ်း။

မောင်ငွေ။ ။မှန်ပါ-မြင်ပါတယ်ဘုရား........

ဆရာတော်။ ။မောင်ရွှေကော- ဂရုစိုက်နာရဲ့လား ဆဲဒါ အရေးဘဲ။

မောင်ရွှေ။ ။မှန်ပါ- ဂရုစိုက်ပါတယ်ဘုရား........။

၁။ ဒါ ဘာလဲဟော့။

ကွမ်းအစ်ပါဘုရား........။

၂။ ဒါ ဘာလဲ။

ထုံးဘူးပါဘုရား........။

၃။ ဒါ ဘာလဲ။

ကွမ်းကိုက်ပါဘုရား........။

၄။ ဒါ ဘာလဲ။

ကွမ်းသီးပါဘုရား .....။

၅။ ဒါ ဘာလဲ။

ကွမ်းရွက်ပါဘုရား........။

အေး-ခု ပြခဲ့တဲ့ ပစ္စည်းတွေရဲ့နာမည်တွေဟာ ၅-ခု ၅-နာမည်ရှိနေတာပေါ့ကွာ၊ အဲဒါ လောကအနေအားဖြင့် နာမပညတ်တွေ အသီးသီး မှန်တယ်ပေါ့ကွာ၊ ဓမ္မအနေအားဖြင့် မမှန်ဘူး။

သဏ္ဌာန်ချင်းကော တူရဲ့လားဟော့။

မတူပါ ဘုရား........။

ဃနချင်းကော တူရဲ့လား။

မတူပါ ဘုရား......။

အေး- ပညတ်တွေ ဘယ်တူမလဲကွ၊ ကော ဓမ္မော ဆိုတော့ တထပ်တည်းတူတာ ပြကြအုံးစို့။

ကဲ- အဲဒီပစ္စည်းငါးမျိုးလုံး လက်နှင့်အတွေ့ရှာကြည့်

စမ်းဟော့၊ မာမာဆိုတဲ့သဘော တွေ့သလား၊ ကွမ်းအစ်ကွမ်းကိုက်- ထုံးဘူး အစရှိသည်ကို တွေ့သလား၊

ကွမ်းအစ်- ကွမ်းကိုက် အစရှိတဲ့ နာမည် မတွေ့ပါ၊ မာမာ ဆိုတဲ့ သဘောသာ တွေ့ပါတယ်ဘုရား.....။

ရှည်ရှည်,တိုတို,လုံးလုံး,ဝိုင်းဝိုင်း ဆိုတဲ့သဏ္ဌာန်တွေ စမ်းတွေ့သလား၊ မာမာ တွေ့သလား။

မာမာတွေ့ပါတယ်ဘုရား .....။

ကဲကဲ- မင်းတို့ ပတ်ဝန်းကျင်နှင့်တကွ လောကကြီး တခုလုံး ဉာဏ်ကုန်နှင့်ပြီး တောစမ်း, တောင်စမ်း, ရေပြင်ကြီးစမ်း, ကျောက်တုံးကြီးတွေစမ်း, မာ သဘော မာခဲတ် မာပရမတ် လက်လွှတ်လို့များ တွေ့ရဲ့လား၊ သေသေ ချာချာ စဉ်းစား ဖြေကွဲ့။ သုံး ဆဲ့ တဘုံ လုံး လျှောက်စမ်း- မာ ဆိုတဲ့သဘော, နူးညံ့ ဆိုတဲ့သဘော လက်လွှတ်ပြီး ဘာများတွေ့ပါသလဲဟော့ တပည့်ရဲ့။

မောင်ငွေ။ ။နူးညံ့ ခက်မာ ဆိုတဲ့ (ပါဠိလို ပထဝီ ဓာတ်) သဘော လက်လွှတ်ပြီး ဘာတခုမှ မရှိ မတွေ့ရပါဘုရား။

အေး အေး- ဒါဖြင့်လို ကွမ်းအစ်-ထုံးဘူး ကွမ်းကိုက်- ကွမ်းသီး- ကွမ်း ရွက် နာမ ပညတ် အားဖြင့် ငါး မျိုး၊ သဏ္ဌာန ပညတ်အားဖြင့် ငါးမျိုး၊ ဂဏ ဆိုတဲ့ လေး ပေါ် ကြီးငယ် ကျယ်ချုံ့မတူ ခြားနားလျက် ငါးမျိုး ငါးစားရှိခြားသော်လည်း ပရမတ်စစ် ဓာတ်နှစ်အားဖြင့်သောက်ပြန် ခြားနားခြင်းမရှိ ပကတိ ရှိရင်းသဘာဝ မာ ဆိုတဲ့

ပရမတ္ထက ထင်ထင်ကြီး ရှားရှားကြီး ဘွားဘွားကြီး လယ်ပြင်မှာ ဆင်သွားသလို မဟုတ်ပါလား။

ဥပမာ ဥပမေယျ ဟပ်၍ပြသော်ကား ခေါင်းဟူ၍ ဂုဏ်း၊ နဖူးဟူ၍ဂုဏ်း၊ နှူး ဟူ၍ဂုဏ်း၊ မျက်နှာ- ရင်-ဝမ်း-နှုတ်ခမ်း-မေး-ပါး ပညတ်အားဖြင့် ထင်လွဲ စွဲမှား အကွဲကွဲ အပြားပြား ဘောက်ပြန်ငြားသော်လည်း အတ္တနော သဘာဝံ ဓာရေတီတိ ဓာတုဟု မာမှုနူးညံ့မှုကိုစွဲမှုကမ္ဘာ အသင်္ချေ လွန်ဆုံးလေလည်း ရွေ့လျောပြောင်းသွားခြင်း အလျဉ်းမရှိ ပကတိသဘာဝ မြဲမှန်လှသောကြောင့် ပရမော ဥတ္တမော လို့ ဓမ္မသာရ ဓမ္မရာဇာ မဟာအတုလ မရ နိန္ဒ၏ သားလှသည်းချာ ရာဟုလာကို—

ပထဝီ ဓာတု အနတ္တတော ပဿတော။
ဇာနတော သင်္ကာယဒိဋ္ဌိံ ပဟီယတိ။

ရာဟုလ၊ ချစ်သား ရာဟုလာ။ ပထဝီဓာတုံ၊ မြေဟူ မာမှု နူးညံ့မှုတည်းဟူသော မြေဓာတ်သဘောကို။ အနတ္တတော၊ ပုဂ္ဂိုလ်သတ္တဝါ- ငါသူတပါး ယောကျ်ားမိန်းမ မဟုတ်ကုန်သော အနတ္တ တရား အားဖြင့်။ ဇာနတော၊ ကောင်းစွာတိတိ ဉာဏ်နှင့်သိသောသူသည်။ ပဿတော၊ ကောင်းစွာထင်ထင် ဉာဏ်နှင့်မြင်သောသူသည်။ သက္ကာယဒိဋ္ဌိံ၊ တသံသရာလုံးက ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောကျ်ားမိန်းမ ရှိ၏ ဟုတ်၏ မှန်၏ဟူ၍ ထင်မှားမြင် မှား ယူမှားမှတ်မှား စွဲမှား၍နေသော သက္ကာယဒိဋ္ဌိ တ

ရေးကြီးကို။ ပဟိယတိ၊ ပယ်ရှား ဖြတ်တောက် နိုင် လေ
တော့၏ ချစ်သား။

မောင်ရွှေ။ ။ပထဝီဓာတ် တရား တော့ နာရပါပြီ၊
တေဇောဓာတ်လဲ နာပါရစေဘုရား။

ဆရာတော်။ ။အေး အေး- ဟုတ်သားဘဲ၊ တရား
ဟောတာ သက်သက်ဆိုရင်တော့ ဒီပထဝီဆိုတဲ့ ဓာတ်
တလုံး ဒေသနာယုတ္တိနှင့် သဘာဝယုတ္တိပေါ်အောင် အာ
ဂမယုတ္တိ အမျိုးမျိုး ဆောင်ပြီး သဘော ပေါက်အောင်
ဟောသွားရင် ကိစ္စ ပြီးနိုင်တာဘဲ၊ ခု ဥဒ္ဒါက ကျမ်းတ
စောင် တဖွဲ့ အနေနှင့် ရေးတာဆိုတော့ ဒေသနာယုတ္တိ
တန်အောင် အဝိနိဗ္ဘောဂဖြစ်တဲ့ ဓာတ်ရှစ်ပါးလုံး သဘာ
ဝ ယုတ္တိပေါ်အောင် ရေးရမှာကိုးကွဲ့။

အဲဒါလဲ ကောင်းပါသကွယ်၊ ဘာလို့လဲ ဆိုတော့
တရားစာဘတ်သူ ယောဂီတို့ရဲ့ ပါရမီကိုလဲ ထောက်
ထားမယ်ဆိုရင် တချို့က ပထဝီကို ပရိစယ လုပ်ပြီး
ပါရမီဖြည့်ခဲ့တာရှိမယ်၊ တချို့က တေဇောကို ပရိစယ
ပြုပြီး ပါရမီဖြည့်ခဲ့တာရှိမယ်၊ ဒီတော့ မူလ ဘူတဖြစ်တဲ့
ဓာတ်လေးပါး ဖြန်းဖြန်းကွဲသွားအောင် ဥပမာတခု ပြော
မယ် နားထောင်၊ မျက်မြင် နွားနို့တဆယ်သား- ဥဏ္ဏ
မြင်နှင့်တော့ အဆိမ့်တဆယ်သား- အချိုတဆယ်သား-
အညှိတဆယ်သား- အမြူတဆယ်သား အရှင်းသားဘဲ
နော်၊ ပေါင်းချင်ပြန်တော့လဲ တဆယ်သားဘဲ။

တရားရှာ ကိုယ်မှာ ဆိုသောကြောင့် ခန္ဓာကိုယ်ကြီး

တခုလုံး ခေါင်းအဆုံး ခြေအဆုံးထိ စမ်း၊ အေးသဘော တွေ- အေးသဘောတွေ- အတွင်းစမ်း- အပြင်စမ်း- ၎င်း အေးသဘောဟာ အဝိတသောက်စာလောက်များလွတ် တဲ့နေရာ ရှိပါရဲ့လား၊ ဒါ သူများပြောတာလား မိမိ ကိုယ်တွေ့လား။

မောင်ရွှေ။ ။ကိုယ်တွေ့ပါဘုရား။

ဒါဖြင့် မောင်ရွှေဆိုတာတွေ့သလား၊ အေးတာ တွေ့ သလား၊ ယောက်ျားလေးဆိုတာ တွေ့သလား၊ အေး ဆို တဲ့ဓာတ် တွေ့သလား၊ ပုဂ္ဂိုလ်သတ္တဝါကို တွေ့သလား၊ အေး ဆိုတဲ့ သဘော တွေ့သလား၊ နာနာစဉ်းစားကွဲ့၊ မှတ်ကြောင်း လက္ခဏာ အားဖြင့် အေးသဘော ပူ သ ဘော လက္ခဏာ နှစ်မျိုးနော်၊ ကိစ္စကျတော့ ရင့်စေမယ်ဲ့ ကျက်စေမယ်ဲ့ - အိုစေ့မယ်ဲ့ -မင်းစေမယ်ဲ့- ဝဏ္ဏတပါး ကို လောင်စေမယ်ဲ့-ကျွမ်းစေမယ်ဲ့ ဆိုတဲ့ကိစ္စမှအပ မည် သည့်ကိစ္စကိုမှ မဆောင်ရွက်ဘူးနော်။

ဥပမာဟာဝ်ပြရအောင် လောကသုံးပါးတွင် အတုမရှိ တဲ့ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ဘယ်သူနှင့် တူ သလဲမေးရင် ဘယ်လိုဖြေမလဲဟေ့ မောင်ငွေ။

မောင်ငွေ။ ။အတုမရှိ- အတူမရှိတဲ့ဘုရားဟာ အ ခြား တူတယ်လို့ နှိုင်းစရာ ပြိုင်စရာမရှိပါသဖြင့် ဘုရား ကိုယ်တော်မြတ်ဟာ ဘုရားကိုယ်တော် မြတ်နှင့်ဘဲ တူ တယ်လို့အဖြေပေးစရာမှအပ အခြားမရှိတော့ပါဘုရား။

အေး- ဟုတ်လိုက်တာ ကွာ• ဓာတ်တွေဟာ သူ့သဘော သူ အသီးသီးဆောင်နေတာ ဉာဏ်ဝအရှင်းသား မဟုတ်လား၊ ဒီလို ဓာတ်ကွဲတာ ပါဠိလိုပြောတော့- ရူပ ပရိစ္ဆေဒ လို့ခေါ်တယ်၊ ဒီလို ဓာတ်သဘော ပိုင်နိုင်ကွဲ ပြားတဲ့ယောဂီအတွက် ပါဠိတော်က—

တေဇော ဓာတုံ အနတ္တတော ဇာနတော
ပဿတော သက္ကာယဒိဋ္ဌိံ ပဟီယတိ။ ။

တေဇောဓာတုံ၊ပူမှုအေးမှုဟူသော တေဇောဓာတ် သဘောကို။ အနတ္တတော၊ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောကျ်ားမိန်းမ မဟုတ်ကြကုန်သော အနတ္တသဘော အားဖြင့်။ဇာနတော၊ကောင်းစွာသိတတ် ဉာဏ်နှင့်သိသော သူသည်။ ပဿတော၊ ကောင်းစွာထင်ထင် ဉာဏ်နှင့်မြင် သောသူသည်။ သက္ကာယဒိဋ္ဌိံ၊တသံသရာလုံးက ပုဂ္ဂိုလ် သတ္တဝါ ငါသူတပါး ယောကျ်ားမိန်းမ ရှိ၏ ဟုတ်၏ မှန်၏ဟူ၍ အထင်များ အမြင်များ အယူများ အမှတ်များ အစွဲများ၍နေသော သက္ကာယဒိဋ္ဌိ တရားကြီးကို။ ပဟီယ တိ၊ ပယ်ရှားဖြတ်တောက် နိုင်လေတော့၏ချစ်သား။

ဝါယောဓာတ် ခွဲကြဦးစို့ရဲ့။ လှုပ်ရှားမှု- ထောက် ကန်မှု-တွန်းပို့မှုလက္ခဏာရှိတဲ့ ဝါယောဓာတ်သဘော ကို လောကတခုလုံးနှင့်တကွ ခန္ဓာ ကိုယ်ကြီး တခုလုံး ခြေအဆုံး ခေါင်းအဆုံး ရှာကွဲ့၊ လှုပ်ရှားတဲ့သဘောတွေ တွန်းကန်တဲ့ သဘောတွေ ထောက်ကန်တဲ့သဘောတွေ မှန်သမျှဟာ လောကတွင် နှိုင်းစရာပြိုင်စရာမရှိ ပကတိ

ထိုးသိုး လက်ဝါးပြင်မှာ ပတ္တမြားတင်သလို မထင်ရှားဘူးလား တပည့်တို့ရဲ့။ အဲဒါ လက်ညှိုးထိုး လက်ဆုပ်ဖြေပြသလို လက်တွေ့ ကမ္မဋ္ဌာန်းအပ်တဲ့နည်း ခေါ်တယ်ကွဲ့၊ မှတ်ကြောင်း လက္ခဏာနှင့်တကွ သူ့သဘော သူ့ကိစ္စကို မရပ်မနား မတန့်စားဘဲ သံသရာ ကမ္ဘာလဆန်း တချက်နေ့ကစပြီး မပေါက်မပြန် မြဲမှန်အပ်သောကြောင့် ပရမော ဥတ္တမော ဥတ္တမောလို့ ဘွဲ့ထူးဂုဏ်ထူး ပေးရတယ်ကွဲ့။

အဲဒါ သညာမြင် မှတ်သိ မကဘူး၊ ဝိညာဉ်မြင် ဦးတိုက်သိ ဖြစ်တယ်၊ သည့်မှတဆင့် လှုပ်ရှားသဘောမှ ထောက်ကန့်သဘော၊ ထောက်ကန့် သဘောမှ လှုပ်ရှားသဘော၊ တသဘောမှ တသဘောသို့ ရွေ့လျောပျက်စီးနေတဲ့ ခယဓမ္မာ ဝယဓမ္မာ- ဖြစ်မစဲ ပျက်မစဲ တဂိုန်ဂိုန် တလှုပ်လှုပ် တသုတ်သုတ် အားဖြင့် အနိစ္စ လက္ခဏာ, ဒုက္ခ လက္ခဏာ, အနတ္တလက္ခဏာ ပြနေတဲ့ ပစ္စုပ္ပန် ပဒဋ္ဌာန်နည်းကို အပြည့်အဝ ဉာဏ်ကုန်နှင်၍ မြင်ပလား ဆိုမှဖြင့် ဆင်းရဲလှစွာ သံတဒုက္ခကြီး လက်လွတ်ရှုန်းပြီး မဖြစ်မပျက်သော အသင်္ခတ အမတနိဗ္ဗာန် ဝင်စံနိုင်တော့တာဘဲ၊ ဟုတ်မှဟုတ်ပလား မတွေးနှင့်။

ဟိုနှစ် ဟိုလ ဟိုဘဝက မသိရိုက်မှား၍ အကုသိုလ်တရား ပြစ်မှား ကျူးလွန်ခဲ့ လေသလားလို့ မတွေးနှင့်၊ မနေ့တနေ့က တငါ ရဆိုး လုပ်ခဲ့ဘူးတာတွေ မတွေးနှင့်၊ စာတတ် စာမတတ် မတွေးနှင့်၊ သူက ရှင်ဘုရင် ငါက

သူတောင်းစား၊ ဒိတဲ ထန်းရေသမား-အရက်သမားရယ် လို့ သံသယ မဖြစ်နှင့်၊ အသက်ကြီးတယ် အသက်ငယ် တယ် မတွေးနှင့်၊ ဂရုက် ဆိုတဲ့ ပဉ္စာနဏ္ဍရိယ ကံ သာ မထိုက်စေနှင့် တရားနာသူယောဂီ ရာခိုင်နှုန်း ၁၀၀-မှာ ၇၅ ယောက် နားလည်က ၇၅-ယောက် အရိယာတဲ့၊ ၂၅ ယောက်နေရစ်ခဲ့၊ ၁၀၀-မှာ ၂၅-ယောက်နားလည် ၍ ၂၅-ယောက်ပါသွားလျှင် ၇၅-ယောက်နေရစ်ခဲ့တဲ့။

အပြကနည်းအားဖြင့် တွက်မယ်ဆိုလျှင် ပဋာစာရီ လို ရှူးနေတာတောင် ပြဆိုခဲ့တဲ့ပညာမြင် ထိုးထွင်း၍သိ သဖြင့် တမဟုတ်ခြင်း တထိုင်တည်းနှင့် တရားရသေး တာဘဲ၊ ခုဋ္ဌုတ္တရာတို့ သာမာဝတီအမှူးရှိသော မိဖုရား ငါးရာတို့၊ အင်္ဂုလိမာလ၊ တမ္ဗဒါဌ သူသတ်ယောက်ျားတို့ သောက်ကြဲ တပည့်တို့၊ ဘယ်လောက်များ အားရှိစရာ ကောင်းမလဲကွယ်တို့။

ဘယ်လိုလဲကွ တပည့်တို့ရ၊ ငါကတော့ ကြွေးစားပန်း စား ဟောရ ပြောရ မင်းတို့က မေ့မေ့ လျော့လျော့ ပေါ့ပေါ့တန်တန် ဆိုလျှင် သဲထဲရေသွန်သလို နေမှာဘဲ၊ ဒီလောက် အပ်ချ မတ်ချ ခရားစေ့တွင်းကျ မျက်မြင် ညာဏ်မြင် ဘယ်ဘာသာ ဘယ်လူမျိုးမှ မငြင်းနိုင်၊ စာ တတ် စာမတတ် ဗမာ့ပညာရှိ ကမ္ဘာ့ ပညာရှိကြီးများ ထောက်ခံရမဲ့ သာရခေါ်ရမဲ့ သဘာဝသစ္စာ တိတိကျ ကျ ဖေါ်ပြနေတာများ ရှေးတုန်းက ဆေးသမား ဆရာ တပည့်လိုတော့ မလုပ်နှင့်နော်။

မောင်ငွေ။ ။ဘယ်လို တဲ့လဲဘုရား၊ ခဝ်မြန်မြန်ကြီး ဟောတော်မူပါ။

အေး အေး- ယုပ်ပြီလုပ်ပြီ၊ ငါ့တပည့်က လိုရင်းဖြစ်တဲ့ ပရမတ်တရား ခုတ်တရားတော့ သဘောမပေါက် ပေါက်အောင် နာမယ်ဖြင့် မကြိဘူး၊ ယပ်လဲ့ ဆန်ဆန် မောင်တော့တော့ မယ်တော့တော့ တေးထပ်တို့ ဒွေးချိုးတို့, ဝိုချင်းတို့, ဝိုချင်းရှည်တို့ကို အသံကောင်းကောင်းနှင့် စည်းဝါးကျကျ ဖွဲ့ကာနှဲ့ကာ လွမ်းပြဲ ဆွေးပြဲနှင့် ဟောတဲ့ တရားဟော ဆရာဆိုရင် ကိလေသာက အရေပျော်ပြီး တရားဆိုလဲ မငြင်း- တဒေထာင်ဆိုလဲ မငြင်းဘူး၊ တချို့တကာမများ ပါတဲ့လက်ဝတ်လက်စားတွေတောင် ချွတ်ပြီး ပုံပြီး လှူတာ တွေ့ရသေးသကွ၊ မင်းတို့လဲ ဒီလို ထဲကဘဲ။ ပြောချင်တာက အသက်တရာ တကမ္ဘာ ရှည်တဲ့ဆေး ပေးနိုင်တဲ့ ဝိဇ္ဇာဓော်ဂျီ တပည် တွေ့ပါလျက် မိုက်နာ ပျောက်တဲ့ ဆေး တခွက်စာ တောင်း သောက်တဲ့ နွားကျောင်းသားလူမိုက်နှင့်တူနေတာ ပြောချင်တာပဲ၊ မင်းတို့သတိပေးနေရတာနှင့် တရားဆက် တောင် ဝေးသွားပေါ့။

ဆေးသမား ဆရာ တပည့်ဖြစ်ပုံက ဒီလိုတဲ့ကွ။ လူမမာ အိမ်က ပင့်လာလို့ လိုက်သွားကြသတဲ့၊ ရောက်ရောက်ခြင်း ဆေးဆရာကြီးက လူမမာ့ရောဂါ အသေအချာ စမ်းသပ် မကြည့်ဘဲနှင့် မှန်းပြီးရမ်းပြီး မီးယပ် ရောဂါလို့ ပြောသတဲ့၊ ဒီတော့တပည့်က နှုတ်ခမ်းမွေး

ကြီးနှင့် ယောကျ်ားကြီးပါ ဆရာရဲ့ ပြောရာ၊ ဖွတ်မှိတ်ပြီး ကျားကျား မီးယပ်ဘဲကွာလို့ ပြောသတဲ့၊ ဒီမှာလဲ ဓာတ်စခန်း ပရမတ်စခန်း အတိအကျပြလို့ မငြင်းလိုက်နိုင်အောင် တွေ့ရသော်လဲ ကျားကျား မီးယပ်ဘဲလို့ ဆိုတဲ့ ဆေးဆရာလိုတော့ မလုပ်လိုက် ပါနှင့်လို့ ပြောရတာကွ၊ ရှင်းပလား။ ဆေးဆရာအကြောင်းပြောပြီး ဆေးဆရာ ဥပမာနှင့်ဘဲတရားဆက်ကြဦးစို့ရဲ့တပည့်တို့ရဲ့။

ဆေးဆရာများ လူနာရောဂါပျောက်အောင် ဂါထာမန္တရားနှင့် အုပ်မန်းမန်းသလို ဒို့အဘ တိကိစ္ဆကဆေးဆရာကြီးထားခဲ့သော ပါဠိတော်တည်းဟူသော ဂါထာမန္တရား အုပ်ဆေးကြီးနှင့် မန်းမှုတ်ပြီး ကိလေသာတွေ ထုတ်ကြဦးစို့ရဲ့။

ဝါယော ဓာတုံ အနတ္တတော
ဇာနတော ပဿတော
သက္ကာယဒိဋ္ဌိံ ပဟီယတိ။ ။

ဝါယောဓာတုံ၊ လှုပ်ရှားမှု ထောက်ကန့်မှုတည်းဟူသော ဝါယောဓာတ် သဘောကို။ အနတ္တတော၊ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး ယောကျ်ားမိန်းမ မဟုတ်သော အနတ္တသဘောအားဖြင့်။ ဇာနတော၊ ကောင်းစွာ တိတိ ဉာဏ်နှင့်သိသောသူသည်။ ပဿတော၊ ကောင်းစွာထင်ထင် ဉာဏ်နှင့်မြင်သော သူသည်၊ သက္ကာယဒိဋ္ဌိံ၊ တသံသရာလုံးက ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး ယောကျ်ား

မိန်းမ ရှိ၏ဟုတ်၏ မှန်၏ဟူ၍ အထင်များ, အမြင်များ, အယူများ, အမှတ်များ, အစွဲများ၍နေသော သက္ကာယဒိဋ္ဌိတရားကြီးကို၊ ပဟီယတိ၊ ပယ်ရှား ဖြတ်တောက် နိုင်လေတော့၏ ချစ်သား။

ကဲကဲ- အာပေါ ဆက်ပြလိုက်အုံးမကွဲ့။ မေ့ဝိတက်တွေ များနေမှဖြင့် အကျိုး ရှိသလောက် ရှိပေမဲ့ ကျမ်းလေးသွားမှာ စိုးရသကွဲ့။ အထက်က ပြခဲ့ပြီးဖြစ်သော ပထဝီ-တေဇော-ဝါယော ဆိုတဲ့ ဓာတ်သုံးပါးဟာ အာပေါ ဆိုတဲ့ ဖွဲ့စည်းမှု မရှိက ရပ်တည်မှု မရ နိုင်ဘူး၊ ပဋ္ဌာန်းလိုပြောရလျှင် အညမည အချင်းချင်း၊ သဟဇာတ အတူတကွ၊ ဓာတ်သဘောတခုကတခုကို ကျေးဇူးပြုနေကြရတာ ဘယ်ဓာတ်ကမှ ဝွမ်းဝွမ်းတမန် ငါချည်း ရပ်တည်၍ နေပါမယ်လို့ မဖြစ်နိုင် မရပ်တည်နိုင် ချိချိနဲ့နဲ့ သဲ့သဲ့မြေ့မြေ့တွေချည်းဘဲ၊ အနုတ္တသဘောဟာ ပေါလောကြီး လယ်ပြင် ဆင် သွားသလို ထင် ရှား လှပါတယ်။ ကာမဘုံ, ရူပဘုံ, အရူပဘုံဖြစ်တဲ့ ဘုံသုံးပါးလုံးနှင့်တကွ မိမိလို့ထင်ရတဲ့ ခန္ဓာတခုလုံး ခြေအဆုံး ခေါင်းအဆုံး စဉ်းစားကြည့်-ကြံဆကြည့်- ပေါင်းစပ်သမှု ဖွဲ့စည်းသမှု အရှည်အတိုထင်ရသမှု အနုမြူတခြမ်း အစိတ်တသန်း စိတ်ကြည့်သည့်တိုင်အောင် ကလာပဆိုတဲ့ ကလာပ်စီးအနေနှင့် အာဗန္ဓနဲ့ ဖွဲ့မှုကိုပွမှမလွတ်ရ။ သိတ်လဲမကြိုနှင့် သဏ္ဍာန်နိမိတ်ပျောက်ရုံလိုတယ်၊ ကင်းဆိတ်ရုံလိုတယ်၊ ကြံဆလွန်း အားကြီးလျှင် မေ့ဝိတက်

ဝင်လာလိမ့်မယ်၊ အသေးစိတ် ပဋိသမ္ဘိဒါနည်း ဆိုတာ က ဗုဒ္ဓအရာ။

"ဗု-ဗျာ-လော-ကံ ဤလေးတန် မကြီးအပ်စွ ရှုးတတ်လှတဲ့"၊ ဗုဒ္ဓအရာ, ဈာန်အရာ, လောကအရာ, ကံအရာ ဒေသနာယုတ္တိ ငှ မိအောင် ခြံမိအောင် မတတ်နိုင်ဘူး၊ သာဝကကိစ္စပြည့်ရုံသို့သာ လိုရင်းဖြစ်တယ်။

အာပေါဓာတုံ အနတ္တတော
ဓာနတော ပဿတော
သဏ္ဌာယာဒိဗ္ဗွံ ပဟီယတိ။ ။

အာပေါဓာတုံ၊ ဖွဲ့စည်းမှု ယိုစီးမှု ဟူသော အာပေါ ဓာတ်သဘောကို။ အနတ္တတော၊ ပုဂ္ဂိုလ်သတ္တဝါ ငါသူ တပါး ယောကျ်ား မိန်းမ မဟုတ်သော အနတ္တတရား အားဖြင့်။ ဓာနတော၊ ကောင်းစွာဟိတ် ဉာဏ်နှင့် သိသောသူသည်။ ပဿတော၊ ကောင်းစွာထင်ထင် ဉာဏ်နှင့်မြင်သော သူသည်။ သဏ္ဌာယာဒိဗ္ဗွံ၊ တသံသရာလုံးက ပုဂ္ဂိုလ် သတ္တဝါ ငါသူတပါး ယောကျ်ား မိန်းမ ရှိ၏ ဟုတ်၏ မှန်၏ဟူ၍ အထင်မှား,အမြင်မှား, အယူမှား,အမှတ်မှား, အစွဲမှား၍နေသော သဏ္ဌာယာဒိဗ္ဗိတရားကြီးကို။ ပဟီယတိ၊ ပယ်ရှား ဖြတ်တောက်နိုင် လေတော့၏ ချစ်သား။

မောင်ငွေ။ ။တပည့်တော် ဒိတရားနာရတော့ ငါ တို့ထင်သလို မဟုတ်ပါလား၊ ဓာတ်သဘောတွေသာ ရှိ

ပြီး ပုဂ္ဂိုလ် သဏ္ဍ၀ါ ဆိုတာကတော့ တကယ် မရှိပါ လားလို့ စိတ်ထဲခတ်ဆန်းဆန်းကြီးဘဲဘုရာ့။

အေး-ခတ်ဆန်းဆန်းမြင်တယ်ဆိုတာ အရင်ကထက် အမြင်သန်လာလို့ ဖြစ်ရမှာပေါ့ကွယ်၊ ဘာမှ မထူးခြားဘူး ဆိုရင် အလကားနေမှာပေါ့၊ ဆွမ်းရူးမကောင်း-ဆွမ်း လောင်းမကောင်း ဆိုတာလို အချိန်ကုန် လူပန်း ဖြစ်နေ မှာပေါ့၊ အခု ဓာတ်ဘယ်နှစ်ပါး ရှိပြီလဲဟော့တပည့်ရဲ့။

မောင်ငွေ။ ။အခု လေးပါး ရှိသွားပြီဘုရာ့။

အဲဒါ မူလ ဘူတ ရုပ်လေးခုဘဲကွ မြဲမြဲ မှတ်ထား၊ “မူလ ဟူပေ- မြေ-ရေ-လေ-မီး ဓာတ်ကြီးလေးတန် အမာခံ အရံရုပ်သေး နှစ်ဆယ့်လေး ရောထွေးမှုညီ အဖွ ၀ိသ ရုပ်ကာယ” ဒါက ဒေသနာနည်းခေါ်တယ်၊ ကျက် ရုံ မှတ်ရုံလောက်သာ သဘောထား- သိတ်မကြိုနှင့် ဗုဒ္ဓ အရာတပည့်ရဲ့၊ မင်းတို့ ငါတို့ သိဘို့က ၎င်းဓာတ်ရင်း လေးပါး၏ သဘာဝ သဏ္ဌာန်နှင့် ၎င်းဓာတ်လေး ပေါင်း စည်းသဖြင့် ပေါ်ထွက်လာသောအဆင်း-အနံ့-အရသာ ဩဇာ စာလိုပေလို ဥပါဒါရုပ် ဗမာလို မှီတွယ်တဲ့ရုပ် များလို့သိ၊ ဘယ်တော့မှ မခွဲစကောင်းတဲ့ ရုပ် ဓာတ်ရှစ် ပါးကွဲ၊ စာလို အဝိနိဗ္ဘောဂတဲ့၊ ရုပ်လို့ခေါ်တဲ့ ၎င်းရှစ် ပါး ရှစ်ပါးချင်း တိုက်မိ ခိုက်မိ ဆပ်မိတဲ့အခါ ပေါ်လာ တဲ့အသံ ပါဠိလို သဒ္ဒ၊ ပေါင်းလိုက်တော့ သဒ္ဒနဝက ကလာပ် ကယ်လို့ ဓာတ် ၉-ပါးဟာ ဥတုပိုင် နယ်မှာ လွန်စွာထင်ရှားတယ်နော်။

ထင်ရှားပုံ ထပ်ပြောမယ်ကွဲ့၊ သစ်ပင်တော၊ တောင် ရေ၊ မြေ၊ သမုဒ္ဒရာနှင့်တကွ ၃၁- ဘုံ ဝိပါက်ခန္ဓာဖြစ်တဲ့ အသေကောင် ရုပ်ကြီးတွေ ကုန်အောင်ထည့်ကြည့်၊ အဲဒီ နေရာ ကံရုပ်တို့ နာမ်ရုပ်တို့ လာမရှုပ်နှင့် တရားတွေး သွားမနေ၁်၊ ဟော မောင်ရွှေ-မောင်ငွေတို့- ၎င်း ကိုးပါး ထဲမှာ ဘယ်ခါတ်ကို ငါလို့ သူလို့ ယောက်ျားလို့ မိန်းမ လို့ စွဲပြကြစမ်း။

မောင်ငွေ။ ။ဘယ်လိုနည်းနှင့်မှ ပုဂ္ဂိုလ်သတ္တဝါ စွဲ လို့ မဖြစ်ပါဘုရား။ တလောကခါတ်လုံး ထပ်တူထပ်မျှ ခါတ် သဘောတွေသာ ထင်ရှားရှိနေကြောင်း၊ ပုဂ္ဂိုလ် သတ္တဝါက မရှိကြောင်း ရှင်းရှင်းကြီး တွေ့တော့ တာ ဘဲ ဘုရား.......။

ဆရာတော်။ ။သာခုက္ခာ-သာခု-သာခု- အဲဒါ သူ များပြောလား-ကိုယ်တိုင်သိလား တပည့်ရဲ့။

တပည့်။ ။ကိုယ်တိုင် သိပါဘုရား.........။

ဆရာတော်။ ။ကိုယ် တိုင် သိ ဖြင့် သူများက မွေ လမ်းလွဲ ပြောလျှင် လက်ခံလို့ ရဦးမလားကွ၊ သန္တိမှာက ဂုဏ်ခေါ်တယ်၊ အောက်သံသရာရဲ့ သမုဒယသစ္စာဟာ အမှားမြင် မိစ္ဆာဒိဋ္ဌိကို ခေါ်တယ်။ ၎င်းခါတ်ကိုးပါးဟာ မခိုင်မမြဲ မတင့်တယ်- အစိုးမရ ခဏခဏ ပျက်ပြုံးနေ တာ မြင်ခြင်းကို ဒုက္ခသစ္စာ ပရိညာ ခေါ်တယ်။မသိ-သိ အောင်၊ မပိုင်-ပိုင်အောင် ကြံဆတွေးတောတာဟာ မဂ္ဂ သစ္စာဘဲ။ ၎င်းဒုက္ခသစ္စာမြင်ခြင်းအားဖြင့် ထိုဒုက္ခတရား

တွေ မတွေ့ရ-မဆုံရ-မကြုံရ-မဖြစ်မပျက်ရလျှင် ကောင်း အေးလေရဲ့ ငြိမ်းလေရဲ့လို့ ဖြစ် ပျက် ခြင်း ကင်းတဲ့ အသင်္ခတ ခေတ် နိဗ္ဗာန်မြတ် သန္တိကာတဗ္ဗံအရ မျက်မှောက်ပြုနိုင် တော့တာပေါ့၊ မျက်မှောက် ပြုတော့ တာပေါ့ တပည့်တို့ရဲ့။

ဤမျှလောက် ဟောပြလို့မှ တရားသဘော မပေါက်ကြလျှင် ကျေးဇူးရှင်ကြောင်ပန်း ဆရာတော်ကြီး ရေးသားတဲ့ ဉာဏ် အညံ့စားတွေ လက်ညှိုးထိုး လိုက်ဦးမယ်ကွဲ့။ ဤကဲ့သို့ ဝိပဿနာမျိုးကို ဉာဏ်မဘိုးဝံ့ တိုတွန့်ပေခွေ ဉာဏ်ဝေ ဉာဏ်ပြား ဉာဏ်မသွား၍ ဉာဏ်မဝါးနိုင် ဉာဏ်မငုံနိုင် ဉာဏ်မမှီနိုင် ဉာဏ်မပိုင်၍ ဉာဏ်မှိုင် ဉာဏ်မှုး ဉာဏ်မရှုးသဖြင့် မဟုတ်ဘူး ထင်တတ်သည်။ ဤအရာဝယ် အဓိပ္ပါယ် သဘောကို လက်ာနှင့် ပြောမယ်။ "ဤလောကနိုက် မိဘတို့အား ချစ်ကြငြား လည်း မိဘ နှင့် မှု အယူကွဲပြား ဘ စကားကို နားမထောင်သူ ရန်သူဖြစ်လေ အမွေမရ ပမာထာသို့ ဘုရားစကား မြတ်တရားကို မသိလျှင် သူပုန် မယုံလျှင်ရန်သူ အဘူလိုနေ မဂ်ဖိုလ်မွေကို မရလေငြား ဆင်းရဲပွါးသည် အများလူတို့ သိစေဘို့"။

သေချာသည့်ထက် သေချာအောင် ဌာန်လေးပါးနှင့် ခေတ်ခွဲနည်းဥပမာ သချပ်ဆောင်ဦးမကွဲ့။ ဥပမာကား-

ဤလောက မီးမှာ ပူခြင်း သဘော ရင်းသည် မီး၏ လက္ခဏာမည်၏။

ဝတ္တုတပါးကို လောင်မှုကိစ္စသည်မီး၏ရသမည်၏။
အခိုးအလျှံနှင့်တကွ ထကြွပြောင်ရွှန်းထွန်းတောက်ခြင်းသည် မီး၏ ပစ္စုပဋ္ဌာန်မည်၏။
မီးခြစ် မီးခတ် စသော မီးဖြစ်ခြင်း၏အကြောင်းရင်းသည် မီး၏ ပဒဋ္ဌာန်မည်၏။
ဒီဋ္ဌာန်လေးပါး ဆောင်ပုဒ် လင်္ကာလေးလဲ မှတ်ထားကွ၊ ငါတပည့်များ ဉာဏ်စမ်းပုစ္ဆာလေးတွေမေးရအုံးမယ်။ မောင်ရွှေ- သဲမှုန့်တလုံးထည်းမှာ ဓာတ်ဘယ်နှစ်ပါး ရှိသလဲကွ။

မောင်ရွှေ။ ။ဓာတ်၄စ်ပါးရှိပါတယ်ဘုရား........။

ဆရာတော်။ ။ဟုတ်ကဲ့ လားကွ၊ သေသေ ချာချာစဉ်းစားပြီးဖြေပါ။

မောင်ရွှေ။ ။ဟုတ်ပါတယ်ဘုရား့၊ သေချာပါတယ်။

ဆရာတော်။ ။မြင်းမိုရ်တောင် ကြီး တခုလုံး မှာကောကွ၊ ဓာတ်ဘယ်နှစ်ပါးရှိသလဲ။

မောင်ရွှေ။ ။မြင်းမိုရ်တောင်ကြီးတခုလုံးမှာလဲ ဒီအတိုင်းဘဲဘုရား တခုမှမပိုပါဘူး၊

ဆရာတော်။ ။အေး အေး- လိုက်ခဲ့ဟေ့ တပည့်ရဲ့လိုက်ခဲ့- မျက်ခြေ မပြတ်ကြစေနှင့်နော်၊ မဟာသမုဒ္ဒရာလေးစင်း နှင့်တကွ ကျွန်းကြီးလေးသွယ် ကျွန်းငယ်နှစ်ထောင်- သတ္တရဘန်- သီတာ ခုနစ်တန် တောင်စဉ် ခုနစ်ထပ် ဝိုင်းပတ်ရံသော လေးကျွန်းတမြင်းမိုရ် ထိုထိုစကြဝဋ္ဌာ အနန္တပြီးအနန္တ ကမ္ဘာလောက မှန်သမျှမှာ ဥတု

ဆိုင်ရာ ခေတ်သား ပရမတ်သား ဘယ်နှစ်ပါး ရှိမလဲ ဘုရား။

မောင်ဖြွေ။ ။မှန်ပါ- စောစောပိုင်းက ဆရာတော်က အပါယ်လေးဘုံနှင့်တကွ လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံ ပေါင်း ၃၁-ဘုံ မြဲ ပါရှိ၍ ကံရုပ် နာမ်ရုပ် နှုတ်ထားပြီး ဥတုပိုင်နယ်က ရုပ်တွေ အနေနှင့်ဆို၊ အဝိနိဗ္ဘောဂ အနေအားဖြင့်ရှစ်ပါး၊ အမာခေတ် အမာခေတ်ချင်းတိုက်ဆိုင် ဥပါဒ်ကြသဖြင့် ထွက်ပေါ်၍လာသော အသံခေတ်ပါဆိုလျှင် ၉-ပါးဆိုတာဉာဏ်ဝမှာသိပြီးဖြစ်သဖြင့် ဘောက်ဘောက်ပြန်ပြန် ပခုံးပြောင်းလို့ မရတော့ပါဘုရား။

အေး-သာရကွာ- သာရ- မယိမ်းမယိုင် ကျောက်စာတိုင်လို သမ္မာဒိဋ္ဌိ အသိဉာဏ် ခိုင်မာပြီဆိုမှဖြင့် ဘယ်လိုလှည့်စားလှည့်စား မှန်ဆိုတဲ့အမှတ်တရားက လွဲမှား၍လက်မခံတာ ထင်ရှားတာပေါ့ တပည့်ရဲ့။ အဲဒီထဲမှာ ခဲရာခဲဆစ်အနေနှင့် တရားကပ် မကျန်ရအောင် သတိပေးအနေအားဖြင့် အမာခေတ် အမာခေတ်ချင်း တိုက်ဆိုင်တဲ့ နေရာ၊ အခြားခေတ် ၇-ပါးဟာ အဝိနိဗ္ဘောဂ ဆိုတော့ ချန်ထားလို့ရသလား စောဒကတက်စရာ ရှိသကွဲ့။ ဒီတော့ အဖြေပေးရမှာက ရာဇာအာဂန္တုတိကို ထောက်ပါလို့ ဖြေရမယ်။ မင်းတို့သွားရာ ဗိုလ်ခြေပါ ဆိုတဲ့ သဘော မပြောဘဲနှင့် အဝုတ္တသိဒ္ဓိ နည်းအားဖြင့် သိပါလို့ ဖြေပေါ့ကွယ်။

ဒါပေမဲ့ ခိုင်သည့်ထက်ခိုင် မြဲသည့်ထက်မြဲ ကွဲသည့်

ထက်ကွဲအောင် ပရိယာယတခု ပြဦးမယ်ကွ။ ဂျုံမှုန့် နို့ဆီ ခွက်နှင့် နှစ်လုံးစာလောက် လင်ပန်းထဲ ထည့်ယူခဲ့စမ်း၊ အဲဒီဂျုံမှုန့်တွေကို မင်းတို့စိတ်ရှိသလို လေးထောင့်ပုံ လုပ်ကြည့်၊ မျက်မြင် ကတော့ လေး ထောင့် သေချာတယ်၊ ဉာဏ်မြင်နှင့်ကြည့်တော့ ဂျုံမှုန့်ကလေးတခုတခု တမှုန့်တမှုန့်ဟာ မဆက်မစပ် အပြတ် အပြတ် မြင်တော့ လေးထောင့် ဆိုတဲ့ သဏ္ဍာန် ရှိသေးရဲ့လားကွ၊ ပေါ်လာရဲ့လား ဖြစ်လာရဲ့လား၊ သေသေချာချာ ဉာဏ်နှင့်ထောက်၊ အဲဒီအတိုင်း အမှန်ကို သိလာလျှင် ခန္ဓာပေါ် သောက်ကြည့်တော့လဲ ဝေတ်သဘော ကလာပ်သဘောတွေသာမှန်တယ်၊ သဏ္ဍာန် နိမိတ်ကတော့ တကယ်မရှိ- အဟုတ်မရှိသိပြီး အကြမ်းစား ဩဠာရိက ရုပ်သဏ္ဍာန်ကြီးဟာ ဉာဏ်ဝတွင် ပျက်ပြုန်း ကုန်ဆုံး နေတာ တွေ့ရတော့တာပေါ့ တပည့်ရဲ့။

သုခုမ အတိသုခုမအနေကတော့ ဒါလောက်နှင့်မရသေးဘူး၊ အမှုန့်ဆိုကတည်းက အနုဏ္ဏု မဟုတ်သေးဘူး၊ ပရမတ်မှန်က အနုမြူတခြမ်း အစိတ်တသန်းစိတ်၍ တစိတ်စာမျှ သည်ပင် အမှုန် အမွှား အဖတ်အသားနှင့် ဆိုလျှင် အနုဏ္ဏုအချက်က တစက်ကမှလက်မခံဘူး၊ အနုဏ္ဏုအစစ်က ဘာဘာညာညာ ဘယ်ဘယ်ဟာဟု ပြောစရာဖြစ်စရာမရှိဘူး၊ ပြောဖြစ်အောင် ဟောဖြစ်အောင် ရုပ်ဘဲ နာမ်ဘဲ ခန္ဓာဘဲဟု ဝိဇ္ဇမာန အနေနှင့် အမည်ပေးခေါ်ရ ပြောရတာ အရုပ်ဖျက် တရားဆိုတော့ ဘယ်လောက်

လွယ်လဲကွ၊ အဲဒါ သုခပဋိပဒါ ခိပ္ပါဘိညာလမ်း ခေါ်တယ်၊ ပိဋကတ် သုံးပုံ မတတ်သော်လည်း ရေးတတ်ဘတ်တတ်ရုံနှင့် တရားရနိုင်တယ်ဆိုတာ အဖြေထွက်ပြီမဟုတ်လားကွ၊ စွန်းလွန်းဆရာတော်ကြီးများစာမတတ်ပါဘူးလို့ အခုမိန့်ရှိသော်လည်း ရဟန္တာ သမုတ်တယ်မဟုတ်လား၊ အဲဒါ စာမတတ်လို့ တရားမရနိုင်တော့ပါဘူးလို့ လက်မှိုင် ချနေတဲ့ ဝေနေယျအတွက် ချီးမြှင့်အားပေး ဟောတာကွ၊ စာပေကျမ်းဂန် တတ်တော့လဲပိုညာဏ်ကြီးနိုင် တာပေါ့တပည့်ရဲ့၊ ဒီကိစ္စနှင့် သက်ဆိုင်တဲ့ ဟောဒီတေးထပ်ကလေး ဘတ်စမ်းကွဲ့ ရော့ရော့။

မောင်ငွေ။ ။မှန်ပါ-ဘတ်ပါ့မယ်ဘုရား.......။

"စောမြတ်စွာ စံပြ၊ ပေါဋ္ဌိလ မထေရ်၊ ကျမ်းဂန်၌ သညာတည်သည့်၊ တဆိတ်စိ မယွင်း။ ဗုဒ္ဓက တုစ္ဆဆိုသည့်၊ မဂ်ဖိုလ်၏ ရန်မင်း။ စာ မာန်ဂုဏ် တယ် မတင်းလိုက်ပါနှင့်၊ တရားရင်းလိုက်လေ၊ ဤလောက ခက်ခဲပသည့်၊ စာတွေကို အာဂုံရသော်လဲ၊ မာနကြောင့် ဖိလာခံ၊ မောဟ မိုက်ညာဏ်။ ကျမ်း တတ် တိုင်း ပြည် နိဗ္ဗာန်ဘို၊ ဆက်ဆံနိုင်ပါဘူးကွဲ့လေး....."

အဲဒီ ပေါဋ္ဌိလ ကိုယ်တော်ကြီးဟာ သုတ္တံ ပိဋကတ်၊ ဝိနည်းပိဋကတ်၊ အဘိဓမ္မာပိဋကတ်တည်းဟူသော ပိဋကတ်သုံးပုံ နှုတ်ငုံဆောင်ပြီး နှံ့နှံ့စပ်စပ် တပည့်အာများတို့အား သင်ကြားပို့ချတော်မူတဲ့ အန္တိမဘဝသား ရဟန္တာလောင်းကြီးကွဲ့၊ လားလားများမမှတ်နှင့်၊ ဒါ

ပေးသည့် ပရိယတ်တည်းဟူသော စာမာန်တင်းပြီး နေ
လိုက်ထာ ပဋိပတ်တည်းဟူသော မဂ်လမ်း ဖိုလ်လမ်း
သတိတောင် ရတော်မမူရှာဘူးတဲ့။ အဲဒါနှင့် မြတ်စွာ
ဘုရားသခင်က သတိပေးသော အနေနှင့် လာပြန်လျှင်
ချစ်သားတုဿ လာလော့၊ ထိုင်ပြန်လျှင် ချစ်သားတုဿ
ထိုင်လော့၊ ထပြန်လျှင် ချစ်သားတုဿ ထလော့၊ ပြန်လျှင်
လည်း ချစ်သားတုဿ ပြန်လော့၊ ထပ်ခါထပ်ခါ သတိပေး
တော်မူသောအခါ ဘယ်နှယ်လဲ ငါဟာ အဋ္ဌကထာ
နှင့်တကွ ပိဋကတ်သုံးပုံတို့ကို ဆောင်သည့်ပြင် ရဟန်း
၅၀၀-တို့၏ ၁၈-ရပ်သော ဂိုဏ်းကြီးတို့ကို ပို့ချနေပါ
လျက် မြတ်စွာဘုရားသည် မပြတ် တုဿ ပေါဋ္ဌိလ ဟု
ခေါ်တော်မူခြင်းသည် ဧကန် မဂ်ဖိုလ်တို့၏မရှိခြင်းကြောင့်
သာ ခေါ်တော်မူခြင်းဖြစ်မည်ဟုထိတ်လန့်ခြင်းဖြစ်လျက်
ကြီးစွာသော သတိသံဝေဂ ရပြီး ယူဇနာ ၁၂၀-ကွာ၍
ရဟန္တာသုံးကျိပ်တို့၏ ကမ္မဋ္ဌာန်းကိုက်သို့ အလျင် အမြန်
ကြွသွားတော်မူပြီးသကာလ သံဃာထေရ်ကြီးထံ ကမ္မ
ဋ္ဌာန်းဒေမ၊ ဘုရားတပည့်တော်အား ကမ္မဋ္ဌာန်းတရားပေး
တော်မူပါလို့ လျှောက်ထား တောင်းပန်ရှာသတဲ့။ သံ
ဃာ့ထေရ်ကြီးကလဲ အရှင်ဘုရား- အရှင်ဘုရားဟာ နေ
လို့လ လို ပိဋကတ်ပါရဂူဖြစ်၍ တပည့်တော်တို့ကသာ
အရှင်ဘုရားအား မှီခိုရာအားထားရာ ဖြစ်ထိုက်ပါသည်။
တပည့်တော်တို့က အရှင်ဘုရား၏ အားထားရာ မှီခိုရာမ
ဖြစ်ထိုက်ပါဘုရားလို့ ပယ်တော်မူသတဲ့။

ဤသို့အားဖြင့် ဒုတိယထေရ်, တတိယ ထေရ်, ထေရ် စဉ်ဆုံးသော်သည်း သံဃာထေရ်ကြီးပယ်သလို ပယ်ကြသဖြင့် အားငယ်စွာနှင့်ရေအိုင်နားမှာအပ်ချုပ်၍နေသော ၇-နှစ်သား သာမဏေကလေးထံသွားပြီး အာစရိယော ကမ္မဋ္ဌာနံဒေမ လို့ တောင်းပန်ပြန်သတဲ့။ ထိုသာမဏေကလေးကလဲ သံဃာထေရ်များအမိန့်ရှိလိုက်သလို အရှင်ဘုရားက သက်တော်ကြီး ဝါတော်ကြီး ပိဋကတ်သုံးပုံဆောင် ဆရာတော်ကြီးဖြစ်ပါသဖြင့် တပည့်တော်တို့ရဲ့ မှီခိုအားထားရာသာ ဖြစ်လိုက်ပါသည်၊ တပည့်တော်တို့က အရှင်ဘုရားရဲ့ မှီခိုအားထားရာ မဖြစ်လိုက်ပါလို့ ပယ် ပြန် သတဲ့၊ ထိုကဲ့သို့ ပယ်သော်လည်း ထပ်မံပြီး တောင်းပန်သဖြင့် ကောင်းပါပြီ ဘုရား· တပည့်တော် ကမ္မဋ္ဌာန်းပေးရမှာဖြင့် ရှေ့နားကရေကန်ထဲ ဆင်းတော်မူပါဘုရားလို့ ကျိုးနွံသောစိတ် ရှိမရှိ စမ်းသောအားဖြင့် ခိုင်းသတဲ့။ ပေါဋ္ဌိလ ကိုယ်တော်ကြီးကလဲ တရားရပြီးရော- ဘာဘဲလုပ်ရလုပ်ရ- မီးပုံထဲဝင်ခိုင်း ဝင်မှာဘဲ ဆိုပြီး ဆင်းတော်မူသတဲ့။ သင်္ကန်း အနည်းငယ် စိုစွတ်မှ တက်ခဲ့ပါတော့ဘုရား ဆိုပြီး ကမ္မဋ္ဌာန်းပေးသတဲ့။

အရှင်ဘုရား အပေါက် ခြောက် ပေါက် ရှိသော တောင်ပို့ကြီးတခု ရှိသတဲ့ဘုရား၊ အဲဒီတောင်ပို့ကြီးထဲမှာလဲ ဖွတ်တကောင် ရှိသတဲ့ဘုရား၊ ထိုဖွတ်ကြီးမိအောင် ဘမ်းလိုလျှင် ငါးပေါက်ငါးပေါက်တို့ကိုပိတ်ပြီး ထွက်

ဝင်ရာ- ပင်မ,ဖြစ်သော တပေါက်ကိုလှပ်လျက် စောင့်၍ ဘမ်းက ဖွတ်ကြီးရမတဲ့ ဘုရားလို့ ဥပမာပြောရုံ ရှိသေး- မီးခဲပြာဖုံး အရိပ်ပြအကောင်ထင်နိုင်သောပါရမီသမ္ဘာရအဆောက်အအုံ ကြီးပြီးသား ပုဂ္ဂိုလ်ကြီး ဖြစ်လေတော့ ကရဇကာယ၌ ဉာဏ်ကိုသက်ဝင်စေ၍ ကြီးကြီးစားစား ကမ္မဋ္ဌာန်းတရားပွါးများသဖြင့် မကြာမြင့်မီ မျာန်အခြေ မဂ်အခြေ ရသတဲ့။

ထိုအခါ မြတ်စွာဘုရားသခင်သည် ဩဘာသရောင်ခြည်တော်ကို ကိုယ်တော်စား လွှတ်၍ အောက်ပါ ဂါထာဖြင့် ဆုံးမတော်မူသတဲ့။

မဂ္ဂဝင် ပေါ်မွီလည်အေရဝဏ္ဏ ဓမ္မပဒပါဠိတော်။
ယောဂါဝေ ဇာယတိဘူရိ၊ အယောဂါ ဘူရိသင်္ခယော။
ဧတံ ဒွေဓာပထံ ဉတွာ၊ ဘဝါယ ဝိဘဝါယ။
တထတ္တာနံ နိဝေသေယျ၊ ယထာ ဘူရိ ပဝဍ္ဍတိ။ ။

ပညာသည် အားထုတ်ခြင်းကြောင့် တိုးပွါး၏၊ အားမထုတ်ခြင်းကြောင့် ဆုတ်ယုတ်၏။ ထို့အတူ ဘဝ၌ ဖြစ်ခြင်း ဘဝကင်းခြင်းတည်းဟူသော ခရီး ၂ ကြောင်းကို သိမြင်၍ မိမိကိုယ်ကို ဝိပဿနာသို့သွင်း၍ ပွါးများအားထုတ်ပါက ဝိပဿနာ ဉာဏ်ပညာ တိုးပွါး၍ မဂ်ပေါက်,ဖိုလ်ဆိုက်,နိဗ္ဗာန်သို့ ရောက်ကြရမည်မှာ ဧကန်ပင် ဖြစ်ချေ၏လို့ ဟောတော်မူသည့်အဆုံး ပဋိသမ္ဘိဒါလေးပါးနှင့် ဆဋ္ဌာဘိညရဟန္တာအစစ်ဖြစ်တော်မူ . တဲ့ တပည့်ရ .....။

ဆရာတော်။ ။ကဲ- - မောင်ငွေ- တရား သဘော ပေါက်ဘို့ရာ ခဲယဉ်းသေးလားကွ။

မောင်ငွေ။ ။အကြောင်း ပြည့်စုံလျှင် မခဲယဉ်းဘူး ဘုရား........။

ဆရာတော်။ ။အကြောင်းတရားတွေက ဘာတွေ တဲ့လဲကွ။

မောင်ငွေ။ ။မှန်ပါ- ဘာတွေလို့တော့အတိအကျ မလျှောက်တတ်ဘူးဘုရား၊ မိမိကလဲ လိုချင်မယ်၊ လမ်း မှန်အတိုင်း ဆုံးမမဲ့ပုဂ္ဂိုလ်လဲ ရှိမယ်ဆိုလျှင် ရနိုင်တယ် လို့ ယူဆတယ်ဘုရား၊ အသက်ကလဲဟောပြောရေးသား ခဲ့ပါပကော။

ဆရာတော်။ ။အေး- ဒါ မလွဲလှဘူးကွ၊ ဒါ့ပမဲ့ အတိအကျ လိုအပ်တဲ့ အကြောင်းအင်္ဂါတွေ သိရအောင် ဟောဒီဂါထာ ကျက်ထားကွ-

သုတ်ပါထေယျ ပါဠိတော်

စတ္တာရိမာနိ ဘိက္ခဝေ သောတာပတ္တိယင်္ဂါနိ။
ကတမေ စတ္တာရော၊ သပ္ပုရိသ သံသေဝေါ
သဒ္ဓမ္မဿဝနံ ယောနိသော မနသိကာရော
ဓမ္မာနုဓမ္မ ပဋိပတ္တိ။ ။

ဘိက္ခဝေ၊ သံသရာဝဋ်၌ ကျော့ကွင်း ညွတ်၍ ကင်း လွတ်လိုငြား အို-ချစ်သားတို့။ စတ္တာရိမာနိ လေးပါး သောတရားတို့သည်။ သောတာပတ္တိယင်္ဂါနိ၊ သောတာ ပန်ဖြစ်ခြင်း၏ အကြောင်းအင်္ဂါတို့ပါပေတည်း။ ကတမေ

စတ္တာရော၊ အဘယ် အကြောင်းတရား လေးပါးတို့နည်း ဟူမူကား၊ သပ္ပုရိသ သံသေဝေါ။ ရုပ်နာမ် ခန္ဓာ ဓာတ် သစ္စာတို့ကို ကျွမ်းကျင်လိမ္မာသော သူတော်ကောင်းနှင့် ပေါင်းဘော်ရခြင်းတပါး။ သဒ္ဓမ္မသဝနံ၊ ရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာ တို့နှင့်စပ်သောစကား နာခံမှတ်သား သင်ကြားရခြင်းလည်းတပါး။ ယောနိသော မနသိကာရော၊ ရုပ်ဓာတ်, နာမ်ဓာတ်, ခန္ဓာဓာတ် ပရမတ် တရားတို့ကို မြင်အောင် ထင်အောင် အသင့်အတင့် နှလုံးသွင်းရခြင်း လည်းတပါး။ ဓမ္မာနုဓမ္မ ပဋိပတ္တိ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်တရားတို့ကို ရခြင်း၏အကြောင်းဖြစ်သော သက္ကာယဒိဋ္ဌိကို ပယ်ရှား ရခြင်းလည်း တပါး။ ဣတိ၊ ဤသို့။ စတ္တာရိ၊ လေးပါးသော တရားတို့သည်။ သောတာပတ္တိယင်္ဂါနိ၊ သောတာပန်ဖြစ်ခြင်း၏ အကြောင်းအင်္ဂါရပ်တို့ ပါပေတည်း။

ထို့ကြောင့် "သူတော် ဆည်းကပ် မြတ်တရားနာ သင့်ရာ စိတ်ထား မဂ်အားလျော်ဘိ ဒိဋ္ဌိကိုခွါ ဤလေး ဖြာ သောတာပန်စစ် ဖြစ်ကြောင်းတည်း" တဲ့ တပည့်ရေ၊ ဂါထာရော ဆောင်ပုဒ်ရော ကျက်ထားမှတ်ထား။

ခေါင်ဝေ။ ။မှန်ပါ၊ ပညာရှိစကား မိုးကြိုးသွား ဆိုသလို မှတ်သားလောက်ပါပေတယ်ဘုရား......။

ဆရာတော်။ ။အေး ဟုတ်တယ်ကွ၊ မင်းပြောလို့ သတိရလာပြီးပေါ့၊ အဂ္ဂရ မေကဉ္စ ဗုဒ္ဓ ရူပံ၊ အဂ္ဂရာ တလုံး ဘုရားတဆူ ထိုက်သတဲ့၊ တော်လောက်ပြီထင်

တယ်ကွ တပည့်ရဲ့။ စေတနာသန်သန်နှင့်ဝေဘန်ရေးသား လာ လိုက်ထာ စာမျက်နှာတွေ တော်တော် များသွားပြီ ထင်တယ်။ သွာကွာတ၊ တရားဂုဏ်တော်နှင့် နိဂုမ်း ခါး ပတ်သတ်ရအောင်ကွ-နားထောင် ငါရွတ်ပြမယ်။

သွာက္ခာတော၊ လောကုတ်လောကီ နှစ်လီ ပွံ့ဖြိုး ပွါး တိုးစေကြောင်း ကောင်းစွာဟောတော်မူအပ်သော။ ဘဂဝတော၊ ဣဿရိယ ဓမ္မ ယသ သိရိ ကာမ ပယတ္တ တို့နှင့်ပြည့်စုံတော်မူပေသော ဆွေဘုန်းတော်သခင် အရှင်ဘုရား၏။ ဓမ္မော၊ သောတာပန်-သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်နိုင်သော ရုပ်တရား,နာမ်တရား,ခန္ဓာတရား ဓာတ်တရားတို့နှင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် တရားတော်မြတ်သည်။ သန္ဒိဋ္ဌိကော၊ မဂ်ဖိုလ်နိဗ္ဗာန်ကို ကြားရ နာရ သင်ရသည့် နေ့ကစ၍ ကာယသုခ စိတ္တ နှစ်ဖြာ ကောင်းစွာမျက်မှောက် ဒိဋ္ဌရတယ်။ အကာလိကော၊မဂ်ဖိုလ်နိဗ္ဗာန်ကို ဟိုဘဝမှရမယ် ဟိုနှစ်မှရမယ် ဟိုလမှရမယ် ဟိုရက်မှရမယ်ဟူ၍ ဟိုနှစ်-ဟိုလ-ဟိုဘဝ-ဟိုအခါမလင့်ရဘဲ ယခုချက်ခြင်းရမယ်၊ ဆရာကောင်းရင် တထိုင်တည်းနှင့် ရမယ်။ ဧဟိပဿိကော၊ လာကြ စမ်းပါ-နာကြစမ်းပါ-ရှုကြစမ်းပါ-ငွေမကုန်ကြေးမကျ လင်သားလဲ မပစ်ရ- မယားလဲမပစ်ရ ကမ္မဋ္ဌာန်းလဲမထိုင်ရ ဒုက္ခလဲမရောက်ရ ဤတရားဟာ သက်သာလွန်းလို့ ခေါ်ဘို့ ပြောဘို့ ထိုက်လေတော့၏။ ဩပနေယျိကော၊ နေ့ခံထပ်တာဘန်ဘုရားရှာစရာ-တရားရှာစရာ-သံဃာရှာစရာ

မလိုပြီ ဟူ၍ မိမိစိတ်၌ မဂ်တရား ဖိုလ်တရား ကပ်၍ ဆောင်လေ တော့၏။ ဝိညူဟိ၊ ရုပ် နာမ်ခတ် ပရမတ်ကို တတ်အပ်ထင်ထင် သိမြင်ပြီးသောသူ လူ့ရှင်ပညာရှိ သည့် ယခုဘဝမှ နိဗ္ဗာန် ရောက်အောင် မချအပြီး နှစ်ဿက်လို့မငြီးနိုင်ဘဲ အသီးသီးအားဖြင့်။ဝေဒိတဗ္ဗံ၊သုံးဆဲ့တဘုံ လုံးပုံဒုက္ခ လွတ်မြောက်ရ၍ ကြောင့်ကြစရာ စိုးရိမ်စရာ ပူစရာ ဘာဘာတွေ ညာညာတွေဆိုတာ မရှိ၍ ချမ်းသာလေစွ- ကောင်းလေစွဖြင့် စိတ်ချလက်ချ ခံစား၍သာ စံစား၍သာ နေရလေတော့သတည်း။

ကျွန်းမြတ်ဇမ္ဗူ၊ ဒီပိုင်း ရှုတွင်၊ တခူနေ့မင်း၊ ထွက်ပေါ်လျှဉ်းသို့၊ မင်းမင်းအစုံ မြို့ရန်ကုန်မှ၊ ပဲယာကာညွှန့်ပြ၊ သမဏ၏၊ သာရအနှစ်၊ အဆိစစ်ကို၊ ချီးချစ်ဝံသာ၊ နွယ်မဘာတို့၊ သေချာဂန၊ တတ်ကုန် ကြဲသား၊ အကျိုးအားကြောင့်၊ မိုးဖျားထက်က၊ ငွေစန္ဒသည်၊ ငါးဝ ရန်သူ၊ ကင်းစင်ပြူသို့၊ သုံးဆူ သာသနာ၊ မြတ်ပညာနှင့်၊ ဘာသာဗုဒ္ဓ၊ ထွန်းတောက်ပ၍၊ လေးဝမဂ္ဂင်၊ ဘောင်ကြီး ယာဉ်ကို၊ လျင်လျင်မကြာ၊ တက်စီးကာဖြင့်၊ တဏှာဒိဋ္ဌိ၊ ကြီးဘိမာန၊ ဖိုလ်သုံးဝကို၊ နှိမ်ချ၍သာ၊ ဘုံသုံးရွာမှ၊ မြန်စွာခဏ၊ လွတ်ကုန်ကြ၍၊ သောတ သကဒါ၊ အနာ အရဟတ်၊ မြတ်သက်မြတ်၍၊အသင်္ခတ၊ တိုင်းငြာနသို့၊ ရောက်ကြပါစေ၊တောင်းဆု ဝေသည့်၊ ဝေနေအများ........အောင်စေသား........။

ဗုဒ္ဓမြတ်စွာ-သာသနာ-ရောင်ဝါနေသို့ထွန်းပါစေ။

ရတနာသုံးဘော် ဂုဏ်တော်ဖော်- ဘဝင်ကျော်အောင် လွှမ်းပါစေ၊

အပါယ် လေးတန်- အောက်နိုင်ငံ- အမြန်ထံခါး ပိတ်ပါစေ။

နိဗ္ဗာန်မဂ်ဖိုလ်-ရက်တိုတို-မငြင်ငြိုဘဲ ရောက်ပါစေ၊

**သစ္စာလေးပါး**

ဝိညာဉ်မြင် သမုတိသစ္စာ- လူဘဲနတ်ဘဲ ပုဂ္ဂိုလ်သတ္တဝါ-ငါသူတပါးယောကျာ်း မိန်းမ။

ပညာမြင် ပရမတ္ထသစ္စာ- ရုပ် နာမ် ခန္ဓာ အာယတန ဓာတ် သစ္စာ ပဋိစ္စသမုပ္ပါဒ် ပဋ္ဌာန်း- ကုသလာ ဓမ္မာ- အကုသလာ ဓမ္မာ- အဗျာကတာ ဓမ္မာ။

ပညာမြင် သဘာဝသစ္စာ-ဖြစ်နှင့် ပျက်-ဒုက္ခသစ္စာ။

အရိယာ သစ္စာ- -သုညတ နိဗ္ဗာန်- အနိမိတ္တ နိဗ္ဗာန်-အပ္ပဏိဟိတ နိဗ္ဗာန် အာလောက- ဩကာသ အစစ် တည်ရာဖြစ်၏။

သတ္တလောက,ဩကာသလောကနှစ်ပါးသည် အနိစ္စ ဒုက္ခ မရအပ် အနတ္တအတိမျှသာ။

သင်္ခါရလောကသည်သာအနိစ္စ,ဒုက္ခ,အနတ္တရအပ်သည်။

(မသိသူတွေကျော်သွား-သိသူတွေဖော်စား။)

## မဂ်လေးပါး ပယ်ပုံ

ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု-ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ခု ပေါင်း ၅-ပါး တပုံ၊

ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဥဒ္ဓစ္စသဟဂုတ်စိတ် ၅-ခု တပုံ၊

ဒေါသမူစိတ် ၂-ခု တပုံ၊

(၃-ပုံ ပုံ)

ပဌမအပုံကို သောတာပတ္တိမဂ်က အကြွင်းမဲ့ ပယ်သည်၊

ဒုတိယအပုံကို ၄-လွှာ လွှာပါ။

အပါယဂမနီယ- ဒိဋ္ဌိဂတဝိပ္ပယုတ် ဥဒ္ဓစ္စသဟဂုတ် တလွှာ၊

ကြမ်းတန်း ရုံ့ရင်းသော ဒိဋ္ဌိဂတဝိပ္ပယုတ် ဥဒ္ဓစ္စသဟဂုတ် တလွှာ၊

ကာမရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတ ဝိပ္ပယုတ် ဥဒ္ဓစ္စသဟဂုတ် တလွှာ၊

ရူပရာဂ-အရူပရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတ ဝိပ္ပယုတ် ဥဒ္ဓစ္စသဟဂုတ် တလွှာ။

ပဌမအလွှာကို သောတာပတ္တိမဂ်၊ ဒုတိယ အလွှာကို သကဒါဂါမိမဂ်၊ တတိယအလွှာကို အနာဂါမိမဂ်၊ စတုတ္ထ အလွှာကို အရဟတ္တမဂ်ကပယ်၏။

တတိယအပုံကို ၃-လွှာ လွှာပါ၊

အပါယဂမနီယ ဒေါသမူစိတ်နွေ တလွှာ၊

ရုံ့ရင်းကြမ်းတန်းသော ဒေါသမူနွေ တလွှာ၊
သိမ်မွေ့နူးညံ့သော ဒေါသမူမွေ တလွှာ၊ ပေါင်း ၃-
လွှာ၊

ပဌမအလွှာကို ပဌမမဂ်၊ ဒုတိယအလွှာကို ဒုတိယ မဂ်၊ တတိယအလွှာကို တတိယမဂ်၊ အောက်မဂ် ၃-ပါး ပယ်မှ ကုန်သည်။

## မဂ်ပယ်ပုံ တေးထပ်

မဂ်သောတာ ပဟာန့်၊ ကဗျာပ ညှိုးချွေ၊ အပါယ ဂမိ ကေ၊ မရှိပေမှတ်သား။လေးဒိဋ္ဌိ ဝိကိစ္ဆာ၊ ဘိန္နိပ်ခါကြွင်းမဲ့ပယ်ရှား။ ။ဒုတိယ သကဒါဂါမ်မှာ၊ ကြွင်းကျန်တဲ့ တရား၊ ကုန်စင်အောင် မပယ်ငြားနိုင်လို့၊ ခေါင်းပါး အောင် ပြုတယ်။ မဂ်နာဂါမ်တတိယာ၊ ပဋိဃ ဖြတ်၍ပယ် ပေါ့ကွယ်။ ။ဝိမလ အရဟတ် နယ်မှာ၊ မဖြတ်ဘယ် ရှိ ဘူးပ၊ ဆယ့်နှစ်ဦး သူခိုးမိုလ်တွေ၊ ကင်းပျောက်လို့ကြွေ။ မဂ်အရဟတ်ညာဏ်မှာ၊ ပမာလေသံလျက်သာပလေး။ ။

အာရုံမတိုက်ဆိုင်မိ လွန်၍သွားသည်ကို အတိတဘွင် ခေါ်သည်။

အာရုံနှင့် ထိခိုက်၍ လှုပ်သွားသည်ကို ဘဝင်စလန ဟု ခေါ်သည်။

ဘဝင်အစဉ်ပြတ်သွားခြင်းကို ဘဝင်ုပစ္ဆေဒဟု ခေါ် သည်။

ငါးဒွါရကို ဆင်ခြင်ခြင်းကို ပဉ္စဒွါရာဝဇ္ဇန်းဟု ခေါ် သည်။

ခံလင့်ခြင်းကို သမ္ပဋိစ္ဆိုင်းဟု ခေါ်သည်။
စုံစမ်းခြင်းကို သန္တိရဏဟု ခေါ်သည်။
အာရုံခံစားခြင်းကို ဇောဟုခေါ်သည်။
အကျန်အကြွင်းခံစားခြင်းကို တဒါရုံဟုခေါ်သည်။
ဥပမာ- သရက်ပင်ရင်း၌ ခေါင်းမြီးခြုံ၍ အိပ်ပျော်နေသူနှင့် အတိတဘဝင် ဖြစ်သည်နှင့်တူ၏။
သရက်သီးကြွေကျသံနှင့် ဘဝင်စလန ဘဝင်ုပစ္ဆေဒနှင့်တူ၏။
ခေါင်းမြီးခြုံကို ဖွင့်၍ကြည့်သောအခါ သရက်သီးမြင်သည်နှင့် ပဉ္စဒွါရာဝဇ္ဇန်း ဖြစ်သည်နှင့်တူ၏။
သရက်သီးကို လှမ်းလင့်သည်နှင့် သမ္ပဋိစ္ဆိုင်း ဖြစ်သည်နှင့်တူ၏။
မှည့်-မမှည့် စုံစမ်းနှိပ်နယ်ကြည့်သည်နှင့် သန္တီရဏ ဖြစ်ပုံတူ၏။
နမ်း၍ကြည့်သည်နှင့် ဝုဋ္ဌောဖြစ်ပုံတူ၏။
သရက်သီးကိုစားသည်နှင့် ဇောဖြစ်ပုံတူ၏။
ခံတွင်း၌ကျန်ရှိနေသည်ကို ထပ်မံမျိုချသည်နှင့် တဒါရုံ ဖြစ်ပုံ တူ၏။
ထပ်မံ အိပ်ပျော်သွားသည်နှင့် ဘဝင်အစဉ် ဖြစ်ပေါ်လာပုံတူ၏။

၁။ ယဒါဟဝေပါတုဘဝန္တိဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။

အသဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတုဓမ္မံ။ ။
၂။ ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒီ။ ။
၃။ ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယ မန္တလိက္ခန္တိ။ ။

အာတာပိနော၊ ကိလေသာကို ပူပန် စေတတ်သော သမ္မပ္ပဓာန် လုံ့လရှိထသော။ ဈာယတော၊ အကုသိုလ်ကို ဖုတ်ကျည်း သဂြိုဟ် ပြီးထသော။ ဗြာဟ္မဏဿ၊ မကောင်းမှုမှ အပ ပြုပြီးထသော ရဟန္တာပုဂ္ဂိုလ်အား။ ယဒါ၊ အကြင်အခါ၌။ ဟဝေ၊ စင်စစ်။ ဓမ္မာ၊ ဗောဓိပက္ခိယ တရားတို့သည်။ ပါတုဘဝန္တိ၊ ထင်ရှားဖြစ်ကုန်၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုရဟန္တာ ပုဂ္ဂိုလ်အား။ သဗ္ဗာ၊ အလုံးစုံကုန်သော။ ကင်္ခါ၊ တဆယ့်ခြောက် ပါးသော ယုံမှားခြင်းတို့သည်။ ဝပယန္တိ ဝိဓပယန္တိ၊ ကင်းစင်ကုန်၏။ ယတော၊ အကြင်အခါမှ။ ပဋ္ဌာယ၊ စ၍။ သဟေတုဓမ္မံ၊ အကြောင်းနှင့် တကွ ဖြစ်သော တရားကို။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။

ယတော၊ အကြင်အခါမှ။ ပဋ္ဌာယ၊ စ၍။ ပစ္စယာနံ၊

အကြောင်းတရားတို့၏။ ခယံ၊ ကုန်ရာ ကုန်ကြောင်းဖြစ်သော အရဟတ္တဖိုလ်ကို။ အဝေဒိ၊ ရပြီ-သိပြီ။

မာရသေနံ၊ မာရ်စစ်သည် အပေါင်းကို။ ဝိဓူပယံ-ဝိဓူပယန္တော၊ ဖျက်ဆီးလျက်။ သူရိယော၊ နေမင်းသည်။ အန္တလိက္ခံ၊ ကောင်းကင်ကို။ ဩဘာသယံ- ဩဘာသယန္တော၊ ထွန်းလင်းစေလျက်။ တိဋ္ဌတိဝိယ၊ တည်သကဲ့သို့။ တိဋ္ဌတိ တည်၏။

(ဒုတိယနှင့် တတိယ ဂါထာတို့၌ ထူးရာကိုသာ အနက်ပေးသည်။)

ကလေးကျိဘာဝ ကိလေသာနှင့်ပတ်သက်သော
သံချပ်များထိုးမည့်အစား သာသနာပြုသံချပ်များအသုံး
ပြုစေခြင်းငှါ ရေးသားစီရင်လိုက်ပါသည်။

သုံးပါးရတနာ-မြတ်အင်္ဂါဗျ-ဝန္ဒေဝန္ဒာပြုလို့ဝပ်တွား။
နှစ်ထောင့်ငါးရာ သာသနာဗျ-
အမှီသာလျှင် လိုက်ကြအများ။
ရောင်ဝါထွန်းတဲ့ ကျွန်းဇမ္ဗူဗျ-
နေမင်းတဆူ ထွက်သလိုဘဲ။
သာသနာပြု မြတ်ပုဂ္ဂိုလ်ဗျ-
ကမ္ဘာကိုလျှင် ပြုမဲ့ယောကျ်ား။
အရှင်ဇဝန သိဒ္ဓိကျော်ဗျ-
မဂ်ဖိုလ်ကိုနော် အရောက်ပို့ရဲ့။
ဒါနတရား ပြုကြတာဗျ-
လူ့ပြည် နတ်ရွာ ရောက်ဘို့မြှော်ကိုး။

သီလတရားစောင့်ကြတာဗျ-
လူ့ပြည်နတ်ရွာ ရောက်ဘို့မြော်ကိုး။
သမထတရား ပွါးများရာ-
ဗြဟ္မာပြည်ရွာ ရောက်ဘို့မြော်ကိုး။
ကံလမ်း ဈာန်လမ်း မသိရှာဗျ-
ဉာဏ်လမ်း ထင်ကာ နိဗ္ဗာန် ဆုတောင်း။

မဟာအမှား ပြုမိရှာဗျ- အနတ္တသိတာ သူတို့ပါဘဲ။
အပြုမှားတဲ့ ကုသလာဗျ- အဝိဇ္ဇာက ဦးစီးပါဘဲ။
ဘုံ ၃၁ ဖြစ်ချင်တာဗျ- မီး ၁၁ ဖြာ မသိရှာလို့။
ကျောင်းကြီးဆောက်ထာ စေတနာဗျ-
ဒိဋ္ဌိငါကဝင်၍သူ့ပွဲ။
ဘုရားတည်တာ စေတနာဗျ တဏှာငါကဝင်၍သူ့ပွဲ။
ဇရပ်ဆောက်ထာစေတနာဗျ- မာနငါကဝင်၍သူ့ပွဲ။
ရေတွင်းတူးတာ စေတနာဗျ အဝိဇ္ဇာကဝင်၍သူ့ပွဲ။
လမ်းကြီးပြင်တာ စေတနာဗျ- ဒိဋ္ဌိငါကဝင်၍သူ့ပွဲ။
သားရှင်ပြုတာ စေတနာဗျ- ဒိဋ္ဌိငါက ဝင်၍သူ့ပွဲ။
နာမဟူသမျှ ပညတ်ပါဗျ- မသိတာဟာ ဒိဋ္ဌိပါဘဲ။
(ဝိညာဏ်ပညာ မကွဲလို့ဘဲ။)

သဏ္ဌာန်ဟူသမျှပညတ်ပါဗျ-မသိတာဟာမိစ္ဆာပါဘဲ။
ဃနဟူသမျှ ပညတ်ပါဗျ-မသိတာဟာ မိစ္ဆာပါဘဲ။
သန္တတိဟူသမျှ ပညတ်ပါဗျ-မသိတာဟာဒိဋ္ဌိပါဘဲ။
အဘာဝဟူသမျှပညတ်ပါဗျ- မသိတာဟာဒိဋ္ဌိပါဘဲ။

ပုဂ္ဂိုလ်သတ္တဝါ ထင်မြင်လာဗျ-
အောက်သံသရာ လယ်၍မဆုံး။
သာသနာပြုပုဂ္ဂိုလ်လာဗျ- တရားမနာ ရှိပါစေအုံး။
လူမိုက် ရှင်မိုက် အဝိဇ္ဇာဗျ-
ရန်လုပ်ထားတာ အခက်ဆုံးဘဲ။
အဝိဇ္ဇာမိုက်မှောင်ချတာဗျ- သံသရာမှာ နစ်၍မဆုံး။
ကရုမေတ္တာ စေတနာဗျ-
နစ်မြုပ်မှာကို ဆယ်ရလိမ့်အုံး။
အစိန္တေယျသုံးလို့ကျော်ဗျ-
မိန့်တော်အာဘာ ထားတဲ့စည်းမျဉ်း။
တသွေမလွဲလိုက်နာရန်ဗျ-ဝိနည်းသိက္ခာအရှိသားဘဲ။
သပ္ပုရိသ နည်းအတိုင်းသာဗျ-
လိုက်နာရန်မှာ တသွေမလွဲ။
လောကုတ္တရာလမ်း ဆိုတာဗျ-
လောကီနှင့်ဟာ ဆန့်ကျင်ဘက်ဘဲ။
ပရိယတ္တိသာသနာဗျ မဆုံးနိုင်အောင်ရှည်တဲ့လမ်းဘဲ။
ပဋိပတ္တိသာသနာဗျ- အကျဉ်းချုံးကာ ရှု၍ကိုင်ဆွဲ။
ပဋိဝေဓသာသနာဗျ ဉာဏ်သိတာဟာ အဆုံးပါဘဲ။
ခုတ်လေတချက် ပြတ်တခါဗျ-သီလအရာဥပမာဘဲ။
ခုတ်လေတချက်ပြတ်နှစ်ခါဗျ-သမာဓိအရာဥပမာဘဲ။
ခုတ်လေတချက်ပြတ်သုံးခါဗျ- ပညာအရာဥပမာဘဲ။
ဒါနအစ မဂ်ပဋ္ဌမပါဗျ- သီလဆိုတာ ရှေးဦးပါရဲ့။
ဝိတိက္ကမပရိယုဋ္ဌာဗျ-အနုသယဟာ ၃-ခုပါဘဲ။

အနာ(၄)မျိုး ဆေး(၃)ဖြာဗျ-
အကိုက်သာလျှင်ကြည့်၍ပေးကြ။
ဆေးတခွက်စာ သုံးချက်သာဗျ-
တိုက်ကြလေပါမဂ္ဂင်ဆေးဘဲ။
အပြောသမား မရပါဗျ-
လက်တွေ့ကိုသာ ကြိုက်တဲ့ခေတ်ဘဲ။
နူးညံ့ခက်မာ ထိုနှစ်ဖြာဗျ-
ပုဂ္ဂိုလ်သဘာဝ ဟုတ်ပါ့မလား။
ယိုစီးဖွဲ့စည်း ဓာတ်ကြီးဟာဗျ-
သုဉ္ဉာဆိုတာ ဟုတ်ပါ့မလား။
တွန်းကန်လှုပ်ထ လေဓာတ်ဟာဗျ-
ယောကျ်ားမိန်းမဟုတ်ပါ့မလား။
ပူတာ အေးတာ တေဇောဟာဗျ-
ပုဂ္ဂိုလ် သဘာဝ ဟုတ်ပါ့မလား။
မူလဘူတာ ဓာတ်လေးဖြာဗျ-
အတ္တဆိုတာ ဟုတ်ပါ့မလား။
ဆင်း, နံ့, ရသာ, ဓာတ်သြဇာဗျ-
အနတ္တဟာ ထင်ရှားပါရဲ့။
အဝိနိဗ္ဘောဂါရှစ်ပါးဟာဗျ-ဘယ်သောအခါခွဲလို့မရ။
ကလာပ ၈-ဖြာ အသံဟာဗျ-
၂-ခုတိုက်ထာမြေဓာတ်ပါဘဲ။
ဥတုဆိုင်ရာ ဓာတ်ကိုးဖြာဗျ-
သူကပိုင်တာ ဒါလောက်ပါဘဲ။

အကြည်ခြောက်ဖြာ ဋ္ဌါရဟာဗျ-
ကံကပိုင်တာ ဒွါလောက်ပါဘဲ။
မျက်စိအကြည်မှာ ဆင်းတိုက်လာ-
ဝိညာဏ် သိတာ ပုဂ္ဂိုလ်မဟုတ်။
နားအကြည်မှာ အသံတိုက်လာဗျ-
နာမည်မပေါ် သဘောပါဘဲ။
နှာခေါင်းအကြည်မှာ အနံ့တိုက်လာ-
သဏ္ဍာန်ဆိုတာ ဘိတ်မရဘူး။
လျှာအကြည်မှာ အရသာဗျ-
တိုက်၍သိတာ ပုဂ္ဂိုလ်မဟုတ်။
ကာယအကြည်မှာဖေါဋ္ဌဗ္ဗာဗျ-တိုက်၍သိတာအနတ္တဘဲ။
မနောအကြည်မှာ ဓမ္မဟာဗျ-
တိုက်ပြီးချုပ်ထာ အနိစ္စဘဲ။
ဓမ္မဆိုတာ သဘောပါဗျ-
သဏ္ဍာန်ပျောက်ထာ သညပါဘဲ။
သညဆိုတာ သညီးဆိတ်ထာဗျ-
ပုဂ္ဂိုလ်သတ္တဝါ ပျောက်တော့တာဘဲ။
ဃနမရှိ သညီးဆိတ်ထာဗျ-
နိဗ္ဗာန်ဆိုတာအအေးဓာတ်ဘဲ။
အနတ္တသိ အတ္တကွာဗျ-
အောက်သံသရာ စိတ်သာချတော့။
ပျဉ်မနိုင်းနှင့်ပြိုင်တိုင်းသာဗျ
အပါယ်လေးရွာ စိတ်သာချတော့။

လူရောရှင်ရော သာသနာဗျ-
ပြုကြလေပါ အင်တိုက်အားတိုက်။
နှစ်ထောင့်ငါးရာ သာသနာဗျ-ဘုရာ့စိန္တာရှိ သလိုဘဲ။
စကြဝဠာ တသောင်းသာဗျ-
သာဓု ခေါ်သံ မြိမ့်ညံမစဲ။ ။

———o———

၁။ ရှင်တော်ဗုဒ္ဓ ဟောပြမိန့်မှာ၊
သံသရာလမ်း ထွက်ခမ်းကိုသာ၊
အားထုတ်ကြမှ ယောဂီတွေရာ၊
ဝဋ်မြစ်ကြွေး လွတ်အေးရတော့မှာ။ ။
၂။ အရှင်ဇာဝန သိဒ္ဓထေရာ၊
ဝေနေအများ သနားငဲ့ညှာ၊
မဂ္ဂင်စခန်း ထွက်လမ်းကိုသာ၊
နေ့ ညဥ့် ပြု လာကြမိတ်သဟာ။ ။
၃။ ဒါနစခန်း အစွမ်းကုန်ရှာ၊
လှူပါလေကြ မိတ္တကလျာ၊
သန္တာန်ကိုစွဲ ထည်လဲရှည်ကြာ၊
ခံလေကြ ဘဝဝဋ်ကြွေးသာ။ ။
၄။ သီလစခန်း အစွမ်းကုန်ရှာ၊
ဆောက်တည်လေကြ မိတ္တကလျာ၊
နှိမိတ်စွဲလို့ ထည်လဲရှည်ကြာ၊
သံသာထဲ တဝဲလည်လည်သာ။ ။

၅။ ဘာဝနာခန်း အစွမ်းကုန်ရှာ၊
ပွါးများလေကြ မိတ္တကလျာ၊
နာမည်စွဲကပ် ပညတ်မခွါ၊
ဩဇာထဲ မြုပ်မြဲကေန်သာ။ ။

၆။ ဓိဋ္ဌဘမျိုး ရိုးရိုးကုသိုလ်၊
ပြုပါလေကြ ပညတ်အလို၊
နိမိတ်မကင်း ဝဋ်အတွင်းကို၊
လည်မည်ပ မှတ်ကြဲများပုဂ္ဂိုလ်။ ။

၇။ ရူပက္ခန္ဓော သူ့သဘောမှာ၊
ဖေါက်ပြန်သမျှ သူ့ကိစ္စသာ၊
သညာနကင်းဆိတ် အနိမိတ္တာ- နိမိတ်မပါ၊
လွန်ထင်ရှား အများသိကြပါ။ ။

၈။ ဝေဒနာက္ခန္ဓာ သူ့သဘောမှာ၊
ဖေါက်ပြန်သမျှ ခံစားရရှာ၊
ပုဂ္ဂိုလ်မရော ဓာတ်သဘောသာ။
လွန်ထင်ရှား အများရှုကြပါ။ ။

၉။ သညာက္ခန္ဓော သူ့သဘောမှာ၊
ခံစားသမျှ မှတ်ရလေရှာ၊
အနိစ္စချက် အပျက်ကိုသာ၊
လွန်ထင်ရှား အများရှုကြပါ။ ။

၁၀။ သင်္ခါရက္ခန္ဓော သူ့သဘောမှာ၊
ပြုပြင်သမျှ သူ့ကိစ္စသာ၊
ဒုက္ခအချက် အနက်ထင်တာ၊

လွန့်ထင်ရှား အများရှုကြပါ။ ။
၁၁။ ဝိညာဏက္ခန္ဓာ သူ့သဘောမှာ၊
အသိဟူက သူ့ကိစ္စသာ၊
အနတ္တချက် သက်သက်မျှသာ၊
လွန့်ထင်ရှား အများရှုကြပါ။ ။
၁၂။ ခန္ဓာငါးဝ မမြဲကိုရှာ၊
ဉာဏ်မှာတွေးတော သဘောကိုသာ၊
အပိုင်သိက လေးဝပါယ်ရွာ
သံသာစက် ထွက်ပေါ့ ကေနိုသာ။ ။
၁၃။ သမာဓိ သီလ ညီမျှအပုံ၊
ပညာဦးစီး ခရီးဆက်ပုံ၊
သိက္ခာသုံးချက် အကွက်လည်ရုံ၊
ဝဂယက် လွဲထွက်သန္တဘုံ။ ။
၁၄။ လူဖြစ်သာကြဲ လောကဤဘုံ၊
ကံကောင်းထောက်လို့ ဗုဒ္ဓတွေ့ကြုံ၊
ကြိုးစားလိုက်ကြ စွမ်းအားအကုန်၊
သံသာစက် ထွက်ရနိဗ္ဗာန်ဘုံ။ ။

## ခွဲမှားခြင်း ၃-မျိုး

ဧတံမမ ဧသောဟမသ္မိ ဧသောမေအတ္တာ။
ဧတံ၊ ဤခန္ဓာငါးပါးသည်။ မမ၊ ငါတည်း။
ဧသော၊ ဤခန္ဓာငါးပါးသည်။ အဟံ၊ ငါသည်။ အသ္မိ၊ ဖြစ်၏။
ဧသော၊ ဤခန္ဓာငါးပါးသည်။ မေ၊ ငါ၏။ အတ္တာ၊ ကိုယ်
ဖြစ်၏။

တော်၊ ဤရုပ်သည်။ မမ၊ ဖြ၏။ သနွှကံ၊ ဥစ္စာတည်း။ တဏှာ။ သော၊ ဤရုပ်သည်။ အဟံ အသ္မိ၊ ငါဖြစ်၏။ မာန။ သော၊ ဤရုပ်သည်။ မေ၊ ငါ၏၊ အတ္တာ၊ ကိုယ်တည်း။ ဒိဋ္ဌိ။

"အစဉ်နက်ဝှမ်း၊ ကမ်းကိုမလွန်၊ ရွှံဘွယ်ဆယ်ပစ်၊ တမည်ဖြစ်ခြင်း၊ မယွင်းမတိုး၊ ဆယ်မျိုး ရတနာ၊ ရသာ ဆားဘူ၊ ကြီးသူနေရာ-အံ့ရှစ်ဖြာ"။

၁။ သီလ, သမာဓိ, ပညာ၊ ဒါန, သီလ, ဘာဝနာ- အစဉ်အတိုင်း နက်ဝှမ်းကြသည်။
၂။ သီလတည်းဟူသော ကမ်းကိုမလွန်ခြင်း။
၃။ အလဇ္ဇီခမ္မကို ဆယ်ပစ်ခြင်း။
၄။ မြစ်ကြီး ၅-သွယ် မြစ်ငယ်တို့မှရေတို့သည် သမုဒ္ဒရာရေနှင့် တူသကဲ့သို့ အမျိုး ၄-ပါးတို့ တူခြင်း။
၅။ သမုဒ္ဒရာသည် ရေများ, ရေနည်းလိုက်၍ အတိုးအဆုတ်မရှိသကဲ့သို့ နိဗ္ဗာန်သည်လည်း အတိုးအဆုတ် မရှိခြင်း၊
၆။ မဂ် လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ်, သုတ္တန်ကောင်းတရား ဆယ်ပါးတို့ ရှိခြင်း။
၇။ ဝိမုတ္တိရသာ, ဝိမုတ္တိရသာ အားဖြင့် တူမျှခြင်း။
၈။ မဟာသမုဒ္ဒရာသည့် တိမိ, တိမိရ, တိမိင်္ဂလ, အာနန္ဒာ စသော ငါးကြီးတို့သော ပျော်မွေ့ရာ ဖြစ်သကဲ့သို့ သာသနာတော် ကြီး သည်လည်း ဘုန်းကံ ကြီးမြတ်သောသူတို့၏ နေရာအဖြစ် အံ့ဘွယ် (၈) မျိုးနှင့် ပြည့်စုံခြင်း။

## သစ္စာ ဓိဋ္ဌာန် မေတ္တာပို့ ဂါထာများ

ဗုဒ္ဓေါလောကေ သမုပ္ပန္နော၊ ဟိတာယသဗ္ဗပါဏိနံ။
ဧတေနသစ္စဝဇ္ဇေန၊ နိရောဂါ ဟောန္တု သာဓဝေါ။
ဓမ္မောလောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။
ဧတေနသစ္စ ဝဇ္ဇေန၊ နိရောဂါ ဟောန္တု သာဓဝေါ။
သံဃောလောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။
ဧတေနသစ္စ ဝဇ္ဇေန၊ နိရောဂါ ဟောန္တု သာဓဝေါ။ ။

လောကေ၊ ကာမ,ရူပ,အရူပဟု ဘဝသုံးရပ် ဘုံသုံး ထပ်၌။ သဗ္ဗပါဏိနံ၊ လုံးစုံများစွာ သတ္တဝါတို့၏။ ဟိတာယ၊ လောကီလောကုတ် မယုတ်တိုးပွါး အကျိုးများစေခြင်းငှါ။ ဗုဒ္ဓေါ၊ သစ္စာလေးရပ် တရားမြတ်ကို ဆပ်ဆပ်သိမြင် ဘုရားရှင်သည်။ သမုပ္ပန္နော၊ ဥဒည် တောင်စွန်း လပြည့်ဝန်းကဲ့သို့ ပွင့်ထွန်းပေါ်ထွက်၍ လာပါပေ၏တကား။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့နှုတ်သံ ဖေါ်ထုတ်ပြန်၍ ဟုတ်မှန်သောစကားကို အကျွန်ုပ်ဆိုရခြင်းကြောင့်။ သာဓဝေါ၊ ရတနာသုံးရပ် မြတ်ထက်မြတ်ကို ဆည်းကပ်ခညောင်း သူတော်ကောင်းတို့သည်။ နိရောဂါ၊ ရောဂါဟူသမျှ မကျ လွတ်ကင်း ဘေး ရန် ရှင်းကြ ကုန် သည်။ ဟောန္တု၊ စင်စစ်မသွေ ဖြစ်ကြပါစေကုန်သတည်း။

လောကေ၊ ကာမ,ရူပ,အရူပဟု ဘဝသုံးရပ် ဘုံသုံး ထပ်၌။ သဗ္ဗပါဏိနံ၊ လုံးစုံများစွာ သတ္တဝါတို့၏။ ဟိတာယ၊ လောကီလောကုတ် မယုတ်တိုးပွါး အကျိုးများစေ

ခြင်း၄၁။ ဝမ္မော၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ် တည်းဟူသော ဆယ်ပါးသော တရားတော်မြတ်သည်။ သမုပ္ပန္နော၊ ဥဒည်တောင်စွန်း လပြည့်ဝန်းကဲ့သို့ ပွင့်ထွန်းပေါ်ထွက်၍ လာပါပေ၏တကား။ ဌေတေနသစ္စဝဇ္ဇေန၊ ဤသို့နှုတ်သံ ဖေါ်ထုတ်ပြန်၍ ဟုတ်မှန်သောစကားကို အကြွနိုင်ဆိုရခြင်းကြောင့်။ သာဓဝေါ၊ ရတနာသုံးရပ် မြတ်ထက်မြတ်ကို ဆည်းကပ် ခညောင်း သူတော်ကောင်းတို့သည်။ နိရောဂါ၊ ရောဂါဟူသမျှ မကျလွတ်ကင်း ဘေးရန်ငှင်းကြကုန်သည်။ ဟောန္တု၊စင်စစ်မသွေ ဖြစ်ကြပါစေကုန်သတည်း။

လောကော၊ ကာမ,ရူပ,အရူပဟု ဘဝသုံးရပ် ဘုံသုံးထပ်၌။ သဗ္ဗုပါဏီနံ၊လုံးစုံများစွာ သတ္တဝါတို့၏။ဟိတာယ၊ လောကီလောကုတ် မယုတ်ဘိုးပွါး အကျိုးများစေခြင်း၄၁။ သံဃော၊ မဂ္ဂဋ္ဌာန်လေးယောက် ဖလဋ္ဌာန်လေးယောက် တည်းဟူသော ရှစ်ယောက်သော အရိယာသံဃာတော်မြတ်အပေါင်းသည်။ သမုပ္ပန္နော၊ ဥဒည်တောင်စွန်း လပြည့်ဝန်းကဲ့သို့ ပွင့်ထွန်းပေါ်ထွက်၍လာပါပေ၏တကား။ ဌေတေန သစ္စဝဇ္ဇေန၊ ဤသို့နှုတ်သံ ဖေါ်ထုတ်ပြန်၍ ဟုတ်မှန်သောစကားကိုအကြွနိုင်ဆိုရခြင်းကြောင့်။ သာဓဝေါ၊ ရတနာသုံးရပ် မြတ်ထက်မြတ်ကို ဆည်းကပ် ခညောင်း သူတော်ကောင်းတို့သည်။ နိရောဂါ၊ ရောဂါဟူသမျှ မကျလွတ်ကင်း ဘေးရန် ငှင်းကြကုန်သည်။ ဟောန္တု၊စင်စစ်မသွေ ဖြစ်ကြပါစေကုန်သတည်း။

ပဥ္စ ဂုဏံ အပဉ္စံ ဝန္ဒာမိ သဗ္ဗဒါ။

## ကျမ်းပြုဆရာ၏အာဘော်

ဤ ဝိပဿနာလမ်း အလင်းကျမ်း တတိယ တွဲသည် ပရိယတ္တိမျက်စိနှင့် မကြည့်ဘဲ ပဋိပတ္တိမျက်စိနှင့် ကြည့်မှသာ ယောနိသော မနသိကာရ ဖြစ်နိုင်ပါမည်။

အဘယ့်ကြောင့်ဆိုသော် ပေးသားသော နာမည်အတိုင်းပင် အစိန္တေယျ၊ သုံးလောက ထွဋ်ထား သဗ္ဗညုရှင်တော်ဘုရား၏ တပည့်သား သံဃာတော် ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန် တည်းဟူသော လက်ဝဲတော်ရံ လက်ျာတော်ရံ အဂ္ဂသာဝက မဟာသာဝကကြီးတို့မှစ၍ သိဿာနုသိဿ တပည့်အစဉ်အဆက် မပျက်ရိုးရာ ယခုအခါထိ ကျေးဇူးတော်ရှင် ဆရာသခင်တို့၏ အဆုံးအမကို ခံယူမှတ်သား ပွါးများလေ့လာသဖြင့် ရရှိအပ်သော အကျိုးတရား မျက်မြင်ဉာဏ်မြင် ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင်သိသမျှ အနှစ်သာရ ဓမ္မရတနာ မြတ်ရသာကို ကံပါရမီ ဈာန်ညီသည့် ယောဂီများအား မေတ္တာထား၍ ရငြားစေရန် ရည်စိတ်သန်လျက် မိဋ္ဌာန်ချက်ဖြင့် ကွယ်ဝှက်ဖုံးဖိ ဖြင်မသိသည့် စရည်းအိုးမှ လှန်၍ပြသို့ ကျနစုံစေ မျက်မှောက်တွေ့နည်း နိဿယည်းက သုခပဋိပဒါ ခိပ္ပါဘိညာ သဲလွန်စတိုင်း မဆိုင်းမတွ အားထုတ်ကလျှင် သဋ္ဌါပညာ နှစ်ဖြာရရ ကုန်လုံ၍ ရချက်ကိုယ်

တွေ့ တွေ့ကြီးတွေ့လိမ့် မမေ့သတိ ရှိကြီးရှိရန် အတန်တန်လျှင် မှာရန်ရေးကြီး-ကိစ္စတည်း။

ငင်းအာဘော်၏ ဆိုလိုရင်းကတော့-

၁။ သုခပဋိပဒါ ခိပ္ပါဘိညာ
၂။ သုခပဋိပဒါ ဒန္ဓာဘိညာ
၃။ ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ
၄။ ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ

၁။ ချမ်းချမ်း သာသာနှင့် လျင်လျင် မြန်မြန် ရသောနည်း။
၂။ ချမ်းချမ်းသာသာနှင့် နှေးနှေးရသောနည်း။
၃။ ဆင်းဆင်းရဲရဲနှင့် လျင်လျင်မြန်မြန်ရသောနည်း။
၄။ ဆင်းဆင်းရဲရဲနှင့် နှေးနှေးရသောနည်း။

အဲ ဤကျင့်လမ်းစဉ် လေးနည်းအနက်-

နံပါတ် ၁-ပဌမနည်းနှင့် ထိုဝိပဿနာလမ်း အလင်းကျမ်းကို ရေးတယ်လို့ ဆိုလိုတယ်။

ကြိုက်ရာလိုက်ကြပေါ့၊ ပါရမီအလိုက် ဓာတ်ကြိုက်ကြတာကို ဘယ်သူ့မှအပြစ်ဆိုစရာမရှိပါဘူး၊ လမ်းဆုံးလျှင် ရွာတွေ့ ဆိုတဲ့ ဥပမာလို လောကီတရားဆုံးလျှင် လောကုတ္တရာတရား တွေ့ကြမှာချည်းပါဘဲ။

နောက်ပြီးတော့ ဓမ္မ ပရိယာယ် ကြွယ်ဘို့၊ ဓမ္မ ပရိယာယ် နားလည်ဘို့ အရေးကြီးတယ်၊ မူသေမရချယူရမဲ့နေရာမှာ မူသေမရချယူလို့ ဥပစာရအားဖြင့် တင်စားတဲ့

ရှုရှင်တရားကို ရှုရှင်အနေအားဖြင့် ယူလို့ ဝိဘဇ္ဇဝါဒီနည်းနှင့် ဝေဘန်ယူမှ ဗုဒ္ဓမြတ်စွာ ဘုရားအလိုတော်ကျမယ်၊ ကမ္ဘဝါဒီတထစ်ချနည်းနှင့် ချည်ထားသလို-တုတ်ထားသလို ယူလျှင် ဘုရားအလိုတော်နှင့် ဆန့်ကျင်ပြီး တရားအဆင်ပြေမှာမဟုတ်ဘူး။

မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် တည်းဟူသော လောကုတ္တရာတရား ကိုးပါးသာလျှင် မှုသောတရား မှုချတရားတဲ့၊ ၎င်းတရားမှအပ အခြားသော တရားစုများသည် ပရိယာယမ္မြကြီးဘဲတဲ့၊

ပရိယာယ၏သရုပ်ကို အနည်းငယ် ဖေါ်ထုတ် လိုက်ကြဦးစို့ရဲ့......။

"ဆန့်ကျင်သဘွယ် မခက်လွယ် သူငယ်သော်လည်း တတ်နိုင်သည်၊ မဆန့်ကျင်ဘွယ် ခက်မလွယ် ပညာကျယ်မှ တတ်နိုင်သည်၊" ဆန့်ကျင်ဘို့ရာကတော့ အလွယ်ကလေး သူငယ်ကလေးပင်တတ်နိုင်၏၊ မဆန့်ကျင်အောင်ကတော့ ပညာကျယ်မှ တတ်နိုင်သည်။

"တနည်းတွေ့ရုံ ကျမ်းမစုံ အာဂုံမလင်းနှင့်၊ ကေဝိသဘော တကျမ်းဟော အပြောမတင်းနှင့်၊ ဂန္ထန္တရ မနှံ့ကြ ဝါဒမငြင်းနှင့်။"

"မှန်မှား သိမှ မှတ်ရာသည်၊ ကြံအားရှိမှ တတ်ရာသည်၊ ဉာဏ်သွားရှိမှဖြတ်ရာသည်၊ မစပ်မယှဉ် အဖတ်တင် ငြိငြင်တတ်လှသည်၊" ၎င်းဆောင်ပုဒ်လက်ာနှင့် တကွ ပဋ္ဌမတွဲ-ဒုတိယတွဲများတွင် ရေးသားခဲ့တဲ့ ကေ

ဇစ်, ဝက်ဇစ် အစရှိတဲ့ သဲလွန်စ ပရိယာယတွေဟာ မြွ အပေါ် ရိပ်စားမိပြီး ပရိကံ ဉာဏ်ပွင့်ရုံလောက်သဘော ထား ပြဆိုလိုက်ရပါတယ်၊ တကဲ့ဒေသနာတော် အလို ကတော့ မရေမတွက် နိုင်အောင် များပြား ကျယ်ဝန်း တာပေါ့။ များပြားသလောက်လဲ ပကတိ သာဝကလမ်း မှာသိဘို့မလိုပါဘူး၊ ဆုကြီးပန်များမှသာလိုအပ်ပါတယ်။

အဲဒီလို နည်းပရိယာယ်တွေ ပိုင်နိုင်ပါက ရှေ့တရား ဆက်ဘို့ရာ မခက်လှပါဘူး၊ ကမ္မဋ္ဌာန ဝိနိမုတ္တော ဓမ္မော နာမနတ္ထိ-စတုသစ္စဝိနိမုတ္တော ဓမ္မောနာမနတ္ထိ၊ ကမ္မဋ္ဌာန်း နှင့်လွတ်သောတရား,သစ္စာလေးပါးနှင့်လွတ်သောတရား မရှိပါဘူးတဲ့၊ မသိလို့သာ အဖေါ်အထုတ် ခက်ထာပါ၊ သိတော့လဲ အလွယ်ကလေးပါ၊ မျက်မြင်ဉာဏ်မြင် ထင် ရှားရှိတဲ့ တရားပါလားလို့ ဝမ်းမြောက် မဆုံးအောင် ရှိပါလိမ့်မယ်။

သာသနာတော်တွင်းကြီးကို ဒီလိုဘဲရှိရမှာပေါ့။ ဆ ရာကိုယ်ဘိုင်က မပိုင်မနိုင် ရုတ်တမ်းပြီး ရမ်းတုတ်နေမှ ဖြင့် တပည့် ယောဂီတွေလဲ ထိုနည်းဒုင်း အတိုင်း အ ကြောင်းထူးမယ်မဟုတ်ဘူး။

ဒေသနာယုတ္တိ, အာဂမယုတ္တိ, သဘာဝယုတ္တိဆိုတဲ့ သဘောကတော့ ကျမ်းရေးဆရာ,တရားဟောဆရာတို့ ရဲ့တာဝန်တွေပါ၊ ယောဂါဝစရပုဂ္ဂိုလ်ဘို့တမဂ်တဖိုလ် ရရန် ရောက်ရန်အရေးကတော့ သဘာဝယုတ္တိ ပိုင်နိုင် အောင် ကြံစည်တွေးတောပြီး သဘောမပေါက်-ပေါက်

အောင် သဘာဝ မရောက်- ရောက်အောင် သမ္မပဓာန် တရားလေးပါးအလိုက် အားတိုက်ခွန်တိုက် ကြိုးစား လိုက်ဘို့ လိုပါတယ်။

သမ္မပဓာန် လေးပါး

ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယာမော၊
အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပါဒါယ ဝါယာမော၊
အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယာမော၊
ဥပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယ ဝါယာမော။

ဥပ္ပန္နာနံ၊ ဖြစ်ကုန် ပြီးသော။ ပါပကာနံ၊ အကုသိုလ် တရားတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ ဝါယာမော၊ လုံ့လ ပြုရခြင်းငှင်း။

အနုပ္ပန္နာနံ၊ မဖြစ်ကုန်သေးသော။ ပါပကာနံ၊ အကု သိုလ်တရားတို့ကို။ အနုပ္ပါဒါယ၊ မဖြစ်စေခြင်းငှါ။ ဝါ ယာမော၊ လုံ့လပြုရခြင်းငှင်း။

အနုပ္ပန္နာနံ၊ မဖြစ်ကုန် သေးသော။ ကုသလာနံ၊ ကု သိုလ် တရားတို့ကို။ ဥပ္ပါဒါယ၊ ဖြစ်စေခြင်းငှါ။ ဝါယာ မော၊ လုံ့လပြုရခြင်းငှင်း။

ဥပ္ပန္နာနံ၊ ဖြစ်ကုန်ပြီးသော။ ကုသလာနံ၊ ကုသိုလ် တ ရားတို့ကို။ ဘိယျောဘာဝါယ၊ လွန်စွာပွါးများစေခြင်းငှါ။ ဝါယာမော၊ လုံ့လပြုရခြင်းငှင်း။

သမ္မပဓာန်တရား လေးပါးဆိုတော့ ယောဂီတို့ မှတ် သားရန် များနေပေမဲ့ အမှတ် မများရအောင် အမှတ် လွယ်အောင် သရုပ်ထုတ်လိုက်က (၁) ပြုပြီးသား အကု

သိုလ်ကို စိတ်ထဲမှာပေါ်ပေါက်မလာအောင်အားထုတ်၊
(၂) မပြုသေးတဲ့ အကုသိုလ် မပြုမိအောင် အားထုတ်၊
(၃) ပြုပြီး ကုသိုလ်ကို ပွါးများ နိုင်အောင် အားထုတ်၊
(၄) မပြုရသေးတဲ့ ကုသိုလ်ကို ပြုနိုင်အောင် အားထုတ်၊

အဲဒီ လေးမျိုးလေးစား ပြားထားသော်လည်း ယောဂီ အမှတ် လွယ်အောင်ကတော့ နံပါတ် ၄-ဖြစ်တဲ့ မပြုရ သေးတဲ့ ကုသိုလ်ကို ပြုနိုင်ရန် အားထုတ်ခဲ့သော် ကျန် နံပါတ် ၁-၂-၃-တို့ဟာ အရတ္တသိဒ္ဓိနည်းအားဖြင့် မပြော ဘဲနှင့် ပြီးသွားပါတယ်၊ လိုရင်း ရောက်သွား ပါတယ်။ ဒီနေရာမှာ တချက်ခုတ်သော်လည်း ၄-ချက်ပြတ်ဆိုတဲ့ စကားပမာနှင့် ညီနေပါတယ်။ ပုဗ္ဗကောဋိ နပညာယတိ ဆိုတဲ့ ပါဠိတော်အရ အစမထင်တဲ့ သံသရာတခွင်မှာ သတ္တဝါ မှန်သမျှ ထက်အောက် ပြောင်းပြန် ရန်ဆန်လူး လာ မျောပါး ခဲ့ရ ပါသဖြင့် ဘုံစဉ်စံဖြစ်တဲ့ သုဒ္ဓါဝါသ ငါးဘုံချန်လှပ်၍ မရောက်ရသေးတဲ့ ဘုံဘဝ မရှိဘူးတဲ့။

အဲ ဤကဲ့သို့ အကျိုးတရားအနေနှင့် မရဘူး မရောက် ဘူးတဲ့ ဘုံဘဝ မရှိဆိုလျှင် အကြောင်းသင်္ခါရမျိုး ဖြစ် တဲ့ ပုညာဘိ, အပုညာဘိ,အာနေဉ္ဇာဘိတို့ဟာ အဆန်း မဟုတ် ပြုဘူး,အားထုတ်ဘူးသော ကုသိုလ်များသာဖြစ် တယ်၊ မပြုဘူး သေးတဲ့ ကုသိုလ်က တမဂ် တဖိုလ်ဘဲ ဖြစ်တယ်ဆိုတာ ယောဂီသိတိရှိပါ။

သာသနာတော်တွင်းသား အမည်ခံပြီး သာသနာအ စစ်ဟာ ဘယ်ဟာလဲလို့ မသိတာ ခက်တယ်။ အဲဒီ မသိ

တာထက် သိအောင် ပြောတာကို ဆန့်ကျင်ဘက် သိ ယောင်ကားလုပ်ထား ပိုခက်တယ်။

သာသနာက ပါဠိစကား ဗမာလိုက အဆုံး အမ၊ ယခုအခါ ယခုသာသနာ ဘယ်သူ့ရဲ့အဆုံးအမလဲ၊ ဂေါ တမရှင်တော်ဘုရား၏ တပည့်သားသံဃာတော်နှင့်တကွ သိသာနှသိသာ ဝိညူဟိ ဆိုတဲ့ ပုဒ်နှင့် လိုက် လျော အောင် လောကဓမ္မ သိကျွမ်းနားလည်တဲ့ ပညာရှိဆရာ သမားတွေဖြစ်တယ်၊ အဝတ်ပုဆိုးကိုမကြည့်နှင့် ပါရမီ နှင့် ပြည့်ရုံ၍ ဆရာကောင်းထံ နည်းခံပြီး ဓမ္မသဘာဝ ထိထိ မိမိ သိရှိတဲ့ ပုဂ္ဂိုလ်က ကိုယ်ပိုင် ဉာဏ်နှင့် ကိုယ် တိုင်တွေ့ တရားကိုပြလျှင် တပည့်ယောဂီတို့မှာလဲဆရာ နည်းတူ ကိုယ်ပိုင်ဉာဏ်နှင့်ကိုယ်တိုင်တွေ့မည်သာမှတ်။

ဤလိုမဟုတ်ဘဲ ဆရာယောင်ကန်း ဘာမှန်းမသိ အာ ဝိဇ္ဇာနှင့်တဏှာဦးစီး၍ ၃၁-ဘုံတွင်း အာရုံပြုသော ဒါန ကို သာသနာ ဆိုလိုဆို- သီလကို သာသနာ ဆိုလိုဆို- သမထကို သာသနာဆိုလိုဆို- အပို ဝိဇ္ဇာရများပြီး စရ ဏလား, ဝိဇ္ဇာလား, ခြားနားမကြည့် ထင်မိထင်ရာ အာ ဂုံတိုက်၍ ဟောလိုက်ပါသဖြင့် ဦးစောက်ထွန်းပြန့် ဝဲသြ ဃသောင်ယံ မီး ၁၁ ပါးအလောင် ခံမြဲခံကြရသည်မှာ အလိမ္မာနည်းသောဆရာတို့ကို ဆည်းကပ်ရခြင်း၏ အ ကျိုးအပြစ်သာ ဖြစ်ချေတော့၏။ သတိထား ဈေးတွင်း နစ်တဲ့ လှေကွဲစီးပမာ မဖြစ်စေသင့်၊ ဖျင်ကုန်ရှုံးတော့ တခေါက်၊ လင်ကုန်ရှုံးတော့ တသက်လုံးမျောက်- ဆရာ

ကုန်ရှုံးမှုဖြင့် တသံသရာလုံး မှောက်မည်။ ရာဟုလာအလောင်း ဆရာပေါင်း မှားသဖြင့် ရင်ဖြင့် သွားရသော နဂါး၏အမျိုး၌ဖြစ်ရ၊ ဝိဓုရ ဇာတ်တော်တွင် ကိုးကွယ်ဆည်းကပ်သော ဆရာမှား၍ နဂါး ဂဠုန် ဖြစ်ရချေ၏။

အဲဒီတော့ သဒ္ဓမ္မသဝနံ အတိဒုလ္လဘံ- အတိသဒ္ဒါနှင့် ဟောထားတဲ့ အလွန်ရခဲခြင်းကြီးမက ရခဲလှတဲ့ အရိယာ သူတော်ကောင်းအဖြစ် မဂ်တရား ဖိုလ်တရားဟာ ဘယ်နှစ်ခါများ ရဘူး ရောက်ဘူးကြပါသလဲ၊ ဒီမဂ်ဖိုလ် ရအောင် ရောက်အောင်ပြုခြင်း အားထုတ်ခြင်းသည်သာ သမ္မပဓာန်အတွက် အချက်အခြာကိုနားလည်ပါ။

သံသရာ ကမ္ဘာလဆန်း စကပင် ဓမ္မနိယာမ တရားအရ ပုညာဘိ ကုသိုလ် အဟုန်ကြောင့် ကာမ သုဂတိ ၇-ဘုံ၊ အပုညာဘိ အကုသိုလ်အဟုန်ကြောင့် အပါယ် ၄-ဘုံ၊အာနေဉ္ဇာဘိ ကုသိုလ်အဟုန်ကြောင့် ဗြဟ္မာ ၂၀- သို့ မောင်းဆုံနှင့်သို့မောင်းချောက်- ကြောင်းကျိုး ဆက်စပ်မှုင်မပြတ်ကို ဥပမာ ဆိုသော် မန်ကျည်းစေ့ကြောင့် မန်ကျည်းပင်-မန်ကျည်းပင်ကြောင့် မန်ကျည်းစေ့-ဆိုဘိသကဲ့သို့ တဝဲလည်လည် တရစ် ပတ်ပတ်- နစ်တုံပေါ်တုံ ရုန်းဆန်လူးလာ နတ်ရွာလူ့ရပ် အတောမသတ်တဲ့ ကမ္ဘာ့တံထွာ မွေတာစရဏ သာသနာပ တရားနှင့် အချိန်မကုန်စေသင့်။

ခွေး,ဝက်,ကျဲ,နွား- နဂါး ဂဠုန် အပါယ်ဘုံ သားနှင့် တကွ သာသနာပ လူနတ်များကသာ သာသနာတော်

တွင်း ချည်းနင်းနိုင်ရန် စရဏကိုအားထားရသည်၊ ကျေး
ဇူးတော်ရှင် ကြောင်ပန်းဆရာတော်ဘုရားကြီးမိန့်ကြား
သလို စေတီဘုရား တည်လိုငြားက ငြမ်းသစ်သားကို
အားထား၍ စေတီဘုရား ပြီးငြားက ထိုငြမ်းသစ်သား
ကို ဖယ်ရှားပစ်ရသည့်အလား စေတီ ဘုရားနှင့်တူတဲ့
ဝိဇ္ဇာတရား တွေ့ငြားက ငြမ်းသစ်သားနှင့် တူတဲ့ သာ
သနာပ စရဏ တရားကို များ များကြီး အားထားရန်
မလိုတော့ပါ။

သာသနာတော်တွင်းဖြစ်တဲ့ ဝိဇ္ဇာတရားကိုသာ ပြဆို
အပ်ပြီးဖြစ်တဲ့ သမ္မပဓာန်အလိုက် အားတိုက်အင်တိုက်
ကြိုးစားလိုက်ဘို့အရေးက သေးသေးမှတ်နှင့်။ သာသ
နာ ငါးထောင် ဆိုသော်လည်း မိမိတို့ဆိုင်ရာ သာသနာ
က မအိုမီ, မနာမီ, မသေမီ ကလေးသာ သာသနာနှင့်
ဆိုင်သည်၊ ယနေ့သေလျှင် ယနေ့ကွယ်မည်၊ နက်ဖန်သေ
လျှင် နက်ဖန်ကွယ်မည်၊ "ကွယ်သည့်ခဏ မှောင်ကြီး
ကျ၍ လမ်းစမမြင် ကမ်းမမြင်နှင့် ဤတွင်ဘဝ အရှုံး
ရလိမ့် နောင်တ, တကြိမ် ပူစိုးရိမ်လည်း ချိန်ခါ ခွင့်
ကောင်း နှောင်းကြီး နှောင်းပေါ့၊ သို့ကြောင့် ခြင်းရာ
ဆင်ခြင်ကာဖြင့် အားသွန်ခွန်တိုက် လုံ့လစိုက်၍ အမြိုက်
ဩဇာ မြတ်ရတနာ ဓမ္မိဿရ ဓမ္မသာမိ ဟော မိန့်ရှိ
တိုင်း ဆုတ်မဆိုင်းတဲ့ ဟုတ်တိုင်းမြင်အောင် ကြိုးပန်း
ဆောင်လော့........"

ဤသည်တို့ကား ဓမ္မ၏ပရိယာယ် အသွယ်သွယ်ကို

ချယ်လယ်ညက်သွား စိတ်ကစားနိုင်ပါစေခြင်းငှါ သဲလွန်စကို ပြလိုက် ပေသည်၊ ကျမ်းရေး ဆရာ၏ အာဘော် မထိမမိက ဆန့်ကျင်၍နေပေမည် သိသာစေအံ့။

ဆိုလိုရင်း အဓိပ္ပါယ်က ပုထုဇ္ဇနော ဥမ္မတ္တကော၊ ပုထုဇ္ဇနော အန္ဓော၊ ပုထုဇ္ဇနော ဗာလော-ကျမ်းဟောအလာ ဒေသနာအလိုက် ရူးမိုက်ကန်းစွာ သူသူငါငါတို့မှာ ဒါနဆိုလျှင် ငှက်ပျောသီး- အုန်းသီး- ဆွမ်း-သင်္ကန်း ကျောင်း-ဆေး ပစ္စည်းလေးပါးကိုသာအကြောင်းတရားအနေနှင့် ကြည့်ကြသည်၊ လူမင်း, နတ်မင်း, သူဌေး, သူကြွယ်, ပဒေသရာဇ်, ဧကရာဇ်, စကြာဝတေး, မန္ဓာတ်-ချောချောလှလှ ဘုန်းကြီးကြီး ကံကြီးကြီးကို အကျိုးတရားအနေနှင့် ကြည့်ကြသည်၊ ယူကြသည် ဆကြသည် များလေစွ......။

အဝိဇ္ဇာနှင့် တဏှာမူလ လမ်းညွှန်ပြသည့် ပါပမွေ ပါပကမ္မ သာသနာပ ဝဋ္ဋကုသလာ မီးဆယ့်တပါး၏ လောင်စာအစစ် ဖြစ်ကြီးဖြစ်မည်သာမှတ်။

"လောကတမွန် သုံးလူ့ရှင်၏ မိန့်ညွှန်ဟောပြ မြတ်ဓမ္မကား ဒါနံအလောဘောဟောတုု-တခုဘဝ မရစေဘံရန် သညာခံ၍ သဏ္ဌာန် ကင်းဆိတ် နိမိတ်ကင်းကွာ မြူစင်စွာဖြင့် သုံးဆယ့်တရွာ ဘုံဌာနာကို သာယာတစိဘိတ်မရှိမှ ဝိဝဋ္ဋစစ် ဖြစ်ကြီးဖြစ်၍ မဂ်ဗိုလ်အမတ ဉာဏသစ္စာယုတ် လမ်းမှန်ဟုတ်ဟု ကမုန်ခွေကြော ဟောမိန့်မှာသည် ဝေနေယျာများ- သတိထား........"။

ဒေသနာဝမ္ဗ အလိုတော်ကျ သဲလွန်စကို ဟောပြဆို သော် ဒါနံအလောဘောဟောတု၊ သီလံအဒေါသောဟော တု၊ ဘာဝနာ အမောဟော ဟောတု၊ အလောဘပြဋ္ဌာန်းမှ ဒါနအစစ်၊ အဒေါသ ပြဋ္ဌာန်းမှ သီလအစစ်၊ အမောဟ ပြဋ္ဌာန်းမှ ဘာဝနာလမ်း ဓာတ်သိမ်းခမ်းစစ် ဖြစ်ကြီး ဖြစ်၏။

ပုထုဇဉ်သူသူငါငါတို့ပြုကြသောကုသိုလ်မှာ အဝိဇ္ဇာ တဏှာဝဿေနဲ့ မွေ့မူလာနိ၊ အဝိဇ္ဇာက မသိတာ, တဏှာ က လိုချင်တာ, မွေ့ က နှစ်ပါး, ဝဿေနက အစွမ်း၊ မသိ တာ လက်ကိုင်ထား၍ လိုချင်သောအစွမ်းအားဖြင့် မှော် မှောက် မှားမှား ပြုကြ ငြားသဖြင့် မီး ဆယ့် တပါး၏ လောင်စာသာ ဖြစ်ရသည့်အချက်ကို အမြွက်မျှဆိုအံ့။

(သုံးလောက ဒီပနီ)

ရာဂဂ္ဂိနာ အာဒိတ္တံ ဒေါသဂ္ဂိနာ အာဒိတ္တံ- အစခံသော သုတ္တန်ဒေသနာ လောင်စာငြိုးငြိုး မီးပုံကြီးမှာ ရသာရှာ သည့် တဏှာဆိုးက မိုးမမြင် လေမမြင် အဆင်အခြင် မရှိ ဘိစီးလွှမ်းမိုး ဈတ်ထိုးမရ နွားငယ်မ, ရေချပမာ အရာရာဝယ် တဏှာသုံးသွယ် ဆယ့်ရှစ်တွယ်၍ သုံး ဆယ့်ခြောက်က ရာ့ရှစ်ကျအောင် တဏှာ လျှောင်မှာ တထောင့်ငါးရာ အာသာငတ်သော လောဘပတိတ်ဓာတ် ပရမတ် ချယ်လှယ် ဓာတ်သွယ်နွယ်က ရပ်တယ်မရ ဆန်းကြယ်လှ၏၊ ဤအဝိဇ္ဇာနှင့် တဏှာဆန်းကြယ် အမြစ်

တွယ်၍ သွယ်နွယ်လေရာ စေတနာက ဒေဝါမနုဿာ နိ
ရိယ ပေတ တိရစ္ဆာန် ငါးတန်ပစ်ချ ဘုံသုံးဝမှာ ဇာ
တိဇရာ ဗျာဓိမရဏာ အနိစ္စစစ် ဒုက္ခဖြစ်၍ နှစ်ကြသည်-

(တဏှာသုံးတန် အရင်းခံ အာကာသံနှင့် မြောက်၊
တဏှာအစစ် ၁၀၈ စင်စစ် ယွင်းမဖေါက်)။

သဘာဝကျကျ ပိကျပြတ်သားစွာ မှတ်သားရမည်
မှာ ကုသိုလ်ဆိုတာ ဖြူစင် ကြည် လင်သော သဘော၊
အကုသိုလ်ဆိုတာ မည်းညစ်သောသဘော၊ ဖြူစင်ကြည်
လင်သောသဘောသည် ချမ်းသာကိုအကျိုးပေး၏၊ မည်း
ညစ်သောသဘောသည် ဆင်းရဲကို အကျိုးပေး၏။ သဒိ
သံ ပါကံ ဇနေတိ။ သဒိသံ၊ တူသော။ ပါကံ၊အကျိုးကို။
ဇနေတိ၊ ပေး၏။

ကုသိုလ် ကောင်း မှု အနေနှင့် ပြုသော အာရုံတွင်
သဏ္ဌာန် နိမိတ် ကင်းဆိတ်ပါမှ ၆- အထူးထူးသော
သဏ္ဌာနပညတ်,နာမပညတ်,ဃနပညတ်,ကာလပညတ်,
ဌာနပညတ်,အဘာဝပညတ်,ပုဂ္ဂလပညတ်တို့မှ။ မုစ္စန္တိ၊
လွန်မြောက်၍ ပရမတ်ကို ပေါက်ပြီး နိဗ္ဗာန်သို့ ရောက်
မည်။

သံသယမဖြစ်လင့်၊ လောကတံထွာ ဓမ္မတာ နိယာမ၊
မသိတာကစခဲ့လျှင် သိတာမှာ ဆုံးရမည်ဧကန္တ။ သန္တိ
ကရဏာ အာရုံနှင့် အာရမ္မဏိက မျက်မှောက်ပြုရ၊ နိရော
ဓ သစ္စာ သာသနာ ဓမ္မ ဖြတ်သမယ၏ အလိုတော်ကျ
ပေတည်း။

ဆက်ဦးအံ့၊ ကုသိုလ်မှန်သမျှ အနဝဇ္ဇ သုခ ဝိပါက လက္ခဏာ ဓမ္မာ နိဿတ္တ နိဇ္ဇီဝ သဘာဝါ၊ အပြစ် မရှိ ကောင်းကျိုးနှင့်တကွ ပုဂ္ဂိုလ်မဟုတ် သတ္တဝါမဟုတ် သဘောတရားသာ ဟုတ်၏။ အကုသိုလ်မှန်သမျှ သာဝဇ္ဇ ဒုက္ခဝိပါက လက္ခဏာ၊ အပြစ်နှင့်တကွ မကောင်းကျိုး ကိုပေးသော လက္ခဏာနှင့်တကွ ပုဂ္ဂိုလ်မဟုတ်သတ္တဝါ မဟုတ် သဘောတရားသာ ဟုတ်၏။

ထိုပြဆိုပြီး ပြဆိုလတံ့သော သဘာဝသစ္စာ၏ အထူ အချက် အနက်မြန်မာ နေရာတကျ သိမြင်လိမ္မာခြင်းမရှိ ပါက ဝိညာဏ်မြင် သမုတိသစ္စာ သာသနာပ ပညတ် မျှသာ မှတ်ပါ၊ သဘာဝ၏ အထူအချက် အနက်မြန်မာ နေရာတကျ သိမြင်လိမ္မာပါက ပညာမြင် ပရမတ္ထသစ္စာ အရိယာဓမ္မ မြတ်သမယဟု မှတ်ကြရမည်။ ကောင်းစွာ သတိထား။

လောက၏သဘာဝကို ကျနသေချာသိလိုပါက အပူ ထည်းတွင် အဝတ်မည်းနှင့် အဝတ်ဖြူ မည်သူက ၎-ပူ ကဲသည်ဟု ဝတ်လဲဆင်ယင် ပြင်ဆင်၍ကြည့်ပါ၊ အဖြူက အပူကို တွန်းကန်၍ အမည်းက အပူကို ဆွဲယူကြောင်း ကောင်းကောင်းကြီး သိပါလိမ့်မည်။

ပရမတ်မှန်က တခဲတဆစ်မျှ ဆုတ်နစ်ခြင်းမရှိ ပကတိ သဘာဝ, လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ကျ ဓာတ်မှန်ပြကို ဝိညာဏ်ပညာ မြင်နှစ်ဖြာက ချိန်ခွင်လျှာ ပမာဏာ မပိုမသာ ဘောင်ဝင် မြင်မှ ကျပ်ချိန် ပျောက်

လျှင် နိဗ္ဗာန်ဝင် ဆိုသောစကားနှင့်တသားထည်းတထပ်ထည်း ညီပေမည်။

ဂေါ်တမဗုဒ္ဓ သဲရမကာ ပွင့်တော်မူကြကုန်သော ဘုရားရှင်ကိုယ်တော်မြတ်တို့၏ ဆုံးမအပ်သောသာသနာတော်မြတ်မှာလည်း နည်းတူသာမှတ်ပါ။

ယခုကာလ ကမ္ဘာလောကကြီး၏ သာသနာစကားများပြားရှုပ်ထွေး၍ နေသော်လည်း ဖြစ်မြဲတံထွာ ဓမ္မတာ နိယာမကိုသာ သာသနာဆိုသည်။ ယခုအခါ ယခုသာသနာမှာသာမဟုတ်၊ ဂေါ်တမဗုဒ္ဓ သဲရမကာ ပွင့်တော်မူကြသော ဓမ္မရာဇ်မှန်ကူ သယမ္ဘူထွန်းထား သဗ္ဗညူရှင်တော်ဘုရား များသည်လည်း ဤဓမ္မတာနိယာမ ဖြစ်စဉ် ပျက်စဉ်ထာဝရကိုသာ မဇ္ဈိမ ပဋိပဒါ အလယ်အလတ် မဂ္ဂင်မြတ်နှင့် လျော်ကန်စွာ ဟောအပ်တော်မူပေသည်၊ တန်ခိုးတော်ဘန်ဆင်း၍ ဟောခြင်းကား မဟုတ်ပေ။

အကယ်၍ ဓမ္မတာဆန့်ကျင်ပြီး ဘန်ဆင်းသမျှဖြစ်နိုင်မည်ဆိုပါက အိုခြင်း,နာခြင်း, သေခြင်း, ဆင်းရဲခြင်းတို့အသျှဉ်းမရှိ ချမ်းသာခြင်းအတိနှင့် ပြည့်စုံစွာ ဘုံသုံးရွာကို ဘန်ဆင်း၍ ပေးမည်သာတည်း။

ကမ္ဘာ့တံထွာ ဓမ္မတာ နိယာမကား—

၁။ ဥတု နိယာမ၊

၂။ ဗီဇ နိယာမ၊

၃။ စိတ္တ နိယာမ၊

၄။ ကမ္မ နိယာမ၊

၅။ ဓမ္မ နိယာမ၊

ဥတုနိယာမ၊ စကြဝဠာ ကမ္ဘာအနှံ့ တည်ထောင်သမျှ ဖြစ်ပျက်သမျှမှာ ဘယ်လူ့,ဘယ်နတ်, ဘယ်ဗြဟ္မာ ဘန်ဆင်း၍မှ ရအပ်သည် မဟုတ်၊ နေ-လ-နက္ခတ်-အပူဓာတ်- အအေးဓာတ်- ဆောင်း- နွေ- မိုယ်း အစရှိသဖြင့် ၁၂-လ ၁၂-ရာသီ ပြောင်းလဲဖြစ်ပျက်ခြင်း မှန်လှသည်မှာ ဥတုနိယာမကြီး၏ သဘောတရားပေတည်း။

ဗီဇနိယာမ၊ လောက တခွင်လုံးမှာ သစ်ပင်ကြီးငယ် ပိန်းမြက် မြေဇာ ချိုဆိမ့်စပ်ဖန် အငန်အခါး ရသာများကို မည်သူအားမျှ ဘန်ဆင်း၍ မရပါ-မဟုတ်ပါ၊ ဗီဇနိယာမ အလျောက် ပေါ်ပေါက် ဖြစ်ပျက်၍ နေသည်ကို စေ့စေ့စဉ်းစားက ဘွားဘွားကြီးပေါ်လွင်နိုင်ပါတယ်။

စိတ္တနိယာမ၊ စိတ္တနိယာမဆိုသည်ကား အဆင်း,အသံ အစရှိသော အာရုံတို့သည် မျက်စိ-နား အစရှိသော ပသာဒတို့၌ ထိခိုက်ကြကုန်သည်ရှိသော် စီမံဘန်ဆင်းသူ မရှိကြကုန်ဘဲလျက် အတီတဘဝင် ဘဝင်စလန ဘဝင်ုပစ္ဆေဒ ပဉ္စဒွါရာဝဇ္ဇန်း ပဉ္စဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ အစရှိကုန်သော ဝီထိစိတ်တို့၏အစဉ်အတိုင်း သူ့ကိစ္စနှင့်သူ ဖြစ်ခြင်းမြဲကြသည်ကို ဆိုသတည်း။

ကမ္မနိယာမ၊ ကမ္မနိယာမဆိုသည်ကား သတ္တဝါတို့မှာ ရေးပြုခဲ့သော ကောင်း-မကောင်း အမှုနှင့်တူစွာ အကျိုးပေးမှု မြဲခြင်းပေတည်း။

(နိယာမ ဒီပနီ လယ်တီဆရာတော်)

ကျီးဝတ္ထု။ ။မြတ်စွာ ဘုရား လက်ထက် တော်၌ သာဝတ္ထိမြို့တော်မှာ မြို့တံခါးရွာသည်ရှိ၏။ ထိုရွာကို မီး လောင်ရာ၊ မီးနှင့်တကွ ကောင်းကင်သို့ပျံတက်လေသော မြက်ကရွတ်ခွေ တခုသည် ကောင်းကင်ဖြင့် ပျံလာသော ကျီးသတ္တဝါ၏ လည်ပင်းမှာ စွပ်မိလေ၏၊ ကျီးသည် မြေသို့ကျ၍ သေလေ၏။

သင်္ဘော သူကြီးကတော်ဝတ္ထု။ ။မဟာ သမုဒ္ဒရာ၌ သင်္ဘောကြီး တစင်းသည် ရွက်တိုက် စက်ခုတ်၍မသွား ဘဲ ရပ်တန့်လျက် နေလေ၏။ ငါတို့သင်္ဘောမှာ သူယုတ် မာ ပါပြီဟု စာရေးတံ ချရာ၊ သင်္ဘောသူကြီး၏ မယား လက်၌သာ သုံးခါတိုင်တိုင် ကျလေ၏။ သင်္ဘောသူကြီး သည် သူ့မယား တယောက်အတွက်နှင့် အများသူတို့ မပျက်စီး ကောင်းပေဟု သဲအိုးကို လည်၌မှာ ဖွဲ့ချည်၍ သမုဒ္ဒရာရေသဲသို့ ပစ်ချစေ၏။ ထိုခဏခြင်းပင် သင်္ဘော သည် လေးမှလွှတ်သော မြှားကဲ့သို့ တဟုန်တည်း ပြေး သွားလေ၏။

ရဟန်းခုနစ်ပါးဝတ္ထု။ ။ရဟန်းတော်ခုနစ်ပါးသည် တောင်ခြေရင်း၌ လိုဏ်တခုမှာ နေလေရာ၊ တောင်ထွတ်မှ ပမာဏရှိသော ကျောက်တုံး တခုသည် လိမ့်၍ လိုဏ် ပေါက်ဝကို ပိတ်လျက် တည်လေ၏။ ခုနစ်ရက် တိုင်မှ အလိုလို လိမ့်၍ ပွင့်လေ၏။ ဇေတဝန် ကျောင်းတော်၌ မြတ်စွာဘုရားသည် တရားဟော၍နေစဉ်အခါ ထိုဝတ္ထု

သုံးခု တို့သည် တပြိုင်နက် ဆိုက် ရောက် လာကြ လေကုန်၏။

ဇာတ်ပေါင်းပြပုံ...... အကြောင်းရင်းကို သိရှိနိုင်ရန် မြတ်စွာဘုရားအား လျှောက်ထားကြလေကုန်၏။ မြတ်စွာဘုရားသည် ထိုသုံးဦးတို့၏ ရှေးအကြောင်းတရားကို ဟောကြားတော်မူ၏။ ထိုသုံးဦးတို့တွင် ကျီးသည် ရှေးဘဝ၌ လူဖြစ်စဉ်အခါ တရသော နွားကြမ်းကို မဆုံးမနိုင်သည်နှင့် နွား၏လည်မှာ ကောက်ရိုးစည်းကို ဖွဲ့ချည်လျက် မီးတိုက်၍ လွှတ်လိုက်၏၊ နွားသေလေ၏။ ထိုသူသည် သေလွန်၍ နောက်ဘဝ၌ ထိုကျီးသတ္တဝါ ဖြစ်လေရာ၊ ထိုကံဟောင်းကြောင့် ကောင်းကင်မှာ ပျံသွားစဉ်အခါ လည်မှာမီးကွင်းစွပ်မိ၍ သေဆုံးရလေ၏။

လှေသူကြီးမယားသည် ရှေးဘဝ၌ ခွေးတကောင်ကို အမျက်ထွက်၍ ခွေး၏လည်ပင်းမှာ သဲအိုးဆွဲ၍ ရေထဲ၌ နှစ်သတ်လေ၏။ နောက်ဘဝမှာ သင်္ဘောသူကြီးကတော်ဖြစ်လာရာ၊ ထိုကံဟောင်းကြောင့် သင်္ဘောမသွားနိုင်ရှိနေရာ၊ သမုဒ္ဒရာရေထဲ၌ သဲအိုးဆွဲ၍ ပစ်ချသေဆုံးရလေ၏။

ထို ရဟန်း ခုနစ်ပါးသည် ရှေးဘဝ၌ နွားကျောင်းသား များ ဖြစ်စဉ် အခါ ဖွတ် သတ္တဝါ တကောင်သည် တောင်ပို့တွင်းသို့ဝင်သည်ကို ထိုနွားကျောင်းသား မြင်၍ သစ်ရွက်တို့ဖြင့် ထိုတွင်းကို ပိတ်ဆို့၍သွားလေ၏။ ခုနစ်ရက်ဘိုင်မှ ထိုအရပ်သို့ရောက်ပြန်၍ ထိုတွင်းကိုဖွင့်၍

ကြည့်လေရာ၊ အစာဝတ်မွတ်သဖြင့် အားနည်း လှသျှက် ထွက်၍လာသော ထိုဖွတ်ကိုမြင်လျှင် သနားခြင်းရှိပြန်၍ ချမ်းသာစွာလွှတ်လိုက်၏။

ထိုကံဟောင်းကြောင့် နောက်ဘဝ၌ ခုနစ်ရက်တိုင် တိုင် လိုက်ပိတ်ခြင်းဒုက္ခကို တွေ့ကြုံခံစားရလေ၏။ ဤ ဝတ္ထုသုံးခုကိုပေါင်း၍ မြတ်စွာဘုရားသည် ဤဂါထာကို ဟောတော်မူ၏။

န အန္တလိက္ခေ န သမုဒ္ဒမဇ္ဈေ၊
န ပဗ္ဗတာနံ ဝိဝရံ ပဝိဿ။
န ဝိဇ္ဇတိ သော ဇာဂတိပ္ပဒေသော၊
ယတ္ထ ဋ္ဌိတော မုစ္စေယျ ပါပကမ္မာ။ ။

အနက်ကား-

အန္တလိက္ခေ၊ ကောင်းကင်၌။ ဋ္ဌိတော၊ တည်သောသူ သည်လည်း။ ပါပကမ္မာ၊ မိမိပြုခဲ့သောမကောင်းမှုအကျိုး မှ။ န မုစ္စတိ၊ မလွတ်ရ။ သမုဒ္ဒမဇ္ဈေ၊ သမုဒ္ဒရာအလယ် ၌။ ဋ္ဌိတော၊ တည်သောသူသည်လည်း။ ပါပကမ္မာ၊ မိမိပြု ခဲ့သော မကောင်းမှုအကျိုးမှ။ န မုစ္စတိ၊ မလွတ်ရ။ ပဗ္ဗတာ နံ၊ တောင်တို့၏။ ဝိဝရံ၊ အပေါက်တွင်းသို့။ ပဝိဿ၊ ဝင် ၍။ ဋ္ဌိတော၊ တည်သောသူသည်လည်း။ ပါပကမ္မာ၊ မိမိ ပြုခဲ့သော မကောင်းမှုအကျိုးမှ။ န မုစ္စတိ၊ မလွတ်ရ။ ယတ္ထ၊ အကြင် လောက ရပ်ဒေသ၌။ ဋ္ဌိတော၊ တည်သော သူ သည်လည်း။ ပါပကမ္မာ၊ မိမိပြုခဲ့သော မကောင်းမှု အ ကျိုးမှ။ မုစ္စေယျ၊ လွတ်နိုင်ရာ၏။ သော ဇဂတိပ္ပဒေသော၊

ထိုကဲ့သို့သော ဩကာသလောက ရပ်ဒေသသည်။ နဝိဇ္ဇ
တော၊ မရှိသည်သာတည်း။

ဓမ္မနိယာမ။ ။ဓမ္မ နိယာမ ဆိုသည်ကား ပစ္ဆိမ
ဘဝိက ဘုရားအလောင်းတော်တို့၏ ပဋိသန္ဓေ ယူသော
အခါ ဘုရားဖြစ်တော်မူသောအခါ ဓမ္မစကြာဒေသနာ
ကို ဟောတော်မူသောအခါ အာယုသင်္ခါရ လွှတ်တော်မူ
သောအခါ ပရိနိဗ္ဗာန် စံဝင်တော် မူသောအခါတို့၌ အာ
လွန် ကြီးကျယ်စွာသော ပုညဓမ္မ သမ္ဘာရတို့၏ တန်ခိုး
ကြောင့် လောကဓာတ်တသောင်းတို့၏ တပြိုင်နက်အား
ဖြင့် လှုပ်ရှားခြင်းမြဲမှုကို ဓမ္မနိယာမ ဆိုသည်။

ဤကား အဋ္ဌသာလိနီ အဋ္ဌကထာကြီး၌ သိသာရုံ
မှတ်သားရုံမျှ ဖော်ပြလာရှိသော "နိယာမ" တရား ငါး
ပါး အကျယ်တည်း။

ထိုနိယာမတရား၏ ထာဝစဉ် ထာဝရ ဖြစ်စဉ် ပျက်
စဉ်ကို ပိုင်နိုင်စွာသိမြင်ပါက ငါထင်မှု, သူထင်မှု, အမြင်
မှား, အယူမှား မိစ္ဆာဒိဋ္ဌိပျောက်၍ သမ္မာဒိဋ္ဌိပေါက်မည်။

စိတ္တနိယာမ အစွမ်းနှင့် ကမ္မနိယာမ ဖြစ်ပေါ်ပုံ၊ ကိ
လေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ် အားဖြင့် ဝဋ်သုံးပါး
ခြားနား၍ပြမည်။

## ကိလေသ ဝဋ်

| အဝိဇ္ဇာ | တဏှာ | ဥပါဒါန် |
| --- | --- | --- |
| သစ္စဉာဏ် | တဏှာ | ကာမုပါဒါန် |

| | | |
|---|---|---|
| ကိစ္စဉာဏ် | မာန | ဒိဋ္ဌုပါဒါန် |
| ကတဉာဏ် | ဒိဋ္ဌိ | အတ္တဝါဒုပါဒါန် |
| | | သီလဗ္ဗတုပါဒါန် |

## ကမ္မဝဋ်

| | | |
|---|---|---|
| အပုညာဘိ | ပုညာဘိ | အာနေဉ္ဇာဘိ |
| ဒုစရိုက် ၁၀-ပါး | သုစရိုက် ၁၀-ပါး | ကမ္မဋ္ဌာန်း ၄၀ |

## ဝိပါကဝဋ်

အပါယ် ၄-ဘုံ၊ ကာမသုဂတိ ၇-ဘုံ၊ ဗြဟ္မာ ၂၀၊

အနည်းငယ် ချဲ့ဦးအံ့။

## အနုဿတိ ၁၀-ပါး

၁။ ဗုဒ္ဓါ။ ၂။ ဓမ္မာ။ ၃။ သံဃာ။ ၄။ သီလာ။ ၅။ စာဂါ။ ၆။ ဒေဝတာ။ ၇။ ဥပသမာ။ ၈။ မရဏာ။ ၉။ ကာယဂတာ။ ၁၀။ အာနာပါနာ။

## အသုဘ ၁၀-ပါး

၁။ ဥဒ္ဓုမာတကံ။ ၂။ ဝိနီလကံ။ ၃။ ဝိပုဗ္ဗကံ။ ၄။ ဝိစ္ဆိဒ္ဒကံ။ ၅။ ဝိက္ခာယိတကံ။ ၆။ ဝိက္ခိတ္တကံ။ ၇။ ဟတဝိက္ခိတ္တကံ။ ၈။ လောဟိတကံ။ ၉။ ပုဠုဝကံ။ ၁၀။ အဋ္ဌိကဉ္စေတိ ဣမေဒသ အသုဘာ နာမ။

## ကသိုဏ်း ၁၀-ပါး

၁။ ပထဝီ။ ၂။ အာပေါ။ ၃။ တေဇော။ ၄။ ဝါ

ယော။ ၅။ နီလ။ ၆။ ပီတ။ ၇။ လောဟိတ။ ၈။ ဩဒါတ။ ၉။ အာကာသ။ ၁၀။ အာလောက။

### ဗြဟ္မဝိဟာရတရား ၄-ပါး

၁-မေတ္တာ။ ၂-ကရုဏာ။ ၃-မုဒိတာ။ ၄-ဥပေက္ခာ။
အဟာရေ ပဋိကူလသညာ တပါး။
စတုဓာတု ဝဝတ္ထာန် တပါး။

### အရူပတရား ၄-ပါး

၁။ အာကာသာနဉ္စာယတနဈာန်။ ၂။ ဝိညာဏဉ္စာယတနဈာန်။ ၃။ အာကိဉ္စညာယတနဈာန်။ ၄။ နေဝသညာနာသညာယတနဈာန်။

### ပုညာဘိသင်္ခါရ

၁။ ဒါန။ ၂။ သီလ။ ၃။ ဘာဝနာ။ ၄။ အပစာယန။ ၅။ ဝေယျာဝစ္စ။ ၆။ ပတ္တိဒါန။ ၇။ ပတ္တာနုမောဒန။ ၈။ ဓမ္မသဝန။ ၉။ ဓမ္မဒေသနာ။ ၁၀။ ဒိဋ္ဌိဇုကမ္မ။

### အပုညာဘိသင်္ခါရ

၁။ ပါဏာတိပါတ။ ၂။ အဒိန္နာဒါန။ ၃။ ကာမေသုမိစ္ဆာစာရ။ ၄။ မုသာဝါဒ။ ၅။ ပိသုဏာဝါစာ။ ၆။ သမ္ဖပ္ပလာပဝါစာ။ ၇။ ဖရုသဝါစာ။ ၈။ အဘိဇ္ဈာ။ ၉။ ဗျာပါဒ။ ၁၀။ မိစ္ဆာဒိဋ္ဌိ။

ပါဏာတိပါတ, အဒိန္နာဒါန အစရှိသော ဒုစရိုက် ၁၀-ပါး, အပုညာဘိသင်္ခါရ တရား ပြစ်မှား ကျူးလွန်

ပါက လူ့ပြည်, နတ်ပြည်သို့လည်း မလား၊ ဗြဟ္မာ့ပြည်သို့လည်းမရောက်၊ ငရဲ-တိရစ္ဆာန်-ပြိတ္တာ-အသူရကာယ် အပါယ် ၄-ဘုံသို့သာ လားမည် ရောက်မည်။

## ပုညာဘိသင်္ခါရ

ဒါန,သီလ,ဘာဝနာ အစရှိသော သုစရိုက် ၁၀-ပါး ပုညာဘိသင်္ခါရ တရား ပြုငြားက အပါယ်သို့ လည်း မလား၊ ဗြဟ္မာ ၂၀-သို့လည်း မရောက်၊ လူ့ပြည်နတ်ပြည်သို့သာ ရောက်မည်။

## အာနေဉ္စာဘိ

အနုဿတိ ၁၀-ပါး, အသုဘ ၁၀-ပါး, ကသိုဏ်း ၁၀-ပါး,အပ္ပမညာတရား၄-ပါး အစရှိတဲ့ ကမ္မဋ္ဌာန်း ၄၀, အာနေဉ္စာဘိသင်္ခါရတရား ပွါးများပါက အပါယ်၄-ဘုံသို့လည်းမလား၊ကာမသုဂတိ ၇-ဘုံသို့လည်းမရောက်၊ ဗြဟ္မာ ၂၀ သို့သာရောက်မည်။

သူ့မောင်းဆုံနှင့် သူ့မောင်းချောက် မွှေတံထွာ မွှေ တာ နိယာမ မြဲမှန်လှသည်ကို အသိလိုက ဥစ္ဆေဒဒိဋ္ဌိ၊ အသိမလိုက ကမ္မသကတာ သမ္မာဒိဋ္ဌိ မိကြီးမိမည်။

ဤပြဆိုအပ်ပြီးသည့် ကမ္မသကတာ သမ္မာဒိဋ္ဌိ စွမ်း အား ရှိသလောက် လောကသုံးခွင် ဘုံအပြင်ဝယ် နစ် တုံပေါ်တုံ ရုန်းဆန်လူးလာ လူဖြစ်, နတ်ဖြစ်,ခွေးဖြစ်, ဝက်ဖြစ် တဖြစ်ထဲဖြစ်၍ တနစ်ထဲနစ်ခဲ့ရသည်ကို သံသ ရာဆိုသည် ဤသံသရာ ရှည်ကြာမြင့်ညောင်း ဘဝပေါင်း မှာ ပုဇ္ဇကောဋိ နပညာယတိ အစမထင် သံသာခွင်ကို

ဆင်ခြင်စဉ်းစား လန့်ကြောက်ငြားရ၍ ရထားယာဉ်သာ မဂ္ဂင်ါကို ပညာသတိ ဝီရိယဟုန် စက်ကုန် ပြင်းစွာ မောင်းနှင်ပါမှ ခေမာအမတ ပြည်မအောင်ချာ ဝင်စံ ရာ၏။

သတိပညာ မရှိပါက ဗြဟ္မာဖြစ်လည်း အချည်းနှီး တည့် ဝဋ်ကြီးဝဋ်ငယ် ဝဋ်ပင်လယ်မှာ မြုပ်မြဲ မျောမြဲ မြဲကြီးမြဲ၍ တဝဲလည်လည် နှစ်ဦးမည့်ကို ဓမ္မသဃရ ဓမ္မ သာမိ ကျမ်းဟောရှိကို ညွှန့်ပြဆိုအံ့။

ဥက္ကဋ္ဌာ ပုညတေဇေန၊ ကာမ ရူပ ဂတိံ ဂတာ။
ဘဝဂ္ဂမ္ပိ သမ္ပတ္တာ၊ ပုနာဂစ္ဆန္တိ ဒုဂ္ဂတိံ ။ ။

ဒေဝသံဃာ၊ အိုနတ်အပေါင်းတို့။ ပုညတေဇေန၊ဒါန သီလ သမထဟု စရဏ ရှိန်စော် အာနုဘော်သည်။ ဥက္ကဋ္ဌာ၊ ပင့်ကော်မြှောက်ကြွ ထောက်ထ ချည်၍ မြင့် တင် သွေးဆောင်အပ် ကုန်သည်ဖြစ်၍။ ကာမရူပ ဂတိံ၊ လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်သို့ တခါတခေါက် ကံ ကောင်းထောက်၍။ ဂတာ၊ ကတိုက်ကရိုက်နှင့် ရောက် လာကြကုန်သော ပုထုဇဉ် ဗြဟ္မာမိုက်ကြီးတို့သည်ပင်း။ ဘဝဂ္ဂမ္ပိ၊ဘုံထွဋ်ဘုံဖျားအမြင့်စားအကျော် နေဝသညာ နာသညာ ခေါ်ရတဲ့ အရူပဗြဟ္မာကန်းကြီးတို့သည်ပင်း။ သမ္ပတ္တာပိ၊ သမာပဝိမြောက် ဗျာန်ဟုန်ပေါက်၍ သက္ကာယ ဒိဋ္ဌိမသေ ကမ္ဘာကြီး ၈၄သောင်းလေးထောင်ပင် နေရ ငြားသော်လည်း။ ပုညက္ခယေန၊ ဆယ်ဖြာပုည ကုသလ က မြှောက်ပင့်ရင့်သန် စွမ်းအပ်ကုန်ခဲ့ခြင်းကြောင့်။ ပုန၊

အဝိစိလောက် ဒိုးယိုပေါက်၍ အောက်သို့ တုန့်ခေါက် တဖန်။ ဒုဂ္ဂတိ၊ မကောင်းသူတို့လားရာ ပူဆာထန်ပြင်း မဆန်ငြင်းနိုင်တဲ့ ငရဲ- တိရစ္ဆာန်- ပြိတ္တာ- အသူရကာယ် အပါယ်လေးဘုံသို့။ အာဂန္တုက်၊ သတ္တာယဒိဋ္ဌိ ဝိစိကိစ္ဆာ ငါ-ငါ-ငါ ဆိုတဲ့ တရားက ဆွဲငင်၍။ ဝါ၊ တဏှာငါ့,မာနငါ, ဒိဋ္ဌိငါ, ငါငါ-ငါ ဆိုတဲ့ တရားကဆွဲငင်၍ ကာသိကအောက်နှင့် ဇောက် ထိုး ငွါမ်း ပြန် ချက်ခြင်း မကြာ သက်ဆင်း၍သာ ကျရပြန်လေကုန်တော့သတည်း။

အဲ- ဤမျှလောက် မခိုင်မမြဲတဲ့ တရားနှင့် ရောင့်ရဲ၍ များ နေကြမလား၊ ကမ္ဘာပေါ်လျှင် မြေဇာပေါ်သကဲ့သို့ ဘုရားပွင့်ပွင့် မပွင့်ပွင့် အသင့်ပေါ်လာ ကမ္ဘာ့တံထွာ ဓမ္မတာနိယာမ ဖြစ်မပဲ့ ပျက်မစဲ တဆင်းရဲတဲ ဆင်းရဲရ တဲ့ ဒုက္ခတုံးဒုက္ခခဲမို့ သင်္ခါလေးပါး စေတနာတရားနှင့် ခြားနားကြည့်လျှင် ချိချိနဲ့နဲ့ သဲ့သဲ့ မြည့်မြည့် အင်မရှိ အားမရှိ ပုဉ္စ မုဥ္စ အပရစေတနာ သုံးတန် ဖြာ၍ ညီညာမျှ တပြည့်ရုံပါမှ တဘဝတနပ်စာ နှစ်ဘဝ နှစ်နပ်စာ တည် ရာထောက်ရာ ခဏတာမို့ ပဿဒသင်္ခါ၏ နယ်အတွင်း က လွတ်ကင်းအောင် ကြိုးစားထိုက်လှပေသည်။

ပဿဒ သင်္ခါ၏ နယ်အတွင်းက လွတ်ကင်း၍ ဩ ကာသ သင်္ခါနယ်အတွင်း ချဉ်းနင်းဝင်ရောက် မင်္ဂဖိုလ် ပေါက်အောင် သင်္ခါနှင့်ပညာ သမာဓိနှင့်ဝိရိယ သတိ ဆိုတဲ့ ချိန်ခွင်လျှာမှာ မပိုမသာ ဘောင်ဝင်မြင်မှ ကျွပ် ချွန်ပျောက်လျှင် နိဗ္ဗာန်ဝင် ဆိုသောစကားနှင့် တသား

တည်း တသပ်တည်းညီမျှ၍ အဓိဂမ သဒ္ဓါကိုရပြီး အရိယာ သာဝက ဖြစ်ကြမည်သာ မှတ်ကြရာ၏။

အာဂမသဒ္ဓါမှာ သာဝကအရာမဟုတ်ပေ၊ သာဝကတို့ သဒ္ဓါနှင့် နှိုင်းစာချိန်ထိုးက အမျိုးမျိုး သံသယ ဖြစ်မည်။

ဥပမာ- ဝိပါက် ကဒုတ္တာရုပ်က အဟိတ် တိရစ္ဆာန်ယုန်မင်း မီးပုံဘွင်း ခုန်ဆင်း၍ ခန္ဓာကိုယ်ကို လှူနိုင်ခြင်း၏ စိတ်တော်ကနေ ကြည့်လျှင် ရဲရဲတောက် ဘုရားအလောင်းတော်တို့၏ အာဂမသဒ္ဓါကြီး ထက်မြက်ပုံ သာဝကသဒ္ဓါတို့နှင့်ခြားနားပုံ သံသယ ကင်းပေမည်။

သံသယ ဆိုသောစကားသည် လားလား မမှတ်နှင့်၊ ဗီသံသယကြောင့် သံသရာ လည်ရသည်၊ သံသယမရှိက သံသရာက လွတ်မည်သာမှတ်။

ယခုပြဆိုအပ်ခဲ့ပြီးသမျှ ဒေသနာဓမ္မ အဝဝသည် သံသယ၏ အတွက် အကွက်ချ၍ ပြခြင်းမျှသာ ရှိပေသေးသည်။ မဂ်ဖိုလ်စခန်း နိဗ္ဗာန်နန်းသို့ ကြွမြန်း စံဝင်တော်မူနိုင်ရန်အရေး သမ္မာဒါန်ဆိုတဲ့ ရုပ်နာမ်ပြကစ မှပင် မစရသေးပေ၊ တရားဟောရ, ကျမ်းရေးရတယ် ဆိုတာလဲ တယ်မလွယ်လှဘူး၊ ဓမ္မကထာ ဒေသနာစကား မများမယွင်း မတိမ်းမစောင်းရဘဲ သူ့နေရာနှင့်သူ ကျမ်းဦးအစ ပဏာမမှ တိုက်တွန်းချက် ဥပဒ္ဒေဓည် အုံ ၃၁ ဖြစ်ဖြစ်သမျှ အာဒိနဝလေးပါး အကြောင်းတရားများကောင်းမွန်ကျနစွာပြပြီးမှ လွတ်ရာလွတ်ကြောင်း လမ်း

ကောင်းလမ်းမှန် သဗ္ဗဒါန်တရား ရုပ်နာမ်များကို သတိပဋ္ဌာန် ၄-ပါး, သမ္မပဓာန် ၄-ပါး, ဣဒ္ဓိပါဒ် ၄-ပါး, ဣန္ဒြေ ၅-ပါး, ဗိုလ် ၅-ပါး, ဗောဇ္ဈင် ၇-ပါး, မဂ္ဂင် ၈-ပါးတည်း ဟူသော ဗောဓိပက္ခိယ တရား ၃၇-ပါးနှင့် လျော်စွာ ပရိညာ ၃-ပါး ပိုင်းခြားပြသ၍ သမုတိသစ္စာ, ပရမတ္ထသစ္စာ, သဘာဝသစ္စာ, အရိယသစ္စာ အစရှိသော ဒေသနာဓမ္မ နေရာကျ ဟောနိုင်ပြောနိုင် ရေးသားနိုင်မှ ဓမ္မအန္တရာယ် ကင်းလွတ်ပေမည်။

တရားနာသူ တရားစာဘတ်သူ တရား အားထုတ်သူ ယောဂါဝစရ ပုဂ္ဂိုလ်တို့မှာတော့ ဆရာနည်းပြ နေရာကျလျှင် ဓမ္မအချိုး မတိုးသာရှိရမည်၊ ဆုတ်၍ ယုတ်၍ကား သွားမည်မဟုတ်။

ယခု ရေးသား ပြဆိုအပ်ခဲ့တဲ့ အတိုင်း ဓမ္မဒေသနာ နေရာတကျ ဝေနေယျတို့အကျိုး မျှော်ကိုးထောက်ထား ပွါးများ နိုင်ပါစေခြင်းငှါ ပိယဝါစာ ချစ်ဖွယ်သော စကား၊ သုဘာသိတဝါစာ- ကောင်းသော စကား၊ သစ္စဝါစာ, သမုတိသစ္စာ, ပရမတ္ထသစ္စာ, ဓမ္မဝါစာ, လောကီဓမ္မ, လောကုတ္တရာဓမ္မတို့ကို ဧကတ္တ-နာနတ္တ-ဧဝံဓမ္မတာ-အဗျာပါရ နည်းလေးဝနှင့် ကျနသေချာ ဒေသနာဓမ္မ နေရာကျဘို့ လိုအပ်လှပေ၏။

ယင်းသို့လိုအပ် ဒေသနာမြတ်နှင့် လျောက်ပတ်လျော်ကန် သိရန်အရေးက ဘေးကြီးလေးပါး ဆီးတားပိတ်ပင်

သံသာခွင်မှ ကင်းစင်လွတ်မြောက် မဂ်လမ်းပေါက်ကို ကျမ်းထောက်ရွှေစာ ပြခဲ့ပါအံ့။

၁။ အပါယဘေး။

၂။ ဒုစ္စရိတဘေး။

၃။ ဝိနိပါတ ဘေး။

၄။ နာနာသတ္တ ဥလ္လောကနဘေး။

၁။ အပါယဘေး၊ ပုထုဇဉ်မှန်သမျှ သူသူငါငါတို့မှာ၊ ပုပ္ပကောဠိ နှ ပညာယတိ- အစမထင် သံသာခွင်က ကျူးလွန် မိုက်မှားခဲ့သော အကုသိုလ် ကံပေါင်းကြွေးဟောင်းအနန္တ တင်ရှိ၍ နေကြသည်ကို အတိအကျ မသိကြလို့ ရယ်နိုင်ကြတယ် ပြုံးနိုင်ကြတယ်၊ အကယ်၍များ အပါယ်လေးပါး ဆိုတဲ့ ငရဲ၌ ခံရမဲ့ ကံကြွေးတွေ, တိရစ္ဆာန် အဖြစ်နှင့် ခံရမဲ့ ကံကြွေး တွေ, ပြိတ္တာအဖြစ်နှင့် ခံရမည့် ကံကြွေးတွေ, အသူရကာယ် အဖြစ်နှင့်ခံရမည့်ကံကြွေးတွေ တိတိကျကျ မေတ္တာသဘာဝ နိယာမအစဉ် ဉာဏ်ကုန်နှင့်၍ မြင်ကြပါမူ ဘယ်သူဝင်၍ ဆပ်ပါ့မလဲ၊ သားသမီးတို့အတွက် မေမေ ဘေဘေတို့ကများ တတ်နိုင်မလား- ဆပ်နိုင်မလား၊ မေမေ ဘေဘေတို့အတွက် သားသမီးတို့ကများ ဆပ်နိုင်မလား၊ ဆွေတွေ မျိုးတွေကကော ဆပ်နိုင်ကြမလား၊ ရွှေချိန် ကိုယ်လေး မိဿာပေးလို့ကော ကျေမလား၊ ကောင်းပြီ၊ ဒါတွေနှင့် မတတ်နိုင်သေးသျှင် တသံသရာလုံးကာပြခဲ့သော

ဒါနကုသိုလ်, သီလကုသိုလ်, သမထကုသိုလ် အမျိုးမျိုးကဲ့ ၂၉-ကများ ချေပ နိုင်မလား- ဆပ်နိုင် မလား၊ မဆပ်နိုင်ဘူး- မတတ်နိုင်ဘူး၊ ဥပမာကား- ထောင်တွင်းသား ထောင်တွင်းသားချင်း လွတ်အောင်ကျွတ်အောင် မကယ် တင်နိုင်သလို မတတ်နိုင်သလို သံသရာတွင်း လောကီတွင်းမှာဖြစ်ကြတဲ့ အကုသိုလ်တရားကို ကုသိုလ်တရားနှင့်ချေပလို့မရ ၊ထောင်တွင်းသားကို ထောင်ပြင်မှာရှိတဲ့ တရားသူကြီးကသာ လွတ်စေ ကျွတ်စေ အမိန့်ပေးနိုင်သကဲ့သို့ လောကီ အကုသိုလ်တရား ဖြစ်များကျူးလွန် မှုကိုလည်း လောကီ ပြင်ဘက်မှာ ရှိတဲ့ မဂ်ကုသိုလ်, ဖိုလ်ကုသိုလ်တရားကသာ လွတ်စေကျွတ်စေ လွတ်အောင်ကျွတ်အောင် ချေပနိုင်မယ်တဲ့ ။

ကဲ- ဒီလိုဆိုတော့ ဘယ်လိုများလုပ်ကြမလဲ၊ဘယ်လိုများ ကြံကြရမလဲ၊ မျက်နှာချင်းဆိုင် ပြိုင်ပို နေတို့သာ ကောင်းပါတော့ကလား ကောင်းစွာသတိထား။

၂။ ဒုစရိတဘေးဆိုတာကကော တသံသရာ လုံးကကြက်သတ်,ငှက်သတ်,တငါ, မုဆိုး အမျိုးမျိုးလုပ်၍ အသက်မွေးခဲ့တာတွေ ကျူးလွန်ခဲ့ တာတွေဘာ မပြောပ လောက်သေးဘူးတဲ့၊ သဏ္ဍာယဒိဋ္ဌိ ဗြောင့်ကြီးတန်းလမ်း ရှိနေသမျှ ကာလပတ်လုံး အလွန်တရာကြီးလေးတဲ့ မဂ်ကိုတားတဲ့ ဖိုလ်ကိုတားတဲ့ ဂရုကံကြီးတွေ အနေနှင့် အဘကို သတ်ဦးမယ်, အမေကို သတ်ဦးမယ်, ရဟန္တာကို သတ်ဦးမယ်, ဘုရားကို သွေးစိမ်းတည်အောင်ပြုဦးမယ်,

သံဃာကိုသင်းခွဲဦးမယ်တဲ့၊ အဲဒီလောက် ရိုက်လုံးကြီးနိုင်သေးတယ်တဲ့ ကံကောင်း သောက်မ,လို့ပေါ့၊ အဲဒီ ဂရုကံဖြစ်တဲ့ ပဥ္စာနန္တရိယကံများ ဖြစ်မှားကျူးလွန် မိမှဖြင့် မဂ်သံ ဖိုလ်သံ အနံ့တောင် ခံနိုင်တော့မှာ မဟုတ်ဘူး၊ မဟာအဝီစိ ကျိုးထိအောင်ခံပြီး ဘယ်ဘဝ-ဘယ်ကမ္ဘာ-ဘယ်အခါမှာများ လွတ်ရက်ရနိုင်ပါတော့မလဲ၊ ကြောက်စရာ ကောင်းလှချေရဲ့။

ဤမျှတာဘဲလားဆိုတော့ ဟုတ်ပါရိုးလား၊ ဝိနိပါတဘေး ဆိုတာကလဲ ရှိသေးတယ်၊ ၎င်းဝိနိပါတ ဘေး အရေးကြီးပုံကတော့ ပုထုဇဉ်မှန်သမျှ သူ့ငါတစတို့မှာ ငါ သေလျှင် လူ့ပြည်သွားမယ်, နတ်ပြည်သွားမယ်, သူဌေးဝမ်းမှ ဝင်မယ်, သူကြွယ်ဝမ်းမှဝင်မယ်, အသက်ရှည်စွာ အနာကင်းမဲ့ ဖြစ်စေရမယ်လို့ အစဉ်သဖြင့် မိမိတို့ လိုအပ်သလို မှန်းတားလို့များ ရပါရဲ့လား။

မရပါဘူး၊ မိုးယံဦးကျ လေပွေလေရူးတို့ တိုက်ခတ်လွင့်ပါ၍ လာခဲ့ရသော သစ်ရွက်ခြောက်ကဲ့သို့ ပေါက်လွှတ် ဒလကြမ်း ဘုရမ်း ဘတာ မှန်းတားရာမရ၊ တနည်းအားဖြင့် မိုးယံဦးကျချောင်းရေတွင် မျောပါ၍လာခဲ့ကြသော သစ်ဘုံးတွေ,ထင်းတုံးတွေ, ဝါးရုံပင်တွေ တုံးလုံးမျော- ထောင်ရက်မျော- ကန့်လန့်မျော-မြုပ်မျောပေါ်မျော- ဘယ်ကမ်းဆိုက်မယ်- ဘယ်သောင် တင်မယ် မှန်းတားလို့မရသလို။

သေခါနီး ဆဲဆဲမှာ အကုသိုလ် ကံပေါင်း ကြွေး ဟောင်းအနန္တက ကြွက်ကလောင်းတကောင်ကိုကြောင် တကောင်ဖိုင်းဘိသကဲ့သို့ အကုသိုလ်ကံရိပ်က နိမိတ်ပြ လမ်းညွှန်မှုကြောင့် အသူတရာ ချောက်ကမ္ဘားမှ ဂျမ်း ထိုး၍ချသောယောက်ျားကဲ့သို့ မှန်းတား၍မရ-လားချင် ရာလား-ရောက်ချင်ရာရောက် ဖြစ်ရသည်မှာ ဝိနိပါတ၏ နိယာမ သဘာ်ထူးဟု အထူးမှတ်သားရာသတည်း။

နာနာသဏ္ဍ ဥလ္လောကန ဘေး၏ ကြီးလေးပုံ သချပ် ဘော်ထုတ်ရေးသားလိုက်ကြဦးစို့ရဲ့။ အစမထင် သံသ ရာတခွင်လုံးက အားကိုးအားထား ပြုလိုငြား၍ များပြား သဏ္ဍာ ဆရာကောင်း ဆရာမှန် ရှာကြံသော အားဖြင့် တောကို ကိုးကွယ်- တောင် ကိုးကွယ်- သစ်ပင်ကြီးကို ကိုးကွယ်- နွားလားကြီးကို ကိုးကွယ်-ကျောက်တုံးကြီး ကို ကိုးကွယ်- အသွယ်သွယ် အဝဝ များပြား လှသော် လည်း ထိုသဏ္ဍဆရာ မသေချာ၍ အေးရာအေးကြောင်း လမ်းကောင်းလမ်းမှန် ရရန်အရေးက ဝေးကြီးဝေးခဲ့ဖှ သေပြီ။

အဲ- ဤကဲ့သို့ အာဒိနဝ ဖြစ်တဲ့ ဘေးကြီး လေးပါး လွတ်အောင် ကြိုးဆောင်ဘို့ အရေးက မအိုမီ- မနာမီ- မသေမီ ကာလ ကလေးမှာသာ ဖြစ်နိုင်မယ်၊ ဘယ်ရက် ကျမှ သေမယ်- ဘယ်လကျမှ သေမယ်- ဘယ်နှစ်ကျမှ သေမယ် ဆိုတာလဲ မှန်းတားလို့မရ၊ ပါဠိတော် ပြရ လျှင်—

အဇ္ဈေဝ ကိစ္စံ အာတပ္ပံ၊ ကောဇညာ မရဏံသုဝေ။
နဟိနော သင်္ဂရန္တေန၊ မဟာသေနေန မစ္စုနာ။ ။

ဘဒ္ဒေရတ္တသုတ် ပါဠိတော်
(ကြောင်ပန်းဟောစဉ်)

အနက်ကား— အဇ္ဈေဝ၊ ယနေ့သည်ပင်လျှင်။ အာတပ္ပံ၊ အားထုတ်ဘွယ်ဖြစ်သော ကမ္မဋ္ဌာန်း ဘာဝနာ ဒါန သီလ စသည်ပေါင်းရ ကုသိုလ်ကောင်းမှုတို့ကို။ ကိစ္စံ၊ လျင်လျင်မြန်မြန်ကြိုးပြုအပ်၏။ ဝါ၊ ကိုယ်လုံး ပိန်ခြောက် မီးတောက်ခမန်း ကြိုးပန်းရာ၏။ သုဝေ၊ နက်ဖြန်သဘက် တရက်ရက်၌။ မရဏံ၊ သေအံ့သောအဖြစ်ကို၊ ဝါ၊ သေလိမ့်မည်-သေရမည်အဖြစ်ကို။ ကော၊ ရဟန်းရှင်လူ အဘယ်သူသည်။ ဇညာ၊ သိနိုင်ပါအံ့နည်း။ ဝါ၊ သိနိုင်လိမ့် မတုံး။ မဟာသေနေန၊ အတွင်းအပ များလှစွာသော စစ်သည်ရှိထသော။ တေနမစ္စုနာ၊ ထိုသေမင်းနှင့်။ နော၊ငါ တို့အား။ သင်္ဂရံ။ နေ့ ရက် ချိန်း ချက်ခြင်းသည်။ နဟိ အတ္ထိ၊ မရှိသလျှင်ကတည်း။

လိုရင်း အချက်က ယနေ့ နက်ဖန် သေရှင်မသိ ဝိပ ရိဏာမ သင်္ခါရေဂိုဏ်း တရားရိုင်းတွေနှင့် သိုင်းဝိုင်း ကျယ်ကွန့် မလွန့်စသား နေ့လား ညလား သွားမည် ဆက်ဆက် ခက်ချိခက်ချိ နှလုံးမြည်လျက် တလည်ရေး ရေး တနွေးနွေးနေရသော ခန္ဓာငါးပါး တရားအယုတ် မြူအနုတ်ကို ကိုယ်လုပ်၍ ငါလုပ်၍ နေရသောကြောင့် နှစ်-လ-ရက်-နေ့ အသွေ့အပြောင်း ရွေ့ပြောင်းကြာလင့်

၍ မနေသင့် မနေနိုင်၊ နှစ်-လ-ရက်-နေ့ အရွေ့အပြောင်း ရွေ့ပြောင်းကြလင့်၍ ဒါန သီလ ဘာဝနာ ကုသိုလ် ကောင်းမှု မပြုကြရ မည်များကို ပမာတန္တု၊ ပုံပြ၍ဆို သော်– မုဆိုး၏မြှားဦးမှာ ပျော်မြူးသည့် ယုန်နောက်၊ တငါ၏ပိုက်အောက်တွင် လောက်လက်သည့် ငါးကြင်း၊ ကြောင်ပါး၏ရှေ့ခင်းတွင် မြူးဆင်းသည့်ကြွက်မွဲ၊ မြွေ ဟောက်၏တွင်းထဲမှာ ပျော်ရဲသည့် ဘားသူငယ်၊ ခြင်သေ့ ၏ရှေ့နယ်တွင် စခွါယ်သည့်သားသမင်ကဲ့သို့ သေမင်း ၏ခံတွင်း၀မှာ သူငါကစ တလလ တမားမားနှင့် လား လားမှ မပေါ့သာ မလျော့သာဟု သတိပြုကြ။

အဘယ်ကြောင့်နည်း၊ ဘ၀များစွာ ကမ္ဘာဘာက သံ သာရ၀ဋ္ဋဒုက္ခတော မောစနတ္ထာရ အာသီသနှင့် ဒါန သီ လ စရဏစု ကုသိုလ်မှုတို့ကို ပြုပုကြိုးစား၍ အား ထားခဲ့ကြ သည့်အတိုင်း ယခုဘ၀၌ အရိယသစ္စာ သာ သနာမွေ့ မြတ်သမယနှင့် တွေ့ဆုံ တိုက်ဆိုက် ရရှိကြပြီ၊ ခုဘ၀ နုအနေ အသိုပြည့်၍ ကိုယ်တွေ့ကြုံရသော ဒုလ္လဘ အခါ အရိယ သစ္စာမှာ သုံးဖြာသော ဘုံအထွဋ် ညွတ် တတ်သော လောဘဟိတ် စိတ်တဏှာကို ပယ်ခွါရမည် ဟု အနိစ္စ-ဒုက္ခ-အနတ္တလက္ခဏာ- ဝိဇ္ဇာသုံး၀ အဆုံးအ မ ဩဝါဒကို သာသနာဆိုသည်။

ဤပါဠိတော်လာ ဒေသနာကို ထောက်ထား၍ နေ့ မအား ညမအား မိုးပွတ်သော ယောကျ်ားကဲ့သို့ ကြိုး စားအပ်လှပေသည်။ သံသယအတွက် အကွက်ချ၍ ပြခဲ့

သော ဓမ္မတာနိယာမ ဖြစ်ပျက်စဉ် ထာဝရကို လုပ်ငန်းနှင့်တကွ ပြဆိုပေအံ့။

ပဌမတွဲ ကျမ်းအလိုက ခေါတ်(၁၀)ပါးနှင့် ဒုတိယတွဲကျမ်းအလိုက ခေါတ် (၈)ပါးနှင့် မဂ်ပေါက် ဖိုလ်ဝင်ပြခဲ့တယ်။ ယခုတတိယတွဲ ကျမ်းအလိုက နိယာမတရား ငါးပါးအခြေခံပြီး ခန္ဓာငါးပါးနှင့် မဂ်လမ်း ဖိုလ်လမ်း နိဗ္ဗာန်လမ်းပြမည်။

ရဲဘော်သတိ-

အလွန်တရာ ချစ်ခင်လှစွာသော စာကြည့်ပရိသတ်ယောဂီ- ရဲဘော်- ရဲမေများ အထူးသတိထားရန်ကား- စာကြည့် သည့်အခါ မိမိအလိုနှင့် မကြည့်ပါနှင့်၊ စာ၏ အလို သဘောသွား ကြီးမားသော သဒ္ဒါတရားနှင့် အားထားပါးထား မနေမနား ကြိုးစားပါ၊ မသိသေးတာသာ ရှိရပါမည်၊ မသိအပ်သော အရာ မရှိပါ၊ ကြိုးစားက ဘုရားတောင်ဖြစ်နိုင်သည်ကို ထောက်ထားတော်မူကြ။

“ခန္ဓာငါး သိပြောက သောတာပန် ပုထုဇဉ်မှန်သမျှ ကန်းကြအမှန် အပါဒ်နံ ရွှေဉာဏ်နှင့် ပယ်ရှား ကိုယ့်ကိုယ်ကို ဘယ်လိုဖြစ်တယ် တွေးစစ်ကြလား။”

ပရိညာသုံးပါး,လက္ခဏာရေးသုံးပါး,သစ္စာလေးပါး ပိုင်းခြားထင်ထင် ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင်မြင်ကိစ္စဟာ အရေးကြီးတာဘဲ၊ ခန္ဓာဆိုတာ အပေါင်း့သဒ္ဒါ- ဥပမာ- စနကာယ လူအပေါင်း, ဒေဝကာယ နတ်အပေါင်း ဆိုဘိသကဲ့သို့ (၁) ဖေါက်ပြန်တတ်တဲ့သဘော

တွေ ပေါင်းနေတာပါလား၊ (၂) ခံစားတတ်တဲ့သဘော အပေါင်းတွေ ပါလား၊ (၃) မှတ်သားတတ်တဲ့ သဘော အပေါင်းတွေ ပါကလား၊ (၄) ပြုပြင်တတ်တဲ့ သဘောရဲ့ အပေါင်းတွေ ပါကလား၊ (၅) အဲဒီ ဖေါက်ပြန်တာ- ခံစားတာ-မှတ်သားတာ-ပြုပြင်တာသိတဲ့သဘောအပေါင်းတွေပါကလား။

ပါဠိအလို။ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ လို့ ခေါ်တာ။

ဗမာကျကျ ယောဂီအများ နားလည်တဲ့ နည်းနှင့် ဟောမယ်၊ မျက်စေ့နှင့်အဆင်း တိုက်ဆိုင်တဲ့ အခါ အမြင်ကောင်းလို့ ဖြင်းဖြင်း ဖြန်းဖြန်း, အမြင်မကောင်းလို့ ဖြင်းဖြင်းဖြန်းဖြန်း, အတွေ့အထိ အတိုက်အခိုက် ပြင်းပြလေလေ- ဖေါက်ပြန်တဲ့ သဘောတွေ ပြောင်းလဲတဲ့ သဘောတွေ ပြင်းပြလေလေဘဲ။

ခန္ဓာကိုယ်တခုလုံး စက်ရုံကြီးလည်နေသလို နတ်ပူးသလို နတ်ဘျာသလို သွက်သွက်ခါနေတာ သတိကြီးစွာ စိုက်ကြည့်၊ တသဘောမှ တသဘောသို့ မရပ်မနား မတန့်စားဘဲ တရှိန်ရှိန် တလှုပ်လှုပ် တလှစ်လှစ် တဖြုတ်ဖြုတ် ဖြစ်၍ဖြစ်၍ချုပ်သော သုတ်သုတ်မမြဲ ဆင်းရဲစွာလှ စိုးမရတဲ့ သဘောကြီးဟာ လယ်ပြင်ဆင်သွားသလို ထင်ရှားစွာ ဉာဏ်အားဖြင့် မြင်ရပါလိမ့်မယ်။

အဲဒီ ဖေါက်ပြန်တဲ့ ပြောင်းလဲတဲ့ သဘောဟာ နှိုင်းစရာ ပြိုင်စရာများရှိရဲ့လား၊ တသဘောမှ တသဘောသို့

ရွေ့လျောသောကိစ္စ ထာဝစဉ် ထာဝရကို ကမ္ဘာသင်္ချေ လွင်ဆုံး လေလည်း မရပ် မနား မတန့်စားဘဲ ဧကတ္တနည်း အားဖြင့် မြဲမှန်အပ် မြဲတတ်သောကြောင့် ပရမော ဥဂ္ဂမောလို့ ဟောတော်မူတာပေါ့။

မျိုးစေ့၏ အညွန့်အညှောက် စသည်ဖြစ်၍ သစ်ပင် အဖြစ်သို့ ရောက်သည့်ပမာ အဝိဇ္ဇာစသော အကြောင်း တရားတို့ကြောင့် သင်္ခါရ စသော အကျိုး တရားတို့နှင့် အစဉ်မပြတ် စပ်ခြင်း၊ သင်္ခါရစသော အကြောင်းတရား တို့ကြောင့် ဝိညာဏ်ဟူသော အကျိုးတရားတို့နှင့် စပ် ခြင်း၊ ဝိညာဏ်ဟူသောအကြောင်းတရားတို့ကြောင့်နာမ် ရုပ် ဟူသော အကျိုးတရားတို့နှင့် စပ်ခြင်း အစရှိသော သဘောတရ ဧကန်ထင်ရှားရှိနေခြင်းသည် ဧကတ္တနည်း မည်၏။ ဤဧကတ္တနည်းကို အသိမှန်လျှင်ပညာမြင် ဥစ္ဆေဒ ဒိဋ္ဌိ ပျောက်၏။ အသိချော်လျှင် ဝိညာဏ်မြင် သဿတ ဒိဋ္ဌိရောက်၏။

ငါးဖေါက်ပြန်သမျှ ကောင်းတယ်ကောင်းတယ် ဟူ၍ ခံစားတာ, မကောင်းဘူး မကောင်းဘူး ဟူ၍ ခံစားတာ, ကောင်း-မကောင်း အလတ် အားဖြင့် ခံစားတာ၊ ၎င်းခံစားတတ်တဲ့ သဘောနှင့်တူတာ လောကကြီးတခုလုံး နှိုင်းစရာ ပြိုင်စရာများ ရှိရဲ့လား၊ အတုမရှိ အတူမရှိ ထင်ထင်ရှားရှားကြီးကို ဘယ်သူကခံစားတာ-ဘယ်ဝါကခံစားတာ ဆိုတဲ့ပညတ် လာမရှုပ်နှင့်၊ သူ့သဘာဝ သူ အသာထား ခံစားတတ်တဲ့သဘောအပေါင်းတွေ

ခံစားတတ်တဲ့သဘောအပေါင်းတွေဟာ အရှည်-အတို-အလုံး-အဝိုင်း-အချိန် အတွယ် ပုံဟန် သဏ္ဌာန်နှင့် ရကောင်းပါရဲ့လား၊ မမြဲတဲ့သဘော မတင့်တယ်တဲ့ သဘော မချမ်းသာတဲ့သဘော အစိုးမရတဲ့သဘော၊ပါဠိလို ဝုဝ သုဘ သုခ အတ္တ သာရလေးလုံး ကင်းသုံးနေတာ မျက်မြင်ဉာဏ်မြင်ဘဲ မဟုတ်ပါလား၊ နာနတ္တနည်းဆိုတာ ဘာနှင့်ညာနှင့် တူတယ်လို့ နှိုင်းစရာ ပြိုင်စရာမရှိ၊ အထူးထူး အပြားပြား ခြားနားလျက် သူ့သဘောသူဆောင်နေခြင်းကို မြင်လျှင် သုံးဆဲ့တခွင် ဘုံအပြင်မှာ ခင်မင်စရာ တွယ်တာစရာရှာမရသဖြင့် အာလယသွေ့ခြောက်ပြီး နိဗ္ဗိန္ဒဝိတ်ရောက်လာပါလိမ့်မည်။ ဤနာနတ္တနည်း အမြင်မှန်လျှင် ပညာမြင် သဿတဒိဋ္ဌိ ပျောက်၏၊ အမြင်ချော်လျှင် ဝိဉာဏ်မြင် ဥစ္ဆေဒဒိဋ္ဌိရောက်၏။

သင်္ခါရစသည်ကို ငါသည်ဖြစ်စေအပ်၏ဟု အဝိဇ္ဇာစသည်တို့၏ ပယောဂဗျာပါရမရှိခြင်းသည် အဗျာပါရနည်းမည်၏။ ။တနည်း ကမ္မပစ္စည်းက ငါသည် ဝိပါကကိုဖြစ်စေမည့်,ဖြစ်အောင်ပြုမည်ဟု ကတ္တုသတ္တိ ဗျာပါရပယောဂမရှိခြင်း အဝိဇ္ဇာကလည်း ငါသည် သင်္ခါရကို ဖြစ်အောင်ပြုမည်ဟူ၍ ပယောဂမရှိခြင်းသည် အဗျာပါရ မည်၏၊ အဗျာပါရနည်းကို အသိမှန်လျှင် ပညာမြင် အတ္တဝါဒုပါဒါန် အတ္တဒိဋ္ဌိပျောက်၏၊ အသိချော်လျှင် ဝိဉာဏ်မြင် အကိရိယဒိဋ္ဌိ ရောက်၏။

နို့ရည်စသည်မှ နို့ခမ်း စသည်သာဖြစ်သကဲ့သို့ အ

ဝိဇ္ဇာ စသည်ကြောင့် သင်္ခါရစသည်သာ ဖြစ်ခြင်းသည် ဧဝံဓမ္မတာ နည်းမည်၏။ ။တနည်း တရားတို့၏ကတ္တု သတ္တိ ပယောဂ ဗျာပါရ မရှိသော်လည်း ပေါက်လွှတ် တတ်တိုင်း ရောက်တတ်ရာရာဖြစ်လိုရာဖြစ်သည်မဟုတ်။ ကမ္မပစ္စည်းကြောင့် ဝိပါကသာဖြစ်ရ၏။ အဝိဇ္ဇာကြောင့် သင်္ခါရသာ ဖြစ်ရ၏ စသည်ဖြင့် အလျော်နှင့် လျော်စွာ ဓမ္မတာတရားတို့၏ ထုံးတမ်း အလေ့အတိုင်း ဖြစ်ခြင်း သည် ဧဝံဓမ္မတာနည်းမည်၏။ ဧဝံဓမ္မတာနည်းကို အမြင် မှန်လျှင် ပညာမြင် အဟေတုကဒိဋ္ဌိ,အကိရိယဒိဋ္ဌိ ပျောက် ၏၊ အမြင်ချော်လျှင် ဝိညာဏ်မြင် အဟေတုကဒိဋ္ဌိ နိယ တ ဝါဒ ရောက်လာ၏။

ဤနည်း လေးပါးဖြင့် ပဋ္ဌာန်းနည်း, ပဋိစ္စသမုပ္ပါဒ် နည်းနှင့်ချည်း တွေ့တွေ့သမျှကို ကြံရမည် ကြံပါ။

ဤအရာမှာ ဝိဇ္ဇမာန ပရမတ္ထသဘာဝ အရိယသစ္စာ။ ပညာမြင် အဟုတ်အမှန်နှင့် အဝိဇ္ဇမာန သမုတိမှု လောကသဘော ပြောလွဲတွဲထင် ဝိညာဏ် မြင်ဓာတ် ပရမတ် တရား မှားထက်မှားကို ထင်ရှားအောင် လက်ခါဆောင် ၍ မြင်သာအောင်ပြမည်။

"ဝိညာဏ်ပညာ၊ သိရာအမှု၊ မြင်နှစ်ခုတွင်၊ ဝိညာဏ် မြင်ပုံ၊ နွားမမြုံသား၊ နွားငယ် အားဖြင့်၊ နိမ့်မြင့် ဆူကြုံ၊ ငြင်းခုံအလား၊ ပုံမခြားတည်း။

အများသူငါ၊ မိစ္ဆာယူလွဲ၊ ငရဲကြီးလှ၊ ကုသိုလ်ရဟု၊

ပြုကြရှောင်ကြဉ်၊ ဝိညာဏ် မြင်တည်း၊ မှားပင် မှားဘိ၊ မှားခေါင်ထိ၏။

ဉာဏ်သိ သဘော၊ ပညာ ဓောမှာ၊ သဏ္ဍော ကာသ၊ သင်္ခါရမှု၊ လောကဝေါဟာ၊ ပညတ် သာလျက်၊ ဖြစ်နှင့် ပျက်မှု၊ သဘာဝသာ၊ အဗျာပါရ၊ ဧကတ္တနှင့်၊ နာနတ္တနည်း၊ ဧဝံနည်းသာ၊ ဓမ္မတာဟု၊ ဖြူခါစင်စင်၊ ပညာမြင်မှ၊ ကြည်လင်လှသည်၊ မြင်ကြအများ၊ မှန်အမှား။”

ဝိညာဏ်မြင်သမုတိသစ္စာ-လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ်
သတ္တဝါ ငါ သူ တ ပါး
ယောက်ျား မိန်းမ၊

ပညာမြင်ပရမတ္ထသစ္စာ-ရုပ်နာမ်ခန္ဓာအါယတနဓာတ်
သစ္စာ ပဋိစ္စသမုပ္ပါဒ်ပဋ္ဌာန်း။

ပညာမြင် ပရမတ္ထ သဘာဝ သစ္စာ- ဖြစ်နှင့် ပျက်။

ပညာမြင်အရိယာသစ္စာ-အကျိုးတရား သုညတနိဗ္ဗာန်
အနိမိတ္တနိဗ္ဗာန်၊ အပ္ပဏိဟိတ
နိဗ္ဗာန်၊ အသင်္ခတ အာလော
က-ဩကာသလောက။

ဓမ္မသဘာဝ နေရာတကျ ယူမှသံသယကင်းစင်မည်။

အခိုက်အတန့် အားဖြင့် အကြောင်းတရား အကျိုးတရားတွေလို့ ဆိုရပြောသော်လည်း နိဗ္ဗာန်သည် အကြောင်း အကျိုးလွတ်သောတရားသာဖြစ်ချေ၏။

“နိဗ္ဗာန် ပညတ် နှစ်ရပ်ဓမ္မ ပြစ်ကင်းပ ကာလဝိမုတ်ကြုံ။”

မဂ္ဂိမပဋိပဒါ အလယ်အလတ် မဂ္ဂင်မြတ်-

| | ဆေး | အနာ |
|---|---|---|
| သမ္မာဝါစာ ။ ကမ္မန္တ ။ အာဇီဝ | သီလသိက္ခာ | ဝီတိက္ကမကိလေသာ |
| ။ ဝါယာမ ။ သတိ ။ သမာဓိ | သမာဓိသိက္ခာ- | ပရိယုဋ္ဌာနကိလေသာ |
| ။ သင်္ကပ္ပ ။ ဒိဋ္ဌိ | ပညာ - | အနုသယ ကိလေသာ |

အမှာ—ပဌမတွဲမှာ ပါသော်လည်း အဆက်ဝေးနေ၍ ထည့်ရေးလိုက်သည်။

အနာ-လွန်ကျူးဆူပွက် မျိုးမပျက် သုံးချက်ကိလေသာ။
ဆေး-သီလ သမာဓိ ပညာ သတ်ရန်သုံးသိက္ခာ။

| | |
|---|---|
| အနုသယ သုံးမျိုး | ငါ့လင်ငါ့သားငါ့မယားမှတ်သားတဏှာငါ<br>ငါသာလျှင်တတ်ငါသာမြတ်မှတ်ကြမာနငါ<br>ပုဂ္ဂိုလ်သတ္တဝါ ထင်မြင်လာ မှတ်ပါဒိဋ္ဌိငါ |
| မဂ်တက် စဉ် | သောတာပန်မှာ ဒိဋ္ဌိငါပယ်ကာရှိသေးတာ၊<br>တဏှာမာန ငါနှစ်ဝ ပယ်ကရဟန္တာ။ |

"မြင်ကြားစရှိ၊ ကြံသိသမျှ၊ သင်္ခါရက၊ အနိမိတ္တ၊ အာနိစ္စကောန်၊ ဒုက္ခမှန်သည်၊ ပစ္စုပ္ပန်ကို၊ ရုပ်နာမ်ပြောရ၊ ဓမ္မဆတ်ဆတ်၊ ပရမတ္ထ၊ သစ္စာ သဘော၊ ပညာ ဓောပင်၊ ဝိညာဏ်မြင်ကြံ၊ လောကမှန်မှာ၊ တောသံ တောင်သံ၊ ပဲ့

ထင်သံသို၊ သျှု့ဟန်ငါ့ဟန်၊ ထင်မြင်ပြန်၍၊ ဖန်ဖန်ခါခါ၊ ဉာဏ်ပညာမှာ၊ ရှာသော်နှယ်မူ၊ ဘယ်သူဘယ်ဝါ၊ ဘယ်ဘယ်ဟာမှ၊ ရှာတာမရ၊ မုချသဘော၊ စင်စစ် ပြောက၊ ခဏာမပြ၊ ဆင်းရဲစွာလျှ၊ စိုးမရသည့်၊ ဓမ္မအမှန်၊သယံဇာတ၊ ထာဝရဓာတ်၊ ပရမတ္ထ၊ ရှိသမျှက၊ အနိမိတ္တ၊ အင်္ဂယာသစ္စာ၊ မြတ်ဓမ္မာသည်။ ပမာနေလ,ထင်ရှားတည်း။"

ကျမ်းလပ် အနု သုံးခုသော မိုးစင်းဟိမ် တို့ကို လေသုံးကြိမ် ပယ်ရှား၍ ပုဏ္ဏားလကို မြင်သကဲ့သို့ သစ္စာလေးချက်ကို တပြိုင်နက်မြင်လိမ့်မည်၊ မြင်အောင်ကြည့်ပါ၊ အဲ-ဤကဲ့သို့မြင်သည်ကိုသာ သောတာပတ္တိမဂ်ဖိုလ်ခေါ်သည် ဆိုသည်။

ငမ်ကြမ်းနှင့် တူတဲ့ ဝိတိက္ကမကိလေသာကို သီလတည်းဟူသော လေနှင့်တိုက်ခတ်ပစ်။

ဟိမ်လပ်နှင့်တူသော ပရိယုဋ္ဌာန ကိလေသာကို သမာဓိ တည်းဟူသော လေနှင့်တိုက်ခတ်ပစ်။

ဟိမ်နုနှင့် တူသော အနုသယ ကိလေသာကို ပညာတည်းဟူသော လေနှင့် တိုက်ခတ်ပစ်သဖြင့် လမင်းနှင့်တူသောနိဗ္ဗာန်ကို ပုဏ္ဏားနှင့်တူသော သူတော်ကောင်းမှာ သန္ဒိဋ္ဌိကအနေနှင့်ခံစားရမည်ဟု ဆိုလိုသည်။

ယောဂီများ ဉာဏ်ကစားရန် ပဋိစ္စသမုပ္ပါဒ်ဒေသနာ၏ အစပ် ၃-စပ်၊ အလွှာ ၄-လွှာ၊ ခြင်းရာ ၂၀- ကိလေသာဝဋ်-ကမ္မဝဋ်-ဝိပါကဝဋ်နှင့်တကွသစ္စာ ၄-ပါးဇယားကွက် ထည့်သွင်းပေးလိုက်ပါသည်။

| အလွှာ ၄ လွှာ | အင်္ဂါ ၁၂-ပါး | တရားကိုယ်များ | အစပ် ၃ စပ် | မူလ ၂ ပါး | ဝဋ် ၃ ပါး | ကာလ ၃ ပါး | သစ္စာ ၂ ပါး | ခြင်းရာ ၂၀ |
|---|---|---|---|---|---|---|---|---|
| ဤနှစ်ပါး တလွှာ | အဝိဇ္ဇာ | မောဟ | | အဝိဇ္ဇာမူလကြောင့်စက်အမျိုးမျိုး | ကိ | အတိတ်အကြောင်း | သမုဒယ | အတိတ်အကြောင်း ၂ ပါး<br>ပစ္စုပ္ပန်အကြောင်း ၃ ပါး<br>ပေါင်း ၅ ပါး |
| | သင်္ခါရ | လောကီကံ | သင်္ခါရနှင့် ဝိညာဏ် | | ကံ | | | |
| ဤငါးပါးတလွှာ | ဝိညာဏ် | စိတ်စု | | | ဝိ | ပစ္စုပ္ပန် အကျိုးများ | ဒုက္ခ အကျိုး ၅ ပါး | ပစ္စုပ္ပန် အကျိုးများ<br>အခြင်းအရာ ၅-ပါး |
| | နာမ် ရုပ် | စေတသိက်ရုပ် | | | ဝိ | | | |
| | သဠာယတန | ဓာတ်ကြည်၆ပါး | | | ဝိ | | | |
| | ဖဿ | ဖဿ ၆-ပါး | | | ဝိ | | | |
| | ဝေဒနာ | ဝေဒနာ ၆-ပါး | ဝေဒနာနှင့် တဏှာ | | ဝိ | | | |
| ဤ ၃-ပါးတလွှာ | တဏှာ | တဏှာ ၆-ပါး | | တဏှာမူလကြောင့်စက်မျိုးမျိုး | ကိ | ပစ္စုပ္ပန်အကြောင်း | သမုဒယ ၃ ပါး | ပစ္စုပ္ပန်အကြောင်း ၃ ပါး<br>အတိတ်အကြောင်း ၂ ပါး<br>ပေါင်း ၅ ပါး |
| | ဥပါဒါန် | တဏှာဒိဋ္ဌိ | | | ကိ | | | |
| | ဘဝ | ကမ္မဘဝ<br>ဥပ ပတ္တိဘဝ | ဘဝနှင့် ဇာတိ | | ကံကိ | | | |
| ဤနှစ်ပါး တလွှာ | ဇာတိ | ဥပါဒ်စု | | | ဝိ | အနာဂါတ် အကျိုး | ဒုက္ခ ၂ ပါး | အနာဂါတ်အကျိုး ၂ ပါး<br>ပစ္စုပ္ပန်အကျိုး ၅ ပါး |
| | ဇရာ မရဏ | ဌီ ဘင်စု | | | ဝိ | | | |

သိပ္ပိနောဝ နာနာရူပေ၊ ဝိဓာယန္တိ စိတ္တံခန္ဓေ။
နာနာရူပေဟိ ခန္ဓေဟိ၊ တေနေတ္ထ ဝိစာရန္တိတေ။

သိပ္ပိနောဝ၊ ပန်းချီပန်းပု ဆန်းကြယ်မှုဖြင့် ရေးထုပြုပြင် အတတ်သင် သူတို့သည်။ နာနာရူပေဟိ၊ ထူးထူးထွေထွေ သချော်သချာ ရေကာမရ အနန္တကွဲပြား များစွာသော အရုပ်အကောင်တို့ကို။ ဝိဓာယန္တိ၊ လက်နက် မင်ဆေး ညက်ရော့ပြေး၍ ရေးထုပြုပြင် စီရင်လုပ်ကိုင် ကြကုန်ဘိသကဲ့သို့။ စိတ္တံ၊ ပဋိသန္ဓေ စွဲနေအဟိတ် ဝိညာဉ် စိတ်သည်၊ နာနာရူပေဏ္ဍာ၊ အထူးထူးအလယ်လယ် ကြီး ငယ်ပုံဟန် သဏ္ဌာန်အရပ်ရပ် ဇာတ်ရုပ်သေးပမာ များ စွာသော အရုပ်အကောင် သဘောရှိကြကုန်သော။ ခန္ဓေ၊ ဧကစတု ငါးခုခန္ဓာ ကိုးဖြာဘဝ သတ္တဝိညာဏ် အမှန် တည်ရှိ ပြားဘိများစွာ ငါးခန္ဓာတို့ကို။ ဝိဓာယန္တိ၊ ပဋိစ္စ သမုပ္ပါဒ် စက်ရဟတ်ပြင်ကျယ် ဘုံကြီး လယ်၌ သွယ် သွယ်တိတိ စီမံပြုလုပ်၍နေကုန်ဘိ၏။ တေန၊ ထိုအဝိဇ္ဇာ တဏှာဥပါဒါန် ကံသင်္ခါရ အစရှိသော အကြောင်းတ ရားအတန်တန် စီမံပြုလုပ်ခြင်းကြောင့်။ ဧတ္ထ၊ သုံးဆယ့် တဘုံ ရုပ်မျိုးစုံ၍ အဟုန်မပြတ် ဤပဋိစ္စသမုပ္ပါဒ် ဇာတ် ရုံကြီး၌။ တေ၊ ထိုသက္ကာယဒိဋ္ဌိ စွဲငြိလေရာ တဏှာမ ကင်း သတ္တဝါခပင်းတို့သည်။ နာနာရူပေဟိ၊ ပရိသတ်စုံ ပွဲလယ်ဘုံဝယ် မာနဂုဏ်ပြမြူး ထူးထူးလယ်လယ် ဆန်း ကြယ်သော အရုပ် အကောင် သဘော ရှိကြကုန်သော။ ခန္ဓေဟိ၊ သူဘဲငါဘဲ အထင်လွဲစရာ ငါးခန္ဓာတို့ဖြင့်။ ဝါ။

ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောက်ျားမိန်းမ ရှာမရ ဘဲ အထင်လွဲစရာ ငါးခန္ဓာ တို့ဖြင့်။ ဝိစာရဏာ၊ ကျင် လည်ကျက်စား သတ္တဝါ အများတို့သည် မျောပါးနစ် မြုပ်ကြရ လေကုန်တော့သတည်း။

## ခန္ဓာငါးပါး တရားနိဂုံး

ဖေဏပိဏ္ဍူပမံ ရူပံ၊ ဝေဒနာ ပုဗ္ဗုဠူပမာ။
မရီစိကူပမာ သညာ၊ သင်္ခါရာ ကဒလူပမာ။
မာယူပမာနံ့ ဝိညာဏံ၊ ဒေသိတံ့ သာရဒဿိနာ။ ။

ဟု ဟောတော်မူ၏။

ရူပ၊ ဘူတရုပ်လေးခု စတုဝီသာ ဥပါဒါဟု အဋ္ဌဝိ သ ရုပ်ဓမ္မ များ ဂါဟာစွဲဒုပ် ဤကိုယ်ပုပ် ရုပ်ရုပ်ခဲကြီး သည်။ ဖေဏပိဏ္ဍူပမံ၊ ပထဝီထင်းချောင်း ပြောင်းအိ အာပေါ် ဖောဓာချမ်းပူ လူလူသွင့်ထ ဝါယောမှသည် စ၍များမြောင် တောင်မျှတဲ့ ကြီးဘိတမူ သုံးယူမဖြစ် အနှစ်မရှိ အကာအတိသာ ပစ်စရာ ပမာရေမြုပ်နှင့်တူ ၏၊ ဝေဒနာ၊ မျက်စိအာရုံ နားအာရုံနှင့် အာရုံရသာ ခံ စားပါလည်း အရာမရောက် ခါခါပျောက်သည့် ခြေံ ပါးဝေဒနာဖုသည်။ ပုဗ္ဗုဠူပမာ၊ ဆင်းရဲချမ်းသာ ရံခါ လှစ်လျူ ဆိုသည့် ရုတ်ယက် လျင်စွာပျက်၍ သုံးကွက် သုံးရာ မထင်လာ ပမာရေပွက်နှင့်တူ၏။ သညာ၊ ဇာတ္တိ ပုဂ္ဂိုလ် သတ္တဝါ ထင်မှတ် ပါလည်း မှတ်ရာမမြဲ အ

ထင်လွဲသော သညာအရသည်။ မရိစိကူပမာ၊ ရေဟုထင်မှတ် ကြိုးပန်းလတ်၍ တမတ်မားမား လိုက်လေငြားလည်း တောသားသမင် မောဟိုက် သွင်သို့ ဝိညာဉ်ဇီဝ သတ္တ ဆိတ်ညံ့ ပဉ္စက္ခန်ကို အဟံ မမ ထင်မှားရအောင် မျှားလူဘောင်ကို ရုပ်ဆောင်လှည့်ပတ် အတွေးကပ်သည့် တံလျှပ် နှင့် တူ၏။ သင်္ခါရာ၊ ဝိတက်ဝိစာ စေတနာက ဖသမှသည် စ၍ရေတွက်နှစ်မဘက်သည့် သင်္ခါရက္ခန္ဓာ အပေါင်းတို့သည်။ ကဒလုပမာ၊ အနှစ်တွေ့နိုး အားအန်ကြိုး၍ အကျိုးတလျောက် ထက်အောက်တွင်းဖြင် ရှာသော်လျှင်လည်း တပင်လုံးသာကုန်လေပါသည် အကာလုံးလုံး အနှစ်သည်းသည့် ငှက်ပျောတုံးနှင့် တူကုန်၏။ ဝိညာဏံ၊ စက္ခုသောတ ဃာနဇိဝှါ ကာသနှလုံး မှီအုံး ခိုနေ လူကိုမွေ့သည့် ခြောက်ထွေသော ဝိညာဏ် အရသည်။ မာယူပမာနံ၊ ကျောက် အရုတ်ခဲကို ဘောက်လွဲ ပြုပြင် ရွှေစင်မြသား ပတ္တမြားအချောင် ဟန်ဆောင် ပြုလုပ် မျက်လှည့်ရုပ်နှင့်တူ၏။ ဣတိ၊ ဤသို့။ သာရဒဿီနာ၊ အနှစ်ကိုမြင်သိသော ပညာရှိသည်။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏- မှတ်လိုက်ကြ ပါလော။

( ပြောမယုံ ကြုံမှသိ၊ မသိသူ ကျော်သွား သိသူဖေါ်စား။ အနေချောင်က အသေကြပ်မည်၊ အနေကြပ်မှ အသေချောင်မည်၊ အချိန်မနှောင်းစေနှင့် ယောဂီ )။

## ကြောင်ပန်း ဆရာတော်ဘုရားကြီး၏ မိန့်ခွန်း

(ယုတ်နိမ့်လှသော ဒုဂ္ဂတိဘုံ ဘဝသား၊ ခွေး၊ ဝက်၊ ကျွဲ၊ နွား။ အပါယ်ဘုံသားတို့က၊ တောင့်တရှာကြသော လူ ကောင်း,နတ်ကောင်းဆိုကို၊ ယခုအခါမြင့်မြတ်လှစွာသော လူ့ဘောင်လူ ရှာ သာသနာ၌၊ ကြုံကြိုက်ကြသော သူခပ် သိမ်းတို့က ဘဝကောင်းကို,တောင်းဘွယ်အကြွ မရှိလှဟု သိကြရမည်။)

(ရုပ်တို့တွင်၊ ဥပါဒ်ရုပ် ၂၄-ပါးတို့ထက်၊ ပထဝီ,တေ ဇော, အာပေါ, ဝါယော, ဟူသော ဘူတရုပ် ၄ ပါးတို့ သည်သာလျှင် လိုရင်းပဓာန,ဖြစ်ပေသည်။)

(တကဲ့ပရမတ်,ဆတ်ဆတ်ကို တကယ် ထိထိ,မိမိနှင့် တကယ်သိမြင်လျှင်၊ ဘယ်အနိစ္စ, ဒုက္ခ, ဘယ်အနတ္တဟု ရှုဘွယ်ရာမရှိ, တကယ်ကြီးပြီးစီးပါ၏။ လိုရင်းကား၊ ပရ မတ်ဆတ်ဆတ် ခေတ်ကိုပေါက်လျှင်, ဗိသုဒ္ဓိခုနစ်ပါး ဝိ ပဿနာတရားဟု တခမ်းတနား, အခြား လုပ်ဘွယ်မရှိ၊ အကုန်လုံးပြီးစီးပါ၏။ ။ဤအရာတွင် ဝိပဿနာထင် လျှင်၊မမြဲသောသဘောကို ဘယ်လိုပင်မြင်မြင်၊ဘယ်ဟာ မမြဲဟု ရှုလျှင်၊ မဟုတ်သောနည်း, မမှန်သောနည်း, ဒိဋ္ဌိ ပြွတ်နှင့် အားဝးကြီး၊ ဟုတ်မှန်သောနည်းမှာ ထိုမမြဲတဲ့ သဘောရဲ့ကိုသာ ဘယ်ဟာဆိုသည်ဟု ရှုမြင်လျှင်၊ အခ ဟုတ်မြင်, အမှန်မြင်, သောတာပန်ဟုသာ မှတ်ပါ။ ဤ ရုပ်၏သဘာဝက ပြာကျအောင်စင်စင် တကယ်မြင်လျှင်

အနာဂါမ်ပင် ဖြစ်နိုင်ပါ၏။ နာမက္ခန္ဓာ နာမ်အရာက ပြာ ကျမှသာ အရဟတ္တဖိုလ်ကို ရသည်ဟုဆိုပါ။)

(ရုပ်ဓာတ်,နာမ်ဓာတ်တို့ကို ပေါက်အောင်ရှုမြင်သော သမ္မာဒိဋ္ဌိ မဂ္ဂင်သည် ပညာရှိတို့သိမြင်ပုံတည်း။ ဤကဲ့သို့ စာပေကို ကြည့်၍သော်၎င်း၊ သူတပါးဟောသော တရားကို ကြား၍သော်၎င်း၊ မိမိစိတ်၌ ဖြိုက်ခနဲသိမြင်လျှင်၊ သောတာပန်ဟုသာ မှတ်ပါ။)

(ယခုအခါ၊ ဗုဒ္ဓဘာသာ, မြန်မာလူမျိုးတို့မှာ၊ ဗုဒ္ဓဘာသာဟု ဆိုပါလျက်နှင့်၊ တရားတော်မြတ်ကို မသိ, မမြင်, မယုံကြည်လျှင်၊ ဗုဒ္ဓဘာသာ, လူမျိုးမျှသာ ဟုတ်သည်၊ မိမိမှာ ဗုဒ္ဓဘာသာမဟုတ်။)

(သူ့ငါ ကစ၊ သက္ကာယဒိဋ္ဌိ ရှိသမျှမှာ ဗုဒ္ဓဘာသာ မဖြစ်၊ စင်စစ်မှာ- မိစ္ဆာအယူ ဘုရားရှင်၏ ရန်သူတွေနှင့်သာ တူကြပေသည်။)

(သတ္တောကာသ၊သင်္ခါရအားဖြင့်၊ လောကသုံးပါးတို့တွင်၊သဝိညာဏက၊အဝိညာဏက၊ ရုပ်နာမ်ဟူသမျှ၊ ခပ်သိမ်းသော ဥပါဒ်,ဌီ,ဘင် ဖြစ်ပျက်စဉ် သင်္ခါရတို့သည်။ ပရမတ္ထ သဘာဝ ဟူသော အကြောင်းကြောင့် အဆုံးလည်း မရ၊ အစလည်း မရှိ၊ နိယာမ အားဖြင့် မသုဉ်းကောင်း၊မဆိတ်ကောင်းသော တည်ခြင်းရှိကုန်၏။ ဤအချက်က အရေးကြီးလှ၏။ ဤသာသနာ, ဤအရာက, လိုရင်းဆုံးကြီး ဖြစ်ကြ၏။ သတိမူကြပါ။)